
www.burmeseclassic.com



ဇာဘုရင့်နန်းတော်ထဲက

ရင်ငွေ့လှုံဆရာကြီး

# ရပ်စ်ပြူတင်

ညီညီနိုင်

www.burmeseclassic.com

www.burmeseclassic.com

၇၀၀ ကျပ်

၅၀၀ အုပ်
၂၀၀၄ ခုနှစ် မတ်လ
ပထမအကြိမ်

# မျက်နှာဖုံးဒီဇိုင်း
စန္ဒာ

ထုတ်ဝေသူ
ဦးသန်းမြင့်၊ လင်းလင်းစာပေ (၀၁၀၄၀)
၄/၂၉၊ မြဝတီမင်းကြီးလမ်း၊ ၁၀ မိုင်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးထွန်းထွန်း (၀၂၇၂၆)၊ အောင်မြင့်ထွန်းပုံနှိပ်တိုက်၊
၂၄၂၊ လမ်း ၄၀၊ ရန်ကုန်မြို့။

အဖုံးပုံနှိပ်
ဦးမောင်မောင်လေး(၀၇၀၅၁)၊ စန္ဒာဝင်းပုံနှိပ်တိုက်၊
အမှတ် ၂၀၉၊ ၃၆ လမ်း၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် ☛ ၁၀၃၄ / ၂၀၀၃ (၇)

အဖုံးခွင့်ပြုချက် ☛ ၁၄၆၅ / ၂၀၀၃ (၁၂)

www.burmeseclassic.com

www.burmeseclassic.com

# ဇာဘုရင့်နန်းတော်ထဲက ရင်ငွေ့လုံ့ဆရာကြီး ရပ်စ်ပြူတင်

ညီညီနိုင်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


နိဒါန်း ၉

၁။ ထူးဆန်းသောလူရိုင်းကြီး ၁၃

၂။ ငယ်စဉ်ဘဝ သေရွာပြန်အတွေ့အကြုံ ၁၈

၃။ မိစ္ဆာဘုံသို့ ခြေတစ်လှမ်း ၂၅

၄။ ဂန္ဓာရီအကျဉ်းသား ၃၃

၅။ အန္တရာယ်တမန်တော် ၄၃

၆။ ဓာကိုစယ်လိုမှဖြစ်စဉ်များ ၅၀

၇။ ရုပ်စ်ပြုတင်ရောက်လာပြီ ၆၀

၈။ ပန်းကနုတ် ဆူးရိုင်းပတ် ၇၃

၉။ မုဆိုးလား သားကောင်လား ၈၄

၁၀။ လိုတရ တန်ခိုးရှင် ၉၆

၁၁။ အော့ခရာနာ့မှတ်တမ်း ၁၀၉

၁၂။ ကြောက်စရာ သားရဲတွင်း ၁၂၃

၁၃။ ဘီလူးငတေ ပျားတုပ်ခံရခြင်း ၁၃၅

၁၄။ ဘယ်သူနိုင်မလဲ သည်စစ်ပွဲ ၁၄၅

၁၅။ မအောင်မြင်သော လုပ်ကြံမှုများ ၁၆၀


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၁၆။ ဂစ်တာကြိုးနှင့်ဆင်တဲ့ ကျော့ကွင်း ၁၆၈
၁၇။ ကျားပါးစပ်ထဲက မရဏာချော့သည် ၁၈၂
၁၈။ ပဥ္စမ၏ပဥ္စမ ၁၉၀
၁၉။ ငါးစာကိုမင် မှုားချိတ်မမြင် ၁၉၉
၂၀။ စေတန်နတ်ဆိုး ဓာတ်သိမ်းခန်း ၂၁၀
၂၁။ အသက်ဝင်လာသော အလောင်းကောင်ကြီး ၂၂၁
၂၂။ ဒီဇင်ဘာ ၁၇ ရက် နံနက် ၂၃၃
၂၃။ ပြေးကြည့်လိုက်စမ်း လွတ်မလား ၂၄၃
၂၄။ အားပြိုင်ပွဲ ၂၅၅
၂၅။ ဝင့်ကြွေးကြမ္မာ မလွတ်သာ ၂၆၂
၂၆။ နိဂုံး သို့မဟုတ် သုံးသပ်ချက် ၂၇၃

www.burmeseclassic.com

www.burmeseclassic.com

# ဇာဘုရင့်နန်းတော်ထဲက
# ရင်ငွေ့လှိုဆရာကြီး
# ရပ်စ်ပြူတင်

www.burmeseclassic.com

www.burmeseclassic.com

မှီငြမ်းကိုးကားပြုစာအုပ်များ

1. RESPUTIN, THE HOLY DEVIL
   Rene Fulop Miller.

2. Rasputin, The Mad Monk of Russia
   Reader's Digest.

3. နန်းတွင်းပျောက်စေဆရာကြီး ရပ်စ်ပြူတင်
   သတင်းစာဆရာကြီး ဦးထွန်းဖေ

www.burmeseclassic.com

www.burmeseclassic.com



ရပ်စပြူတင်ဆိုတာ ကျုပ်ပါပဲ

www.burmeseclassic.com

www.burmeseclassic.com



ရပ်စ်ပြူတင်နှင့် သူ၏သားသမီးများ ပိုရိုစကိုးရွာကလေးမှာ



ရပ်စ်ပြူတင် ဘစ်ရှော့ဟာမိုဂန် ဘုန်းတော်ကြီး အီလီဒါတို့ အတူတကွ။ နောက်ပိုင်း၌ ရပ်စ်ပြူတင်၏ အမုန်းတီးဆုံးရန်သူများ ဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်စ်ပြုတင်က ဇာဘုရင်နှင့် မိဖုရားအား ကြိုးကိုင်ခြယ်လှယ်ထားပုံကို
အိုင်ဗင်နော့ဗ်က ဤသို့ ရုပ်ပြောင်ရေးဆွဲ၍

www.burmeseclassic.com

www.burmeseclassic.com



ဇာဘုရင်၏မိဖုရား ငယ်ရွယ်စဉ်က



www.burmeseclassic.com

ဇာဘုရင်နှင့် သားတော် မင်းသား

www.burmeseclassic.com



စာဘုရင် မိဖုရားနှင့် သမီးတော်နှစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



ရပ်စ်ပြူတင်နှင့် သူ့ကိုကြည်ညိုယုံစားသူတို့၏ နေ့စဉ်ဆုံစည်းပွဲ

www.burmeseclassic.com

www.burmeseclassic.com



မင်းသားယုဆုပေါ့

www.burmeseclassic.com

www.burmeseclassic.com



အင်နာမိုင်ရီဘော့ဗာ



ရပ်စ်ပြူတင် အသတ်ခံခဲ့ရသော မင်းသားယူဆူပေါ့ဗ်၏ နန်းတော်

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ရုပ်စ်ပြုတင်အကြောင်းကို စာအုပ်ပေါင်း တစ်ရာကျော် ရေးသား ထုတ်ဝေခဲ့ကြသည်ကို ထောက်လျှင် ထိုပုဂ္ဂိုလ်သည် နှယ်နှယ်ရရမဟုတ် ကြောင်း ထင်ရှားသည်။

သူ့ဇာတ်လမ်းကို ၁၉၅၅ ခုနှစ်ခန့်က တခမ်းတနား ရုပ်ရှင်ရိုက် ခဲ့ရာ အိတ်ဆယ်စီယာရုံ (ယခု ဝဇီရာရုံ) တွင် ပြသခဲ့ဖူး၏။

တကယ်တော့လည်း ရုပ်စ်ပြုတင်၏အဖြစ်အပျက်မှာ အနှစ် နှစ်ဆယ်မျှသာ ကြာသေး၍ ပူပူနွေးနွေးလေးဟု ဆိုနိုင်သည်။

ဆန်းကြယ်လျှို့ဝှက်မှုပါဝင်သော ဖြစ်ရပ်မှန်ဇာတ်လမ်းတွင် ရုရှား နိုင်ငံမှ နောက်ဆုံးဘုရင်၏ တော်ဝင်မိသားစုနှင့် ယှက်နွယ်နေသဖြင့် လည်း အကျော်တကြား (Natorious) ဖြင့် စိတ်ဝင်စားခဲ့ကြရခြင်း လည်း ဖြစ်၏။

ရုပ်စ်ပြုတင် ဆိုသည်ကား–

သူ့ကိုယ်သူ ဘုရားသခင်တမန်တော် အမည်ခံလျက် သေသောက် ယောကျ်ား ကာမဂုဏ်ယစ်မူးခဲ့သူ သီလကြောင် ဒုစရိုက်သမား။

တရားဝင်ရာထူး မဟုတ်လင့်ကစား နိုင်ငံ့ဥသျှောင်ဧကရာဇ် ဘုရင်၏ နောက်ကွယ်က ကြိုးဆွဲဆရာကြီး။



www.burmeseclassic.com

www.burmeseclassic.com


'ဘုရင့်ထက် မားထက်သည်'ဟုဆိုရလောက်အောင် တန်ခိုး
အာဏာ ပြင်းခဲ့သည်နှင့်အမျှ စိတ်ညို့ပညာကိုတတ်ကျွမ်းသော မကောင်း
ဆိုးဝါးမှော်ဝိဇ္ဇာ။ တစ်နည်း ရင်ငွေ့လှုံဂိုဏ်းခေါင်းဆောင် မိစ္ဆာဒိဋ္ဌိ
အရည်းကြီး။ တချို့အဆိုအရ ကလိမ်ချုံ နှစ်ဘက်ချွန် သူလျှိုကြီး။
သူသည် မိဖုရားကြီးကို အယုံသွင်းစည်းရုံးပြီး မယားကြောက်
ဇာဘုရင်၏ ခေါင်းပေါ်တက်ကာ တစ်နန်းတော်လုံးသာမက တစ်ပြည်လုံး
၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး ပါမကျန် ဝင်ရောက်ခြယ်
လှယ် ဩဇာပေးခဲ့ရာမှ ပတ်သက်မိသူအားလုံး ကမောက်ကမ ချောက်
ကျ၍ အဖြစ်ဆိုးကုန်ရသည်။
ဤနေရာတွင် ဝါဝါမြင်တိုင်း ရွှေထင်၊ တိုက်ဆိုင်မှုနှင့် အထူး
အဆန်း ဖန်တီးမျက်လှည့်ပြနိုင်လျှင် တန်ခိုးရှင်, သိဒ္ဓိရှင် ဟုမှတ်ကာ
စုန်းယောင်ယောင်နတ်ယောင်ယောင် ဟောကိန်းထုတ်ပြပါက ရှိသမျှ
ပုံအော၍ ဘဝပါပေးအပ် ယုံစားတတ်ကြရာမှ ငါးပါးမှောက်အဖြစ်ဆိုး
ကိုယ်ကျိုးနည်းကြရသည့်အဖြစ်များက ဤစာအုပ်၏ အဓိကသင်ခန်း
စာ ဖြစ်ပါလိမ့်မည်။
ဘိုးတော်တု ဘိုးတော်ယောင်အသွင် ဖယားချစားပေါက်ထွက်
သော ပညာသည် ယနေ့ခေတ်မှ မဟုတ်။ ရှေးပဝေသဏီ နှစ်ပေါင်း
ရာထောင်ချီကတည်းက ထွန်းကားခဲ့သည်။
လူတွေကလည်း အဆန်းသား။
ခေတ်အဆက်ဆက် ဖြောင့်မတ်ရိုးသားသူကို အထင်မကြီး
လူမသမာတွေက ဟိတ်တစ်လုံးဟန်တစ်လုံးထုတ်၍ ယုတ်မာကောက်
ကျစ်စွာ လိမ်ညာတာမှ အဟုတ်မှတ်ကြ၏။
တန်ခိုးရှင်ဆိုသူတွေနောက် တကောက်ကောက်လိုက်၍ မျက်စိ
အောက်တွင် မရှုနိုင်မကယ်နိုင် ရင်ကွဲပက်လက် အထိနာရပုံတွေ မျက်


www.burmeseclassic.com

www.burmeseclassic.com



ခြေကြွေ့နေရသော်လည်း မာယာသမားတို့၏ မုသားထောင်ချောက် ။ အလှအယက် ခေါင်းတိုးဝင်နေကြဆဲ။

ထိုထိုလူစားတွေကို ဤစာအုပ်ဖြင့် အချက်ပြ သတိပေးသည်ဟု ။ည်း ဆိုနိုင်၏။

ရပ်စ်ပြူတင်၏ ဆိုးညစ်ယုတ်ကန်းမှုက စာဖွဲ့မကုန်ပါ။

ရွှေကို မြှူ၊ ငွေကို ချူ၊ လူကို ယူ နန်းတော်ကြီးပါ ခါးပိုက်ထဲ ။ည်၊ တစ်နိုင်ငံလုံး ခြေမနင့်ညှပ်ပြီး ကစားဖို့အထိ အကြံကြီးခဲ့သည်။

ထို့ကြောင့်ပင် သက်ဦးဆံပိုင်ဘုရင်စနစ် ပျက်သုဉ်း၍ ရှရှား ။ောာ်လှန်ရေး ပေါ်ထွန်းရသည်မှာ သူ့ပယောဂ မကင်းပါဟု ယိုးစွပ်ခံ ။သည်။

သူ့စနက်မိ၍ ဘဝနာ၊ ထိခိုက်နစ်မွန်းသူတွေ၏ ငြိုးဖွဲ့မုန်းတီးခြင်း ။ည်း ခံရသည်။

နောက်ဆုံး ရပ်စ်ပြူတင်သည် ဘိုးတော်ပီသစွာ အသက် ရာကျော် ။ောင်ကျော်မရှည်ဘဲ သူ့အကုသိုလ်၏ တန်ပြန်ဒဏ်ခတ်မှုကို ခံရသလို ။သေဆိုးနှင့် ဇီဝိန်ကြွေခဲ့ရသည်။

မပေါင်းထိုက်သူကို ပေါင်းခြင်း၊ မပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ။ရာ မတင်ထိုက်သူကို ဆရာတင်ခြင်း စသော မဟာအမှားကြီးများ ။ားခဲ့သော မိဖုရားနှင့် ဇာဘုရင်တော်ဝင်မိသားစု ခမျာလည်း ဂြိုဟ် ။င်ကပ်သင့်ပြီး ဒုက္ခသောကပင်လယ်ဝေ၍ အိမ်နိမ့်စံအကျဉ်းခံဘဝဖြင့် ။ောင်မရှား ရေတိမ်နစ်ကြရသည်မှာ သံဝေဂယူလောက်ပါ၏။

စာရေးသူသည် ယခုစာအုပ်ကို

(၁) ၁၉၆၇ ခုနှစ် FONTANA စာအုပ်တိုက်ထုတ် Ren'e Fulop Miller ၏ The Holy Devil ကို အခြေပြုကာ



www.burmeseclassic.com

www.burmeseclassic.com


(၂) Redear's Digest မှ Heinz Liepman ၏ The Ma
Monk of Russia အနှစ်ချုပ် ဆောင်းပါးဝတ္ထုနှင့်
(၃) ရပ်စ်ပြူတင်ကိုသတ်သူ Felix Yusupor မင်းသားကိုယ်တို
ရေး How I killed REputin (အော့စ်ဝဲလ်ရေးနှား၏ အင်္ဂလိ
စာအုပ်) ကို ဆရာကြီးဦးထွန်းဖေ (ထွန်းနေ့စဉ်) ဘာသာပြန်ဆိုသေ
'နန်းတွင်းပျောက်စေဆရာကြီး ရပ်စ်ပြူတင်'

စာအုပ်နှစ်အုပ်ကို ပေါင်းစပ်ပြီး မှီငြမ်းပြုရေးထားခြင်း ဖြစ်ပ
သည်။

အထက် စာနှစ်အုပ် (၁)နှင့် (၂)သည် ကရင်မလင်ဖိုင်မျာ
စာဘုရင်၏ အော့စရာနှာလျှို့ဝှက်ပုလိပ်အဖွဲ့၏ မှတ်တမ်းများကို အခိ
အလုံ ကိုးကားထားကြောင်း သိရပါသည်။

စင်စစ်တော့ ဤစာအုပ်သည် သာမန်ဝတ္ထုဇာတ်လမ်းမျှသ
မဟုတ်။ သမိုင်းနောက်ခံ အတ္ထုပ္ပတ္တိဖြစ်သလို၊ သမိုင်းမှတ်တမ်း တစ်
လည်း ဖြစ်ပါသည်။

သို့ဖြစ်၍ ရသပုံစံနှင့် ဇာတ်ကွက်ဇာတ်လမ်းများပါရှိသကဲ့သ
သမိုင်းကြောင်းကို ရှင်းတမ်းထုတ်ချက်များကိုလည်း တွေ့ရမည်မှ
မလွဲပါ။

မည်သို့ပင်ဖြစ်စေ-

နှစ်ဆယ်ရာစု၏အမှားများကို နှစ်ဆယ့်တစ်ရာစု လူသားမျာ
အနေဖြင့် သိရှိ ဆင်ခြင် ရှောင်ကြဉ်နိုင်ရန် ရည်ရွယ်လျက် ကြိုးစာ
ပမ်းစား ရေးသားတင်ပြခဲ့ခြင်းသာ ဟူ၍ -

ဘာသာပြန်သ


www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောလူရိုင်းကြီး ။ ၁ ။

ဂျစ်ပစီစခန်းကလေးတစ်ခု၌ မီးပုံပွဲကျင်းကာ ပျော်မြူးက,ခုန်ကြသည်။

သီချင်းသံတွေ၊ ဂီတသံတွေ၊ စည်းချက်လိုက်သော လက်ခုပ်သံ အရှိန်မြင့်ပြီး ပိုမြန်လာသည်နှင့်အမျှ၊ အကတွေကလည်း ပိုကြမ်း၏။ စိတ်လွတ်လက်လွတ် ပိုဖြစ်လာကြ၏။

ဂျစ်ပစီမ လုပျိုဖြူကလေးများကလည်း ခရားနှင့်ထည့်ထားသော ရက်များကို လူပရိသတ်ကြားထဲတွင် လှည့်လည်ရောင်းချနေသည်။

တဲငယ်လေးများနှင့် ဂျစ်ပစီလှည်းအုပ်စုက နီဗာမြစ်ကမ်းဘေး၌ န်းရပ်ထားပြီး ထိပ်တစ်ဘက်တစ်ချက်တွင်လည်း အလှဆင်ရထား များ၊ မြင်းလှည်းများက တစ်ပုံတပင်။

၁၉၀၇ ခုနှစ် ဇူလိုင်လအတွင်း နွေရာသီခရီး လာနေကျဖြစ် ဂျစ်ပစီတို့၏ပွဲတော်ကို စွဲစွဲမက်မက် လက်လွတ်မခံနိုင်သူ စိန့် ဘတ်မြို့တော်သူမြို့တော်သား မင်းစိုးရာဇာ ကြေးရေတက် ထံအသိုင်းအဝိုင်းမှ လူငယ်လူရွယ်များပါ စုရုံး ဝိုင်းဖွဲ့မိကြပြီပဲ ဦး



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် နှုတ်ခမ်းမွေးမုတ်ဆိတ်မွေး ဗရပျစ်၊ ဂုတ်ဝဲဆံပင်ရှည် ကြီးနှင့် ရောမလူထွားကြီးတစ်ယောက် လူအုပ်ထဲ တိုးဝှေ့ဝင်လာသည်

ပြီးတော့ သူ့ရှေ့မှဖြတ်သွားသော ဂျစ်ပစီမလေးတစ်ဦးကို ဖမ်း ဆွဲလိုက်ရင်း တစ်ဆက်တည်း ခါးမှပွေ့ယူလိုက်ကာ ခေါင်းလေးကို လှန်ချပြီး နမ်းလိုက်သည်။

နောက် မိန်းမပျိုလက်ထဲက ဝိုင်ခရားကိုလုယူပြီး အငမ်းမ မော့သောက်ပစ်လိုက်၏။

ဂျစ်ပစီမလေးက ထိုလူကြမ်းလူရမ်းကြီးအား ပါးစပ်အဟောင် သားလေး ငေးနေမိဆဲ။

"မင်းကိုနမ်းလိုက်တာ ဝိုင်အရက်ဖိုးပဲ မှတ်လိုက်။ ကဲ၊ အရက် တွေ သွားယူလိုက်ဦး"

လူထွားကြီးက နောက်စကားကို အမိန့်သံနှင့် အော်ပြောလိုက် ကာ က,နေသူများကြားသို့ ဇွတ်ထိုးဝင်သွားပြန်သည်။

ဤတွင် လုပသားနားစွာဝတ်ဆင်ထားသော လူကုံထံမလေး တစ်ယောက်က အပေါစားလယ်သမားဝတ်စုံကြမ်းကြီးဝတ်၍ ဘောင်းဘီ စကို ဘွတ်ဖိနပ်ရှည်ထဲထည့်ထားပြီး ကပိုကရို ပရမ်းပတာနိုင်လှသော လူထွားကြီးကို အော့နှလုံးနာဟန်ဖြင့် ကြည့်လျက်က–

"ဒီလူရိုင်းကြီးက ငါ့ကို မတရားဝင်တိုက်သွားတယ်။ ကျောင် မှန်းကန်မှန်းသိအောင် ဆုံးမလိုက်စမ်း"

သူ့အဖော်ဖြစ်သူကို ဒေါသသံပါပါလေး ပြောလိုက်၏။

သူ့ကိုယ်ရံတော်က ခေါင်းခါပြလိုက်ရာမှ တီးတိုးသံဖြင့် ပြော ပေးလိုက်သည်။

"သွားမထိလိုက်နှင့်။ မိုးမီးလောင်သွားလိမ့်မယ်။ ဆရာကြီး ရပ်စ်ပြူတင်ဆိုတာ သူပဲ။ ဒီပုဂ္ဂိုလ်နှင့် ဘယ်သူမှ ပြဿနာတက်ချင်ကြ တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လှကုံထံမလေးခများ 'ရပ်စ်ပြုတင်'ဆိုသည့်နာမည်ကို ကြားလိုက်ရသည်နှင့် မျက်နှာမှာ သွေးဆုတ်ဖြူရော်ကာ တစ်ချက်တည်း နှုတ်ပိတ်သွားသော၏။

သီချင်းတစ်ပုဒ် ဆုံးသွားလေပြီ။

တအောင့်တနား ရပ်ထားစဉ်ကာလ။ ရပ်စ်ပြုတင်ကတော့ အရက်ထပ်ပေးဖို့ ဆူဆူညံညံ အော်ဟစ်တောင်းဆိုလျက်ရှိ၏။

စောစောက ဂျစ်ပစီမလေးပင် အရက်တစ်ခရားနှင့် အပြေးရောက်လာသည်။

ရပ်စ်ပြုတင်က အလုအယက်ယူကာ အငမ်းမရမော့သောက်လိုက်သည်မှာ တစ်စက်မျှမကျန်။

ပြီးတော့ တီးလုံးအသစ်နှင့် ဝင်က,ရန်ပြင်လိုက်၏။

ဂျစ်ပစီမလေးက သူ့ကို ဟန့်တား၍–

"အရက်ဖိုး ပေးလေ–"

ရဲရဲတင်းတင်း ပြုံးပြုံးလေးပြောလိုက်သည်။

ရပ်စ်ပြုတင်က ခပ်ဟက်ဟက်ရယ်လိုက်သည်။ ဂျစ်စပီမလေး၏ ပါးပြင်တွေကို တုပ်ဆွဲ၍ နောက်လှန်ချလိုက်သည်။ ယခင်နည်းတူ နှုတ်ခမ်းပါးရ နမ်းလိုက်ပြန်သည်။

ဘေးမှလူငယ်ထုက လက်ခုပ်တီးပြီး ဩဘာပေးကြ၏။

ညဉ့်နက်သထက် နက်လာသည်နှင့်အမျှ ရပ်စ်ပြုတင်ကို သူတို့ အားလုံးတသြ ကြောက်ရွံ့လေးစား 'ဖျား'သွားကြရ၏။

လူကြီးက အရက်ကို အတိုင်းအဆမရှိ သောက်ချင်တိုင်းသောက်သောကြောင့် ဖြစ်သည်။

သောက်လိုက်တာများ တစ်ချိုင့်ပြီးတစ်ချိုင့်။ ဘယ်နှစ်ချိုင့်မှန်း မသိတော့။ ဘယ်လောက်ပဲသောက်သောက် မူးပုံလည်းမရ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘယ်လိုပဲ ကက, မောဟာန်မပြ။

လူငယ်လူရွယ် အမျိုးသားအမျိုးသမီးတွေနှင့်အပြိုင် သီချင်းဆို ပြီး ဝင်က,ရာမှာလည်း သူက အသဲဆုံးအကဲဆုံး အကြမ်းဆုံးအရမ်း ဆုံး။

က,ပွဲအရှိန်တက်၍ က,လို့ အကောင်းဆုံးအချိန်မှာပင်။

မြင်းစေတော်တစ်ဦး ကဆုန်စိုင်းရောက်လာ၏။

"ဆရာကြီး၊ ဆရာကြီး ရပ်စ်ပြူတင်။ ရှေ့နန်းတော်က အခေါ် လွှတ်လိုက်လို့ပါ"

အော်ပြောလိုက်သည့်ခဏ၊ ရပ်စ်ပြူတင်ကလည်း အသည် အသန် က,နေရာမှ

"အေး၊ ဒါဆို ငါသိပြီ"

ပြောပြောဆိုဆို အက,ရပ်လိုက်သည်။

"ကဲ၊ ကဲ။ အားလုံးပဲ ဘုရင်မင်းမြတ်နှင့် မိသားစုအတွက် ဘုရား ဆုတောင်းကြရအောင်"

ရပ်စ်ပြူတင်က နှိုးဆော်လိုက်သည်ဆိုလျှင်ပင် က,ပွဲတစ်ဝင်း လုံး မီးကို ရေနှင့်ဖျန်းလိုက်သကဲ့သို့ ငြိမ်ကျသွား၏။

ရပ်စ်ပြူတင်က လူအုပ်အလယ် မြေကြီးပေါ်တွင် ဒူးထောက် လက်ယှက်ကာ ကောင်းကင်ထက်သို့မျှော်ပြီး မျက်စိစုံမှိတ်လျက် နှုတ် ကလည်း တတွတ်တွတ်နှင့် တအောင့်ကြာ ဆုတောင်းသည်။

တခြားလူတွေလည်း သူ့ပုံစံအတိုင်း လိုက်၍ ဆုတောင်းကြ သည်။

ထိုမှနောက် ရပ်စ်ပြူတင် မျက်လုံးပြန်ဖွင့်လိုက်ပြီး ဒူးထောက် ရာမှ ထလိုက်သည်။ သူ့မျက်လုံးတွေက အရောင်တဖျပ်ဖျပ် တောက် နေသလို၊ အသံကလည်း ပီသချိုလွင်လျက်-



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပူနှင့်။ ဘုရားသခင် ရှိတယ်။ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးကို ဘာမှမဖြစ်စေရဘူးလို့ သွားပြောနှင့်။ ငါ အခု လိုက်လာခဲ့မယ်"

စကားဆုံးသည်နှင့် မြင်းစေတော်က လှစ်ခနဲလှည့်ပြေးကာ မြင်းပေါ်သို့ခုန်တက်၍ ဇက်ဖွင့်စီးသွားတော့သည်။

မရှေးမနှောင်း၌ ရပ်စ်ပြူတင်လည်း

"အားလုံးပဲ ကျုပ်တော့ ဘုရားသခင်တာဝန်အရ နန်းတော်ကို သွားရဦးမယ်။ ပျော်ပျော်ပါးပါး ဆက်က,နေခဲ့ကြပေတော့"

ပြောပြောဆိုဆို သူစီးလာသော မြင်းလှည်းရှိရာသို့ ခြေလှမ်းကြီးကြီးများဖြင့် လှမ်းသွားသည်။

မြင်းလှည်းမောင်းသမားကို ဘေးသို့ တွန်းဖယ်ပစ်လိုက်ပြီး၊ သူကိုယ်တိုင် ဇက်ကြိုးနှင့် ကြာပွတ်ကိုင်၍ မြင်းကို ဒုန်းစိုင်းမောင်းသွားတော့သည်။

ပရိသတ်အားလုံးမှာ နားလည်ရခက်သော လူထူးလူဆန်း လူရမ်းကားကြီးကို မျက်စိတဆုံး အငေးသား ကျန်ရစ်ခဲ့ကြရလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ငယ်စဉ်ဘဝနှင့် သေရွာပြန်အတွေ့အကြုံ

ဆိုက်ဘေးရီးယားပြည်နယ် ပိုကရော့ဗ်စကိုးရွာလေးသည် ... ဂိုရီ အက်ဖင်မိုးဗစ်ချ် ရပ်စ်ပြူတင်၏ မွေးရာဇာတိ ဖြစ်သည်။

သူ့အဖေက မြင်းလှည်းမောင်းသမား အက်ဖင် အင်ဒရီ... ရပ်စ်ပြူတင်။

ရပ်စ်ပြူတင် ငယ်ငယ်ကတည်းက မြင်းဇောင်းတွင် ကြီး... လာရသလို၊ မြင်းဇောင်းကို ချစ်သည်။ မြင်းတွေကိုလည်း ချစ်သ...

မီးအိမ်အောက်ရှိ အကာတန်းပေါ်တွင် နာရီပေါင်းများစွာ... လျက် လှုပ်ထွားကျိုင်းသော ဧရာမသတ္တဝါကြီးများ၏ ခွာရှ... နှာမှုတ်သံတွေကို နားထောင်နေရသည်ကပင် သူ့အတွက် အရ... လှပါဘိ။

နေ့ခင်းဘက် တစ်ခါတရံ သူနှင့် မြင်းတွေချည်းကျန်ခဲ့... လည်း မြင်းတွေကို စကားတွေ တတွတ်တွတ်သွားပြောနေတတ်... သူ့မိသားစုနှင့် အပေါင်းအသင်းတွေကိုမှ မပြဖူးသော ကြင်နာယု... တွေဖြင့် ကျောသပ်ချော့မော့နေလိမ့်မည်။

လူလစ်လျှင် လစ်သလို မြင်းကျောပေါ်ခွတက်ပြီး အစီးကျင့်... သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အပြင် မြင်းအကြောင်း နားလည်ကျွမ်းကျင်သော မြင်းဆိန်းကြီးတွေထံမှ ပညာတွေ စပ်စပ်စုစုနှင့် သင်လိုက်သေးသည်။

သို့ဖြင့် သူ ကြီးပြင်းလာသောအခါ မြင်းနှင့်ပတ်သက်၍ ဆရာကြီးတစ်ဆူ ဖြစ်လာတော့သည်။

မြင်းတွေ ဖွဲဖောက်လာလျှင်၊ သို့တည်းမဟုတ် တစ်စုံတစ်ရာ ထူးထူးခြားခြားလက္ခဏာ ပြလာလျှင် မြင်းကျမ်းကျေထားသူ ဂရေဂရီဆီသို့ ပြေးလာရတဲ့အထိ။

ထို့အပြင် မြင်းစီးကောင်းတစ်ယောက်အဖြစ်လည်း နာမည်ကျော်ခဲ့တဲ့ ရုပ်စ်ပြူတင်ပါ။

ငယ်စဉ်က မြင်းတွေနားမှာ မနေရလျှင်တော့ ရွာလမ်းပေါ်မှာ ကလေးတစ်သိုက်နှင့် အကြမ်းအရမ်း အသန်အမာလွန်ရာ၌ သူ့ကို ဘယ်သူမှမယှဉ်နိုင်။ အစဉ်သဖြင့် 'ဗိုလ်' ဖြစ်ခဲ့ရ၏။

သည်ကြားထဲမှပင် သူ့ဖခင်က ပန်းချီရုပ်တွေ အလှသားပါသော ခရစ်တော်မွေးဖွားခန်း စာအုပ်ထူကြီးကို ဖတ်ပြသည်။

ရုပ်စ်ပြူတင်အတွက် မြင်းတွေပြီးလျှင် စိန့်ဂျိုးဇက်၊ မေရီ၊ အရှေ့ဘက်မှ ပညာရှင်ဘုရင်သုံးပါး လာရောက်ဦးတိုက်ခစားရသော နွားစားခွက်ထဲက ကလေးငယ်သည် စိတ်ဝင်စားစရာအကောင်းဆုံး ဖြစ်လာသည်။

သူ့အဖို့ သူ့ဖခင်ဖတ်ပြသော မဟာစာအုပ်ကြီးထဲမှ စကားလုံးများကို နှုတ်တိုက်လိုက်ရွတ်ရင်း စာတတ်မြောက်ခဲ့ရသည်ဟုလည်း ဆိုနိုင်၏။

ဂရေဂိုရီ ၁၂ နှစ်သားအရွယ်၌ အန္တရာယ်ဆိုးကြီးတစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် အစ်ကိုဖြစ်သူမစ်ရှားတို့ တူရာချောင်းကမ်းပါးတွင် ဆော့ကစားနေရာမှ မစ်ရှား ချောင်းထဲသို့ ဖြုန်းခနဲ နောက်ပြန်ကျသွား ခြင်း ဖြစ်၏။

ဂရေဂိုရီလည်း ချောင်းထဲခုန်ချပြီး မစ်ရှားကို လိုက်ဆယ်ဖို့ ကြိုးစားသည်။ ခရီးသွားလယ်သမားတစ်ယောက်သာ ဝင်မကယ်ပါက သူတို့နှစ်ယောက်စလုံး ရေနစ် အသက်ဆုံးပါးရဖို့သာ ရှိသည်။

ကံခေသူ မစ်ရှားခမျာ အဆုတ်ရောင်၍ အပြင်းဖျားပြီး နေ့တွင် ချင်းပင် ကွယ်လွန်သွားရှာ၏။

သည်အဖြစ်ဆိုးကြောင့် ဂရေဂိုရီလည်း စိတ်ထိခိုက်ချောက်ချား ကာ အဖျားဝေဒနာ အကြီးအကျယ် စွဲကပ်ခဲ့ရတော့သည်။

မကြာမီပင် ပြန်နေကောင်းလာ၍ ကစားမပျက်၊ သူ့အခ တော် မြင်းတွေနှင့် ဆက် အလုပ်ရှုပ်ခဲ့သော်လည်း သိသိသာသာကြီ ခြားနားပြောင်းလဲခဲ့ပေပြီ။

တစ်ချိန်က ပြည့်ပြည့်ဖြိုးဖြိုးနှင့် နှင်းဆီရောင်သမ်းနေသော မျက်နှာလေးမှာ ဖြူဖပ်ဖြူရော်နှင့် ပါးရိုးတွေ ချောင်ကျသွားခဲ့ရ ပြီ။ ညတိုင်းလိုလို အဖျားတက်တက်လာ၏။ တစ်ခါတစ်ရံ ရက်ပေါ် များစွာ သတိမရတစ်ချက် ရတစ်ချက် မေ့မျောနေတတ်သည်။ သူတို့ရွာ ဗိန္ဒောဆရာကြီးပင် မျက်စိလည် လက်မှိုင်ချရလောက်အောင် ရော ဆန်းရခဲ့ရသည် ဆိုပါတော့။

သည်လိုနှင့် ဆောင်းဝင်လာသည်။ ဆိုက်ဘေးရီးယားမုန်တိုင် တွေ တိုက်ခတ်လာသည်။ သူကတော့ မီးဖိုချောင်ကြီးထောင့်က အိပ် ပေါ်တွင် ပက်လက်ကလေး။

သူ့အိပ်ရာဘေး မီးလင်းဖိုကြီးရှေ့မှာတော့ သူ့အဖေနှင့် အိမ် ချင်းလယ်သမားကြီးများ ဝိုင်းဖွဲ့ပြီး စားရင်းသောက်ရင်းက ရွာသတင် မြို့သတင်း သတင်းပလင်းပေါင်းစုံ တစ်နေကုန် ထိုင်ပြောနေကျ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေမှာတော့ သူ့မိသားစုတွေနှင့် အိမ်နီးချင်းမိတ်ဆွေတွေ အများတက်နေသောသူ့ကို အနှောင့်အယှက်မဖြစ်ရအောင် တီး သံလေးများဖြင့် မြင်းခိုးမှုတစ်ခုအကြောင်း ပြောနေကြသည်။

မြင်းခိုးမှုက သူတို့တစ်ရွာလုံးကို တုန်လှုပ်ထိခိုက်သွားစေကြောင်း ရွာတွင် အဆင်းရဲဆုံးလူတစ်ယောက်၏မြင်းကိုမှ အခိုးခံရခြင်းဖြစ်၍ ခုများလည်း ပူပန်သောကရောက်မဆုံးအောင် ခံစားနေရကြောင်း၊ တတ်သောရွာသားတွေက မိုးလင်းကမိုးချုပ် မြင်းပျောက် လိုက်ရှာ လည်း အစအနပင် မတွေ့ရကြောင်းများ အပါအဝင်။

အပြင်လောကတွင် အမှောင်ထုကြီးစိုး၍ စားပွဲအလယ်က တစ် ညသောာ မီးအိမ်အလင်းရောင်ဖြင့် လယ်သမားကြီးတွေက မီးဖို ဝိုင်းဖွဲ့ထိုင်နေဆဲ။

ရုတ်တရက် အမှတ်မထင် လူမမာသည်လေးက အိပ်ရာပေါ် ခနဲ ထထိုင်လိုက်သည်။

သူ့မျက်နှာက သေမတတ်ပိန်လှီနေလင့်ကစား မျက်လုံးတွေက ကစရာကောင်းလောက်အောင် အရောင်တောက်လျက်။

သူ့ရှေ့တည့်တည့်ကို အတန်ကြာစိုက်ကြည့်နေရာမှ ခုန်ထွက် လူကြီးတစ်ယောက်ကို ခြေထောက်တွေ ဖမ်းဖက်လိုက်သည်။ ထိုလူကျောပေါ် တွယ်တက်ခွစီးရင်း

"ဟား ဟား မိပြီ။ မပြေးနှင့် ပီတာ အလက်ဇန်ဒရိုဗစ်ချ်။ မင်း ခိုးတာ။ မင်း မြင်းသူခိုးပဲ"

နက်ကျောကျယ်လောင်လှသော အသံကြီးဖြင့် ရယ်လျက် အားရ အဆက်မပြတ်အော်ရင်းက သူ ခွစီးထားသော လူကြီး၏ဗိုက်ကို တွေနှင့် ဆောင့်ကန်နေလိုက်သေး၏။

"အလက်ဇန်ဒရိုဗစ်ချ် မြင်းသူခိုး။ အလက်ဇန်ဒရိုဗစ်ချ် မြင်းသူ



www.burmeseclassic.com

www.burmeseclassic.com



တကယ်စင်စစ်တော့ သူ့ကိုယ်သူ ဘာလုပ်လို့ လုပ်မှန်းမသိ သလို မျက်လုံးတွေကလည်း ထူးဆန်းသောအရောင်တွေ တလက်လက် တွက်လျှက် အကြောင်သားဖြစ်နေသည်။

ခွစီးခွပ်စွဲခံရသူ ကာယကံရှင် အလက်ဇန်ဒရီဗစ်ချ်နှင့် လူတွေ အားလုံးမှာ အံ့အားကြီးတွေသင့်ပြီး၊ မျက်စိပျက်မျက်နှာပျက် ဖြစ်ကုန် ကြရပါပြီ။

ပီတာ အလက်ဇန်ဒရီဗစ်ချ်ဆိုသူကား နှယ်နှယ်ရရ မဟုတ်။ ရွာမျက်နှာဖုံး လူချမ်းသာတစ်ဦးဖြစ်ရုံမက သူခိုးဖမ်းရာမှာလည်း ခေါင်း ဆောင်ခဲ့သူ။

ခုတော့ ထိုလူကိုယ်တိုင် မြင်းသူခိုးတဲ့။

လူမမာချာတိတ်က ကယောင်ကတမ်းနှင့် စွပ်စွဲနေပါရောလား။

ချာတိတ်သာ နာတာရှည် အပြင်းဖျားမနေဘူးဆိုပါက သူ့အဖေ က မှတ်လောက်သားလောက်အောင် ချက်ချင်းလက်ငင်း ဆုံးမလိုက် မှာ သေချာ၏။

သူ့မိခင် အန်နာက အခြေအနေကို ဝင်ထိန်းလိုက်နိုင်လို့သာ တော်တော့သည်။

"တယ်၊ ဒီကောင်လေးဟာ သွေးရူးသွေးတမ်း ကယောင်ချောက် ချားနှင့်။ ရောဂါတွေ ဖောက်သလား မသိပါဘူး။ စိတ်မရှိပါနှင့် ပီတာ ရယ်။ ကျွန်မတို့တစ်အိမ်သားလုံး တောင်းပန်ပါတယ်။ အားလုံးပဲ ဒီ ကိစ္စကို မေ့ပစ်လိုက်ကြပါ"

ဒီကိစ္စက ဒီနေရာတွင် ပြီးပြီးပျောက်ပျောက် မေ့ပစ်လိုက်ကြပါဆို ပေမယ့် မမေ့နိုင်သူတချို့က ထိုည၌ ပီတာ အလက်ဇန်ဒရီဗစ်ချ်၏ ယာတောကို သွားချောင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြင်းကို နေရာပြောင်းဝှက်ဖို့ ဆွဲထွက်လာသော ပီတာ
...ခန့်ဒရိုဗစ်ချ်ကို ပက်ပင်းမိခဲ့ရတော့၏။
...အားနေသော ဂရေဂိုရီ ရုပ်စ်ပြုံတင်ထံ ဘုရားသခင် ဝိညာဉ်ဝင်
...သူခိုးဖမ်းပေးသည်ဟု တစ်ရွာလုံးက ယုံကြည်ခဲ့ကြသည်။
သည့်နောက်တော့–

ဂရေဂိုရီ အက်ဖင်မိုးဗစ်ချ် ရုပ်စ်ပြုံတင်တစ်ယောက် အခြားသော
...တောင်သား လယ်သမားလုလင်ပျိုများနည်းတူ ကြီးပြင်းလူလား
...ခဲ့ရသည်။
အရက်ဆိုင်ကို မကြာမကြာ ရောက်၏။
မိန်းမချောလေးတွေနောက် တကောက်ကောက်လိုက်၍ ပိုးတတ်
...လာ၏။
အဖော်အပေါင်းတွေနှင့် ဟော့ဟော့ရမ်းရမ်း စည်းပျက်ကမ်းပျက်
...ကျူးလာ၏။
လယ်ယာအလုပ်တွေ ဝတ္တရားမပျက်လုပ်သော်လည်း ညတိုင်း
...အမူး သောက်စားပျော်ပါးလေ့ ရှိ၏။
နောက်ပိုင်းကျတော့ သူတို့ ဆိုက်ဘေးရီးယန်းရိုးရာဓလေ့ ကာလ
...သမီးတွေစုပြီး ကစားကြ၊ သီချင်းဆိုကြ၊ က,ကြနှင့် သူ့ဘဝက
...ည်အကျဉ်း ပြောင်းလဲခဲ့ရ၏။
သို့ဖြင့် ပရာစကိုဗီယာ ဖီဒိုရိုဗနာ ဒူဘာရိုဗီနာအမည်ရှိ မိန်းမ
...နှင့် ဆုံဆည်းပြီး ချစ်ကြိုက်ခဲ့ကြ၏။
ဒါပေမယ့် ပရာစကိုဗီယာနှင့် အိမ်ထောင်ကျခဲ့သည့်တိုင်အောင်
...ကြူးမှုကို မစွန့်လွှတ်နိုင်သေး။
သောက်ဖော်သောက်ဖက် လူရမ်းကားတစ်သိုက်နှင့် တစ်ခါတစ်
...သွားတွဲသလို၊ ကောင်မလေးတွေနှင့် သွားက,စမြဲ။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်တော့ ဒုတိယအကြိမ် ထူးခြားဆန်းကြယ်မှုကြီး တစ်ခုနှင့် ဆုံတွေ့ရပြန်သည်။

ထိုအဖြစ်ကို သူ့အရင်းနှီးဆုံး သူငယ်ချင်း မစ်ခေးလ်ပက်ရှကင် တစ်ဦးတည်းကိုသာ ပြန်ပြောခဲ့သည်ဆို၏။ သူငယ်ချင်းနှစ်ယောက်သား တူရာချောင်းဘေးတွင် လမ်းလျှောက်ရင်း ပြောပြခဲ့ခြင်းလည်းဖြစ်၏။

တစ်နေ့ သူလယ်ထွန်နေခိုက် သူ့နောက်ဘက်မှ ကျေးရွာသူ မိန်းမပျိုများ သံပြိုင်ဆိုသကဲ့သို့ ထူးဆန်းအံ့ဩဖွယ် ဓမ္မသီချင်းသံများ ကြားလိုက်ရတာပါတဲ့။

သူ ဆတ်ခနဲလှည့်ကြည့်လိုက်ခါမှ ရွှေရောင်တောက်ပနေသော နေခြည်အောက်တွင် မယ်တော်မာရီ၏ရုပ်ပုံတော်ကို အထင်အလင်း မြင်တွေ့လိုက်ရပါသတဲ့။ မြင်ကွင်းက မိနစ်အနည်းငယ်မျှအကြာတွင် ပြန်ပျောက်သွားသည်။

ဂရေဂိုရီလည်း လယ်ကွင်းအလယ်၌ ကြောင်စီစီကြီးနှင့် မင်တက် ငေးမောရင်း ကျန်ရစ်ခဲ့ရသည်။ စိတ်လှုပ်ရှားပြီး ကတုန်ကရင်ဖြစ်နေ၍ ဘယ်လိုမှ အလုပ် ဆက်မလုပ်နိုင်တော့ဟု ဆို၏။

အိမ်ပြန်ရောက်သည့်အထိလည်း ဝမ်းသာရမလို၊ ဝမ်းနည်းရမလို နှင့် ကြည်လင်ရှင်ပျခြင်း မရှိနိုင်တော့ပါ။

သူ့စိတ်ထဲမှာ ဘုရားသခင်က သူ့ကို တာဝန်တစ်ရပ် ချမှတ် ပေးအပ်လိုက်သည်ဟု ခံစားမိသည်။

တစ်ချိန်တည်း၌ ထူးမြတ်မှုတစ်စုံတစ်ရာအတွက် သူမြတ်နိုးသော အရာအားလုံးကို စွန့်လွှတ်ရှောင်ခွာရလိမ့်မည်ဟုလည်း သိလိုက်သလိုလို။

မြင်းဇောင်၊ အရက်ဆိုင်၊ သူ့အိမ်၊ သူ့အဖေ၊ ဇနီး သားသမီးများ နှင့် ရွာက ကောင်မလေးတွေ အားလုံး အားလုံး။



www.burmeseclassic.com

www.burmeseclassic.com



## မိစ္ဆာဘုံသို့ ခြေတစ်လှမ်း ။ ၃ ။

ရပ်စ်ပြုတင် လူလတ်ပိုင်း ဝင်လာသည်နှင့် ဖခင်ဖြစ်သူ၏ ...က်ငှတ်လက်ရင်းဖြစ်သော ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်ပေး ...သာ မြင်းလှည်းသမား ဖြစ်ခဲ့တော့သည်။

ရှာနီးချုပ်စပ်များသာမက တစ်ခါတစ်ရံ တိုဘော့စ်နှင့် တီယူမင် ...များသို့တိုင် ခရီးဝေး သွားရသည်။ နောက်တစ်လမ်းအနေဖြင့် ယူ ...လ်စ်တောင်ခြေရှိ ဗာကိုချားမြို့သို့ ရောက်၏။

နွေရာသီတွင် တူရာမြစ်ကို ဆန်တက်၍ သူတို့ ပေါ်ကရော့ဗ်စကိုး ...ရေကြောင်းလမ်းပွင့်သော်လည်း၊ ဆောင်းရာသီ၌မူ စွပ်ဖားနှင့် ...လှည်းများကိုသာ အားကိုးရ၏။

သူ အသက် ၃၃ နှစ်အရောက်တွင်မူ ခရီးသွားတစ်ဦး၏ ...င်းမှုကြောင့် ရပ်စ်ပြုတင်၏ဘဝမှာ အခြေခံမှစ၍ အပြောင်းလဲ ...ပြောင်းလဲခဲ့ရသည်။

ထိုခရီးသည်ကတော့ မိလက်တီ ဇာဘိုရော့ဗ်စကီ ဆိုသူ ခရစ် ...န် ရဟန်းငယ်တစ်ပါးပင် ဖြစ်၏။

ဇာဘိုရော့ဗ်စကီး၏ ဗာခိုချားဘုန်းတော်ကြီးကျောင်းသို့ ပညာ ...သင်ခရီးကို လိုက်ပို့ရင်းမှ လမ်းတွင် သူတို့နှစ်ဦး ဘာသာရေး ...ယုံကြည်မှုများအကြောင်း ဆွေးနွေးမိခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အညာတရုတ်ကောသားလေးတစ်ယောက်ထံမှ လေးနက်သော အယူအဆများကို ကြားလိုက်ရသော ဇာဘိုရော့ဗ်စကီးမှာ မယုံနိုင်လောက်အောင် ဖြစ်သွားရသည်။

သိပ္ပံနည်းကျဘာသာတရားကို လက်တွေ့ဆည်းပူးလိုက်စားနေသောရဟန်းငယ်က ရုပ်စ်ပြူတင်အား ရှေးရိုးအစဉ်အလာ ယုံကြည်ကိုးကွယ်မှုနှင့် ဝတ်ပြုဆုတောင်းနေခြင်းမှာ အချည်းနှီးသာဖြစ်ကြောင်း၊ ဘယ်ကဲ့သို့ အပြစ်မကင်းကြောင်းများကို ပြန်ပြောလိုက်၏။

ဇာဘိုရော့စကီး၏စကားလုံးက ရုပ်စ်ပြူတင်၏နှလုံးသားကို အကြီးအကျယ် မွှေနှောက် ချောက်ချားသွားစေသည်။

ဒါပေမယ့် သူ့ခရီးသည်၏ သစ်ဆန်းသောဩဝါဒကို ကြိုက်ချင်ချင် ဖြစ်ခဲ့ရသည်။

ကျင့်ဝတ်စည်းကမ်းကြီးမားသလောက် တင်းကြပ်လှသော သူတို့ အော်သိုဒေါ့က္စ ခရစ်ယာန်အယူဝါဒများသည် ဘုရားသခင်၏ ကယ်တင်ခြင်းကိုခံယူဖို့ မျှော်လင့်ချက်နည်းပါးကြောင်း၊ လောကီချမ်းသာကာမဂုဏ်အာရုံများကို ပျော်ရွှင်စွာခံစားရင်း ဘုရားသခင် ရှာဖွေခြင်းက ပိုမိုလွယ်ကူကြောင်း၊ သာမန် အပြစ်သားတစ်ယောက်ပင် မစွဲမြဲသော ယုံကြည်ချက်တစ်ခုတည်း လက်ကိုင်ထားရုံနှင့် လျှို့ဝှက်သော အမှန်တရားကို ရယူနိုင်ပြီး ဘုရားသခင်နှင့် တွေ့ခွင့်ရနိုင်ကြောင်းများကို အာဝဇ္ဇန်းကောင်းကောင်းနှင့် ဆွယ်တရားဟောခဲ့ခြင်း ဖြစ်၏။

နောက်ဆုံး ဇာဘိုရော့ဗ်စကီးက ရုပ်စပြူတင်ကို အိမ်မပြန်ဘဲ သူနှင့်အတူနေဖို့ပင် စည်းရုံးရာ အောင်မြင်ခဲ့သည်။

•

ဗာကိုချားကျောင်းတော်ကြီးမှာ ဆိုက်ဘေးရီးယန်းဘာသာရေးကျောင်းများ၏ထုံးစံအတိုင်း တရားဘာဝနာ ကျင့်ကြံဖို့နေရာထက် စိုက်ခင်းပျိုးခင်းတွေက များလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုင် ကျောင်းအုပ် ဘုန်းကြီးတွေကလည်း စည်းကမ်းကြပ်စွာချမှတ်၍ စိတ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းများကို ဆည်းပူးလေ့ရှိသည်ကတစ်ဘက်၊ သူတို့ပိုင်လယ်မြေများ ဖြစ်ထွန်းအောင်မြင်ရေးဆောင်ရွက်ဆောင်သည်ကတစ်ဘက် ဖြစ်နေ၏။

ဘာပဲဖြစ်ဖြစ်၊ လောကီနှင့် လောကုတ္တရာ တွဲထားသော ထိုနေရာသယ်သမားတစ်ဦးသာဖြစ်သော ရပ်စ်ပြူတင်အဖို့ အခက်အခဲရှိပါချေ။

မကြာမီပင် သူ တအံ့တသြ နားလည်လာရသည်က ကျောင်းကြီး၌ အုပ်ချုပ်သူအုပ်နှင့် အခိုင်းခံ အုပ်စု ဟူ၍ နှစ်ပိုင်းကွဲနေခြင်း

ထို့ပြင် အစောင့်အကြပ်တာဝန်ကျ ပုဂ္ဂိုလ်များကအစ ခိုလက်ခေါ် သာသနာပြုပြင်ရေးဂိုဏ်းဝင် ဖောက်ပြန်ရေးသမားတွေအထိ တာလည်း တွေ့ရသည်။

စင်စစ်တော့ ဗာကိုချားကျောင်းတော်ဆိုသည်ကား မိရိုးဖလာအော်သိုဒေါ့က္စဘာသာကို ဆန့်ကျင်၊ အသစ်အဆန်းထွင်၊ မိစ္ဆာဒိဋ္ဌိလမ်းစဉ် နေချင်သလိုနေဖို့ ကြိုးစားသူများအား နယ်နှင်ဒဏ်ခတ်၍ အဆင်ဆုံးမပေးရာ ဌာနကြီးပါပေတည်း။

သွေးဖည်ရေးသမားတွေက သူတို့အမှား သူတို့ သိလောက်ပြီဆိုမှဘုရားကျောင်းမှ ဆရာသမားများထံ ပြန်ပို့ရန် စီစဉ်ထား၏။

သို့သော် လက်တွေ့ကျတော့ စီစဉ်သလို ဖြစ်မလာ။

ဒိဋ္ဌိဂိုဏ်သားတွေ အားကောင်းသထက်ကောင်းအောင် စုစည်းမိကြရာသာ ရောက်ခဲ့သည်။

အပြင်ပန်းအားဖြင့် အော်သိုဒေါ့က္စဂိုဏ်းတော်ကြီး၏ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာကျင့်ဆောင်ဟန်ပြ၍ အနှစ်သာရရှင်မှုဆိုင်ရာ အဆများကို လက်သိပ်ထိုး ဖြန့်ဝေ ပွားများကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ရုပ်စိပ်ပြုတင်တစ်ယောက်လည်း သူတို့စကားတွေ နား ယောင်ပြီး 'ခီလက်စတီ'ဂိုဏ်းဝင် လုံးလုံးကြီး ဖြစ်ခဲ့ရပါလေပြီ။

ဤနေရာတွင် ခီလက်စတီဂိုဏ်းအကြောင်း သိကောင်းစရာလေး တွေ ပြောပြဖို့ လိုအပ်လာပါသည်။

ခီလက်စတီ (ဘုရားလူ)ဟု အမည်တွင်သော ဂိုဏ်းနှင့် အယူဝါဒ သစ်ကို လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်က ဗလာဒီမာပြည်နယ် စတာရိုဒပ်ဗ်ခရိုင် မူရောဖ်မြို့အပိုင် တောင်ပေါ်ရွာလေးတစ်ရွာ၌ ဒင်နီ လာ ဖီလီပစ်ချ်ဆိုသော လယ်သမား (စစ်ပြေးလည်း ဖြစ်ခဲ့ဖူးသူ)က စထွင် တည်ထောင်ခဲ့ခြင်း ဖြစ်၏။ သူ့ဝါဒက -

ကျမ်းစာတွေဖတ်နေရုံနှင့် ဘုရားသွားကျောင်းတက် ဝတ်ပြု နေရုံသက်သက်မှာ တစ်ဆင့်ခံဖြစ်၍ အကျိုးမရှိ။ စာသိထက် ငါသိက အရေးကြီးသည်။

'ကိုယ်ပိုင်လမ်းစဉ်၊ ထူးကဲသောအကျင့်တရားများဖြင့် ဘုရား သခင်နှင့် တိုက်ရိုက်ဆက်သွယ်နိုင်အောင် လုပ်ရမည်'

'လူတိုင်းလူတိုင်း ဘုရားဖြစ်နိုင်သည်။ သန့်ရှင်းသော ဝိညာဉ် တော်ကို အရယူနိုင်သည်'

'ဘုရားသခင်သည် ခရစ်တော်တစ်ပါးတည်းကို သားအဖြစ် တစ်ကြိမ်သာ လွှတ်လိုက်သည် မဟုတ်။ လူတိုင်းကို အချိန်မရွေး နေရာမရွေး သားအဖြစ် ဘုန်းတော် ဝင်စားနိုင်သည်။

'ဘုရားသခင်နှင့် ဆက်သွယ်ပေါင်းစည်းမိရန်နှင့် ကောင်းကင်ဘုံ ၏ စွမ်းအင်သိဒ္ဓိများကို ရရှိခံစားနိုင်ရန် အပြစ်သားဖြစ်သူသည် ခရစ် တော်၏ ထူးဆန်းသောသေခြင်းမျိုးနှင့် အရင်ဦးစွာ သေလိုက်ရမည်'



www.burmeseclassic.com

www.burmeseclassic.com



'တစ်နည်းဆိုသော် အသက်ရှင်လျက်သားက ကိုယ်တွင်းရှိ ...ခြင်းအားလုံးကို သန့်စင် ဆေးကြောပစ်လိုက်ရမည်။ ကိလေသာတွေကို ...လိုအလျောက် ငြိမ်းသတ်ရမည်'

'ကိလေသာတွေ အလိုလိုငြိမ်းဖို့ဆိုသည်မှာ ကိလေသာတွေကို ...ငွေ့မချင်း ခံစားခြင်းပင်ဖြစ်သည် ဟူ၏။ ငြီးငွေ့သွားချိန်၌ ကိလေ ...မီးတွေ ငြိမ်းပြီးသား ဖြစ်သွားမည်တဲ့'

'ထိုသို့ အတွင်းသေ သေသွားသည်နှင့် ရှင်ပြန်ထမြောက်ခြင်း ...ရောက်လာကာ ဝိညာဉ်ပိုင်းအားဖြင့် သေခြင်းတရားမှ လွတ်မြောက် ... မြင့်မြတ်သောဘဝကို ပိုင်ဆိုင်ရတော့မည် ဆို၏'

'ထိုအခါ အံ့မခန်းတန်ခိုးသိဒ္ဓိတွေ ရလာမည်။ အနာဂတ်ကို ...မြင်မည်။ နာဖျားသူများကို ပျောက်ကင်းအောင် ကုသပေးနိုင်မည်။ ...သူများကိုလည်း ရှင်အောင် လုပ်ပေးနိုင်မည်။ အပြစ်ခံငရဲသားများ ...င် ကောင်းကင်ဘုံအရောက် ကယ်တင်နိုင်လိမ့်မည်'

'ခမည်းတော်၊ သားတော်၊ သန့်ရှင်းဝိညာဉ်တော်တို့ တပေါင်း ...ည်းကိန်းဝပ်နေသော ထိုလူသည် နောက်ဆုံးတရားစီရင်သောနေ့ ...င် ဆုနှင့် အပြစ်ဒဏ်များကို ခွဲဝေ ချမှတ်ပေးလိမ့်မည်'

'ထိုအယူဝါဒအရ ရှရားပြည်၌လည်း ဘုရားအသစ်ဖြစ်နိုင်၍ ...ညတရ တောသူတောင်သား လယ်သမားတစ်ယောက်ကပင် ဘုရား ... ခံနိုင်သည်'

'သူကိုယ်တိုင်ပင် မွေးစဉ်ညကလည်း မိုးပေါ်က နတ်မြင်းပျံ ...ထားကြီး အရောင်တဝင်းဝင်းနှင့် နတ်သမီးလေးများခြံရံကာ ...ခေါင်မိုးထက်သို့ ဆင်းသက်ခဲ့သည်ဟု ဝါဒဖြန့်လိုက်သေး၏'

ထို့နောက်တော့ ဒင်နီလာ ဖိလီပစ်ချ်နှင့် (မက်ဆာကေ...ရှိ ...သက်တစ်ရာကျော် ဇနီးမောင်နှံမှ ထူးဆန်းစွာမွေးဖွားလာသော) အိုင် ...ဘင်မို ဖီးဗစ်ချ် ဆပ်စလော့ဗ် ဆိုသူတို့ ပေါင်းမိခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိလစ်ပစ်ချ်က ဘုရားသခင်၊ ဆပ်စလော့ဗ်က သားတော်

အဖြစ် ခံယူခဲ့ကြသော ဟူ၏။

အိုင်ဗင် ဆပ်စလော့ဗ်သည် တပည့်လက်သား တစ်ဆယ့်

ယောက်နှင့် ဗော့ဒဂါမြစ်ရိုးတစ်လျှောက် လှည့်လည်ကျက်စားနေခဲ့

ဓာဘုရင် အလက်ဇန္ဒား မစ်ဟေးလ်လိုဗစ်ချ်က ဖမ်းဆီးလိုက်သ

မော်စကိုသို့ ခေါ်လာပြီး ကရင်မလင်နန်းတော်မြို့ရိုး၌ ကားစင်

ကွပ်မျက်ခဲ့ရာ သုံးကြိမ်တိတိ သတ်ရသော ဟူ၏။

နောက် သူတို့၏အဆက်အနွယ်အဖြစ် တမန်တော် ရာဒယ

ပေါ်လာပြန်သည်။

ရာဒယက်ဗ်ကား အရှက်အကြောက်ကင်းမဲ့လွန်းစွာ ရာဂကျ

၏။ မိန်းမ တစ်ဆယ့်သုံးယောက် တစ်ပြိုင်တည်း ယူပြခဲ့၏။ မူး

ရူးနှင့် ဆိုးသွမ်းယုတ်ကန်းမှု မှန်သမျှကို လုပ်ဆောင်၏။

ဘာပဲလုပ်လုပ် သူ့အတွက် အပြစ်မဖြစ်ဘူးဆိုပြီး တမန်

ဘဝက တစ်ပြားမျှ မလျှော့။ ပါးစပ်ကတော့ ဘုရားစကား တ

စကားတွေ တွင်တွင်သာပြောနေဆဲ။

သူ့အပြစ်တွေ အပြစ်မမြောက်တာက ဘုရားသခင်အလိုကျ

ရလို့ပါတဲ့။

ဘုရားသခင်ရှေ့မှောက်မှာ အဆိုးယုတ်ဆုံးအလုပ်တွေ လ

ရခြင်းဖြစ်၍လည်း ပိုမွန်မြတ်ပြီး၊ သာမန်လူတစ်ယောက်၏ အကေ

ဆုံး အသန့်ဆုံးလုပ်ရပ်များထက် သာလွန်သည်ဟု ဆိုခဲ့၏။

သူ့ကို အကျင့်စာရိတ္တ ဖောက်ပြန်မှုဖြင့် ဘုရင့်တရားရုံးတေ

ခေါ်ယူစစ်ဆေးတော့လည်း -

"ကျုပ်လုပ်ရပ်တွေဟာ အာပတ်သင့်စရာအကြောင်း

မရှိဘူး။ သင်တို့ဟာ ကျုပ်အပြစ်ကို မြင်ပေမယ့် ကျုပ်ကိုယ်

ဘုရားသခင်ကို မမြင်ကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဟာ တရားဥပဒေကို အောင်မကျော်ဖို့ သတိထားသလို၊ ဘုရားသခင်ရဲ့ဆန္ဒကို မလွန်ဆန်အောင်လည်း ဂရုစိုက်ပါတယ်။ ကျုပ်နှင့် မကောင်းဘူးဆိုတဲ့ မိန်းမတွေကလည်း သူတို့သဘောနှင့် သူတို့ လာကြတာပါ။ ဘုရားသခင်ဟာ ကျုပ်ကိုယ်ထဲမှာ ရှိသလို ကျုပ်နှင့် ထိလိုက်တာနှင့် သူတို့မှာရှိသမျှ အပြစ်တွေ ကျေပျက်သွားကြတယ်လို့ ယုံကြည်ကြတယ်လေ" စသဖြင့် စောဒကတက် လျှောက်လဲချက်ပေးခဲ့သည်။

(ရပ်စ်ပြူတင်သည် ရာဒယက်ဖ်ကို အားကျပြီး သူ့ကိုယ်သူ ရာဒယက်ဖ်ဝင်စားသည်ဟု ယူဆခဲ့၏။)

ဗာကိုချားကျောင်းတော်ကြီးနှင့် သိပ်မဝေးသောနေရာတွင် မာကရီဆိုသော သူတော်စင်အဖိုးအိုတစ်ဦးလည်း သက်ရှိထင်ရှား ရှိနေသေးသည်။

ရပ်စ်ပြူတင်သည် ဗာကိုချားကျောင်းတော်ကြီးမှ မထွက်ခွာမီ ထိုသောမာကရီအား သွားတွေ့ခဲ့သည်။

မာကရီကလည်း တစ်ချိန်က အပြစ်ပေါင်းစုံကျူးလွန်ခဲ့သော လူဆိုးကြီးဖြစ်၍ ခုတော့ ဘုရားတစ်ဆူ ဂူတစ်လုံးအသွင် ကြည်ညိုကိုးကွယ်ခံရသူ 'ဘုရားလူ' ဖြစ်နေပါပြီတဲ့။

ဂူအောင်းပြီး ဘေစာကျင့်နေသော မာကရီအဖိုးအိုထံ ရပ်နီးရပ်ဝေးမှ လူတန်းစားအသီးသီး အဖူးမြော် လာရောက်ကြသည်။ မာကရီ၏ ကောင်းချီးမင်္ဂလာ ခံယူလိုက်ရခြင်းဖြင့် အပြစ်တွေ ကင်းစင်ပြီး ရောဂါတွေပါပျောက်သည်ဟု ယုံကြည်ကြ၏။

ရပ်စ်ပြူတင်အား အရိုးပြိုင်းပြိုင်းကျနေသော မာကရီက ကြည်ကြည်ဖြူဖြူ အတွေ့ခံသည်။ သူပြောသမျှကို စိတ်ရှည်လက်ရှည် နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကာ နားလည် ကြင်နာမှုအပြည့်ဖြင့် အဆုံးအဖြတ် တုံ့ပြန်ချ
ပေးသည်က တိုးတိုးညင်ညင်ကလေး။

"ဝမ်းမြောက်ပျော်ရွှင်လော့ ငါ့သား။ လူ သောင်းပေါင်းများစွာ
မှ ငါ့သားကို ဘုရားသခင်က ရွေးချယ်တော်မူခဲ့ပြီ။ သင့်ရှေ့တွ
ကြီးကျယ်မြင့်မြတ်သော အနာဂတ်များ ရှိနေလေရဲ့။ သင့်ဇနီး၊ သာ
မယားနှင့် မြင်းများကို စွန့်လွှတ်၍ ဂန္ဓာရီ လှည့်ပေတော့။ မြေကြီး
စကားပြောသည်ကို သင် ကြားရလိမ့်မည်။ သူ့ပြောစကားများကို နာ
လည်အောင် သင်ကြားလော့။ တစ်ဖန် မြင့်မြတ်သော ရှုရားမြေပြင်
စကားသံများကို လူအပေါင်း ကြားသိစေရန် ကြေညာပေးပါတော့"

ရုပ်စ်ပြူတင်လည်း မာကရီ၏ နှုတ်ကပတ်တော်ကို ဦးထိပ်ပန်
လှုပ်ရှားခဲ့တော့သည်။

တကယ်တော့ ရုပ်စ်ပြူတင်ခမျာ သန္ဓေနှင့် လာခြင်းကောင်း
လျက် ဇာဗရော့ဇ်စကီတို့လို အကျင့်ပျက်အရည်းကြီးတွေနှင့် အပေါ
မှားခဲ့ရှာသည်။

ဖီလစ်ပစ်ချ်၊ ဆပ်စလော့ဗ်၊ မာကနီတို့လို စင်ပြိုင်သာသ
ထူထောင်သူ ဂိုဏ်းသားများကို ဆရာတင်မိရာမှ ပါးစပ်ဘုရား လက်
ကားယား လမ်းလွဲလိုက် ထင်ရာစိုင်းမိခဲ့ကာ ဇာတ်သိမ်းမလှသ
အဖြစ်ဆိုးနှင့် ကြုံခဲ့ရခြင်းလည်း ဖြစ်၏။

ဘုန်းကြီးလို့ သက်မရှည်၊ ဆရာမှားလို့ သားသေခဲ့ရသေ
'ရုပ်စ်ပြူတင်' ဆိုလျှင် မှားမည်မဟုတ်။

ဘာပဲဖြစ်ဖြစ်။ သူကား ရှုရားပြည်သမိုင်းကို ကိုင်လှုပ်ပြီး အံ့
တန်စေခဲ့သူ နတ်ဆိုးတစ်ပါးရယ်လို့တော့ ဘုန်းတန်ခိုး တောက်
ထင်ရှားကျော်ကြားခဲ့ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဂန္ဓာရီ အကျဉ်းသား ။ ၄ ။

'ဘုရားဖူးခရီး' သို့မဟုတ် 'ဂန္ဓာရီလှည့်ခြင်း'မှာ ရုရှားနိုင်ငံ၏ ကျင့်စဉ်များအနက် အဓိကအရေးပါသော လုပ်ငန်းတစ်ရပ် ဖြစ်၏။

ဂမ္ဘီရပညာ လိုက်စားသူ ယောကျ်ားမှန်သမျှသည် ကြီးကြီးငယ် ငယ် အရွယ်မရွေး သူတို့၏လုပ်ငန်းများ၊ လယ်ယာများကို ရုတ်တရက် ပစ်ထားခဲ့ကြသည်။ သူတို့၏မိသားစုများကို သူတို့ ဘယ်သွားလို့ ယ်ရောက်မယ်ဆိုတာ အသိမပေးရုံမက သူတို့၏ကိုယ်ပိုင်နာမည်၊ က်သေခံစာရွက်စာတမ်း၊ အဝတ်အစားများကိုပါ ဖျောက်ဖျက်ပစ်ခဲ့ မိဘ သားမယားများနှင့် ဘဝဟောင်းကို လုံးဝမေ့ပစ်ကာ ဝတ်ဖြူ ကြယ်တစ်ခုနှင့် ဘဝသစ်သို့ ကူးဝင်သွားခြင်းလည်း ဖြစ်၏။

အိမ်နှင့်လည်း အဆက်အသွယ် မလုပ်။ သေသလား ရှင်သလား မအောင်မြင်မချင်း ဇာတ်မြုပ်နေရသော ဂန္ဓာရီခရီးသည်များ၏ ပါပဲ။

သူတို့အဖို့ လက်ရှိ ဇနီးမယားနှင့်အတူ မအိပ်ရတော့သဖြင့် ဆောင်သစ်လည်း အတည်တကျ ပြုခွင့်မရတော့ဟု ဆိုသည်။

သို့သော် အကျင့်စခန်း ပေါက်မြောက်ပြီးနောက် အချိန်ကိစ္စတွင် က်သလောက် ပျော်ပါးလို့တော့ ရပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရပ်စ်ပြုတင်သည် ဗာကိုချားကျောင်းတော်တွင် ခိုလှုံခဲ့
'ခီလ်စတီ'အခြေခံကျင့်စဉ်များကို ကျင့်သားရခဲ့ပြီဖြစ်၏။

ဘုရား၏တန်ခိုးများ တိုက်ရိုက်ရရှိရန် မြေလူး၍ မြည်တ
တောင်းဆိုခြင်း တစ်ဦးတည်းနေ၍ ဧကစာကျင့်ခြင်း၊ ဖြိုးခြံခေါင်းပါး
ကျင့်ခြင်း၊ လျှို့ဝှက်ထူးဆန်းစွာ သေဆုံးရန် အသေကျင့်ခြင်း၊ ဆန္ဒရမ္
များကို နှိမ်ချိုးခြင်းတို့ကို လုပ်ဆောင်ခဲ့ခြင်းပင်။

ယခု သူ့ဇာတိရွာ ပိုကရောစ်စကိုးသို့ ပြန်လာခြင်းမှာလည်း
သူ့မိသားစုများကို ဂန္ဓာရီခရီးစဉ်အနေဖြင့် လာရောက်နှုတ်ဆက်ခြ
သာ ဖြစ်သည်။

ထိုအချိန်က ရုရှားကျေးလက်ဒေသများတွင် ခီလ်စတီအုပ်စု
ယုံကြည်အားထားသူများက ဂန္ဓာရီခရီးသည်များကို အလေးအမြတ်ထ
ခဲ့ကြသည်။ ဂန္ဓာရီခရီးသည်များ နားနေရန် သီးသန့်ခန်းများ ထား
သည်။ အထူးသဖြင့် မြေတိုက်ခန်းများ၊ စပါးကျီများ၌ တစ်ယော
တည်းနေစေ၍ ကျွေးမွေးစောင့်ရှောက်သည်။

ဂန္ဓာရီခရီးသည်ကလည်း အမှောင်တိုက်ထဲတွင် နေရင်းမှ ဘု
သခင်အလိုကျ စိတ်ပိုင်းဆိုင်ရာကျင့်စဉ်များကို အရိုးကျေကျေ အ
ခမ်းခမ်းဆိုပြီး လုပ်ဆောင်သည်။

တစ်စထက်တစ်စ ရင့်ကျက်လာသည့်အခါ သူ့ကို တန်ခိုး
တစ်ဦးအဖြစ် သတ်မှတ်၍ ပူဇော်သမှုပြုပြီး၊ သူ့ထံမှ ဘုရားဓာတ်
ရယူကြသည်။ ဟောပြောဆုံးမမှုများကို နာခံကြသည်။

စနေနေ့ညများနှင့် ကြုံလျှင် ဘုရားလူ တည်းခိုအိမ်သို့ယုံကြ
သက်ဝင်သူ ရွာသူရွာသားများ အလျှိုအလျှိုလာကြပြီ အိမ်ပြတင်းပေ
များကို အလုံပိတ်ကာ ဓမ္မသီချင်းများ သီဆိုက,ခုန်ကြသည်။ တချို့
မူးမေ့လဲသွားသည်အထိ အဖြစ်သည်းရုံမက၊ မဝတ်အစားတွေ



www.burmeseclassic.com

www.burmeseclassic.com



သူ ဆွဲပြ၊ တိရစ္ဆာန်လို အော်သူ အော်၊ နောက်ဆုံး မီးတွေမှိတ်ပစ်လိုက်ကာ ရှုးရှူးမူးမူး စိတ်လွတ်ကိုယ်လွတ် ပျော်ပါးကြတော့သည်။

ဤသည်ကိုပင် ဘုရားသခင်ထံမှ မေတ္တာခံယူပြီး သိဒ္ဓိတင်သည်ဟု ဆိုကြလေ၏။

သို့ဖြင့် ရပ်စ်ပြူတင်သည် တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်ရင်း အိမ်သို့ တော်တော်နှင့်ပြန်မရောက်နိုင်ဘဲ၊ သုံးနှစ်မျှ ကြာသွားခဲ့ရသည်။

သူ့ဇနီးနှင့် သားသမီးများကတော့ ပျောက်ခြင်းမလှ ပျောက်သွားသော သူ့ကို သေပြီလို့ပင် မှတ်ထင်ခဲ့ကြ၏။ သူ့ဖခင်ကြီးဆိုလည်း သူ့အတွက် စိတ်ထိခိုက်၍ ဗုန်းဗုန်းလဲမတတ် ပိန်ချုံးသွား၏။

ဒါပေမယ့် သူတို့အိမ်သို့ ဝင်နားသွားကြသော ခရီးသည်အချို့ပြောသွားသော သူတော်စင် 'ဘုရားလူ'အသစ်အကြောင်း ကြားလိုက်ရပြန်တော့ အားတက်သွားကြရသည်။ ၎င်းတို့ပြောပြသော ဘုရားလူမှာ ရပ်စ်ပြူတင်နှင့် ခပ်ဆင်ဆင်ဖြစ်နေသောကြောင့် ဖြစ်သည်။

ထို့နောက် ဆက်တိုက် ကြားလာရသောသတင်းတွေက ထိုလူကြီးမှာ အမျိုးသမီးတစ်သိုက် ခြံရံလျက် တောရဆောက်တည်သည်ဆိုကာ တောတွင်း၌ မြူးတူးက,ခုန်ပြီး နေချင်သလို နေနေကြပါသတဲ့။

အမျိုးသမီးသမီးတွေက လင်ပစ်သားပစ် မိဘပစ်၍ သူ့နောက်ကောက်ကောက်လိုက်ကြခြင်းမှာ သူ့မေတ္တာရိပ်ကို ခိုလှုံမိလျှင် ကျူးလွန်ခဲ့သမျှအပြစ်တွေ ကျေသည်ဟု ယုံကြည်လို့ပါတဲ့။

တစ်ဘက်ကလည်း ထိုပုဂ္ဂိုလ်သည် 'စိန့်'ခေါ် သူတော်စင်တို့၏ အနိဒ္ဓိဉာဏ်ပတ်မျိုး ရရှိနေသဖြင့်၊ အကြားအမြင်ပေါက်ပြီး နောင်ဖြစ်လာမည့်ဖြစ်ရပ်တွေ ဟောကိန်းထုတ်နိုင်သည်။ အပမှီနေသော သူများရင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကံမှ မကောင်းဆိုးဝါးကို နှင်ထုတ်ပေးခဲ့သည်။ ရောဂါရှင်
ကို ထိကိုင်၍ 'ပျောက်စေ'ဆိုရုံနှင့် ရောဂါတွေ ပျောက်ကင်းစေသ
စသဖြင့် သတင်းထွက်နေပြန်၏။

ရှေးရိုးစဉ်လာ ဘာသာရေးသမားတွေက သူ့ကို လက်မခံသေ
လည်း၊ အထူးအဆန်းကို ရူးရူးနှမ်းနှမ်းကြိုက်သူတွေကတော့ သူ့မှ
ဆရာကြီးတစ်ဆူအဖြစ် ကိုးကွယ်ဆည်းကပ်ခဲ့ကြ၏။

တစ်ညမှာ ရပ်စ်ပြူတင် သူ့အိမ်သို့ ပြန်ရောက်လာသည်။

သူ့ဇနီး ပရက်စကိုဗီယာ ဖီဒိုဗနာက တံခါးခေါက်သံကြား
မှ လုပ်လက်စအလုပ်ကို ပစ်ထားခဲ့ပြီး လာဖွင့်ပေးခဲ့၏။ ဖြုန်းခနဲ
တွေ့လိုက်ရသည်က မုတ်ဆိတ်ကျင်စွယ်တွေ အဖွေးသားနှင့် ကျုံ
ဖျော့တော့နေသော အဖိုးအိုတစ်ဦး။ ခါတိုင်းလို ဂန္ဓာရီခရီးသည်
အောက်မေ့လိုက်သည်။

ဒါပေမယ့် သေသေချာချာ အနီးကပ်ကြည့်တော့မှ သေး
စူးစူးလေးလေးတွေနှင့် အပြာရောင်တောက်နေသော သူ့ခင်ပွန်း၏ မျ
လုံးများကို မှတ်မိလိုက်သည်။ ထိုမျက်လုံးလေးများထဲတွင် ရွှင်မြူးတ
ကြွမှုများ၊ ကောက်ကျစ်ရက်စက်မှုများက အထင်းသား။ လူမှား
မရှိတော့။

တွေ့တွေ့ချင်းမှာပင် အုံ့အားသင့်စရာ ထပ် ကြုံလိုက်ရပြန်သည်
တစ်အိမ်သားလုံး ထွက်ကြိုဖို့ ဝမ်းမြောက်ဝမ်းသာ ပြေးထွက်လာကြ
တန်းလန်းမှ ရပ်စ်စပြူတင်၏ ထူးထူးဆန်းဆန်းတုံ့ပြန်မှုကြောင့်
လှမ်းတွေ တန့်သွားရသည်။

ပုဂ္ဂိုလ်က နှစ်နှင့်ချီ၍ ကွဲကွာခဲ့ရသော မိသားစုနှင့် ပြန်တွေ့
သည့်အတွက် ပျော်ရွှင်သည့်အရိပ်အယောင်သမ်းဝေ့ကစား
ဟက်ဟက်ပက်ပက် မရှိလှ။



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်ဆက်သံကလည်း သူစိမ်းဆန်နေသလို၊ အားရပါးရ ...က်လှဲတကင်းနှုတ်ဆက်ခြင်းများကို အေးတိအေးစက်နှင့် ပြန်နှုတ်ဆက် ...သည်။

ပြီးတော့ ညာလက်ကို သူ့အိမ်သားများ၏ ခေါင်းအထက်၌ ...ချက် ကောင်းချီးပေးကာ သူမြတ်တို့၏ဣန္ဒြေဖြင့် လက်ဝါးကပ်တိုင် ...ထိမ်းအမှတ်ပြု၍ ဘုရားရှိခိုး၏။

သူ့ဖခင်၊ သူ့ဇနီး၊ သူ့သားသမီးတွေအားလုံးမှာ သိသိသာသာ ...ကြီး ခြားနားပြောင်းလဲသွားသော သူ့အပြုအမူကို အလေးအနက်ထား၍ ...နည်းဝမ်းသာ နားလည်မှု ပေးလိုက်ကြရပါပြီ။

ဂရေဂရီက 'သူနေဖို့ လှျို့ဝှက်မြေတိုက်ခန်းကို သော့ဖွင့်ပေးပါ' ...ဆိုလိုက်သည်။

သူတို့အိမ်အနောက် ပေ နှစ်ဆယ်အနက်တွင် တူးထားသော ...တိုက်ခန်းလေး၌ ဂန္ဓာရီခရီးသည်များ သက်ဆိုင်ရာအာဏာပိုင်တို့ကို ...ှောင်တိမ်းခိုနားရန်၊ သို့မဟုတ် လူတွေနှင့် အဆက်ဖြတ်ပြီး ကေစာကျင့် ...ရားအားထုတ်ရန် သီးသန့်နေရာချထားလေ့ ရှိခဲ့၏။

ယခုတော့ ပရက်စကိုဗီယာကိုယ်တိုင် သူ့ခင်ပွန်းသည်ကို ဂန္ဓာရီ ...ီးသည်ကြီးအဖြစ် သူတို့အိမ်နှင့် မလှမ်းမကမ်းရှိ မြေတိုက်ထဲသို့ ...ကားကျဉ်းလေးမှ လိုက်ပို့ခဲ့ရလေပြီ။

မြေတိုက်ထဲမှာ လေဝင်ပေါက်၊ ပြူတင်းပေါက်ဟူ၍ မရှိဘဲ ...နှင့်၊ မြေကြီးနံ့တွေစွဲပြီး စိုစွတ်ထိုင်းမှိုင်းနေသည်။

ခေါင်မိုးပေါ်၌ မီးအိမ်တစ်လုံးရှိပြီး သူတော်စင်များ၊ တမန်တော် ...များ၏ ရုပ်ပုံကားချပ်တွေကို နံရံများတွင် ချိတ်ဆွဲထား၏။

ရုပ်စိပြူတင်းသည် သူ့ကိုယ်သူ အကျဉ်းချ၍ ထိုမြေတိုက်...ည်... ...ှင် နေရောညပါနေပြီး မြေကြီးပေါ်တွင်ပင် ဒုက္ခခံအိပ်စက်ကာ အပြစ် ...ကြီးတွေကို ကျေအောင်ဆပ်နေခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပရက်စကိုဗီယာမှာ ညဘက် သူမအိပ်ရာပေါ်တွင် လဲလျောင်းနေရင်းကြားက မြေတိုက်ခန်းဆီမှ ဘုရားသခင်ထံ နှောင်တသံဖြင့် ဝန်ချတောင်းပန် ဆုတောင်းနေသံများ၊ ငိုကြွေးမြည်တမ်းနေသံများကို နားနှင့်ဆတ်ဆတ် ကြားနေရသည်။

သူ့အသံက ည၏တိတ်ဆိတ်ခြင်းကို ထွင်းဖောက်၍ တကယ့်ကို ကြေကွဲဝမ်းနည်းဖွယ်ငိုသံပါကြီးဖြင့် ညည်းတွားသလို ဖြစ်နေ၏။ ထိုမှတစ်ဖန် သာယာနာပျော်ဖွယ် ဓမ္မသီချင်းများ ကျူးရင့်သံ ထွက်လာသည်။ ပြီးနောက် ငိုညည်းသံကြီးများအဖြစ် ပြောင်းလဲသွားပြန်သည်။

နောက်တစ်နေ့ မိုးသောက်သည်နှင့် ပရက်စကိုဗီယာနှင့် အဖိုးအို အီဖင်တို့က အပြစ်ခံနေသော ရုပ်စိပြုတင်ထံ ဆင်းကြည့်ကြ၏။

သည်အခါတွင် ရုပ်စိပြုတင်သည် ဒူးထောက်ပြီး မြေကြီးပေါ်တွင် ခေါင်းစိုက်ဝပ်တွားလျက် အသားတွေ တဆတ်ဆတ်တုန်ရင်းက တေးသံပေါက်အောင် သာယာနာပျော်ဖွယ်ဆုတောင်းသံများကို အရှုံလိုက်အသည်းလိုက် ကြည်ကြည်နူးနူးရွတ်ဆိုနေသည်မှာ အကြိမ်တစ်ရာမက။

“ဘုရားသခင် ကျွန်ုပ်တို့အပေါ်တွင် သနားကရုဏာထားခဲ့ပါပြီ”

ထိုစကားလုံးများက နိမ့်ရာမှ တဖြည်းဖြည်း မြင့်တက်ကာ တစ်လုံးချင်း ပီပီသသထွက်လာသည်။ ထို့နောက် ဆွဲဆွဲငင်ငင်ဖြင့် တုန်လှုပ်ချောက်ချားစရာကောင်းသော အော်ညည်းသံကြီး ဖြစ်သွားပြန်သည်။

တစ်ဖန် ခယတောင်းပန်မှုကို ဘုရားသခင်ကလက်ခံ၍ သနားကရုဏာ ချီးမြှင့်လိုက်သည့်အလား ဖြုန်းခနဲ ငြိမ်သက်တိတ်ဆိတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဝပ်တွားနေရာက အနားပေးလိုက်သလို ခေါင်းထောင် ထိုက်ပြီး မျက်နှာကို ဖုံးအပ်နေသော ဆံပင်ရှည်ကြီးကို ကျောဘက်သို့ ...လိုက်ကာ မြေကြီးထက်မှ အသာအယာ ထ,လာသည်။

သူတော်စင် ရုပ်ပုံကားချပ်များဘက်သို့ မျက်နှာမူပြီး လှည့်ကြည့် ...သော ရုပ်စ်ပြူတင်၏ မျက်နှာသည် မီးအိမ်အလင်းရောင်အောက် ...င် အထူးကြည်လင် ဝင်းပနေတာ တွေ့လိုက်ရ၏။

အီဖင်နှင့် ပရက်စကိုဗီယာတို့သည် မြေတိုက်ခန်းထဲမှ အပြစ်ခံ ...သူ၏ ဆုတောင်းမြည်ကြွေးသံများကို တစ်စထက်တစ်စ နားယဉ် ...ကြ၏။ သူတို့၏ နိစ္စဓူဝ အိမ်မှုကိစ္စများကိုပင် လစ်လျူရှုကာ ...ရာညပါ ဂရေဂရီ၏ အပြစ်ကြွေးဆပ်သည့်အကျင့်စခန်းတွင် တာဝန် ...ဆောင်ဖို့ ကြိုးစားလာမိကြတော့သည်။

ရုပ်စ်ပြူတင် ပြန်ရောက်လာပြီဆိုသောသတင်းနှင့် အုံမခန်း ...င်းလဲသွားသည်ဆိုသောအကြောင်းက ပိုကရော့ဗ်စကိုး တစ်ရွာလုံး ...သွားပါပြီ။ တစ်ချိန်က အရက်ဆိုင်တကာ လည်သောက်၊ ရန်ဖြစ်၊ ...မတွေ့နောက် အငမ်းမရလိုက်နေခဲ့တဲ့ လူရှုပ်လူပွေ ငတေလေက ...တော့ သူတော်စင်ကြီး ဖြစ်နေပြီတဲ့။

နောက်ဆုံး အသက်အကြီးဆုံး အဖိုးကြီးတစ်ယောက်က သူ့ရဲ ...ာင်းလုပ်၍ ရုပ်စ်ပြူတင်ကို စုံစမ်းလေ့လာဖို့ တာဝန်ယူလိုက်၏။

ရွာသားငယ်တစ်ဦးကို အဖော်ခေါ်ပြီး အီဖင်မိုနစ်ချ်တို့ အိမ်သို့ ...က်သွားကြသည်။ အိမ်နောက်ဘက် ခြံဝင်းထဲမှ မြေတိုက်ခန်းရှိရာ ...င်မိုဗစ်ချ်ကိုယ်တိုင်က လိုက်ပို့သည်။

အဘိုးကြီး လှေကားထိပ်အရောက်မှာပင် နားမချမ်းသာစရာ ...သည်းသံရှည်ကြီး ကြားလိုက်ရပါပြီ။ အဖော်လူငယ်ကို အဝမှာနေခိုင်း ... အဖိုးကြီးက မြေတိုက်ထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ...သိသာသာကြီးကို ကြာသွား၏။



www.burmeseclassic.com

www.burmeseclassic.com


နောက် မြေတိုက်လေ့ကား အမှောင်ထုထဲမှ အဘိုးကြီး၏ လေးလံသောခြေသံများ၊ တဒေါက်ဒေါက်နှင့် တုတ်ကောက်သံများ ပေါ်လာသည်။

အဖော်ကောင်လေးက အဘိုးအိုး၏မျက်နှာကို စိတ်အားထက် သန်စွာ အကဲခတ်လှမ်းကြည့်မိလိုက်ရာက အထိတ်တလန့် ဖြစ်သွား ရ၏။

သို့ဖြင့် ဘာတစ်ခွန်းမျှ မမေးသာတော့ဘဲ အဘိုးအိုနောက်မှ ခေါင်းငိုက်စိုက်ချကာ ပါသွားရတော့သည်။

မကြာပါ။ အဘိုးအို၏ အတွေ့အကြုံရှင်းတမ်း ကြားလိုက် ရသည်။ တစ်ရွာလုံး ဟာခနဲ ဟင်ခနဲ သိမ့်သိမ့်ခါ သွားကြရ၏။

ဂရေဂရီ ရပ်စ်ပြူတင်ဆိုတာ နယ်နယ်ရရ မဟုတ်ကြောင်း၊ ဘုရား လူ အစစ်ဖြစ်နေကြောင်း၊ အလွန်တရာ ကြည်ညိုဖွယ်ကောင်းလှကြောင်း၊

ပြီးတော့ ဂရေရီ၏ လိုက်လှဲကြေကွဲမှုအတိုရှိသော ဘုရားသခင် ထံ ဝန်ချတောင်းပန်မှုများ၊ အားရကျေနပ်စရာကောင်းသော ဓမ္မသီချင်း များနှင့် ဆုတောင်း ပတ္တနာမှုများ၊ မကြားစဖူး အကြားထူးလှသည့် စကားများကို ရွှန်းရွှန်းဝေအောင် ဖောက်သည်ချခဲ့ပြန်လေ၏။

နောက်တစ်နေ့မှာတော့ တောစီးလည်ရှည်ဖိနပ်ကြီးများနှင့် လယ် သမားကြီးများ၊ တပည့်လက်သားရွာသားများ၊ ဂါဝန်ပွကြီးများနှင့် ရောင်စုံပဝါများ ခေါင်းပေါင်းထားသော လယ်သူမများသည် အက်ဖင် အင်ဒရီဗစ်ချ် ရပ်စ်ပြူတင်၏ခြံထဲသို့ အစုလိုက်အပြုံလိုက် ရောက်သွား ကြတော့သည်။

ယုံကြည်သူများသာမက သံသယရှိသူများပါမကျန် စူးစမ်းလို စိတ် ပြင်းပျစွာနှင့် ဘုရားလူကို ဖူးတွေ့ပြီးတရားနာရန် အပြေးချီတက် သွားကြခြင်းလည်း ဖြစ်၏။

ပန်းရွှေပြည်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



ခြံထဲ ဝင်လိုက်မိကြသည်နှင့် ကြေကွဲဝမ်းနည်းဖွယ် ပိုချင်ရှည်ကို ထူးထူးခြားခြားကြားလိုက်ရပြီး ခြေလှမ်းတွေ တုံ့ဆိုင်းသွားကြသည်။ မြေတိုက်ထဲ ဆင်းသင့်,မဆင်းသင့် အတော်လေး စဉ်းစားချင့်ချိန်နေမိကြသေးသည်။

သို့သော်–

မြေတိုက်ထဲမှ အလျှိုအလျှို ပြန်ထွက်လာသည့်အခါမှကား အဘောထားတွေ ပြောင်းကုန်ကြသည်။ မျက်နှာထားတွေ ပြောင်းလာကြသည်။ ရိုသေကျိုးနွံမှုနှင့် ရွံရှာလေးစားမှုတွေ ဖိစီးလာခဲ့ရပါပြီ။

သူတော်စင်အသစ်သည် ရွာထဲမှ မိန်းမရွယ်များနှင့် မိန်းမငယ်များအပေါ်တွင် ထူးထူးခြားခြား ဩဇာလွှမ်းမိုးနိုင်ခဲ့သည် ဆိုရမည်။

သူတို့တတွေ မြေတိုက်ပေါ်သို့ ပြန်ရောက်လာတိုင်း ပါးပြင်ဘက်မှာ ရှက်သွေးစို့လာကာ တွေ့ရ၏။

ရပ်စ်ပြူတင်၏ တရားတွေက အများနှင့်မတူ တစ်မူခြား ဆန်းကြလှချည့်။

'သီလစောင့်ထိန်းစရာ အထူးမလို'

'မကောင်းမှုအပြစ်တွေကို ဆန္ဒအလျောက် လွန်ကျူးရမည်'

'အပြစ်ရှိမှလည်း အပြစ်ဆေးကြောရန် ဘုရားသခင်နှင့် တွေ့ခွင့်ရမည်' ဆိုပဲ။

သည်ဝါဒအဆန်းက မိရိုးဖလာ အော်သိုဒေါက်စ ယုံကြည်သက်ဝင်သူများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။ လူကြီးတွေအဖို့ သူ့ကို ကယ်တင်ရှင်တစ်ဦးအဖြစ် လက်ခံရန် ခဲယဉ်းစေသည်။

ဒါပေမယ့် အံ့ဩစရာကောင်းပုံက နေ့ချင်းညချင်းဆိုသလို ရွာသူရွာသားအများစုမှာ သူ့ဘက် ပါကုန်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အမျိုးသမီးတွေနှင့် ကောင်မလေးတွေက သူ့၏ ဩဝါဒသစ်ကို တိမ်းမူးနှစ်ခြိုက်သွားကြသည်။

သူ့မှာ ဘယ်လိုဆေးစွမ်းကောင်းများ ရှိသည် မသိ။

တစ်ရွာလုံးနီးပါး သူ့စကား နားဝင်၍ သူ့တပည့်လက်သားတွေ ဖြစ်ကုန်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## အန္တရာယ်တမန်တော် ။ ၅ ။

သည်အဖြစ်ကို အောင့်သက်သက်နှင့် မခံမရပ်နိုင်ဘဲ အတိ
အလင်း ဆန့်ကျင်တိုက်ခိုက်လာသူတစ်ဦး ပေါ်ခဲ့ပါပြီ။

သူကတော့ ဘုရားကျောင်းတာဝန်ခံ ရှာဘုန်းကြီးဖြစ်သူ ဖာ
သာ ပီတာ ပါပေတည်း။

သူက 'သူတော်စင်အသစ်'၏ မှားယွင်းသလောက် ကြောက်စရာ
ကောင်းသောဩဝါဒများကို လက်မခံရန်နှင့် ဂရေဂိုရီ ရပ်စ်ပြူတင်သည်
...မင်း၏စေတမန်ဖြစ်သလို၊ မာရ်နတ်၏လှည့်စားဖြားယောင်းမှုဖြင့်
...တွေကို ဒုက္ခတွင်းထဲ ပို့နေကြောင်း၊ ၎င်း၏အပြစ်ဆေးကြောပုံမှာ
...ာက်ကျစ်စဉ်းလဲမှုတွေ အပြည့်ပါကြောင်းများဖြင့် လိုက်လံသတိ
...ေး၏ ။

လူတွေက သူ့စကားကို မကြားသယောင်၊ ကြားသယောင်။

သိသိသာသာအားဖြင့် ဘုရားကျောင်း နှစ်ပတ်လည်နေ့။

ခါတိုင်းဆို ဘုရားရှိခိုးကျောင်းရှိရာ တောင်ကုန်းလေးပေါ်မှာ
...တွေ ကြိတ်ကြိတ်တိုး စည်ကားနေကျ။

ဒီနှစ်တော့ ဖာသာပီတာ လက်မောင်းတွေပြုတ်ထွက်မတတ်
...င်းလောင်းထိုးပေမယ့် သက်ကြီးရွယ်အို အဘိုးကြီးအဘွားကြီးတချို့
...င် သူတောင်းစားတချို့က လွဲ၍ ပေါ်မလာကြ။



www.burmeseclassic.com

www.burmeseclassic.com



ရွာရှိ လူချမ်းသာတွေ၊ လယ်ပိုင်ရှင် ယာပိုင်ရှင်တွေ၊ အပျိုအရွယ်
တွေအားလုံးက ဂရေဂိုရီရဲ့ ယာခင်းအိမ်မှာ စုဝေးနေကြပါသည်တဲ့။
ဖာသာပီတာ မျက်ရည်ပေါက်ပေါက် ကျတော့မလိုဖြစ်ရင်း တခ
ဘက်ကလည်း ဒေါသဖြစ်ဖြစ် စိတ်တိုတိုနှင့် ဂရေဂိုရီ မြေတွင်းအောင်း
နေရာသို့ လိုက်သွားမိသည်။
ရွာခံဘုန်းကြီးလာပြီဆိုတော့ လူပရိသတ်က လမ်းဖယ်ပေးကြ၏။
ငိုညည်းသံကြီး ထွက်ပေါ်နေရာ မြေတိုက်အတွင်း ဖာသာပီတာ
ခပ်တည်တည် ဆင်းချသွားသည်။
ပွဲကြီးပွဲကောင်းပဲ။ ဘာတွေ ဖြစ်ကုန်မလဲဆိုပြီး ပရိသတ်က
ရင်ခုန်စွာ စောင့်ဆိုင်းနေကြ၏။
ငိုညည်းသံကြီး ရုတ်တရက် ပျောက်သွားသည်။ တိတ်ဆိတ်ငြိမ
သက်ခြင်း မင်းမူသွား၏။ တခဏပဲ ကြာပါလိမ့်မည်။ ငိုညည်းသံက
ပြတ်တောင်းပြတ်တောင်း ပြန်ပေါ်လာ၏။ ထို့နောက် အသည်းတွေ
အူတွေ ပြောင်းပြန်လန်သွားလောက်အောင် စူးရှနက်ကျောလှသော
ငိုညည်းသံကြီး ကြားလိုက်ရပြန်သည်။
သည့်နောက်တော့ မြေတွင်းလှေကားအတိုင်း ဖာသာပီတာ ပြန်
တက်လာတာ တွေ့လိုက်ကြရသည်။ ခြေလှမ်းတွေက တုံ့ဆိုင်းဆိုင်း။
မျက်နှာကလည်း မျက်နှာသေလေးနှင့်။ မျက်လုံးတွေက ပတ်ဝန်းကျင်
ကို မကြည့်ရဲသလို ကြောင်တောင်တောင်။ နောက်ဆုံး ခပ်ကုတ်ကုတ်
ခပ်သုတ်သုတ်လေး လူအုပ်ကြားမှဖြတ်၍ ဘုရားရှိခိုးကျောင်းရှိရာသို့
သုတ်ခြေတင်သွားပါတော့သည်။
ကျောင်းရောက်တော့ တနံ့နံ့နှင့်ပြန်တွေးရင်း တက်တခေါက်
ခေါက် ခံပြင်းဒေါသထွက်နေမိရ၏။
ဝံပုလွေအူသံကြီးလို ငိုညည်းသံကြီးက ဘုရားသခင်ကို အသနား
ခံ ဝန်ချတောင်းပန်တာတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



သူသာ မြေတိုက်ထဲမှာ ဆက်နေမိရင်တော့ တခြားလူတွေလိုပဲ ဆတန်မာရ်နတ်ရဲ့သားကောင် ဖြစ်သွားမှာ သေချာရဲ့။

အော့နှလုံးနာစရာ အသံလှိုင်းကြီးအောက်မှာ မကောင်းဆိုးဝါး အတ်လှိုင်းတွေမိပြီး ပြားပြားဝပ် ကျုံးသွင်းခံရမှာပဲပေါ့။

သူ အချိန်မီ ထွက်ပြေးနိုင်ခဲ့တာပဲ ကံကောင်း။

အရှက်ကွဲခဲ့ရတဲ့အဖြစ်ကို မျက်မြင်သက်သေတွေ ပြောချင်တာ ပြောကြပါစေ။

မိစ္ဆာအသံလှိုင်းရဲ့ နှောင်ဖွဲ့မှုကိုခံရင်းမှ အလင်းရောင်အသိဉာဏ် တစ်ချက်က လမ်းမှန်ကို ရှာပေးခဲ့တာပဲ ဖြစ်သည်။

ကျောင်းရောက်ရောက်ချင်းပင် ဘုရားကို ဝတ်ပြုဆုတောင်းပြီး ဂရေဂိုရီ အီဖင်မိုဗစ်ချ် (ရပ်စ်ပြူတင်)၏အကြောင်း အစီရင်ခံ တိုင်စာ ရေးမိ၏။

ဂရေဂိုရီ ငယ်စဉ်က ဆိုးခဲ့တာခဲ့ ရှုပ်ပွေခဲ့၊ ထောင်သုံးကြိမ်ကျ ခံမှုများ၊ မြင်းခိုးမှုဖြင့် ကြာပွတ်ရိုက်ခံ ရပုံများမှအစ ခုနစ်နှစ်ခန့် ပျောက် ဆုံးသွားရာမှ ဘာသာရေးအရေခြုံ၍ ခီလ်စတီဂိုဏ်းဝင်အဖြစ် ပြန်ပေါ် လာကာ ဒုစရိုက်တရားတွေဟောပြီး ဝါဒဖြန့်နေပုံများအဆုံး သူ့ ရှုမြင် သုံးသပ်ချက် များပါမကျန် တင်ပြလိုက်သည်။

နောက် လက်မှတ်ထိုး၍ ရောမစာအိတ်ကြီးထဲထည့်လျက် ဘာယူမင်'မှ ဂိုဏ်းအုပ်ဘုန်းတော်ကြီးထံ ပို့ခဲ့တော့သည်။

မကြာမီ ဂိုဏ်းအုပ်ဘုန်းကြီးအိုကြီးတစ်ပါး ဦးဆောင်သော စုံ စမ်းရေးကော်မရှင်အဖွဲ့ ပိုကရော့ဗ်စကိုးသို့ ရောက်လာကြ၏။

လူငယ်လူရွယ် မိန်းမငယ်တွေကို ဦးဆုံးထား၍ ရွာသူရွာသား အားလုံးကို တစ်ယောက်ချင်း စစ်ဆေးမေးမြန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဂရေဂိုရီသည် ဘုရားသခင်ကို သက်ဝင်ယုံကြည်
သူတော်စင်တစ်ဦးဖြစ်၍ ဟောသမျှတရားတွေမှာ အဓမ္မဝါဒ မပါကြော
အဖိုးတန် မြင့်မြတ်သောစကားတွေသာ ပြောပြီး အသက်သွေးသား
အရင်းပြု၍ ဘုရားသခင်ထံ ဝန်ချတောင်းပန် ဝင့်ကြွားခံနေကြောင်းသ
ဖွင့်ဟခဲ့ကြ၏။

ဖာသာပီတာ ဆွေ့ဆွေ့ခုန်၊ ဒေါသူပုန် ထသွားရပြီး၊ အ
ကုန် အော်ပစ်လိုက်မိတော့သည်။

"တစ်ရွာလုံး မိစ္ဆာကျိန်စာ မိကုန်ပြီ။ သူတို့ပြောသမျှ ပြစ်
ထားရတဲ့ မုသားစကားတွေပဲ။ သားတော်၊ ခမည်းတော်၊ ဝိညာဉ်တေ
ဆိုတဲ့ ရတနာသုံးပါးကို ပုတ်ခတ်စော်ကားတဲ့ ဒီ မကောင်းဆိုးဝ
အကြောင်းသိရအောင် ထပ် စုံစမ်းသင့်တယ်"

သို့ဖြင့် ကော်မရှင်က ဖာသာပီတာနှင့် ပုလိပ်ကို လိုက်ပို့ပြ
အပြင်မှ စောင့်နေလိုက်သည်။

ပုလိပ် ဆင်းသွားချိန်၌ ဂရေဂိုရီက မြေကြီးပေါ်လှဲနေရင်
အသည်းအသန် ဆုတောင်းခန်းဖွင့်နေ၏။

ပုလိပ်ကြီးခမျာလည်း ဂရေဂိုရီကိုမြင်သည်နှင့် ဘာစိတ်ပေါက
သွားသည် မသိ။ ဒူးထောက်လျက်သားလေး ဖြစ်သွား၏။

ဂရေဂိုရီက ပုလိပ်ကြီးခေါင်းပေါ် လက်ဝါးကပ်တိုင် အမှတ
အသားလုပ်၍ လက်မိုးပြီး ကောင်းချီးမင်္ဂလာ ပေး၏။

ပုလိပ်ကြီးက ဂရေဂိုရီ၏လက်ကို အငမ်းမရ ဖမ်းနမ်းရှုံ့မ
"ဘုန်းတော်ကြီး ဂရေဂိုရီ၊ ဖာသာ ဂရေဂိုရီ။ ကျွန်တော့်အပြစ်တွေက
ချမ်းသာပေးပါ" ဟုပင် မြည်တမ်းလိုက်သေး၏။

ကော်မရှင်က ဂရေဂိုရီအား အရေးယူနိုင်စရာ အကြောင်းမမြင
ဆိုကာ ပြန်သွားသည်။ ဖာသာပီတာ၏ကြိုးပမ်းချက်ကား သဲထဲ ရေသွန်



www.burmeseclassic.com

www.burmeseclassic.com



းအကဲဆိုးသည်က ပုလိပ်ကြီး၏ဝန်ချတောင်းပန်သံတွေက တစ်မုဟုတ်ချင်း ရွာထဲမှာပျံ့နှံ့သွားပြီး 'ဖာသာ ဂရေဂိုရီ' ဟူသော ဘွဲ့ထူးအသစ်ထွင်းလာခြင်းပင်။

ဂရေဂိုရီ ရပ်စ်ပြူတင်ကား တစ်နေ့တခြား တန်ခိုးထွားလာသည်ကတော့ အမှန်။

သူ ရွာပြန်ရောက်ပြီး ၂၁ ရက်မြောက် မနက်မှာတော့–

ရပ်စ်ပြူတင်တစ်ယောက် ရွာမှ အမျိုးသမီးတစ်အုပ်နှင့် တောရင်သည့်အဆင့်သို့ ရောက်ခဲ့ပါပြီ။

တစ်ရွာလုံး ကလေးလူကြီး အဘိုးအဘွားတွေပါထွက်၍ ရပ်စ်ပြူတင်ကို အရိုအသေပြုကြသည်။ သူ့ခြေအစုံကို ဦးတိုက်ညွှတ်တွားရင်းအပြိုင်ညီညာ ကြွေးကြော်ကြသည်ကတော့–

"ဖာသာ ဂရေဂိုရီ ကယ်တင်ရှင်ကြီး"

"ကယ်တင်ရှင်ကြီး ဖာသာဂရေဂိုရီ"ပါတဲ့။

ရပ်စ်ပြူတင်က–

"ကျုပ် ခင်ဗျားတို့ဆီ ခုရောက်လာတာဟာ မိခင်မြေကြီးကညွှင်ကြားပေးလိုက်တဲ့ ဝမ်းသာစရာသတင်းကောင်းကို တမင့်ပို့ချဖို့ဖြစ်တယ်။ အဲဒါကတော့ အပြစ်တွေလွှန်ကျူးပြီး ကယ်တင်ခြင်းကို ခံယူရမယ့် တရားပါပဲ"

တိုရှင်း လိုရှင်းပြောပြီးနောက် ယောကျ်ားတွေ ဒူးထောက်ကြိုဆိုနေသည့် တူရာမြစ်ကမ်းတစ်လျှောက် လူတန်းကြီးကြားမှ နောက်တော်ပါ အမျိုးသမီးများ၊ မိန်းမပျိုလေးများ ဝန်းရံလျက် တစ်ချက်တစ်ချက်ရပ်သည့်ပြီး သူတို့ကို ပြုံးပြအားပေးရင်း ရွာပြင်သို့ထွက်သွားခဲ့သည်။

ထိုမှ တောင်ပေါ် ပျောက်ကွယ်သွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သည်မြင်ကွင်းကို အဝေးမှလှမ်းကြည့်ရင်း ဖာသာပီတာ တ
ယောက်ကတော့ မကောင်းဆိုးဝါးကိုမှ ဘုရားထင်ကိုးကွယ်ခဲ့ကြသေ
လူတွေ ရှုးကုန်ပြီလား၊ မိုးခါးရေ မသောက်မိတဲ့ သူပဲ ရူးနေပြီလာ
ဦးနှောက်ကိုက် ကျန်ခဲ့ရပါတော့သည်။

ရပ်စ်ပြူတင်ကတော့ ဌာနေကျေးလက်တွေသာမက မြို့အနှံ့
ပင် ခရီးလှည့်ခဲ့ပါပြီ။ ဆိုက်ဘေးရီးယားတမန်တော်ကြီးအဖြစ်
ဘာသာရေးအကယ်ဒမီသိပ္ပံမှ ဖာသာဖီယိုဖန်း လို ပါမောက္ခများ
တွေ့ဆုံသည်။ ရှေးဟောင်းကျမ်းစာတွေကို အနက်ပြန်ပြသည်။ ခက်
ခက်ဆစ် ကျမ်းထွက်တွေကို ရွတ်ပြသည်။ ထူးဆန်းသောတရားဓေ
ဟောသည်။ အားလုံး ငိုင်ကျကုန်ရသည်။

"လူတွေဟာ ကိုယ့်အပြစ်ကို ဖုံးကွယ်ပြီး၊ အပြစ်မလုပ်ရဲ
အောင့်ထားရာက ဆုတောင်းဝတ်ပြုမှုတွေ လုပ်ရုံသက်သက်နှင့် ဘုရား
တွေ့ဖို့ ကြိုးစားတာဟာ မှားတယ်။ အပြစ်တွေ ထုတ်ဖော်ကျူးလွ
တာမှ အပြစ်ကင်းစင်ပြီး ဘုရားနှင့် တကယ်တွေ့နိုင်မှာပဲ။ ဟောင်းနွ
ဆွေးမြည့်နေတဲ့ ကျမ်းစာပါအယူအဆတွေကို ပစ်ပယ်လိုက်ပါ။ ဒ
လမ်းမှန်ကမ်းမှန်ကို ရောက်မယ်"

သူ့စကားတွေက ကြက်သီးထစရာကောင်းသလို ကြားရသူမ
ကို တွေဝေသွားစေတာတော့ ဘယ်သူမှ မငြင်းနိုင်။

ဖာသာဖီယိုဖန်းမှ တစ်ဆင့် ဆာရာတော့ဗ်မှ သာသနာပိုင်ဂိုဏ
အုပ်ဘုန်းတော်ကြီး ဟာမိုဂန်၊ ဆာရက်ဆင်မှ နာမည်ကျော်တရားဟော
ဘုန်းကြီး အီလီယော့ဒါတို့နှင့်လည်း တွေ့ဆုံရသည်။

သူတို့တွေလည်း ရပ်စ်ပြူတင်နှင့် နဖူးတွေ့ဒူးတွေ့ တွေ့ရာ
ဦးနှောက်တွေလည်ပြီး ရူးကြောင်မူးကြောင် ကြောင်တောင်တောင်ဖြ
ဖြစ်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မှန်သလား၊ တို့ မှန်သလား။

တို့ မှားသလား၊ သူ မှားသလား မဝေခွဲနိုင်ကြ။

တစ်ခုတော့ ရှိသည်။

ရပ်စ်ပြူတင်နှင့်တွေ့ချိန်၌ သူတို့ မနှစ်မြို့ပေမယ့် ဖွင့်မပြောနိုင်ကြ လို၊ အယူဝါဒ အသုံးအနှုန်းတွေကို မကြိုက်သော်လည်း မငြင်းဘဲနေ ကြခြင်းပင် ဖြစ်၏။

ဘာပဲဖြစ်ဖြစ် ရပ်စ်ပြူတင်သည် တစ်ခုခု 'စွမ်း'နေတာတော့ ချာသည်။

နောက်ဆုံးတော့ ဆိုက်ဘေးရီးယားမှ တောသားလူရိုင်းကြီးအား သနာပြုပုဂ္ဂိုလ်အဖြစ် လက်ခံသင့် မခံသင့် စည်းဝေးကြသည်။

စင်စစ်အားဖြင့် ထိုအစည်းအဝေးမှာ ဘာသာရေးခေါင်းဆောင် သာမက နိုင်ငံရေး၊ ဥပဒေရေး ကျွမ်းကျင်သူတွေပါ ပါဝင်၍၊ စစ်မှန် ာ ရုရှားပြည်သူများအဖွဲ့ကြီး၏ ဗဟိုကော်မတီလည်း ဖြစ်၏။

ဖာသာ အီလီယောဒါနှင့် ရှေ့နေတစ်ဦးအပါအဝင် လူအချို့က ဂိုရီ ရပ်စ်ပြူတင်၏ ဖောက်ပြန်မှားယွင်းသောလုပ်ရပ်များနှင့် ရာယ်ကြီးမားပုံကို ထောက်ပြကြသည်။

သည်ကြားထဲမှ ဖာသာဖီယိုဖန်းနှင့်ဂိုဏ်းအုပ်ဘုန်းတော်ကြီး မိုဂန်တို့က ဇာကိုစယ်လိုနန်းတော်ရှိရာ စိန့်ပီတာစဘတ်မြို့တော် ဘမန်တော်အဖြစ်စေလွှတ်ဖို့ ဆုံးဖြတ်ချက်ပေးခဲ့ကြ၏။

အမှန်မှာ ဂိုဏ်းအုပ်ကြီး ဟာမိုဂန်အနေဖြင့် ပြည်တွင်းရေးအခြေ များအပေါ် မူတည်၍ သူ့အကြံနှင့် သူ ခုလို အကွက်ချခဲ့ခြင်း ါသည်။

ဖာသာ အီလီယော့ဒါကတော့ နည်းနည်းမှ သဘောမတူ၊ လုံးဝ မနပ်နှင့်သာ။

www.burmeseclassic.com

www.burmeseclassic.com



## ဇာကိုစယ်လိုနန်းတော်က သမိုင်းဝင်ဖြစ်စဉ်များ ။ ၆

ဇာဘုရင် ဒုတိယနီကိုလိုင်နှင့် မိဖုရား အဲလစ်တို့သည် ထိ
မြားလက်ထပ်ခဲ့ချိန်က ၂၇ နှစ်သားနှင့် ၂၃ နှစ်သမီး အရွယ်သာ
ကြသေး၏။

ဗြိတိသျှ ဝိတိုရိယဘုရင်မကြီး၏မြေးတော်သလို ဂျာမန်
သမီးလေးဖြစ်ခဲ့သော အလက်ဇန်ဒြား (အဲလစ်) ဖီယိုဒိုရော့ဗနားသ
ကပြားပီပီ ချစ်စရာလှပသူဆိုလည်း မမှား။

ဘုရင်နီကိုလိုင်က သူ့မိဖုရားအဲလစ်အား ချစ်စနိုးဖြင့် 'နေခြ
ဟု ခေါ်လေ့ရှိသည်။ နှစ်ကိုယ်ချင်း ဆက်သွယ်ရာတွင်လည်း 'နေခြ
ဆိုသော အမည်မှလွဲ၍ တခြားနာမည်ကို မသုံးပါ။

ဇာဘုရင်သည် တိုင်းရေးပြည်ရာကိစ္စများ စီမံခန့်ခွဲပြီးသည်
မိဖုရားကြီးရှိရာ နန်းတော်သို့သာ အူရားဖားရား ပြန်ပြေးတတ်
သူ့အဖို့ တိုင်းရေးပြည်ရေးကို မလွှဲမရှောင်သာ ထမ်းဆော
ရလင့်ကစား သူ့စိတ်က မိဖုရားကြီးနှင့် မိသားစုများထံ အချိန်
ရောက်နေသည် ဆိုရမည်။

မိဖုရားအနေနှင့်လည်း ကြင်ယာတော်နှင့်ခွဲ၍ နာရီပိုင်းမျှ
မနေနိုင်။ အရေးကိစ္စရှိ၍ ပြင်ပသို့ ထွက်သွားပြန်လျှင်လည်း မလာ



www.burmeseclassic.com

www.burmeseclassic.com



မျှော်မျှော်နှင့် စောင့်နေစမြဲ။ မရမ်းရောင် နန်းဆောင်ထဲက ဆိုဖာရှည် ဘင် လဲလျောင်းစာဖတ်၍ဖြစ်စေ၊ လက်သွယ်သွယ်လေးဖြင့် စာရေး ဖြစ်စေ၊ ဇာပန်းထိုး၍ဖြစ်စေ၊ ရုံရွှေတော် အန်နာရှဘောဗာ မင်းသမီး စကားစမြည်ပြော၍ဖြစ်စေ စောင့်နေခြင်းသာ ဖြစ်ပါသည်။

မိဖုရားက သူ့ညည်သည်တွေနှင့် တွေ့နေချိန်ကျတော့လည်း ငှက် သံလို လေချွန်၍ ဇာဘုရင်က ဘေးခန်းမှ လှမ်းခေါ်ပါလိမ့်မည်။ ခါ မိဖုရားမျက်နှာမှာ ပန်းဆီရောင် ရှက်သွေးစို့သွားရာက ကပျာ ထ,၍ ဧည့်သည်များကိုခွင့်ပန်ပြီး လေချွန်ရာအခန်းသို့ အပြေး ကြွလှမ်းသွားပါလိမ့်မည်။

သည်သို့သည်နှယ် တစ်ယောက်ကိုတစ်ယောက် မျက်စိအောက် အပျောက်မခံနိုင်အောင် အချစ်ကြီးချစ်ခဲ့ အပျော်ကြီးပျော်ခဲ့ကြသော နှင့် မိဖုရား။

ထိုအချက်ကို ဘုရင်လေး၏ဒိုင်ယာရီက သက်သေပြနေပါ၏။

'ရွှေမင်းသမီးလေးနှင့် အချိန်ပြည့် နေချင်ပါတယ်ဆိုတဲ့နေ့ကျမှ ပ်တွေကလည်း ရှုပ်လိုက်တာ'

'ဒီညနေ အစီရင်ခံစာတွေ ဖတ်ရမယ်ဆိုတဲ့ကြားက ဥယျာဉ် ထဲကို အဲလစ်နှင့် ဆင်းလျှောက်မိတယ်။ ပျော်လိုက်တာ။ ဩော် ာ နှစ်ကိုယ့်တစ်စိတ် ဖြစ်နေသလို တစ်ယောက်မရှိရင် တစ် က်က မနေတတ်တော့ပါလား'

'ဒီနေ့တော့ အတော်လေး လွတ်လွတ်လပ်လပ် ရှိပါရဲ့။ အဲလစ် ဘူ လုပတဲ့နန်းတော်ထဲမှာ နှစ်ယောက်ထဲ ညစာစားရတာ ဘယ် သာနှင့်မှ မတူပါလား'

အောက်ကမှ မိဖုရားလေးက အင်္ဂလိပ်ဘာသာဖြင့် ဖြည့်ရေး ာ တွေ့ရပုံမှာ–



www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့်လည်း ချစ်ဇနီးလေးက အရှင့်ကို မြတ်နိုးကြည်ညို နေရတာပေါ့ရှင်'တဲ့။

'တို့နှစ်ယောက်တည်း ကမ္ဘာပေါ်မှာ အပျော်ဆုံး၊ မကုန်ဆုံးနိုင်သော အချစ်များနှင့် အချစ်ဆုံး။ မင်းကို ငါ ချစ်တယ်ဆိုတဲ့ အလှပဆုံးစကား လုံးလေးတွေနှင့် ငါ အသက်ရှင်နေရတာပဲ'

'အဲလစ်နှင့်သာဆိုရင် ဘယ်ဘဝရောက်ရောက် ပျော်နေမှာပါ ကွာ'

သည်လိုနှင့် ဇာဘုရင် ဇနီးမောင်နှံ၌ အော်လ်ဂါနှင့် တာရီယာ နာ ဆိုသော သမီးတော်နှစ်ပါး ဖွားမြင်ခဲ့တော့သည်။

နောက် သားသမီး ထပ်မရတော့ဘူး ထင်ခဲ့ရာမှ ၁၉၀၄ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့၌ သားကလေးတစ်ယောက် ဖွားမြင်ခဲ့၏။

'အလက်ဇီ'ဟု ကင်ပွန်းတပ်ခဲ့သည်။ ဇာဘုရင်က သူ့သားတော် ကို 'ဘုရားပေးတဲ့သား'၊ 'တစ်ဦးတည်းသော ရတနာလေး' ဟု ချစ် စနိုးခေါ်၏။

သားတော်လေးမွေးပြီးချိန်အထိ ဇာဘုရင်မိသားစုမှ ပျော်ရွှင်သော ကောင်းခြင်းများ ရခဲ့သည် ဆိုရပေမည်။

နန်းတော်တွင် မွေ့လျော်စံမြန်းနေရင်းမှ တစ်နှစ် နှစ်ကြိမ်ဆိုသလို အပန်းဖြေခရီး ထွက်လေ့ရှိကြသေး၏။

ဆောင်းဦးပေါက်ကာလ၌ မိသားစုလိုက် ကရိုင်းမီးယားသို့ သွား ၍ လီဗက်ဒီယာရှိ နှင်းဆီပန်းခင်းကြားက စံအိမ်တော်တွင် ရက်သတ္တ ပတ် အနည်းငယ် နေကြခြင်းဖြစ်၏။

အဝေးမှ ပင်လယ်လှိုင်းပြာပြာနှင့် ဆီးနှင်းဖြူများဖုံးနေသော တောင်ထွတ်တောင်တန်းများ၏ အလှကို ခံစားသလို၊ တစ်နေကုန် တော လည်း ထွက်တတ်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



နွေအချိန် ဖင်လန်ပင်လယ်ကွေ့ကို ရွက်လှေဖြင့်ဖြတ်၍ ကျောက်ဆောင်ထူထပ်လှသော ဖင်းနစ်ရှ်ကျွန်းများသို့ သွားနေရခြင်းမှာလည်း ကြည်နူးစရာ အရသာတစ်မျိုးပါပေတည်း။

လှေလှော်လိုက်၊ ရေကူးလိုက်၊ ပျော်ပွဲစားထွက်လိုက်၊ ကျောက်ဆောင်တွေပေါ် တက်လိုက်ဖြင့် မိသားစုများနှင့် နန်းတွင်းသားများအဖို့ အာကစည်းစိမ်ကို ခံစားလို့ မဆုံးနိုင်ကြတော့။

သို့ပေမယ့် ပျော်နေကြသူတွေထဲတွင် နန်းညွှန့်နန်းလျာ 'အလက်မင်းသားလေး မပါပါ။

မင်းသားငယ်လေးမှာ လေးငါးခြောက်နှစ် အရွယ်ရောက်လာရာ ဆံပင်နီနီကောက်ကောက်လေးနှင့် တသွေးတမွေး ချစ်စရာကောင်းသင့်ကစား ကုမရသောဝေဒနာတစ်ရပ် စွဲကပ်ပါလာသည်။

ထိုဝေဒနာကတော့ တစ်စုံတစ်ရာထိခိုက်မိ၍ သွေးထွက်သွားလျှင် ဘယ်လိုမှ သွေးမတိတ်နိုင်တော့ဘဲ သွေးယိုစီး၍ အသက်ပါဆုံးရှုံးလောက်အောင် ဆိုးဝါးလှခြင်းပင် ဖြစ်၏။

ထိုရောဂါမှာ မိခင်မျိုးရိုးကိုလိုက်၍ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး၊ မိဖုရားကြီးလေးတော်များနှင့် မောင်တော်တစ်ဦးမှာ အသက်ဆုံးပါးခဲ့ရပါပြီ။ ရောဂါဆန်းက အမျိုးသားတွေမှ ဖြစ်ပွားတတ်ကာ မိန်းမသားဖြစ်သောမိဖုရားတွင် ကင်းလွတ်ခဲ့ပြီး၊ သားတော်လေးကျမှ ပြန်ပေါ်လာခြင်းပင်။

ထို့အတွက် ဘုရင်နှင့် မိဖုရားသည် သားတော်လေးအား ပိုးမွေးသလို မွေးခဲ့ကြရသလို တစ်နန်းတော်လုံးကလည်း အရိပ်တကြည့်ကြည့်ကာခြည်အပြတ်မခံရဲဘဲ အခြားကလေးများနည်းတူ မဆော့မကစားနိုင်အောင် အမျိုးမျိုး ချော့မော့ဖြားယောင်း ထားခဲ့ကြရသည်။

သည်ကြားထဲမှ—



www.burmeseclassic.com

www.burmeseclassic.com



"သား စက်ဘီးစီးချင်တယ် မေမေ"ဟု ပူဆာ၏။

"အလက်ရှားရယ်။ စက်ဘီးစီးတာ ငါ့သားအတွက် ဘ
လောက် အန္တရာယ်များသလဲဆိုတာလည်း သိသားနှင့်။ မစီးချင်ပါ
ကွယ်"

မိဖုရားကြီးက အာရုံပြောင်းဖို့ ကြိုးစားသည်။

"ဟာ၊ မမတွေတောင် စီးကြသေးတာပဲ။ သားလည်း စီးချ
တာပေါ့"

"အို၊ မင်းကို အကြမ်းပတမ်း လှုပ်ရှားကစားခွင့် မပေးနိုင်ဘ
အလက်ရှား"

မိဖုရားကြီးက ခပ်ထန်ထန်လေး မာန်မဲလိုက်ပြန်တော့ အလ
ရှား မျက်ရည်ဖြိုင်ဖြိုင်ကျ၍ ငိုပွဲဆင်တော့သည်။

ပြီး ဒေါ်နှင့်မောနှင့် ခြေဆောင့်ထွက်သွားရာမှ ခလုတ်တိုက်
ပြီး သွေးတွေထွက်လာသည်။

သွေးတွေတိတ်အောင် ဘယ်လိုမှ လုပ်မရတော့။

နန်းတွင်းသမားတော်ကြီးတွေ၊ အထူးကုပါရဂူကြီးတွေ အစွ
ကုန်ကုသနေလျက်က သွေးလွန်ပြီး မေ့မျောမတတ်။

ဘုရင်နှင့် မိဖုရားမှာ လက်ပိုက်ကြည့်ရုံမှအပ ဘာမျှမတတ်နိုင

နန်းတော်တွင်း ဘုရားရှိခိုးဆောင်၌ စုပေါင်း၍ ဝတ်ပြုဆုတောင
ကြသည်။

တိုက်တိုက်ဆိုင်ဆိုင် ကံအားလျော်စွာပင် သေလုမျောပါးဘဝ
မင်းသားလေး အသက်ချမ်းသာရာ ရသွား၏။

ဘုရင့်မိသားစုမှာ သားတော်လေးနှင့်ပတ်သက်၍ ကြမ္မာ
ကြိုဟ်ဝင်ခဲ့ရသည်ထက် နန်းတော်အပြင်ဘက်မှ အခြေအနေတွေက
ဆိုးသေးသည်။

ဇာဘုရင်သည် တိုင်းပြည်ပျက်ချိန်မှာမှ မင်းတစ်ပါးဖြစ်သည်
ဆိုရမလို။



www.burmeseclassic.com

www.burmeseclassic.com



သူ မတက်ခင်ကပင် ရုရှားပြည်ကြီးမှာ ကသောင်းကနင်း ...ကမ်ကအဖြစ်ဆိုးတွေ ကြုံနေရလေပြီ။

နီကိုလိုင် ငယ်စဉ်က သူ့အဘိုးဖြစ်သူ ဇာဘုရင် ဒုတိယ အလက် ...မှာ သူပုန်တို့၏ ဗုံးထောင်မှုကြောင့် အပိုင်းပိုင်းပြတ်၍ ကံကုန် ...သည်။

နီကိုလိုင်၏ဖခင် ဘုရင်ဖြစ်လာသလို သူကိုယ်တိုင် အိမ်ရှေ့ ...သားဘဝ ရောက်ခဲ့ရ၏။ နောက် ဖခင်ဘုရင်ကြီး နာမကျန်းဖြစ် ...ကွယ်လွန်သွားသည်။

ဘုရင်လောင်းလျာနှင့် မိဖုရားအသစ်စက်စက်ကလေးတို့မှာ ...လက်ဇန္ဒားဘုရင်ကြီး၏ အလောင်းတော်နှင့် ရုရှားပြည်အနှံ့လှည့် ...ည်ပြီး ဝတ်ပြုဆုတောင်းပွဲတွေ လုပ်ရသည်။

ဂျာမန်သွေးပါသောမိဖုရား ကို ပြည်သူတွေက မကြည်ဖြူကြ။ ...ဆုံးသဖြင့် ကွယ်လွန်သူဘုရင်ကြီး၏ မိဖုရားကြီးက မျက်မုန်းကျိုး ...သည်။

အဲလစ်စ်မင်းသမီးက ခုလို ရင်ဖွင့်ဖူး၏။

"အဲဒီတုန်းက ကျွန်မကို လူတွေက တစိမ်းလို ဆက်ဆံခဲ့ကြ သလို၊ ကျွန်မဘဝဟာ အထီးကျန်နိုင်သလောက် စိတ်ဓာတ်တွေ ကျနေ ...ရပါတယ်။ မှတ်မှတ်ရရ သူတောင်းစားတစ်ယောက်ကို ပိုက်ဆံထည့် ...ိုက်တုန်းကသာ ပထမဆုံး ပြန်ပြုံးပြတာ ခံရဖူးတယ်"

ကြမ္မာဆိုးတွေ၏အစ ဇာဘုရင့်နန်းတက်ပွဲပဲ ဆိုပါတော့။

ထိုစဉ်က နန်းတက်ပွဲကို မော်စကိုတွင် လုပ်ခဲ့သည်။

ရှေးထုံးစံအတိုင်း အများပြည်သူများအတွက် ပျော်ပွဲရွှင်ပွဲကြီးကို မော်စကိုမြို့စွန်ရှိ ခိုဒင်စကီးကွင်းပြင်ကြီး၌ ကျင်းပပေးခဲ့သည်။

ကြုံတောင့်ကြုံခဲလှသော စတုဒိသာပွဲတော်ကြီးသို့ ရုရှားနိုင်ငံ တစ်ဝှမ်းလိုလို ရပ်နီးရပ်ဝေးမှ 'ဇာဘုရင်ဩဇာသည်တော်များ'အဖြစ် ...ဆောင်ပေါင်းသောင်းပေါင်းချီ၍ တက်ရောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ခြိမ့်ခြိမ့်သဲသဲမင်္ဂလာပွဲကြီးသည် မမျှော်လင့်ဘဲ အ,မင်္ဂလာခ
ခန်းကြီး ဖြစ်သွားရသည်။

ဖြစ်ရပုံက ကွင်းပြင်ကြီးကို တပြေးညီ ချဲ့ထွင်သောအားဖြ
ရောမကျင်းကြီးများကို ပျဉ်ချပ်ကြီးများဖုံး၍ မြေဖို့ထားရာမှ အဆ
တန်များပြားလှသော လူအုပ်ကြီး၏အလေးဒဏ်ကို မခံနိုင်ဘဲ ကျိုးက
သဖြင့် လူထောင်ပေါင်းများစွာ ကျင်းထဲ ကျကုန်ကြခြင်းပင်။

လူတွေက ရုတ်ရုတ်သဲသဲ အလုအယက် အသက်လုပြီး တိုးဝေ
တက်ကြရာမှ သူနင်းကိုယ်နင်း အချင်းချင်းနင်းမိကြသလို ကြောက်
အားလန့်အား ပြေးရင်းလွှားရင်း တွန်းတိုက်လဲပြိုကြကာ လူသုံးထောင်
ခန့် ထိခိုက်သေကျေ ဒဏ်ရာရခဲ့ကြရသည်။

စင်စစ်တော့ အစီအမံညံ့ဖျင်းသော တာဝန်ခံအရာရှိများ၏ အပြစ်
သာဖြစ်ပါလျက်၊ ဘုရင်သစ်လေးခမျာ အချောင် နာမည်ပျက်ရ၏။

ထို့ပြင် ဘုရင်လေးက ယင်းအဖြစ်ဆိုးကို မကြားလိုမမြင်လို
မျက်ကွယ်ပြုလျက် နန်းတော်တွင်း၌ က,ပွဲကြီး ဟန်မပျက်ကျင်းပနေခဲ့
ခြင်းကြောင့် ပြည်သူများက 'အကြင်နာမဲ့သူ'အဖြစ် ရှုရှာမုန်းတီးသွားကြ
ပြန်သည်။

ထို့နောက် ရက်အနည်းငယ်သာ ခြားမည်။

ဘုရင်သစ်အဖို့ အရှက်တကွဲအကျိုးနည်းအောင် ကံဆိုးမိုးမှောင်
ကျခဲ့ပြန်သည်။

ကီးယက်ဖ်၌ ကျင်းပသော ပျော်ရွှင်ပွဲတော်တွင် မြစ်ထဲမှ အလှ
ပြသဘောနှစ်မြုပ်ပြီး၊ လူသုံးရာအနက်မှ လူတချို့ကိုသာ ကယ်ဆယ်
နိုင်ခဲ့ခြင်းဖြစ်၏။

ဤအဖြစ်ဆိုးမှာ ဘုရင်နီကိုလိုင်၏ မျက်စိအောက်မှာပင် ဖြစ်
ပျက်ခဲ့ရာမှ သူ့ခမျာ သွေးပျက်မတတ် ချောက်ချားခဲ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com


ဘုရင်အဖို့ ကြမ္မာဆိုးတွေကိုရင်ဆိုင်ရန် သတ္တိမရှိခဲ့သလို ...ပွဲရှောင်ပြေးခဲ့ပြန်တော့လည်း ချောက်ကျ၍ နွံအိုင် သို့မဟုတ် ...အိုင်ထဲ နစ်ခဲ့ရသလို ကြုံရရှာ၏။

...ဘာအစွဲမျှမရှိသော ပညာရှင်များက ဘုရင်လေးခမျာ စိတ်ရင်း ...ကောင်းပါလျက် ကံမကောင်း၍ အကြောင်းမလှ ဖြစ်ရသည် ...သုံးသပ်ခဲ့ကြသည်။

ဘုရင်နီကိုလိုင်လက်ထက် ရုရှားနိုင်ငံကြီး၏သရုပ်မှန်ကို ပေါ် ...အောင် ခြယ်မှုန်းပြခဲ့သည်က လီယိုတော်စတွိုင်း သေအံ့ဆဲဆဲ ...ခုနှစ်၌ ကေရာဇ်မင်းမြတ်ထံ တိုက်ရိုက်ရေးပို့ခဲ့သော စာတစ် ...င်ပင် ဖြစ်၏။

'ကျွန်ုပ်အနေဖြင့် ယခု လောလောဆယ် အရှင်မင်းမြတ် လုပ် ...လုပ်ထိုက်တာတွေကို တင်ပြမသွားရဘဲနှင့် မသေလိုပါ'

'ကျွန်ုပ်၏အမြင်အရ အချိန်မီ ပြုပြင်နိုင်လျှင် သန်းပေါင်းများစွာ ...သော လူသားများနှင့် အရှင့်ကိုယ်တိုင်အတွက် အကျိုးရှိပါလိမ့်မည်။ ...အတိုင်း ဆက်သွားလျှင်ကား အဘယ်မျှ အန္တရာယ်ကြီးမည်ဆိုသည် ...ခန့်မှန်းနိုင်ပါ'

'ရုရှားနိုင်ငံကြီး၏ သုံးပုံတစ်ပုံသည် အများပြောနေကျစကား ... လုံခြုံရေး အမြင့်ဆုံးယူထားသောသဘော၊ သို့မဟုတ် အကြွင်းမဲ့ ...သရာဇ်အာဏာရှင်စနစ်ကို ကျင့်သုံးနေသည့် အခြေအနေဆိုက်နေ ...ပြီ'

'လျှို့ဝှက်ပုလိပ်အဖွဲ့နှင့် လူထုပုလိပ်အဖွဲ့မှာ တစ်နေ့တခြား ...အား များပြားလာနေသကဲ့သို့ အကျဉ်းထောင်များ၊ နယ်နှင်ဒဏ်ခံရ ...၏ စခန်းများ၊ ဆိုက်ဘေးရီးယားရှိ စိတ်ဓာတ်ပြုပြင်ရေးစခန်းများ ... သာမန် ရာဇဝတ်သားများသာမက နိုင်ငံရေးအကျဉ်းသမားများနှင့်


www.burmeseclassic.com

www.burmeseclassic.com


အလုပ်သမားများမှာ ထောင်ပေါင်းရာချီလျက် ဖမ်းဆီးချုပ်နှောင်ခံထ
ရပါသည်'

'နေရာတကာ ချုပ်ချယ်ကန့်သတ်မှုများကလည်း ၁၂၄၀ ခု
ကထက်ပင် ဆိုးဝါးလျက် ရှိပါသည်'

'ဘာသာရေးဆိုင်ရာ အပြစ်ပေးအရေးယူမှု အားပျော့လုမှ
ရက်စက်ကြမ်းကြုတ်လှမှုသည်မှာလည်း ယနေ့မျက်မှောက်ထက် ဘ
ခေတ်မှာမှ မကြုံစဖူးပါ'

'မြို့များနှင့် စက်မှုဇုံများရှိ လုပ်သားပြည်သူများ မငြိမ်မသ
ဖြစ်တိုင်း လက်နက်ကိုင်တပ်ဖွဲ့များဖြင့် အကြမ်းဖက်နှိမ်နင်းသည်
လည်း မြင်မကောင်းရှုမကောင်းပင် ဖြစ်ပါသည်'

'ရုရှားနိုင်ငံ၏ အဓိက အရင်းအမြစ်အင်အားဖြစ်သော ပြည်
များ တစ်စထက်တစ်စ ဆင်းရဲမွဲတေလာသလို ငတ်မွတ်ခေါင်းပါးမှ
ပုံမှန်ကြီး ထွားကျိုင်းလာကာ တစ်နိုင်ငံလုံး အတိုင်းအတာအထိ ပျံ့နှံ
ပါပြီ'

ဇာဘုရင် နီကိုလိုင်သည် ငြိမ်းချမ်းရေးဖော်ဆောင်သူအဖြ
သမိုင်းတွင်လိုသူ ဖြစ်သည်။ ဆိုလင့်ကစား၊ သူ၏ နိုင်ငံရေး မကျွမ်းကျ
အုပ်ချုပ်မှုမနိုင်မနင်း မပြတ်မသားတွေဝေမှုများက စစ်ကြီးနှစ်ခုဆီ
တွန်းပို့လိုက်၏။

ရုရှား ဂျပန်စစ်၊ ရုရှား ဂျာမန်စစ်(ပထမကမ္ဘာစစ်ကြီး) တို့ပေတည်

အမှန်တော့ ရုရှား ဂျပန်စစ်မှာ တိုင်းပြည်အကျပ်အတည်း
ထွက်ပေါက်ရှာလမ်းလွှဲရန် စစ်သွေးကြွများ ဖန်တီးရာသို့ ဇာဘု
ရော ယောင်ပါခဲ့ခြင်း ဖြစ်၏။

ရလဒ်ကတော့ မန်ချူးရီးယားစစ်မြေပြင်၌ အတော်အ ရု
တပ်မတော်သားများ သွေးမြေကျခဲ့ရပြီး၊ ဆုရှီးမားတွင် ရေတပ်စစ်သင်္ဘော
အားလုံးနီးပါး ချေမှုန်းခံခဲ့ရခြင်းပင်။


www.burmeseclassic.com

www.burmeseclassic.com



ပြည်ပရန် မအေးမိ၊ ပြည်တွင်းဆူပူသောင်းကျန်းမှုများက တစ် ထ,လာပြန်သည်။

စစ်ဘေးစစ်ဒဏ်ကြောင့် စားသောက်ကုန်တွေ ရှားပါးပြတ်လပ် ဈေးကြီးပေးမဝယ်နိုင်သူ ဆင်းရဲသားအများစုမှာ အငတ်ဘေး ဆိုင်ရတော့သည်။

ဤတွင် ဘုန်းတော်ကြီး ဂါပွန် ဦးဆောင်သော အလုပ်သမားထု ဆောင်းရာသီစံနန်းတော်ရှေ့သို့ အငတ်ပြဿနာ ဖြေရှင်းပေးပါရန် အသနားခံလာကြ၏။

လူထုက ဇာဘုရင်ရုပ်ပုံများ ကိုင်ဆောင်၍ အေးချမ်းစွာ ဆန္ဒပြ သော်လည်း၊ လက်နက်ကိုင်များက သွေးလန့်ပြီး သေနတ်ဖြင့် ခဲ့ရာမှ ရာချီ၍ သေဆုံးခဲ့ရပြန်သည်။

ဘုရင်အပေါ် နာကြည်းမုန်းတီးမှုတွေ ပိုပွားလာသလို၊ ပုန်ကန် ကြွမှုတွေ၊ လုပ်ကြံသတ်ဖြတ်မှုတွေ နေရာအနှံ့ ပေါ်ပေါက်လာတော့ သည်။

ဘုရင့်မိသားစုမှာလည်း ရင်တထိတ်ထိတ် ဖြစ်ခဲ့ရသည့်တိုင် အောင်၊ ပြင်ပလောကကို တမင် မေ့ပျောက်သောအားဖြင့် ဘိလိယက် မပျက်၊ အက,မပျက် လုပ်နေမိကြ၏။ တစ်ဘက်ကလည်း ဘုရား ဆောင်းပွဲများ အဆက်မပြတ် ကျင်းပလိုက်သေး၏။ သည်ကြားထဲ မည်ကြီး ဗေဒင်ဆရာများ၊ မှော်ဆရာများကို အားကိုးပြု၍ အစီအရင် စုံဖြင့် အကာအကွယ် ယူလိုက်ကြသေးသည်။

ထိုထိုသော နောက်ခံအခြေအနေတွင် ရပ်စပြူတင် တစ်ယောက် ကိုစယ်လို နန်းတော်သို့ ကယ်တင်ရှင်ကြီးအဖြစ် ဘွားခနဲ ရောက်လာ ခြင်းသာ ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


ရုပ်စိပြုတင် ရောက်လာပြီ ။ ၇

ဖြစ်ပုံက–

အိမ်ရှေ့မင်းသားလောင်းလျာ သားတော်လေး အလက်ရှားသည် သူ့အထိန်းတော်ကြီး၏ သားငယ်နှင့်အတူ ဥယျာဉ်တော်အတွင်း ဆော ကစားနေရာက ကုန်းမြင့်တစ်နေရာမှ အမှတ်မထင် ခုန်ချလိုက်သည်။

မြေပြင်ပေါ်သို့ ခပ်ကြမ်းကြမ်းလေး ဆောင့်ကျသွားသလို၊ ပက် လက်လန်သွားသည့်နောက် ပြန်မထနိုင်တော့။

တစ်ပြိုင်နက်အတွင်း သွေးဆုတ်ဖြူရော်သွားပြီး အသေကောင် နှင့်မခြား သတိလစ် ပျော့ခွေနေသည်။

အထိန်းတော်ကြီး ဒီရက်ဗင်ကိုက ပွေ့ချီကာ နန်းတော်ထဲသို့ ပြေးဝင်လာသည်ကို တွေ့လိုက်ရသော မိဖုရားကြီးမှာလည်း အလန့် တကြားနှင့် မေ့လဲသွားရှာ၏။

သတိပြန်လည်လာတော့လည်း သားတော်လေးအေးတွင် ဖိုးရိမ် သောကတွေပွားလျက် နေ့ရောညပါ ငုတ်တုပ်။

မပစ်ရက်စရာ သားတော်လေးမျက်နှာကိုသာ ငေးကြည့်ရင်း မျက်ရည်စက်လက်။


www.burmeseclassic.com

www.burmeseclassic.com



သားတော်လေး၏တစ်ကိုယ်လုံးမှာ ပြာညိုရောင် အလျှိုးရာကြီး ... ဆင်လျက်။ ကိုယ်တွင်းသွေးလျှံမှုတွေ ဖြစ်နေကြောင်း ပြနေ၏။

တစ်ချက်တစ်ချက် သတိလည်လာကလည်း တညည်းညည်း ...ညညူနှင့် ဝေဒနာခံစားရတာ တွေ့ရပြန်သည်။

နန်းတွင်းသမားတော်ကြီးတွေသာမက မြို့တော်မှ အကျော် ...ော်ဆရာဝန်ကြီးများပါ အပြေးအလွှား လာကြည့်ကြသည်။ ဒါပေ ...ယ် သူတို့လည်း ဘာမျှမတတ်နိုင် လက်မှိုင်ချလိုက်ရသည်။

ဘုရင့်လက်စွဲတော် တိဘက် လောကီပညာရှင် ဗိန္ဓောဆရာကြီး ...က်မေးယက်ဖ်'လည်း ဒီတစ်ပွဲတော့ မကယ်သာ။

နောက်ဆုံး ဘုရားမှတစ်ပါး အားကိုးရာမရှိသည့် အခြေအနေ။ မိဖုရားကြီးခမျာ ထပ်တလဲလဲ ဘုရားဝတ်ပြု ဆုတောင်းနေမိဆဲ။

သားတော်လေးက သတိတစ်ချက် ပြန်လည်လာခိုက် ဖခင် ...ရင်ကြီးလက်ကို ဖမ်းဆုပ်လျက်။

"ဖေဖေ ကျွန်တော်သေရင်လေ ဥယျာဉ်တော်ထဲမှာ သွားမြှုပ် ...ပါနော်"

ကယောင်ကတမ်း ပြောသည်။

ဘုရင်ကြီးလည်း မကြည့်ရက်မကြားရက်တော့ဘဲ သားတော် ...က်ထဲမှ ရုန်းထွက်သွားသလို၊ မိဖုရားကြီးမှာတော့ ချုံးပွဲချငိုရကိန်း ကြုံလိုက်ရသည်။

မိဖုရားကြီးမှာ သားဇောကြောင့် မစားနိုင်မအိပ်နိုင်၊ အဝတ်ပင် ...လဲနိုင်တော့ဘဲ ခေါင်းစုတ်ဖွားနှင့် အရူးတစ်ပိုင်း ဖြစ်နေခဲ့သည်။ ကျက် ...ရေရှိရှိ လှပသောမျက်နှာလေးမှာလည်း မျက်တွင်းပေါက်ပက်၊ ပါးရိုး ...ချောင်ချောင်နှင့် အသွားအိုရုပ်ပင် ပေါ်လာတော့သည်။

ဘာလိုလိုနှင့် ခုနစ်ရက်တစ်ပတ်ပင် ပြည့်ခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



တို့ညက မြို့စားကတော်မင်းသမီး စတင်နှာ နီကိုလပ်ဇနာ
မင်းသမီး အန်နာဂူဘောဗာတို့ မိဖုရားကြီးရှေ့မှောက် အခစားရော
လာကြ၏။

နောက် သူတို့သုံးယောက် ခေါင်းချင်းဆိုင်ပြီး တီးတိုးပြော
ကြသည်ကတော့ ကယ်တင်ရှင်ဆရာသခင် ဆိုက်ဘေးရီးယား တောသ
ကြီး ရောက်နေသည့်အကြောင်း။

ဆရာကြီးက အံ့မခန်းအစွမ်းထက်လှ၍ သားတော်လေး
ဝေဒနာကို ပျောက်ကင်းချမ်းသာအောင် လုပ်ဆောင် ပေးနိုင်မည်သာမ
မိဖုရားကြီးနှင့် တော်ဝင်မိသားစုကို အများပြည်သူက ချစ်ကြည်
လာအောင် ဖန်တီးစီရင်ပေးမည့်အပြင်၊ ရုရှားပြည်ကြီးတဝှမ်းပါ ငြိမ်
ချမ်းသာယာအောင် ဆောင်ရွက်ပေးဦးမည်ဟု ဆိုခဲ့သည်။

ဆရာကြီးသည် ပြင်သစ်မှော်ဝိဇ္ဇာကြီး ဒေါက်တာဖီးလစ်
တိဘက်လောကီပညာရှင်ကြီး ဒေါက်တာ ဘက်မေးယက်ဖ်တို့ထ
အစွမ်းထက်သလို၊ မြင့်မြတ်မှုအရာတွင် ခရွန်စတက်မှ သူတော်စ
ဂျွန် ထက်ပင် သာလွန်ကြောင်းလည်း ပါဝင်၏။

ခရစ်ယာန်ဘုန်းတော်ကြီး ဖာသာ ဖီယိုဖန်း၊ ဂိုဏ်းအုပ်ကြ
ဟာမိုဂန်နှင့် ဖာသာ ဂျွန်တို့ကိုယ်တိုင်က ဂရေဂိုရီ အီဖင်မိုဗစ် ရပ်
ပြူတင်အား အော်သိုဒေါက်ခ္စဂိုဏ်းဝင် တန်ခိုးရှင် ပျောက်စေဆရာကြ
အဖြစ် ထောက်ခံ အသိအမှတ်ပြုကြောင်းဖြင့်လည်း အသိပေးခဲ့သေး၏။

တစ်ဖန်–

"ခုလည်း ဆရာကြီးက ပြောခိုင်းလိုက်တာပါ။ မိဖုရားကြီးက
မငိုနှင့်တော့တဲ့။ သားတော်လေး ကျန်းမာချမ်းသာစေဖို့ သူ့ တာဝန်
တယ်တဲ့။ တစ်နေ့ စစ်ဗိုလ်ကြီးဖြစ်လာတဲ့အခါ အားခွန်ဗလနှင့် ပြည့်
သူ ဖြစ်လာစေရမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



စတင်နာ၏စကားတွေ ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ရက် ...င်များစွာ ညှိုးချုံးပန်းကျနေခဲ့ရှာသော မိဖုရားကြီးအဲလစ်၏မျက်နှာ ...မှာ ပန်းနုရောင်သွေးတွေ လျှမ်းလျှမ်းဖြာလျက် မျက်လုံးက စိန် ...ောင်တွေ တဖျပ်ဖျပ်တောက်ပလာတော့သည်။

"ပြီးတော့ သခင်မ မှတ်မိမလား မသိဘူး။ ဒေါက်တာဖီးလစ် ...င်းသစ်ကို မပြန်ခင်တုန်းကပြောသွားတာ။ ဘုရားသခင်က သခင်မ ...ကို ကူညီစောင့်ရှောက်မယ့် မိတ်ဆွေသစ်တစ်ယောက် ပို့ပေးပါလိမ့် ...မယ်လို့ ဟောကိန်းထုတ်သွားတာလေ။ ကျွန်တော်မျိုးမကို ယုံပါ။ ...ဒီမိတ်ဆွေသစ်ဆိုတာ ခု ဆရာကြီးပါပဲ။ သူက ရုရှားပြည်ကြီးကို ...ယ်တင်ပြီး သားတော်လေးကို အသက်ချမ်းသာရအောင် စွမ်းဆောင် ...မှာ မုချပါပဲ။ ဘုရားသခင်က သခင်မတို့အတွက်လွှတ်လိုက်တဲ့ ...ဟာ သူမှ သူ အစစ်"

တိုးတိုးဖော် ရုံရွှေတော်မင်းသမီး အန်နာ ဂူဘောဗာကပါ ဝင်ပြော ...ိုက်သည့်အဆုံး မိဖုရားကြီးလည်း အထွေအထူး စဉ်းစားမနေတော့ဘဲ၊ ...စာပွဲတော်တည်ချိန်၌ ဘုရင်ကြီးအား လျှောက်ထားလိုက်တော့သည်။

သားတော်လေးအတွက် မျှော်လင့်ချက်ကုန်ဆုံးနေပြီမို့ ဘုရင်ကြီး ...လည်း အချိန်ဆွဲမနေတော့။ ရပ်စ်ပြူတင်အား ရှေ့တော်သွင်းစေဟု ...မိန့်ချမှတ်လိုက်တော့၏။

ရပ်စ်ပြူတင်သည် မြို့စားမင်းသားကြီး နီကိုလိုင် နီကိုလပ်ဗစ်ချ် ...င် ကြင်ရာတော် စတင်နာတို့အိမ်၌ တည်းခိုနေလင့်ကစား ထိုညက ...ပြင်ထွက် အပျော်ကျူးနေသဖြင့် ဘုရင့်အမိန့်နှင့် ခြေမြန်တော်များက ...ိုက်ရှာခဲ့ရပြီး အစဉ်း (အခန်း ။ ၁ ။)၌ဖော်ပြခဲ့သလို မြစ်ဇမ်းဘေး ... ဂျစ်ပစီကပွဲတွင် သွားတွေ့ခဲ့ရခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရပ်စ်ပြူတင်ကို လုံခြုံရေးတပ်ဖွဲ့၊ ပုလိပ်တပ်ဖွဲ့တွေ အထပ်ထပ်
အကြိမ်ပေါင်းနှစ်ဆယ် ခန့် စစ်ဆေးမေးမြန်းခံရမည့် လာရိုးလာ
ညည့်သည်ဂိတ်မှ မဟုတ်ဘဲ နန်းတော် ဘေးမလွယ်ပေါက်မှ မင်းသ
စတင်နာနှင့်အတူ လျှို့ဝှက်စွာ ဝင်စေခဲ့သည်။

ရပ်စ်ပြူတင်ကား တကယ့် လူလည်လူပါးကြီး။

သေကောင်ပေါင်းလဲ မူးနေသည့်ကြားမှ နန်းတော်ထဲရော
သည်နှင့် လူကောင်းပကတိ။ သူတော်စင်ဣန္ဒြေအပြည့်နှင့် ဖြစ်သွ
သည်။

ဇာဘုရင်နှင့် မိဖုရားကြီးသည် ဆံကေသာ လက်လေးသ
မုတ်ဆိတ်မွေး ဗရပျစ်၊ မည်းညစ်နေသော ဝတ်ရုံရှည်ကြီးနှင့် ပီဘိတေ
သား လူရိုင်းကြီးကို တွေ့တွေ့ချင်း ပါးစပ်အဟောင်းသား အံ့အားကြ
တသင့် ဖြစ်သွားကြရ၏။

သို့ပေမယ့် သူတော်ယောင်တောသားကြီးကတော့ ရှုရှားတ
ပြည်လုံး ရွှေဘုန်းတော်လွှမ်းမိုး တန်ခိုးပါဝါဖြန့်ကျက်ထားသူများဖြ
သော ဘုရင်နှင့်မိဖုရားကို သာမန်လူတွေပုံစံမျိုးဖြင့် ပြုံးပြလိုက်က
အနီးကပ်၍ ပွေ့ဖက်နမ်းရှုပ် နှုတ်ဆက်လိုက်ပါသည်။

သည့်နောက် သားတော်လေးထားရှိရာ နန်းဆောင်သို့ 
ရောက်ခဲ့ပြီး၊ ရောက်ရောက်ချင်းပင် အခန်းထောင့်နံရံပေါ်ရှိ သူတေ
စင်အရုပ်ကားများရှေ့တွင် ဒူးထောက်လက်ယှက်ကာ ဝတ်ပြုဆုတော
လိုက်သည်။

ပြီး ဖြည်းညှင်းစွာထ,လျက် သားတော်လေးရှိရာသို့ ကူးသွ
သည်။ ကုတင်ဘေးတွင် ဒူးချထိုင်ပြီး သားတော်လေးပေါ်၌ လက်
ကပ်အမှတ်အသား လုပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အလက်ရှားက မျက်လုံးဖွင့်ကြည့်လိုက်ရာမှ မုတ်ဆိတ်ရှည်နှင့် ဘုန်းတော်ကြီးက လိုက်လှဲခင်မင်မှုတွေနှင့် ပြုံးပြနေသည်ကို တွေ့လိုက်ရသည်။

“ဘာမှ မကြောက်ပါနှင့် အရှင့်သား အလက်ရှား။ အားလုံးပြန်ကောင်းသွားမှာပါ”

ညှော့သည်လှုစိမ်းက သာယာချိုပျောင်းသောအသံဖြင့် အားပေးနှစ်သိမ့်လိုက်ပြန်သည်။ အသံမှာ ကရုဏာအပြည့်နှင့် တည်ကြည်လေးနက်ခြင်းတွေ ထူးထူးခြားခြား ပါရှိနေ၏။

မုတ်ဆိတ်ကြီးက အလက်ရှား၏တစ်ကိုယ်လုံး ခေါင်းဖျားမှ ခြေဆုံးတိုင် လက်နှင့်သပ်ချလိုက်ရင်း–

“ခုဆို အရှင့်သားမှာရှိတဲ့ ဝေဒနာတွေအားလုံး ယူပစ်လိုက်ပါပြီ။ ရှေ့ဆက် ဘယ်လိုမှ နာကျင်မှုတွေ ခံစားရတော့မှာ မဟုတ်ဘူး။ အင်္ကျီပြန်ကစပြီး နေကောင်းရစေမယ်။ ပြီးတော့ ကျွန်ုပ်နှင့်အတူ ပျော်ပျော်ပါးပါး ကစားကြရုံပေါ့”

အမိန့်သြဇာဆန်သော်လည်း ကရုဏာသံပါလျက်၊ နူးညံ့သိမ်မွေ့ခြင်း ခင်မင်ဖော်ရွေမှုပြသော အပြုံးတို့က သားတော်လေးအား ပြန်ပြုံးပြမိအောင် ဆွဲဆောင်နိုင်ခဲ့သည်။

တစ်ဆက်တည်း၌ ဆိုက်ဘေးရီးယားမှ ရိုးရာဓလေ့ကစားနည်းများနှင့် ဆိုက်ဘေးရီးယားပြည်နယ်ကြီး ကျယ်ဝန်းလှသဖြင့် လူမရောက်ဖူးသည့်နေရာများ တစ်ပုံကြီးရှိကြောင်း၊ စိန့်ပီတာစဘတ်မြို့ကလူတွေနှင့် တွေ့ခြားနားသော တောသူတောင်သားများအကြောင်းတွေ ပြောပြနေသည်။

ပြောရင်းက ကုတင်စွန်းတက်ထိုင်ရင်း သားတော်လေး၏လက်ကို ဘယုတယဆုပ်နယ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အလက်ရှား နေကောင်းလာလျှင် ဆိုက်ဘေးရီးယား
သို့ အလည်ခေါ်သွားပြီး ဘယ်သူမှမမြင်ဘူးဘဲ သူသာ မြင်ဖူးသောအ
များကို လိုက်ပြမည်ဟု ကတိပြုသည်။

သားတော်လေးလည်း မှတ်ဆိတ်ကြီး၏စကားများကို စိတ်
စားခဲ့သလို မျက်လုံးတွေ ကျယ်သထက်ကျယ်လာပြီး အရောင်တော
လာ၏။

ထိုမှတစ်ဆင့် ခေါင်းအုံးကိုမှီလျက် ထ,ထိုင်ဖို့ကြိုးစားရ
နောက်မလှမ်းမကမ်းက ရပ်စောင့်နေသော မိဖုရားကြီးသည် စိုးရိမ်တ
ကမန်းကတန်း ပြေးတားမိသည်။

"သတိထား အလက်ရှား။ အရမ်း မထ,လိုက်နှင့်လေ"

"ရပါတယ် မေမေရယ်၊ သား နားထောင်ရတာ အားမရလို့ပ
ကဲ၊ ဆရာကြီး နောက်တစ်ပုံ ပြောပြပါဦး"

အလက်ရှားက သူ့မယ်တော်အား ငြင်းချက်ထုတ်လိုက်ရ
ရပ်စ်ပြုတင်အား စကားဆက်ဖို့ တိုက်တွန်းလိုက်သည်။

"အေး၊ မင်းပြောတာ မှန်တယ် အလက်ရှား။ ခုချိန်ကစ
ဘာကမှ မင်းကို ထိခိုက်နာကျင်အောင် မလုပ်နိုင်တော့ဘူး။ ဆရာ
မင်းဘေးမှရှိနေသရွေ့လည်း ဘာအန္တရာယ်မှ ဖြစ်တော့မှာ မဟုတ်ဘူ

သည့်နောက်တော့ ဆိုက်ဘေးရီးယားမှာ ပြောနေကျ နတ်သ
ပုံပြင်လေးတွေ ပြောပြန်သည်။ ဘို့ကြီးရှိသောမြင်းကို တက်စီးသေ
ခြေပြတ်နှင့် မျက်မမြင် မြင်းစီးသမားတို့ ပုံပြင်၊ ကတိမတည်၍ ဘဲ
လေးဘဝသို့ ပြောင်းသွားရသော ဓာရက်ဗနာပုံပြင်၊ ဆီဓာရီဗစ်
ဆီလီနှင့် မင်းသမီးချောလေး အယ်လီနာတို့ ပုံပြင်။

ထို့ပြင် တောတောင်ထူထပ်သော ဆိုက်ဘေးရီးယားမှ ပန်းမ
သစ်ပင်များမှာ အသက်ရှိ၍ သူတို့အချင်းချင်း စကားပြောသ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ တိရစ္ဆာန်တွေလည်း သူတို့ဘာသာဘာဝ စကားပြောလေ့ သူကိုယ်တိုင် ငယ်စဉ်က မြင်းတွေအချင်းချင်း တီးတိုးစကားပြော ကို ကြားဖူးကြောင်း စသဖြင့်။ ကလေးတစ်ယောက် အာရုံစိုက် င်စားစရာ တွေချည်းဖြစ်၍ သားတော်လေးအလက်ရှားမှာ လန်း ဘက်ကြွ နေတော့၏။

သားတော်လေးကို အနားပေးချိန် တန်လောက်ပြီဆိုမှ ရပ်စ်ပြူ က ချော့သိပ်ပြီး ပြန်ထွက်ခဲ့သည်။

အဆောင်ဝအရောက်တွင် အလက်ရှားက အော်၍မှာလိုက်သေး

"နောက်ညကျလည်း ဆက်ဆက်လာခဲ့ဦးနော် ဆရာကြီး။ ဆရာ လာမချင်း ကျွန်တော် အိပ်မှာမဟုတ်ဘူး"

ရပ်စ်ပြူတင် ထွက်သွားပြီးနောက် သားတော်လေးက အထိန်း ကြီးကို မေးခွန်းထုတ်သည်။

"အဲဒီဆရာကြီးက ဘယ်သူလဲ ဟင်"

"သူတော်စင် ပုဂ္ဂိုလ်တစ်ပါးပေါ့ကွယ်။ သားတော်ကို ကယ် ဘုရားသခင်က လွှတ်လိုက်တာဆိုပါတော့"

"သူတော်စင်ပုဂ္ဂိုလ်၊ ဟုတ်လား"

အလက်ရှားက ထပ်ဆင့်ရေရွတ်ပြီး မျက်လွှာချ၍ အိပ်ပျော်သွား သည်။

ဂရေဂိုရီ ရပ်စ်ပြူတင်နှင့် မိဖုရားကြီးတို့ အပြင်ဆောင်သို့ အတူ ခဲ့ရာတွင် မိဖုရားကြီးမှာ ဝမ်းသာလုံးဆို့ပြီး မျက်ရည်များပင် နေမိတော့၏။

သူမက ကျေးဇူးတင်သောအထိမ်းအမှတ်ဖြင့် ရပ်စ်ပြူတင်၏ ကိုဆွဲ၍ လက်ခုံကို နမ်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်စ်ပြူတင်က မိဖုရားခေါင်းထက်တွင် လက်ဝါးကပ်အ
အသားပြကာ–

"ကျုပ်အစွမ်းနှင့် ဆုတောင်းပေးမှုတွေကို ယုံပါ မိဖုရာ
သားတော်လေး မသေစေရဘူး။ ကျုပ်ရှိနေသရွေ့ အသက်ရှင်နေ
ပါ"

သည်လိုနှင့် နောက်ညနောက်ညနှင့် ညပေါင်းများစွာ ရပ်
တင် နန်းတွင်းသို့ရောက်ခဲ့ရာမှ သားတော်လေးနှင့် ပိုမိုရင်းနှီး
သည်။ မခွဲနိုင်မခွာရက် တစ်သားတည်းကျလောက်အောင် မိတ်
ရင်းချာတွေဘဝ ရောက်ခဲ့ရခြင်းလည်း ဖြစ်၏။

ညစဉ် ရပ်စ်ပြူတင်ကိုသာ မျှော်၍၊ မလာလျှင် လိုက်ခေ
သလို၊ လာတော့လည်း အပျော်ကြီး ပျော်သွားတတ်သည်။

ရပ်စ်ပြူတင်ကလည်း ကလေးအကြိုက် ရယ်စရာပုံပြင်
စွန့်စားခန်းပုံပြင်တွေ၊ သနားစရာပုံပြင်တွေနှင့် နှောင်ဖွဲ့ထားသည် မ
ပါလား။

ဘာပဲပြောပြော၊ ရပ်စ်ပြူတင်ကျေးဇူးကြောင့် အိပ်ရာထဲ
သည့် သားတော်လေး နေ့ချင်းညချင်း ဒေါင်ဒေါင်မြည် ထ,ပြေး
တာကတော့ အမှန်။

သားတော်လေးကို အကြောင်းပြု၍ ဘုရင်နှင့် မိဖုရားတို့
ရပ်စ်ပြူတင် အကျွမ်းတဝင် ရင်းနှီးခဲ့ရပါပြီ။

ရပ်စ်ပြူတင်ပြောပြသော ဆိုက်ဘေးရီးယား တောသူတော
လယ်သမားတို့၏ ဘဝဇာတ်လမ်းများ၊ သူကိုယ်တိုင်၏ ဘုရားဖူ
စဉ်နှင့် အပြစ်ဒဏ်ခံ ကျင့်စဉ်များအကြောင်းတွင် ခင်း မိဖုရား န
မိန်းမောခဲ့ကြရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရပ်စ်ပြူတင်၏စကားများကို မင်း မိဖုရားနှစ်ပါးက အငေးသား ာင်နေခိုက် သားတော်လေးကို သူ့ဆရာကြီးရပ်စ်ပြူဘင်၏ အပြာ ာင် ဝတ်လုံကြီးလွှမ်းထားသော ဒူးခေါင်းပေါ်တွင် တက်ထိုင်ခွင့် ားခဲ့သည်။

တစ်စထက်တစ်စ ရပ်စ်ပြူတင်က တော်ဝင်မိသားစုတစ်ခုလုံး ာ်တွင် ဩဇာလွှမ်းမိုးနိုင်ခဲ့သလို သမီးတော်များပင်လျှင် ရပ်စ်ပြူတင် ဆရာတင်၍ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဆိုသလို သူတို့၏လျှို့ ာတွင်းရေးကိစ္စများကို ဖွင့်ဟ အကြံဉာဏ် တောင်းခံသည့်ဘဝ ရောက်ခဲ့ကြတော့၏။

ထိုအချက်နှင့်ပတ်သက်၍ နန်းရင်းဝန်တစ်ဦးက ယခုလို ထုတ် ပြောပြဖူးသည်ဆို၏။

"ရပ်စ်ပြူတင်ဟာ ဘုရင်နှင့် မိဖုရားရဲ့ ချစ်ခင်မှု၊ ယုံကြည်မှုကို မျိုးမျိုးဖြင့် အရယူပြီး တစ်နန်းတော်လုံး စိတ်ကြိုက်ခြယ်လှယ်နိုင် အောင် စည်းရုံးနိုင်ခဲ့တယ် ဆိုရမှာပဲ။ သူနှင့် တွေ့လိုက်တာနှင့် ာက်သွားစေတယ်၊ ရဲရင့်စေတယ်၊ ရွှင်မြူးစေတယ်၊ တက်ကြွ ာယ်၊ စိတ်သက်သာရာ ရစေတယ်၊ စိတ်ကောင်း ဝင်စေတယ်၊ ာတရားကို ရှိသေကိုင်းညွှတ်စေတယ်။ အချုပ်ပြောရရင်တော့ ရယ် ဆိုတဲ့အထိ လုပ်နိုင်သလို၊ ရုပ်သေးရုပ်ကလေးလို ကြိုးဆွဲရာ နိုင်တာပဲ။ ရပ်စ်ပြူတင်ဟာ သူတို့အတွက် မရှိမဖြစ်အနေအထား ဆိုက်ခဲ့တယ်ဆိုရမယ်"

မှန်သည်။ ရပ်စ်ပြူတင်သည် ဘုရင့်မိသားစုအတွက် အတိုင်ပင် အကြံပေး၊ ဘာသာရေးလမ်းညွှန်၊ ကယ်တင်ရှင်၊ လိုတရသိဒ္ဓိရှင် ကြီးတစ်ဆူ၊ နောက်ဆုံး အတွင်းလူ မိတ်ဆွေကြီးအဖြစ် သတ်မှတ် ည်ဆိုလျှင်လည်း မမှား။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်သမီးတော်ကြီး အော်လ်ဂါက ရပ်ဝေးရောက်နေသော ...
ပြူတင်ထံသို့ ခရစ္စမတ်ပွဲတော်ရက်အခါတွင် 'ချစ်ခင်ကြည်ညိုရပါ...
အဖိုးတန်မိတ်ဆွေကြီးသို့'ဟု အစချီကာ လွမ်းဆွတ်သတိရကြောင်...
ပြန်စာကိုဖတ်ရတိုင်း ပျော်ရွှင်ရပါကြောင်း ရေးသားခဲ့မှု၏။ ထို...
တွင် သူ့ချစ်သူနှင့်ပတ်သက်၍ ရပ်စ်ပြူတင် ဟောကိန်းထုတ်ခဲ့သ...
ကိစ္စလည်း ပါဝင်ခဲ့သည်။

သမီးတော်အငယ် အန်နက်စတားရှားဆိုလည်း ရပ်စ်ပြူတ...
စာပေါင်းများစွာ ရေးခဲ့ရာ၌ 'ချစ်ခင်ရပါတဲ့ တစ်ဦးတည်းသော ...
ဆွေကြီးရယ်'ဟု အစချီတတ်သည်။

ပြီးတော့-

'ရှင့်ကို သိပ်တွေ့ချင်တယ်။ ဒီနေ့တောင် အိပ်မက်တေ...
မက်ရသေးရဲ့။ မေမေ့ကို ရှင် ဘယ်တော့လာမလဲ မေးရတာအ...
ကျွန်မတို့အပေါ် သိပ်ကောင်းခဲ့တဲ့ ရှင့်အကြောင်းပဲ အမြဲတွေးနေမိတ...
ဒီကိုပြန်ရောက်ရင် အန်နာတို့အိမ်မှာ ဆုံကြရအောင်' စသဖြင့် တဖွဲ့ဖွဲ့...
ရေးသားခဲ့၏။

သည်ကြားထဲမှ အိမ်ရှေ့မင်းသားလေး အလက်ရှားက ပိုသ...
သည် ဆိုရလေမလား။

သားတော်လေးအဖို့ ရောဂါ အမြစ်မပြတ်နိုင်သလို မကြာခ...
ဖျားတတ်သည်။ နည်းနည်းပါးပါးဖျားသည်နှင့် ရပ်စ်ပြူတင်ဆီကို ...
ဆက်ပေးရသည်။ ရပ်စ်ပြူတင်အသံ ကြားလို့ကတော့ ရယ်ရယ်မော...
နှင့် အဖျားတွေ ကျကုန်ပြီသာမှတ်။

မင်းသားလေး ခေါင်းကိုက်တယ်ဆိုလည်း အစ်မတော်တွေ...
ရပ်စ်ပြူတင်ကို ဖုန်းဆက် ခေါ်ပေးရသည်။ ခေါင်းကိုက် ချက်ခြ...
ပျောက်ရော။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ရုပ်စိပြုတင်၏တပည့်မတစ်ဦး ရုပ်စိပြုတင်အိမ် ...ရောက်သွားခိုက် တယ်လီဖုန်းပြောသံကို ခုလို ကြားလိုက်ရသော ...၏။

"ဘာကွယ့်။ အလက်ရှား မအိပ်ဘူး၊ ဟုတ်လား။ နားကိုက်လို့ ... အေး၊ သူ့ကို ဖုန်းပေးလိုက်၊ ဟုတ်ပြီ။ အရှင့်သားလေးလား။ ...ဖြစ်လို့ပါလိမ့်။ ခုချိန်ထိ ဘာကြောင့် မအိပ်သေးတာလဲ။ သွား ...ချေတော့၊ နား ဆက်မကိုက်စေရတော့ဘူး။ ဆရာ ပြောနေတယ်လေ။ ...ကိုက်တော့မှာ မဟုတ်ဘူးလို့ပြောတာ။ ကြားလား။ အေးအေးဆေး ... သွားအိပ်၊ ပျော်အောင်သာ အိပ်တော့"

နောက် ၁၅ မိနစ်ခန့်အကြာ နန်းတော်မှ ဖုန်းလာတာကတော့ ...တော်လေး နားကိုက်ပျောက်၍ အိပ်မောကျသွားကြောင်းပါတဲ့။

သားတော်လေး အိပ်သွားသည်မှာ ရုပ်စိပြုတင်၏ တန်ခိုးအစွမ်း ...၊ ကြောက်ရွံ့ခဲ့ညာရသော အမိန့်ညွှဏာကြောင့်လား ခွဲခွဲခြားခြား ... ဘယ်သူမှ မသိ။

သို့သော် တစ်နေ့တခြား နန်းတော်ထဲမှာ အရေးပါအရာရောက် ...တာတော့ ထင်ရှားခဲ့၏။

တစ်နန်းတော်လုံးအတွက် အိမ်ရှေ့သားတော်လေးမှာ 'အသက်' ဖြစ်သည်မို့၊ ရုပ်စိပြုတင်သည် 'အသည်းနှလုံး'ဖြစ်ခဲ့ရသည်မှာ မဆန်း ...တော့ပါ။

ဘုရင်ကိုယ်တိုင်က မျက်နှာသာပေး၍ ဖာသာလေး ဂရေဂိုရီ၊ ...စ်မိတ်ဆွေကြီး၊ သူတော်စင်ကြီး ဟု ကင်ပွန်းတပ်ကာ ရုပ်စိပြုတင် ... တွေ့ဆုံမှုများကို သူ့ဒိုင်ယာရီထဲမှာပင် တခုတ်တရနှင့် မှတ်တမ်း ...ခဲ့ရသည်အထိ။ ၁၉၀၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့စွဲအရ ရေးထား ...သည်မှာ–



www.burmeseclassic.com

www.burmeseclassic.com


'ဘုရားလူ ဖာသာ ဂရေဂိုရီ၏ကျေးဇူးတော်နှင့် ဆုတောင်း
ဖြင့် သားလေး အသက်ဘေးမှ လွတ်ခဲ့ရသည်'

ထိုဘုရင်ကြီး၏ရှေ့တော်မှောက်၌ မိဖုရားကြီးက သူ့လက်
နမ်းစဉ် ရပ်စ်ပြူတင်က မိဖုရားကြီး၏နဖူးကို နမ်းခွင့်ရသည့်တိုင်၊

"ဆရာကြီး ကျွန်မတို့နားမှ အမြဲနေပါနော်"

ဆိုက်ဘေးရီးယားတောသားကြီး ဂရေဂိုရီ အက်ဖင်မိုဗစ်
ရပ်စ်ပြူတင်တစ်ယောက် ဘုန်းတောက်ခဲ့ရပါချေပြီတကား။



www.burmeseclassic.com

www.burmeseclassic.com


## ပန်းကနုတ် ဆွဲရိုင်းပတ် ။ ၈ ။

ရုပ်စိပြျုတင်သည် ဘုရင်နှင့် တော်ဝင်မိသားစုက ဖူးဖူးမှုတ် အရေး
သားသမျှ အခွင့်ကောင်းယူပြီး ပြင်ပကမ္ဘာမှာသာမက ရွှေနန်းတော်
င်းမှာပါ ထင်သလိုနေခဲ့၏။
တစ်နည်းအားဖြင့် ဘုရင့်နန်းတော်ထဲ ရောက်သည့်တိုင်အောင်
သားလူရိုင်း အမူအကျင့် ဓလေ့စရိုက်များကို မဖျောက်ဘဲ ရှိနေ
။

သိသည့်အတိုင်း ရွှေနန်းတော်ဆိုသည်က လိုက်နာအပ်သော
ကမ်းချက်တွေ အများကြီး။
နန်းမှုနန်းရာ နန်းဓလေ့များဖြင့် ညီညွတ်ရသည်။ အသွားအလာ
အထိုင်မှအစ သတိထား ဆင်ခြင်ရသည်။ ယဉ်ကျေးသိမ်မွေ့မှုကို
ထား ဦးစားပေးရသည်။
ခုတော့–
ဆံပင်ကစုတ်ဖွား အဝတ်က ဖိုးရိုးဖားရား ရုပ်က ကြမ်း
ခက်ထရော်လှသည့်ကြားထဲမှာ သူ့အပြုအမူတွေက တောနေတော
မပျက်။ ရိုင်းပျ မောက်မာလွန်းလှ၏။
စိတ်မထင်လျှင် မထင်သလို အော်ဟစ် ဆဲဆိုလေ့ရှိ၏။


www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တိုင်းမကျလျှင် စားပွဲခုံကို လက်သီးနှင့် ဝုန်းခနဲ ထ
ထု၏။

ခြေထောက်နှင့် တွေ့ရာမြင်ရာ ကန်ကျောက်တတ်၏။

တစ်ခါတလေ ဘုရင်မင်းမြတ်ရှေ့ရယ်လို့ပင် မရှောင်။

အဆိုးဆုံးကတော့ သမီးတော်တွေ၏အဆောင်တော်သို့
အချိန်မတော် ဝင်ချင်ဝင်ပြီး ဆူတောင်းပေးတတ်ခြင်းပါတည်း။

သို့ဖြင့် မှန်နန်းဆောင်အပျိုတော်ကြီး မစ္စယူချဲဗားနှင့် ထိပ်တ
ပြဿနာတက်ရတော့သည်။

အပျိုတော်ကြီးက ဘုရင့်ထံ ဦးဦးဖျားဖျားတိုင်ကြားပြီး သ
တော်အဆောင်များသို့ ဝင်ခွင့်မပြုရန် တားမြစ်စေခဲ့၏။

သားတော်သမီးတော်တွေကို ပညာသင်ပေးရသော ဆရာ အ
ဂီးလီးယတ်ကလည်း ရပ်စ်ပြူတင်း ... သိပ် ကြည့်မရ။

သည်ကြားထဲမှ နန်းတွင်းသူများကြားတွင် သတင်းဆိုးတစ်
တိတ်တခိုး ပျံ့ထွက်လာ၏။ ဒါကတော့ ရပ်စ်ပြူတင် နန်းတော်တွင်း
အဝင်အထွက်ရှိလာပြီး မကြာခင်မှာပင် ကလေးများ၏ သူနာပြုဆရာ
ဗစ်ရှ်နီယာကိုဗာကို မတော်မတရားကြံသည် ဟူ၍ပင်။

သူနာပြုဆရာမက မိဖုရားကြီးကိုတိုင်သော်လည်း မိဖုရားကြ
က အရေးမယူသည့်အပြင် လူတင်ပါလို့ နွားကျားကိုက်ခံရတာပဲ
တောင် အပြစ်တင်လိုက်ပါသေးသတဲ့။

ကောလာဟလတစ်ခုကလည်း မိဖုရားကြီးလက်နှင့် ကိုယ်တိ
ရပ်စ်ပြူတင်ဖို့ အင်္ကျီတွေ ချုပ်ပေးသည်ဆိုလား။

နန်းတော်ထဲမှာတော့ တီးတိုးတီးတိုး သဖန်းပိုးလုပ်၍ ရပ်စ်ပြူ
တင်အကြောင်း ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ခဲ့ကြရပါပြီ။

"တောသား ရဲ့ ဆွဲထုတ်ဆိုတာ ဒီလိုလူစားမျိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်စ်ပြူတင်ဆိုတဲ့ အမိပ္ပာယ်ပဲ ကြည့်လေ။ လူယုတ်မာ ရာဂ ဘ တဏှာရူး မိန်းမသားတွေကို ဖျက်ဆီးသူတဲ့"

"သူ့ဇာတိရွာဖြစ်တဲ့ ပိုကရော့စကိုးကို စုံစမ်းကြည့်တော့လည်း နောက်ကြောင်းက နည်းနည်းလေးမှ မကောင်းပါလား။ တကယ့် ပိုးတေလေ လူပွေလူရှုပ် မြင်းသူခိုး"

"ဒါနှင့်များ သူက သူတော်စင်ပုဂ္ဂိုလ်ကြီးဖြစ်လို့ တွင်ကျယ်နေ တာ"

"ဒါကတော့ အရှင်နှစ်ပါးရှေ့မှာ ဟန်ဆောင်ကောင်းတာကိုး"

"ဒီ့အပြင် ပဋ္ဌလက်တန်ခိုးတွေပါ ပြနိုင်တာဆိုတော့ တစ်ဘက် အထင်ကြီးပြီး အကျကြီးကျတာပေါ့လေ"

"နောက်ပြီး သတင်းတစ်ခုထွက်လာတာက သူဟာ တိဘက် ကြီး ဘက်မီးယက်ဗ်နှင့် သွားပေါင်းမိနေတယ် ဆိုပဲ။ တိဘက်ဆရာ ဆီက ဆေးတွေနှင့် သားတော်လေးကို ကုတာတဲ့။ ပြီးတော့မှ က သူ့တန်ခိုးနှင့်ကုသလိုလို လုပ်တာဆိုလား"

တကယ်တော့ ဒီစကားတွေကို ပြောင်ပြောင်တင်းတင်း ပြောဝံ့ သည် မဟုတ်။ ခိုးကြောင်ခိုးဝှက် လက်တို့ပြီး ကျိတ်ပုန်းစားကြ င်းသာ ဖြစ်၏။

အတွေ့အကြုံရှိသော ဝါရင့်မြို့စားကြီး ဖရက်ဒရစ်ဆိုလျှင် အရေးကိစ္စတွေကို ဘာမျှမသိသယောင် ဆောင်နေခဲ့သည်။

ရုပ်စ်ပြူတင်နှင့်ပတ်သက်လို့ သူ့ထင်မြင်ချက်ကို သွားတောင်း သာအခါ နန်းဆန်ဆန်လေးပြုံးလျက် 'နာမည်တောင် မကြားဖူးပါဘူး' ု ပြန်ဖြေခဲ့သည်။

ကိုယ်ရံတော်တပ်မှ ဗိုလ်ချုပ် နိုလော့ဖ်ကတော့ ရုပ်စ်ပြူတင် ကောင်းကြောင်း ပြောင်ကျကျ ဝေဖန်တိုက်ခိုက်သူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားတွေက ဘုရင်မင်းမြတ်ကို ဒေါသအမျက် ချောင်းချောင်းထွက်စေခဲ့ရာမှ သူ့ဘာသာသူ ရာထူးမှ နုတ်ထွက်လိုက်ရသည်။ ပြီးတော့မှ ရပ်စ်ပြူတင်ထံ အပြေးအလွှား သွားမိတ်ဖွဲ့ရသည်ဆို၏။

ကျန် အစောင့်တပ်မှူး တပ်ဗိုလ်တွေလည်း သူ့အဖြစ်ကို သင်ခန်းစာယူ၍ ငြိမ်ကုပ်နေလိုက်ကြရသည်။

ဇာဘုရင့်အထက်က ဇာဘုရင်လုပ်လာသောရပ်စ်ပြူတင် နန်းတော်တွင်း၌ တန်ခိုးသြဇာ ကြီးထွားလာသည်ကို မနှစ်မြို့လင့်ကစား အပြင်ပန်းအားဖြင့်တော့ 'သူတော်စင်အသစ်'နှင့် ဖက်လှဲတကင်း ရင်းနှီးကျွမ်းဝင်အောင် ကြိုးပမ်းမိကြ၏။

ဘာဒူကော့ဗ်ဦးဆောင်သော နိုင်ငံရေးအုပ်စုတွေနှင့် ပုလိပ်တပ်ဖွဲ့ကတော့ ဂရေဂိုရီရပ်စ်ပြူတင်၏လှုပ်ရှားမှုတွေကို မျက်ခြည်မပြတ် စောင့်ကြည့်အကဲခတ်နေကြသည်။ မက်ဒီရာအရက်ကို ကြိုက်သလောက် မိန်းမလှအသိုင်းအဝန်းကို မက်မောတွယ်တာတတ်သော ရပ်စ်ပြူတင်၏ အားနည်းချက်ကို အညာကိုင်ဖို့ အကြံထုတ်ကြသည်။

အမတ်ကတော် ရိုစန်က အလှပဂေးရွှေမင်းသမီးလေး ဒေါလ်ဂိုဂူကီကို တည်ကြက်ထား၍ ရပ်စ်ပြူတင်ကို ထောင်ချောက်ဆင်၏။ သူ့အိမ်ဂေဟာမှာ အမျိုးသမီးအုပ်စုနှင့် အရက်ကောင်းတွေ ပေါလှ၍ ရပ်စ်ပြူတင် အကြိုက်တွေ့သွားသည်။ ရပ်စ်ပြူတင်သည် ရိုစန်၏ညွှန်ဆောင်၍ ကခုန်မြူးတူး၏။ နန်းတွင်းရေးတွေကို ရှုးရှုးမူးမူးနှင့် ဖွင့်ချ၏။

"ဘုရင်ရော မိဖုရားပါ ငါ့အကြံဉာဏ်တွေကို အရေးထားကြတယ်။ ငါ့စကားကို နားထောင်ပြီး ငါခိုင်းတဲ့အတိုင်း ဆုံးဖြတ်ချက်ချကြတာပဲ။ ခုဆိုရင် သူတို့နှစ်ယောက်စလုံး ငါက သေဆိုသေ ရှင်ဆိုရှင်ဆိုတဲ့အထိ ဖြစ်နေကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ယုံကြည်လေးစားရင် ကောင်းစားချမ်းသာမယ်။ ဘုရား
သခင်ရော ဘုရင်ကပါ ကြည်ဖြူတယ်။ အဲ ငါ့ကို မကောင်းပြော မကောင်း
ကြံတဲ့လူတွေတော့ အနေးနှင့်အမြန် ဒုက္ခတွေ့မှာပဲ"

မာန်တက်ကြွားဝါသံတွင် ခြိမ်းချောက်သံပါ ရောစွက်နေသော
ရပ်စ်ပြူတင်၏စကားများပင် ဖြစ်သည်။

တော်ဝင်မိသားစုကို ရပ်စ်ပြူတင်က စိတ်ကြိုက်ခြယ်လှယ်နိုင်
သကဲ့သို့ သူ့ကို ကြိုးကိုင်ချင်သော အုပ်စုတစ်စုလည်း ရှိခဲ့၏။

ထိုအုပ်စုကတော့ သူ့ကို စိန့်ပီတာစဘတ်မြို့နှင့် ဇာကိုစယ်လို
နန်းတော်ထဲအရောက် ခေါ်သွင်းခဲ့သော ဂိုဏ်းချုပ်ဘုန်းကြီး ဟာမိုဂန်၊
မင်းသမီး စတင်နာ နီကိုလပ်ဗနာ၊ ဒူးမားလွှတ်တော်အမတ်ကြီး ပူရစ်ရှ်
ကီဗစ်ချ်တို့အပါအဝင် စစ်မှန်သော ရုရှားအဖွဲ့ဝင်များပင် ဖြစ်၏။

အမှန်စင်စစ် သူတို့က နန်းတော်တွင်း ဗေဒင်ဆရာ နတ်ဆရာ
တွေ ခြေရှုပ်နေမှုကိုထိန်းနိုင်ရန် ရပ်စ်ပြူတင်ကို တစ်ဘက်လှည့်နှင့်
စေလွှတ်ခဲ့ပြီး၊ ရပ်စ်ပြူတင်ထံမှ ကြားသိရသော သတင်းများအပေါ်
မူတည်ပြီး လိုအပ်သလို ညွှန်ကြားစေခိုင်းရန် အကြံရှိခဲ့ကြသည်။

ခုတော့ 'ကိုယ်တင်တဲ့စစ်ကဲ ကိုယ်ချမရတော့'ဆိုသည့်ကိန်း
ဆိုက်နေခဲ့ပါပြီကော။

ရပ်စ်ပြူတင်က အောက်ခြေလွှတ်ပြီး ထင်ရာစိုင်းသည့်အသွင်
ရောက်နေပေပြီ။

ထို့အတွက် မြို့စားကတော် မင်းသမီး စတင်နာ နီကိုလပ်ဗနာ၏
အိမ်တော်စာကြည့်ခန်း၌ မျက်နှာစုံညီ ခေါ်တွေ့ခဲ့ကြသည်။

ရပ်စ်ပြူတင်သည် အပေါ်ယံကြောအားဖြင့် ဘုန်းတော်ကြီး ဟာ
မိုဂန်အား ရိုသေကိုင်းညွတ်ဟန်ပြလင့်ကစား အတွင်းစိတ်ကို ဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com



သောမျက်လုံးတွေအရ မခဲ့လေးစားနှင့် လိမ်လည်ကောက်ကျစ်မှုတွေ ပေါ်လွင်နေခဲ့၏။

"ဘုရင်မင်းမြတ်က အရေးကြီးတဲ့ကိစ္စတွေမှာ ရှင့်အကြံဉာဏ်ကို တောင်းပြီဆိုတဲ့အခါ ကျွန်မတို့ကို အသိပေးတိုင်ပင်ရင် ပိုကောင်းတာ ပေါ့။ ရှင်နှင့် ကျွန်မတို့ဟာ မိတ်ဆွေရင်းချာတွေပါ။ ကျွန်မတို့ဆိုလည်း ဇာဘုရင်နှင့် မိဖုရားတို့ရဲ့ သစ္စာကိုစောင့်သိတဲ့ မိတ်ဆွေတွေပဲ မဟုတ်လား"

နီကိုလပ်ဗနာက အစပျိုးလိုက်သည့်နောက် လွှတ်တော်ဝန် ဗလာ ဒီမာ ပူရစ်ရှ်ကီဗစ်ချ်က–

"မိတ်ဆွေအဖြစ်ထက် ပိုပါတယ်။ ကျုပ်တို့ဟာ ရုရှားနိုင်ငံတော် ကြီးနှင့် ဘုရင်မင်းမြတ်အတွက် အသက်တောင် စွန့်မယ့်လူတွေပါ။ ဒီတော့ မြင့်မြတ်တဲ့ရည်ရွယ်ချက်နှင့် ကျုပ်တို့ချင်း လက်တွဲ ပူးပေါင်း လုပ်ကြပါစို့ရဲ့"

"ဟုတ်ပါတယ်။ ဒီက ဂိုဏ်းအုပ်ဆရာတော်နှင့် အမတ်ကြီးတို့ နှစ်ယောက်စလုံးဟာ ပေါင်းစည်းလုပ်ဆောင်ရာမှာ အဆင့်မြင့်ကျွမ်းကျင် သူတွေပါ။ သူတို့ရဲ့အကြံဉာဏ်တွေက အသုံးဝင်ကြောင်း သက်သေပြ ပါလိမ့်မယ်"

အန်နာက ဝင်ဖြည့်စွက်လိုက်ရာမှ ရုပ်စိပ်ပြုတင်က မျက်မှောင် ကြီးကုပ်ပြီး–

"ဩ၊ ဘုရားသခင်ဆီက အသံတွေဟာ ပြည့်စုံလုံလောက်တဲ့ လမ်းညွှန်ချက်တွေ မဟုတ်ဘူးလား"

ဤတွင် ဘုန်းတော်ကြီး ဟာမိုဂန်က အောင်မြင်ထည်ဝါသော အသံကြီးဖြင့်

"ဒီမယ် ဂရေဂိုရီ။ တို့ဟာ မင်းရဲ့ ပါးနပ်လိမ္မာမှု၊ အစွမ်းထက် မြက်မှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ကျေးဇူးတရားတွေကို အားကိုးယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



မင်း သိထားဖို့က မင်းကို ဆိုက်ဘေးရီးယားပြည်နယ်ကနေ ထောင်ထဲ အရောက်သွင်းဖို့ ငါ စီစဉ်ခဲ့တာ။ ဒီမြို့တော်မှာ နေခွင့်ပြု ...လည်း ငါပဲဆိုတာ မမေ့နှင့်ဦးလေ"

"ဒါဖြင့် ဆရာတော်စကားက ကျုပ်ကို အချိန်မရွေး နယ်ပြန်ပို့ ...တယ် ဆိုလိုတာလား။ ကျုပ်ကို လွယ်လွယ်နှင့် မြှောက်စားသလို၊ ...လွယ်နှင့် နင်းချေဖျက်ဆီးပစ်လို့ ရတယ်ဆိုတဲ့ အဓိပ္ပာယ်လား"

ရပ်စ်ပြူတင်က ကက်ကက်လန် ပြန်မေးလိုက်ခြင်းဖြစ်၏။

ဟာမိုဂန်လည်း သူ့လက်ထဲဆုပ်ကိုင်ထားသော လက်ဝါးကပ် ...ကို အကြာကြီးငုံ့ကြည့်နေလိုက်သည်။ နောက်ဆုံးမှ–

"ငါ့ကို အထင်မလွဲပါနှင့် ဂရေဂိုရီ။ ဘုရားသခင်က မင်းအပေါ် ...ကောင်းချီပေးပြီး ဂုဏ်ပြုတာကို တို့အားလုံး ယုံမှားသံသယ မရှိပါဘူး။ ...ဒီက အမတ်ကြီးပါ မင်းကို အမိန့်တွေနှင့် ညွှန်ကြားဖို့ ဆန္ဒ ...ဘူး။ တို့က ရိုးရိုးသားသားနှင့် မင်းကို အကြံပေး ကူညီချင်ကြ ...ပါ"

"ဒါဆို ကျုပ် သဘောပေါက်ပါပြီ။ ရှေရှေလည်လည် သဘော ...က်ပါတယ်။ ကဲ၊ ကျုပ် ပြန်မှပဲ။ ဒီကိစ္စကို ခေါင်းအေးအေးနှင့် ...သေအချာ စဉ်းစားရဦးမယ်"

ရပ်စ်ပြူတင်က ပြန်ဖို့ ခြေအလှမ်း၌ ပူရစ်ရှ်ကီဗစ်ချ်က ခပ်ထန် ...အသံနှင့် လှမ်းတားလိုက်သည်။

"နေပါဦး။ တို့များ ဆွေးနွေးစရာ အသေးအဖွဲ့ကိစ္စလေးတစ်ခု ... ကျန်တော့တာပါ"

ရပ်စ်ပြူတင်နှင့် ငြိနေသော ရာဇဝတ်မှုဟောင်းတစ်ခုအကြောင်း ... ထုတ်ဖော်လိုက်၏။

ရပ်စ်ပြူတင်အပေါ်တွင် အဓမ္မမှုစွပ်စွဲထားသော ကလေးငယ်သည် ...လေးတစ်ယောက် ပျောက်ဆုံးနေပုံနှင့် သေဆုံးပြီဟုယူဆရသည့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း။ ကာဇန်နယ်က ပုလိပ်မင်းကြီးထံတွင် သက်သေခံအထ
အထား အပြည့်အစုံ လက်ကိုင်ရရှိထားကြောင်း၊ ထိုအမှုနှင့် ရပ်စ်ပြ
အား အချိန်မရွေး ဖမ်းဆီးအပြစ်ပေးလို့ ရကြောင်းများပင်တည်

ရပ်စ်ပြူတင် နည်းနည်း ဖြန်သွားပေမယ့် မျက်နှာမပျက်။ လ
ဆည်၍ ပြုံးလိုက်ရာမှ-

"အကောင်းနှင့် အဆိုး၊ အမှန်နှင့်အမှား၊ ချီးမွမ်းခြင်းကဲ့ရဲ့ခြ
တာတွေဟာ ဒွန်တွဲနေစမြဲပဲလေ။ ဘုရားလူဖြစ်ခဲ့တဲ့ ကျုပ်အဖို့
ဒါတွေဟာ မဆန်းတော့ပါဘူး။ ဇကရာဇ်မင်းမြတ်ရဲ့ ဘုန်းတော်ခြေ
ဘာမဆို ကျုပ်ရင်ဆိုင်ဖို့ အသင့်ရှိပြီးသားပါ"

ပြောပြောဆိုဆို ရပ်စ်ပြူတင် ချာခနဲ လှည့်ထွက်သွားခဲ့ပါလေ

ဟာမိုဂန်တို့တစ်စုမှာ ဘာပြန်ပြောရမှန်း မသိ။ တစ်ယော
မျက်နှာ တစ်ယောက်ကြည့်ရင်းသာ ကျန်ခဲ့ရတော့၏။

လွှတ်တော်အမတ်ကြီး ပူရစ်ရှ် ကီဗစ်ချ်ကတော့ မကျေနိ
နိုင်ဖြင့် အံတကြိတ်ကြိတ်။

(နောက်ပိုင်း၊ ရပ်စ်ပြူတင်ကို လုပ်ကြံသတ်ဖြတ်ရာတွင် အ
ကြီးပူရစ်ရှ် ကီဗစ်ချ်သည် ကြံရာပါအဖွဲ့ဝင် ဖြစ်သွားခဲ့၏။)

ရပ်စ်ပြူတင်အပေါ် ငြိုးဖွဲ့မုန်းတီးခဲ့သူများတွင် အမတ်ကြီး ပူ
ကီဗစ်ချ်သာမက၊ မြို့စားမင်းသားကြီး နီကိုလပ်စ်၊ ဘုရင့်တူေ
မြို့စားမင်းသား မစ်ထရီပက်ထရီဗစ်ချ်၊ မင်းသား ဖီးလစ်ဖလစ်ဇိုဗ
ယူဆူပေါ့ တို့လည်း ထင်ရှားခဲ့သည်။

ယူဆူပေါ့တို့မိသားစုသည် ဘုရင့်ဆွေမျိုးရင်းချာတွေ ဖြစ်ခဲ့သ
မို့၊ ဘာမဟုတ်သည့် တောသားလူရမ်းကားကြီးက နန်းတော်ကို ကိုင်
နေသည်အတွက် လုံးဝ မနှစ်မြို့ခဲ့ကြချေ။



www.burmeseclassic.com

www.burmeseclassic.com



သူဆိုပေါ့၏ မိခင်သည် ရွှေနန်းတော်မှ အဲလစ်ဇဗက်မင်းသမီး ...တစ်ဆင့် မိဖုရားအဲလစ်ကို နားချ၍ ရုပ်စ်ပြူတင်အား လက် ... တိုက်တွန်းစေခဲ့သည့်တိုင် မအောင်မြင်ခဲ့။

ထိုမျှသာမက ဆွေတော်မျိုးတော်များက ရုပ်စ်ပြူတင်ကို နန်း ...၌သားသည့်ကိစ္စအား ကန့်ကွက်လျှာ အစောင်စောင်တင်သွင်းကြ ...၏။ ဘုရင်နှင့် မိဖုရားက ပယ်ချပစ်ခဲ့သည်။

တစ်ခါတွင် ပြည်ထဲရေး ဒုဝန်ကြီးဖြစ်သော ဗိုလ်မှူးဇွန်ကော့ဗ် ...က ဟိုတယ်၌ သောင်းကျန်းချင်တိုင်း သောင်းကျန်း၍ အမူးလွန် ...းနေသော ရုပ်စ်ပြူတင်ကို ဓာတ်ပုံခိုးရိုက်ကာ ထိုဓာတ်ပုံများကို ...ဘုရင်နှင့်မိဖုရားထံ ဆက်သ,လိုက်၏။

သက်သေခံဓာတ်ပုံများကို မြင်ရပါလျက်နှင့် မိဖုရားကြီးမှာ ...နှာတော်နီမြန်းသွားပြီး ဒေါသတကြီးဖြစ်သွားသည်။

"ဒီလောက်တောင်မြင့်မြတ်တဲ့ သူတော်စင် ပုဂ္ဂိုလ်ကြီးကို ပြစ် ...ဆော်ကားရာရောက်အောင် အတုလုပ်သရုပ်ဆောင်ပြီး ဓာတ်ပုံ အရိုက် ...တဲ့လူ ဘယ်သူလဲ။ ချက်ချင်းစုံစမ်း အရေးယူလိုက်ကြစမ်း" ဟုပင် ...န့်တော် ထုတ်လိုက်သောဟူ၏။

အရပ်ရပ်နေပြည်တော် ကြားလို့မှမလျော် ဆိုသလို ပြစ်တင် ...ဒန်သံတွေ သဲသဲညံလာခဲ့သည်။ အဆုံးမှာတော့ ဇာဘုရင်က ရုပ်စ်ပြူ ...င်ကို နန်းတွင်းဝင် အခစားမခံတော့ဘဲ အစီအစဉ်တစ်မျိုး ပြောင်း ...က်ကြရသည်။

စီစဉ်ပုံကတော့ ရွှေတိုက်စိုးကြီးသမီး ရဲရွှေတော်အန်နာ ဝူဘောဗာ ... ရွှေနန်းတော်အနီး၌ အိမ်တော်တစ်ဆောင် ဝယ်ပေးကာ ထိုအိမ်တော် ... အလည်သွားရင်း ရုပ်စ်ပြူတင်ကို ဘုရင်နှင့်မိဖုရားတို့ ဆုံတွေ့ကြခြင်း ...င် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် ရုပ်စိပြုတင်ကို သူကောင်းပြုသောအားဖြင့် ပိုက
ကျေးရွာလေးမှ သူဇနီး သားသမီးများကို စိန့်ပီတာစဘတ်မြို့
သို့ခေါ်စေ၍ ဖောင်တင်ကားရပ်ကွက် ဂိုရိုခေါ်ဗျားလမ်း အမှတ်
တွင် ခြံနှင့်ဝင်းနှင့် တိုက်အိမ်တစ်လုံး ဝယ်ပေးထားခဲ့သေးသည်

စင်စစ်အားဖြင့် ဇာဘုရင်နှင့် မိဖုရား အဲလစ်တို့မှာ ရုပ်စိပြု
ဟူသော ကြောင်သူတော် မကောင်းဆိုးဝါး သရဲသဘက်ကြီး ပူး
စီးနင်းခြင်း ခံခဲ့ရခြင်းသာ ဖြစ်တော့၏။

တစ်နည်း ရွှေနန်းတော်ကနုတ်ပန်းကို ဆူးရိုင်းပင်တွေ
ကာ အလှပျက်ခဲ့ပါလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## မှဆိုးလေလား သာကောင်လား ॥ ၉ ॥

ရုပ်စိပ်ပြူတင်သည် ဇာမိသားစု၏ မျက်နှာသာပေးခြင်း ခံရ သထက် ခံရလာသလို၊ အခွင့်အရေးတွေ မသိမသာ ပိုယူလာသည်။

မိသားစုကိစ္စများသာမက နန်းတွင်းရေးနှင့် ရာထူးခန့်ထားရေး တွေမှာပါ ဝင်ရှုပ်လာသည်။

သူက အကြံကြီးသူပီပီ အလျှင်စလိုမဟုတ်ဘဲ တစ်လှမ်းချင်း ခမ်းနှင်း ရှေ့တိုး၍ ဩဇာပေးလွှမ်းမိုးခြယ်လှယ်ပြီး 'ဇာဘုရင်အထက် က ဇာဘုရင်'လုပ်ဖို့ ကြိုးစားခဲ့ခြင်းဖြစ်၏။

ပွဲဦးထွက်အနေဖြင့် ဘာသာရေးကိစ္စတွင် ဝင်ရောက်စွက်ဖက် လိုက်သည်။

၁၉၁၁ ခုနှစ်၌ တိုဘော့ခ်ခရိုင်၌ လစ်လပ်သွားသော ဂိုဏ်း အုပ်ဘုန်းကြီးခန့်ထားရာတွင် ဂိုဏ်းချုပ်ကြီးများ အစည်းအဝေးက ကန့် ကွက်သည့်ကြားမှ စာမတတ်ပေမတတ် ဗာနေဗားဆိုသူကို ရာထူးပေး လိုက်သည်။

ဗာသာ ဗာနေဗားဆိုသူမှာ ဘုန်းကြီးကျောင်းတွင် ဥယျာဉ်စိုက် အလုပ်သမားဘဝမှ တက်လာသူသာ ဖြစ်၏။ သို့သော် သူနှင့် ခင်မင်



www.burmeseclassic.com

www.burmeseclassic.com


ရင်းနှီးခဲ့၏။ သူ့လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ မတန်ဘေး ခန့်အပ်လိုက်တာပဲ ဆိုရမည်။

တစ်နည်းဆိုသော် သူ့ကိုယ်သူ အကောင်ကြီးကြောင်း ပြလိုက် သလို၊ ဂိုဏ်းချုပ်ကြီး ဟာမိုဂန်နှင့်အဖွဲ့ကို ဆန့်ကျင်စိန်ခေါ် အားပေး လိုက်ခြင်းပင်။

ဤတွင် တစ်ဘက်ကလည်း လက်တုံ့ပြန်ဖို့ ကြံတော့သည်။ ရပ်စ်ပြူတင်ကို စွဲချက်တင်ရန် ပြင်ဆင်၏။

သို့ပေမယ့် ရပ်စ်ပြူတင်က လက်ဦးမှုရသွားသည်။

သူတို့လိုက်သွားတော့ နောက်ကျသွား၏။ အမှုတွဲတွေကို အထောက်အထားအခိုင်အလုံနှင့် ကိုင်ထားသော ကာဇန်ရဲမှူးကို ဆိုက် ဘေးရီးယားသို့ ပို့ပစ်လိုက်ပြီး၊ ရပ်စ်ပြူတင်က သူ့လူတစ်ယောက်ကို အစားထိုးထားကြောင်း တွေ့လိုက်ရ၏။

အရှိန်က မြင့်တက်လာလေပြီ။

ဘုန်းကြီးတုလူဆိုးကို အချိန်မီဖြုတ်ပစ်ဖို့ ဆုံးဖြတ်လိုက်ကြ သည်။

၁၉၁၀ ခုနှစ် ဩဂုတ်လ ၂၇ ရက် ည။

ရပ်စ်ပြူတင် နန်းတော်မှ သူ့အိမ်သို့ လမ်းလျှောက်ပြန်လာသည်။

သူ့အိမ်အနီး လမ်းမြှောင်တစ်ခုခုသို့ အရောက်၊ နောက်က ခပ်သုတ်သုတ်လိုက်လာသောခြေသံများ ကြားလိုက်ရ၏။

ပြီးတော့ သေနတ်သံတစ်ချက်နှင့်အတူ ကျည်ဆံတစ်တောင့် က သူ့နားရွက်ဖျားမှ ဝီခနဲ ဖြတ်သွားသည်။

ရပ်စ်ပြူတင်လည်း အားရှိပါးရှိခုန်ပြီး ရောမလက်သီးကြီးနှင့် တစ်ခုတည်းသော လမ်းမီးတိုင်ကမီးလုံးကို ထုခွဲလိုက်သည်။

တစ်လမ်းလုံး မှောင်အတိကျသွားသလို သူ မြေပေါ်ပြန်အမှောက် ၌ ကျည်ဆံတွေ တစ်ပြုံကြီး သူ့ကိုယ်ပေါ်က ကျော်ဖြတ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေက မှောင်ထဲတွင် ရွေ့လျားသွားသည်။ ရန်သူ ...နတ်သမားတွေ ဘာဖြစ်လို့ဘာဖြစ်မှန်း မသိလိုက်ရ။ သူက လှစ်ခနဲ ...ပြီး လွှားခနဲ ခုန်အုပ်လိုက်၏။

လုပ်ကြံရေးသမား ငါးယောက် ခြောက်လုံးပူးတွေ သေနတ်တွေ ...ငင်လျက်သားနှင့်။

မမျှော်လင့်ဘဲ မှောင်ထဲမှ တန်ပြန်တိုက်ခိုက်မှုကြောင့် ကစဉ့် ...လျား ဖြစ်ကုန်ကြသည်။

ရပ်စ်ပြူတင်က ရန်သူနှစ်ယောက်ကို ကုပ်ကဖမ်းမိလိုက်ရာမှ ...ခေါင်းချင်း ရိုက်ခွဲပစ်လိုက်၏။ တစ်ယောက်က ပွဲချင်းပြီးသွား၏။ ...ကျန်လူလည်း ပုံလျက်သား တညည်းညည်းတအော်အော်နှင့်။

ကျန်သုံးယောက်က သူ့ကို အမဲဖျက်မည့်ဆဲဆဲ၊ သူ့အိမ်ကိုစောင့် ...နေရသော အော့စရာနာ လျှို့ဝှက်ရဲတပ်ဖွဲ့ဝင်နှစ်ယောက် အပြေးအလွှား ...ရောက်လာကြ၍ ရပ်စ်ပြူတင် အသက်ချမ်းသာရာရသွား၏။ သူ့ ...သက်မောင်းမှာတော့ ဓား ရှခံလိုက်ရသည်။

ရှေ့လျှောက် ရန်သူတွေနှင့် အားပြိုင်ပွဲမှာ ပိုကြမ်းလာတော့မည် ...ဟု အတပ်သိလိုက်လေသည်။

သူတင်ကိုယ်တင် သူပြွတ်ကိုယ်ပြွတ် အသေအကျေဆော်ဖို့သာ ...သူ ဆုံးဖြတ်လိုက်၏။

တစ်ရက်နှစ်ရက်ခြားပြီး အမတ်ကတော် စတင်နာ ဂလိုဗီနာ၏အိမ် ...သို့ ရုတ်တရက် ရောက်သွားသည်။ စာကြည့်ခန်းထဲတွင် လျှို့ဝှက်တိုင် ...ပင်နေသော လူ ငါးယောက်မှာ ဖြုန်းဒိုင်းကြီးဝင်လာသော ရပ်စ်ပြူတင် ...ကိုတွေ့ပြီး ပါးစပ်အဟောင်းသား အံ့အားသင့်ကုန်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ၊ တို့အချင်းချင်း မျက်နှာချင်းဆိုင် ရှင်းလိုက်ကြတာပဲ ကောင်းမယ်"

လေသံမာမာဖြင့် စိန်ခေါ်လိုက်သော ရုပ်စ်ပြူတင်၏မျက်လုံး အစုံမှာ မီးဝင်းဝင်းတောက်လျက်။

"မင်းတို့တွေ ကျုပ်ကို မကြည့်ချင်တော့လို့ ပက်ပက်စက်စက် ကြံခဲ့ကြတာပဲ။ ကောင်းပြီ။ ဒါဆိုလည်း မင်းတို့နှင့် ကျုပ် အပေး အယူတစ်ခု လုပ်ကြရအောင်။ ဘယ့်နှယ့်ရှိစ"

ရုပ်စ်ပြူတင်က ပြောင်ကျကျထိုးစစ်ဆင်လာသည်တွင် ဂိုဏ်း ချုပ်ကြီး ဟာမိုဂင် သွေးလန့်ပြီး ကြောက်အားတကြီး ကယောင်ချောက် ချား ထ,အော်မိသည်။

"ဒီ စေတန်နတ်ဆိုးကို နှင်ထုတ်လိုက်ကြစမ်းပါ။ ကျိန်စာသင့် နေတဲ့ လူလိမ်။ မင်း ဒီနေရာက အခုထွက်သွား"

ရွှေဖြင့်ပြီးသော လက်ဝါးကပ်တိုင်ကြီးကို ရင်ဘတ်ပေါ်မှာမြှောက် ပြလိုက်သေးသည်။

ရုပ်စ်ပြူတင်က လှောင်ပြုံးပြုံးလျက်။

"ဘစ်ရှော့ပ် ဟာမိုဂင်။ ခင်ဗျားဟာ အရူးပဲ။ ကျုပ်ကို ပြစ်မှား စော်ကားလိုက်တဲ့အတွက် ခင်ဗျားရဲ့ ဂိုဏ်းချုပ်ရာထူးဟာ ရှေ့ဆက် မြဲတော့မှာ မဟုတ်ဘူး။ သေချာတယ်။ ကျုပ်တို့ဟာ ရန်သူတွေ ဖြစ် သွားပြီ"

ရုပ်စ်ပြူတင်သည် ဟာမိုဂင်သာမက ကျန်လူအားလုံးကို ဂရု မစိုက်သည့်ပုံစံဖြင့် စကားဆက်ခဲ့၏။

"ဒါပေမယ့် မိတ်ဆွေလည်း ပြန်ဖြစ်နိုင်ပါသေးတယ်။ ကျုပ် ဟာ ခင်ဗျားတို့အတွက် အသုံးဝင်ချင်ဝင်ဦးမှာပါ။ အဲ၊ အဲဒီလို အဆင် ပြေဖို့အတွက်တော့ ကျုပ်ကို မဟုတ်တမ်းတရားတွေနှင့် အပုပ်ချပြီး



www.burmeseclassic.com

www.burmeseclassic.com



-လူသတ်သမားတွေနှင့် သေကြောင်းကြံတဲ့ ဟော့ဒီ မိုက်မဲတဲ့ -အစုတ်ကို ရာထူးကဖြုတ်ပစ်ဖို့ လိုတယ်"

"အို၊ ဒီအတုအယောင် မသမာကောင်ရဲ့စကားကို နားမယောင် -နှင့်"

ဟာမိုဂန်က တိုးတိုးလျှိုးလျှိုး မြည်တမ်းလိုက်၏။

ပူရစ်ရှိုကီဗစ်ချ်က ဟာမိုဂန်ကို နှုတ်ပိတ်နေရန် လက်ကာပြ -သည်။

ရုပ်စ်ပြုတင်က ဆက်ပြော၏။

"တကယ်လို့ ခင်ဗျားတို့က ဒီအသုံးမကျတဲ့ဂိုဏ်းချုပ်ကို ဖယ် -မယ်ဆိုရင် နောက်တစ်ပတ်နှစ်ပတ်အတွင်းမှာ ကျုပ် ရုရှားပြည် -ထွက်ပေးမယ်။ ဂျေရုစလင်ကို ဘုရားဖူးသွားတော့မယ်။ ဒါဟာ -နှစ်ပေါင်းများစွာ ကြံစည်တောင့်တခဲ့တဲ့ ကိစ္စပဲ။ သမိုင်း -မြင့်မြတ်တဲ့နေရာတွေ သွားချင်တာကြာလှပြီ။ ဘယ်သူ ပြောနိုင် -၊ အဲဒီရောက်မှ ကျုပ် ဘုန်းတန်ခိုး ပိုကြီးချင်ကြီးနေမှာ။ ပြီးတော့ -စ်အနေနှင့် အရေးကြီးတဲ့ နိုင်ငံရေးတာဝန်တွေပါ ထမ်းဆောင်ပေး -ဦးမယ် မဟုတ်လား"

"ဘယ်လို နိုင်ငံ့တာဝန်တွေပါလိမ့်"

မြို့စားကတော် ဂလိုဗီနာက မယုံမရဲ ဖမ်းထောက်လိုက်ရာမှ -ပြုတင်က ပခုံးတွန့်ပြလိုက်ရင်း-

"ဒါတော့ လျှာချောင်တတ်တဲ့ ဒီဂိုဏ်းချုပ်ရှေ့မှာ ထုတ်ပြောလို့ -ဘူးလေ။ သူ့ကို အရင် ပ,ထုတ်လိုက်ဦးမှပေါ့"

ဂိုဏ်းချုပ်ကြီးဟာမိုဂန် ရှုံ့ရှုံ့ရှားရှားနှင့် ခုန်ထ,လိုက်သည်။ သူ့တစ်မျက်နှာလုံး ဒေါသဖြင့် ဖွေးဖွေးဖြူလို့-

"ဒီကလိမ်ကကျစ်ကောင်စကားကို ဘာလို့များ အရေးထားပြီး -ဆောင်နေကြတာလဲ။ သူက တို့တစ်တွေကို သွေးခွဲနေတာ"



www.burmeseclassic.com

 www.burmeseclassic.com

ပူရစ်ရှုကီဗစ်ချ်က ဟာမိုဂန်ဘက်သို့လှည့်၍ မာကျော့အေး
သောလေသံဖြင့်–

"ရပ်စ်ပြူတင် ဘာပြောချင်တယ်ဆိုတာ ကျုပ်တို့ စိတ်ဝင်
နေပါတယ်။ ဂိုဏ်းချုပ်ကြီး အလျှော့ပေးပြီး ခဏ ထွက်ရှောင်နေလ
ပါ။ ကျုပ်တို့ သူ့စကားကို ကြားချင်လို့ပါ"

ဟာမိုဂန်လည်း မရွှင်မပျဖြင့် အခန်းပြင်သို့ ရောက်သွားရ
သည်။

"သိပ်ကောင်းပေါ့ဗျာ။ ခုမှပဲ စိတ်အေးလက်အေး ပြောရ
မယ်"

ရပ်စ်ပြူတင်က အောင်သံပေး၍ စ,လိုက်၏။

သူ့အကြံအစည်ကို အကြမ်းဖျင်း ချပြခြင်းဖြစ်၏။

ဒူးမားလွှတ်တော်တွင် ပူရစ်ရှုကီဗစ်ချ်၏ပါတီမှ အမတ်
ဦးက မကြာသေးမီကလစ်လပ်သွားသော ဝန်ကြီးချုပ်ရာထူးကို ချိန်
သည်ကို ထောက်ပြလိုက်သလို–

"ဘာပဲပြောပြော၊ ပါဝါမသုံးဘဲနှင့်တော့ ခင်ဗျားလူ ဒီရာထူး
မဟုတ်တာ သေချာတယ်။ ခင်ဗျား သိမှာပါလေ။ ကျုပ်သာ ထော
လိုက်လို့ကတော့ ဒီလူ မြောက်သွားနိုင်တယ်။ မတော်တဆ ခြေ
လက်ချော်ဖြစ်သွားရင်တော့ မတတ်နိုင်ဘူးပေါ့။ ဒီတော့ အပေးအ
ဒီလို လုပ်ကြရအောင်လား။ ခင်ဗျားဘက်က ဂိုဏ်းချုပ်ဟာမိုဂန်
အရာချပြီး နယ်နှင်ပစ်လိုက်ဗျာ။ ဒါဆိုရင် ခင်ဗျားလူ မြို့စား
ကိုကော့ဇက်ဗ် ဝန်ကြီးချုပ် ဖြစ်စေရမယ်။ အဲဒါပဲ"

ရပ်စ်ပြူတင်က ထိုင်ရာမှ ထ,သည်။ ပြုံးပြုံးလေး–

"စဉ်းစားလေ။ ဒါပေမယ့် အမြန်ဆုံး ကျုပ်ကို အဖြေပေး"
သို့ဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



၁၉၁၁ ခုနှစ်မတ်လ ၁ ရက်နေ့ထုတ် စိန့်ပီတာစဘတ် သတင်းစာကြီးများတွင် ဂိုဏ်းချုပ်ကြီးဟာမိုဂန်သည် စီမံရေးရာကိစ္စများ၌ အမှန်သဖြင့် ရာထူးမှချ၍ လစ်သူရေးနီးယားရှိ ဘုန်းကြီးကျောင်းတွင် သွားရောက်ကျောင်းထိုင်ရန် တာဝန်ပေးလိုက်ကြောင်း ပါရှိလာ၏။

မတ်လ ၃ ရက်နေ့မှာတော့ မြို့စားအမတ်ကြီး ဗီ၊ အန်၊ ကိုကော့ဇက်ဗ်အား ရုရှားအစိုးရအဖွဲ့သစ်၏ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်ကြောင်း ကြေညာသဖြင့် လူအတော်များများကို အံ့သြသွားစေခဲ့သည်။

ကိုကော့ဇ်ဇက်ဗ်ကလည်း ခြေပြေးသည်။

ဝန်ကြီးချုပ်ရာထူး ရလိုက်သည်နှင့် ဇာဘုရင်နှင့် အနီးကပ်ဆွေးနွေးပြောဆိုခွင့် ရှိလာသလို ရပ်စ်ပြူတင်အား ကျေးဇူးဆပ်တော့၏။

ကျေးဇူးဆပ်ပုံကတော့ သူ့ဆရာသမား ပူရစ်ရှ်ကေဗစ်ချ်၏ အစီအစဉ်အရ ဘုရင်မင်းမြတ်ထံချဉ်းကပ်၍ ရပ်စ်ပြူတင်သည် လူလိမ်လူရှုပ်သက်သက်ဖြစ်၍ အများပြည်သူတွေအပေါ် ဒုက္ခပေးနေသလိုလူကြောင့် တိုင်းရေးပြည်ရာ မငြိမ်မသက် အုံကြွဆူပွက်မည့်အရိပ်လက္ခဏာများ ပေါ်လာကြောင်းဖြင့် ပြန်ခွေ၍ချောက်တွန်းလိုက်ခြင်းပင်ဖြစ်သည်။

သို့ရာတွင် ဇာဘုရင်က ကိုကော့ဇက်ဗ်စကားကို တစ်ဝက်တပျက်မှာ ဖြတ်ချလိုက်ကာ အပြုံးသားဖြင့်–

“ကေ့ွ တော့ မောင်မင်းလည်း သတင်းစာတွေက ဝိုင်းရေးတာနားဝင်သွားပြီထင်ပါရဲ့”

“ဒီလိုပါအရှင်။ အရှင်နှင့် ဆက်နွယ်လာတဲ့သတင်းတွေမို့ ကျွန်တော်မျိုး ဂရုစိုက်ဖတ်မိတာပါ။ ခုဆိုရင် အရှင့်ပေါ် သစ္စာစောင့်သိတဲ့ မှူးမတ်တော်သား သတင်းစာစောင်တွေကတောင် ဒီပုဂ္ဂိုလ်ရဲ့ ဆိုးသွမ်းသောသွမ်းပုံကို ပြင်းပြင်းထန်ထန် ဝေဖန်နေကြပါပြီ”



www.burmeseclassic.com

www.burmeseclassic.com



"အိုကွာ။ သူတို့ ဝေဖန်ချက်တွေအားလုံး အဓိပ္ပာယ်မရှိပါဘူး ရပ်စ်ပြုတင်အကြောင်း ကိုယ်တော် ကောင်းကောင်းသိပါတယ်"

ဘုရင်က ခပ်ပြတ်ပြတ်မိန့်ကြားလိုက်သည်။

ကိုကော့ဖ်ဇက်ဗ် အကြံမအောင်။ ခပ်လျှိုလျှိုလေး နောက်ဆုတ်လိုက်ရသည်။

ထိုမှ ကိုကော့ဖ်ဇက်ဗ် ဝန်ကြီးချုပ်ဖြစ်ပြီး ဆယ်ရက်အကြာ ဘုရင့်အမိန့်လား၊ ရပ်စ်ပြုတင်၏ အစီအစဉ်လား မဆိုနိုင်ဘဲ သတင်းစာများတွင် စိတ်ဝင်စားစရာသတင်းတစ်ပုဒ် ပါလာပြန်တော့သည်။

သူတော်စင်ကြီး ရပ်စ်ပြုတင် အနောက်ဥရောပသို့ ဘုရားဖူးသွားရန် တိုင်းပြည်မှ ထွက်ခွာတော့မည်ဟူသော သတင်းပင်။

ရပ်စ်ပြုတင် ပြည်ပခရီးမသွားခင် ဘုရင်နှင့်မိဖုရားကြီးအား သွားနှုတ်ဆက်ရင်း သတိပေးစကား ဆိုခဲ့သေး၏။

"မကောင်းဆိုးဝါးလူစားတွေက ကျွန်ုပ်ကို အရှင်နှစ်ပါး၏ မေတ္တာရိပ်က မောင်းထုတ်ဖို့ ကြိုးစားနေတယ်ဆိုတာ ကျွန်ုပ် နားလည်ပါတယ်။ ဒါပေမယ့် တကယ်လို့သာ အရှင်တို့ဟာ ကျွန်ုပ်ကို ရာသက်ပန် ခွဲထုတ်ပစ်လိုက်မယ်ဆိုရင် သားတော်လေး ဆုံးရှုံးရမှာနှင့်အမျှ ထီးနန်းစည်းစိမ်ကိုလည်း ခြောက်လအတွင်း စွန့်လွှတ်ကြရပါလိမ့်မယ်"

သည့်နောက် ရပ်စ်ပြုတင်သည် ဂျေရုစလင်အပါအဝင် အနောက်ဥရောပတစ်လွှား ထင်ရှားသော ဘာသာရေးနယ်မြေများဆီသို့ ဘုရားဖူး ခရီးလှည့်သည်။

ရောက်ရာအရပ်မှ မိဖုရားကြီး ဇာရီးနာထံသို့ စာမပြတ်ရေးခဲ့၏။

စာတွေကို အန်နာ ရှဘောဗာ အိမ်လိပ်စာတပ်၍ ရှဘောဗာက တစ်ဆင့် မိဖုရားကြီးထံ ဆက်သလာခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အတွေမှာ တွေ့ကရာစာရွက်ပေါ်တွင် ဖြစ်ကတတ်ဆန်းရေး
လို မင်စွန်းတာကစွန်းနှင့် ညစ်ပတ်ပေရေနေတတ်သည်။
မိဖုရားကြီးအဖို့ ဖတ်ရှုမငြီးနိုင်အောင်တော့ ဖွဲ့နွဲ့ထားသည်။
ကွန်စတင်တီနိုပိုးလ်မြို့မှ စိန့်ဆိုဖိယာ ဘုရားရှိခိုးကျောင်းကြီး
ကြောင်း၊ ဂိုဒီးစ်ကျွန်းမှ ဥယျာဉ်သားများအကြောင်း၊ ဘေရွတ်မြို့တော်
ဂါ်ဗလီများအကြောင်း ဘာသာရေးအမြင်တွေနှင့် ကဗျာဆန်ဆန်
ထားဏ်။

ပင်လယ်ခရီးနှင့်ပတ်သက်၍ ဖွဲ့ဆိုပြောပြရမှာလည်း–

"ဒါနှင့် ပင်လယ်ရဲ့ ငြိမ်းချမ်းမှုအကြောင်း ပြောပြရဦးမလား
အောဒက်ဆာက ရှေ့ခရီးဆက်လိုက်တာနှင့် အံ့လောက်စရာ
အေးချမ်းမှုက တို့ကို ထွေးပွေ့လိုက်တယ်လေ။ တို့ဝိညာဉ်ဟာ
တစ်လွှားမှာ မြူးကစားပြီး တဖြည်းဖြည်း အိပ်စက်သွားလေရဲ့။
တလက်လက်တောက်နေတဲ့ လှိုင်းကြက်ခွပ်လေးတွေနှင့်ခွဲပြီး
သွားချင်အောင် စွဲမက်ခဲ့ရတယ်။ မိုးလင်းလို့ အိပ်ရာကနိုးတော့
က တို့ကို စကားလာပြောပြန်တယ်။ လှိုင်းပုတ်လို့ တို့နှလုံးသား
ကြားလန်းဆန်းနေရတယ်။ ဒီနောက် အရှေ့မိုးကုပ်စက်ဝန်းက
လာပြီး၊ နေရောင်ခြည်အောက်မှာ လူသားရဲ့ဝိညာဉ်ဟာ လွှမ်း
စရာအားလုံးကို မေ့သွားမတတ်ဖြစ်ကာ ဘဝရဲ့အဓိပ္ပာယ်
အသိဉာဏ်ကြွယ်ကြွယ်နှင့် နားလည်လိုက်ရပါတယ်။ ပင်လယ်
တို့ကို အသေးအဖွဲလေးတွေကို မေ့အောင်လုပ်ပြီး တမေ့တမော
ဆွေးနယ်ချဲ့စေခဲ့ပါတယ်။ ပင်လယ်ပြင်မှာ ကန့်သတ်မှုမရှိ
ကဲ။ လူသားရဲ့ပညာဉာဏ်ဟာလည်း အဆုံးမဲ့သောအသိတရား
ပြည့်ဖြိုးလို့နေပါတယ်။

"နေဝင်ချိန်မှာ ပင်လယ်ပြင်ကို လိမ္မော်ရောင်ရွှေရည်ဖြင့် ဖျန်း
တာ သိပ်လှတာပဲကွယ်။ တောင်စွယ်နေကွယ်တော့ ဆည်းဆာ



www.burmeseclassic.com

www.burmeseclassic.com


မှောင်ရိပ် သမ်းလာပြန်ရော။ ပကတိအေးငြိမ်းမှု လွှမ်းခြုံသွားတ
ငှက်သံတွေလည်း ဆိတ်လို့-။ ဒါပေမယ့် လူသားဟာ သူ့ ငယ်
တမ်းတရတယ်။ ငြိမ်သက်ခြင်းနှင့် ဆူညံနေတဲ့ကမ္ဘာကြီးကို နှိုင်း
ကြည့်မိတယ်။ သစ်ပင်ပန်းမာလ်တွေ ဘာမှမရှိတဲ့ခရီးကို ကြ
ကြာမောဖြတ်သန်းခဲ့ရပြီး ကမ်းကို တွေ့ရော။ ဒီအခါမှာ ဘုရားသ
ရဲ့ အံ့ဖွယ်ဖန်ဆင်းမှုတန်ခိုးတော်မှာ ကြည်မွေ့ခဲ့ရပြန်လေရဲ့"

ဂျေရုစလင်မှာ ပေးပို့သောစာများတွင် ဂက်စ်မိန်းဥယျာဉ်ကြ
အလှများကို ပြောပြထားပြီး-

ဘုရားသခင်က ဒီအချိန်ဒီကာလကို ဘယ်လိုမှ မေ့မရအေ
ဖန်တီးပေးလိုက်သလိုပါပဲ။

"ခရီးရှည်ကြီးအဆုံးတိုင်ခဲ့ပါပြီ။ ဘာသာရေးလုပ်ငန်းတွေ
ဆောင်ခွင့်ရတဲ့အတွက် အားလုံးကို ကျေးဇူးတင်သလို ကောင်း
လုပ်ပြီး ကျေးဇူးဆပ်ပါတယ်။ အလွန်ထူးမြင့်မြတ်တဲ့မြေပေါ်မှာ
လိုက်ရတာ ဝမ်းသာအံ့သြ မဆုံးတော့ပါ" ဟု ပါရှိပြီး၊ ဆက်ရေ
ပုံက-

*"ဒီမှာ ဝိုင်အရက်ကတော့ ဈေး ပေါမှပေါပဲ။ လူတွေက*
သောက်သလိုကို သောက်နေကြတာကလား"

မိဖုရားကြီးက ထိုစာများကို ရွှေကြုတ်ထဲ အမြတ်တနိ
သိမ်းထားသည် ဆို၏။

အမတ်ကြီး ပူရစ်ရှ်ကောဗစ်ချ်နှင့် အပေါင်းပါများကတော့
ပြူတင် လွင့်သွားပြီး၊ နိုင်ငံရပ်ခြားမှာ ကျောက်ချနေတော့သည်ဟု အော
မေ့ခဲ့ကြ၏။


www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ထိုနှစ်အကုန်တွင် တော်ဝင်မိသားစုက ပြင်းထန်သော ...ိုင်းဆောင်းဒဏ်ကိုရှောင်၍ ကရိုင်းမီးယားရှိစံအိမ်တော်သို့ ...နေစဉ်၊ ရုပ်စ်ပြူတင် ရုရှားသို့ ပြန်လာတော့မည်ဟု သတင်းလွှာ ...က်တာ သိလိုက်ရ၏။

သတင်းက တောမီးထက်မြန်သလို ဝန်ကြီးချုပ် ကိုကော့ဗ်ဇက်ဗ် ...ကိုယ်ပိုင်အထူးရထားဖြင့် ကရိုင်းမီးယားသို့ ဒုန်းတိုက်ပြေးခဲ့ ...သည်။

သူက ရုပ်စ်ပြူတင်မရောက်ခင် ကြိုသွားနှင့်သလို၊ ဘုရင့် မိသားစု ...ည်း သွားမတွေ့ဘဲ တစ်နေရာတွင် အောင်းနေလိုက်၏။

ညနေပိုင်း ရုပ်စ်ပြူတင်ရောက်လာချိန်ကျမှ သူက ရထားလုံး ...နှင့် ဘူတာရုံသို့ သွားစောင့်နေခဲ့၏။

နောက်လိုက်တပည့်များ ခြံရံလျက် ရထားပေါ်မှာဆင်းလာသော ...ပူတင်အား ရာချီနေသောလူတွေက သဲသဲလှုပ်မျှ ဆီးကြိုခဲ့ကြ ...

ရုပ်စ်ပြူတင် လာရာလမ်းဘေးတွင် ရထားလုံးဆိုက်ကာစောင့်နေ ...ကိုကော့ဗ်ဇက်ဗ်က မျက်နှာပြုံး၍လက်ပြလိုက်ပြီး သူ့ရထားလုံး ...၌ ဖိတ်ခေါ်လိုက်၏။

ရုပ်စ်ပြူတင် တအောင့် စဉ်းစားသည်။ သူ့အခြွေအရံတွေကို ...ပြောသည်။

"သွားနှင့်ကြ သားတို့သမီးတို့။ ဆရာကြီး ဟော့ဒီကဝန်ကြီးချုပ် ...ကားနည်းနည်း ပြောစရာရှိလို့။ မကြာပါဘူး။ မင်းတို့နောက် ...အမီလိုက်ခဲ့ပါ့မယ်"

သည့်နောက် လူတွေ ရှင်းသွားသည်အထိ စောင့်ပြီး ကိုကော့ဗ် ...ာ သူ့ရထားလုံးမောင်းသမားကို ခပ်လှမ်းလှမ်းတွင် သွားရှောင် ... အမိန့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


ပြီးမှ –

"ဂရိဂိုရီ အက်ဖိမိုဗစ်ချ်၊ ခင်ဗျား ရုရှားကိုပြန်လာဖို့ ဆုံး
လိုက်တာ ကျုပ်တို့တော့ အံ့ဩလို့မဆုံးတော့ပါဘူး။ မြို့တော်ရဲ့ရာ
ဟာ ခင်ဗျားကျန်းမာရေးနှင့် ဘယ်လိုမှမကိုက်တာလည်း ခင်ဗျား
ပဲလေ"

"ဒါပေါ့။ ကျုပ် နားလည်ပြီးသားပါ။ အမှောင်ကျတဲ့လမ်း
တွေမှာ လူသတ်သမားတွေ စောင့်နေတယ်ဆိုတော့ ကျုပ်အ
အသက်အန္တရာယ်မကင်းတာ အမှန်ပဲလေ"

ရပ်စ်ပြူတင်က သဘောတူ ဝန်ခံလိုက်သည်။

*ကိုကော့ဗ်ဇက်ဗ်က စကားဆက်၏။*

"ခင်ဗျားဟာ ကြောင်းကျိုးဆင်ခြင်တတ်တဲ့ ပုဂ္ဂိုလ်ပါ။ 
ခင်ဗျားကို ကျွန်တော် အဆိုတစ်ခု ပြုပါရစေ"

ပြီး ရထားလမ်းကြမ်းပြင်တွင် ချထားသော ရောမသေ
တစ်လုံး၏အဖုံးကို ခေါက်ပြလိုက်ရင်း–

"ဒီသေတ္တာကြီးထဲမှ ရွှေဒင်္ဂါး ရှာဘယ် နှစ်သိန်း ပါတယ်။ 
ဆိုက်ဘေးရီးယားက ဓာတိရွာကို တန်းပြန်မယ်ဆိုရင် ရထား
တစ်ပါတည်း ယူသွားဖို့ပါပဲ။ ကျွန်တော်တို့ကို ကတိတစ်ခွန်း
ပါ။ စိန့်ပီတာစဘတ်ကို ဘယ်တော့မှ ပြန်မလာပါဘူးလို့"

ရပ်စ်ပြူတင်က မျက်စိကို တစ်ဝက်မှေး၍ စဉ်းစားသ

"အင်း၊ အတော်ရက်ရောသလောက် ဆွဲဆောင်အား
တဲ့ ကမ်းလှမ်းမှုပါပဲ။ ဒါပေမယ့် ဒါကို လက်မခံခင် ကျုပ်အ
ဘုရင်မင်းမြတ်ကို အသိပေးရလိမ့်မယ်။ သူက ခွင့်ပြုမယ်ဆို

ဝန်ကြီးချုပ်က ဒေါသတကြီး ကြားဖြတ်၍

"ဒီမယ် ဂရိဂိုရီ အက်ဖိမိုဗစ်ချ်၊ ဒီကိစ္စကို ဘုရင့်နား 
တစ်ပါဒမှ မပေါက်ကြားစေရဘူးနော်။ ခင်ဗျား ဖွင့်ပြောမယ်


www.burmeseclassic.com

www.burmeseclassic.com 

ကျုပ်ကတော့ ခါးခါးသီးသီး ငြင်းဆန်ပစ်ရမှာပဲ။ ခုကိစ္စကို ...ားနှင့် ကျုပ် နှစ်ယောက်တည်း သိစေချင်တယ်"

ရပ်စ်ပြူတင်က ရထားလုံးပေါ်မှ ဆင်းထွက်လိုက်သည်။ အောက်မှနေ၍ ကိုကော့ဖ်ဇက်ဗ်ကို ပြုံးပြသည်။

နောက် ကိုကော့ဇက်ဖ်မျက်နှာကို တည့်တည့်ကြီး စိုက်ကြည့် ...

"ခုချိန်ကစပြီး မင်းသိထားဖို့က ငါ့ကို ငွေနှင့်ပေါက်ပြီး ဝယ် ...ရဘူး ဆိုတာပဲ။ အဲဒါ မင်းတို့အားလုံး မြဲမြဲမှတ်ထားလိုက်။ ငါ ... ဘုရားသခင်ရဲ့အမိန့်ကိုပဲ လိုက်နာမယ်။ ကမ္ဘာလောကကြီးတစ်ခု ...ာ ရှိသမျှ ဘယ်အရာကမှ ဘုရားစကားကို သွေဖည်ဖို့ ငါ့ကို ...လို့ရမှာ မဟုတ်ဘူး"

ချာခနဲနောက်လှည့်ပြီး သူ့တပည့်တွေနောက်သို့ အမီလိုက်ချ ...တော့၏။

ထိုညမှာတော့ ဇာဘုရင်က ရပ်စ်ပြူတင်အား ရင်ချင်းအပ်၍ ...က်နှုတ်ဆက်ခဲ့သလို၊ မိဖုရားကြီးကလည်း ဒူးထောက်ဝပ်တွားလျက် ...ပေနံ့စော်နေသော ရပ်စ်ပြူတင်၏ဝတ်လုံရှည်ကြီးအား နမ်းရှုပ် ...လိုက်သည်ကို ကိုကော့ဇက်ဗ်တစ်ယောက် မျက်ဝါးထင်ထင် တွေ့ ...လိုက်ရလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com


လိုတရ တန်ခိုးရှင် ။ အ

၁၉၁၂ ခုနှစ် ဇန်နဝါရီလအတွင်း ဘုရင့်မိသားစုနှင့် ရုပ်စ်ပြူ
တို့ စိန့်ပီတာစဘတ်သို့ ပြန်လာကြ၏။

ရုပ်စ်ပြူတင် နိုင်ငံခြားကပြန်ရောက်လာမှ ဘုရင့်မိသား
အကြည်ညို ပိုကဲလာကြသည်။

"သူတော်စင်ကြီးဟာ အပြစ်တွေစင်ကြယ်အောင် ဆေးေ
ပြီးခဲ့သလို မကောင်းဆိုးဝါးတွေနှင့် တိုက်ပွဲဆင်ရာမှာ အကြီးအကျ
အောင်နိုင်ခဲ့သူပဲ"

မိဖုရားကြီးနှုတ်က ဖွင့်၍ကြေညာခဲ့ဖူး၏။

တစ်ခါကလည်း အိမ်ရှေ့သားတော်လေးက ဘုရင်ကြီး
ကောက်ခါငင်ခါ မေးခွန်းထုတ်ခဲ့၏။

"ဖေဖေ။ ဂရေဂိုရီ အက်ဖိမိုဗစ်ချ်ဟာ တကယ်ပဲ သူတော်
လားဟင်"

ကေရာဇ်မင်းမြတ်က အနီးတွင်ရှိနေသော နန်းတွင်းဘု
ကျောင်းမှ ကျောင်းထိုင်ဘုန်းကြီး ဖာသာ ဗက်ဆီလီယက်ကို လှည့်
ပြီး အဖြေပေးခိုင်းလိုက်၏။ ဘုန်းကြီးက ဝေ့လည်ကြောင်ပတ်လ


www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့သည်။ သူ့အဖြေတစ်ခုလုံးကို ခြုံလိုက်လျှင် သားတော်လေး၏ ...နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေ၏။ သို့ဖြင့် ဘုရင်မင်းမြတ် ...မျက်မာန်တော်ရှပြီး၊ ဘုန်းတော်ကြီးပြောရင်းတန်းလန်းကို ကမန်း ...ထမ်း ဝင်ဖြတ်လိုက်သော ဟူ၏။

ရုပ်စ်ပြုံတင် မူးယစ်ရမ်းကား မိန်းမရှုပ်သည့်အပုပ်နံ့တွေ ထွက် ...သည့်လည်း မိဖုရားကြီးက "သူတော်ကောင်းကို သက်သက် အသရေ ...တာ"၊ "မိစ္ဆာဆိုးတွေရဲ့ ဖြားယောင်းလှည့်ပတ်မှုပါ"ဟု ဆိုပြီး ...အထိမခံခဲ့။

ရုပ်စ်ပြုံတင် နန်းမလေ့ နန်းထုံးစံများကို သွေဖည်ကာ ယဉ်ကျေး ...မှုခြင်း မရှိ၊ ပကတိ တောသားလူရိုင်းပုံစံနှင့် နေသည်ကိုပင် ...ကြီးက သဘောကျနေခဲ့သည်။

နန်းတွင်းသူ နန်းတွင်းသားတွေလို ဟန်ဆောင်အမူအရာများ ...မနေတာကိုက ရုရှားအညာတရ ပြည်သူများရဲ့ဘဝကိုပြဖို့ ဘုရား ...က ဂရေဂိုရီကို တမင်လွှတ်လိုက်တာလို့လည်း ယူဆခဲ့သည်။

သည်သို့ဖြင့် နိုင်ငံခြားပြန် ရုပ်စ်ပြုံတင်သည် နန်းတွင်းနန်း ...ဘုန်း တက်ပြီးရင်း တက်၊ တန်ခိုး ထက်ပြီးရင်း ထက်ခဲ့ရလေ ...၏။

နန်းတော်နှင့် အစိုးရအဖွဲ့အတွင်း သူနှင့် မသင့်တင့်သူများကို ... သူ့ဩဇာခံမည့် သူ့လူများကို အစားထိုးပြီး ခန့်နှင့် ထင်တိုင်း ...၏။

ဥပမာ သူ့ကို ဆိုက်ဗေးရီးယားသို့ပြန်ရန် လာဘ်ထိုးပြီး နှင် ...ဖို့ကြံခဲ့သော ဝန်ကြီးချုပ် ကိုကော့ဖ်ဇက်ဖ်ကို အငြိုးထားဖယ်ရှား ... အရည်အချင်း မရှိ၊ သူနှင့်ရင်းနှီးသော ဘောရစ်စတူးမားကို ...ကောင်းကြံသည်နှင့် ရာထူးတက်ပေးလိုက်ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ ကချေသည်မလေးတစ်ယောက်အိမ်တွင် စတူးမာ
တစ်ပတ်တစ်ခါ လျှို့ဝှက်တွေ့ဆုံ၍ ညွှန်ကြားချက်များ ပေးသ
စတူးမားကလည်း သူ့စေခိုင်းချက်များအတိုင်း တစ်သဝေမတိမ်း
ဆောင်ရွက်ခဲ့ရသည်။

စတူးမားသည် ရဲတိုက်ဟောင်းကြီးတစ်ခု၌ ရုပ်စ်ပြူတင်
တွေ့ဆုံကာ အရက်များနှင့် ကပွဲသဘင်များနှင့် ညှော်ခံနေကျဖြစ်သ
ရုပ်စ်ပြူတင်သည် တပည့်မအပေါင်းနှင့်အတူ မိုးလင်းပေါက် သော
မူးယစ်ပြီး ပျော်ပျော်ပါးပါး က,ခုန်လေ့ရှိစမြဲဟု သတင်းထွက်

ရုပ်စ်ပြူတင်အဖို့ လက်ညှိုးညွှန်ရာ ရေဖြစ်သကဲ့သို့ တန်ခိုး
ကြီးမားလာသည်နှင့်အမျှ တစ်ဘက်တွင်လည်း ရန်သူအင်အားက
လာသည်။ ရန်သူတော်တွေထဲ၌ မြို့စားနယ်စားကြီးတွေ အားလုံး
ဗိုလ်ချုပ်များ၊ နိုင်ငံရေးသမားများအပြင်၊ မြေပိုင်ရှင်သူဌေးကြီး
ပါလာကြပါပြီ။

ဆွေတော်မျိုးတော် တစ်စုကလည်း ရုပ်စ်ပြူတင်ကို လက်
ဇာဘုရင်အား နားချကြသလို၊ ပြစ်ချက်အမျိုးမျိုးနှင့် တိုင်စာ
မလှုပျံလာသည်။

"ရုပ်စ်ပြူတင်ဟာ တကယ် စိတ်ကောင်းရှိဘဲ့ ပုဂ္ဂိုလ်ထူးကြ
ဟူသောအပြောဖြင့် ဘုရင်ကိုယ်တိုင် အကာအကွယ်ပေးရုံနှင့်
လောက်တော့။

အခြေအနေက ဘုရင်မင်းမြတ်၏ ရာဇပလ္လင်ကို ကိုင်လှု
သည်အထိ ဆိုးလာသည်။

တော်ဝင်မိသားစု၏ အသက်အန္တရာယ်ကိုပင် ခြိမ်းချောက်
ချေပြီ။


www.burmeseclassic.com

www.burmeseclassic.com



ဇာဘုရင်လည်း မလွဲမရှောင်သာသော အဖြစ်မှန်ကို ရပ်စ်ပြူတင်
ွင့်ပြောလိုက်ရတော့၏။

မတ်လ၏ မိုးသည်းည တစ်ည။

ဇာဘုရင်၊ မိဖုရားကြီးနှင့် ရပ်စ်ပြူတင်တို့ သီးသန့်စာကြည့်တိုက်
ဆုံတွေ့ခဲ့ကြရသည်။

မိဖုရားကြီးကတော့ မျက်ရည်တွေ ဝိုင်းနေ၏။

ဘုရင်မင်းမြတ်က သူ့အခက်အခဲ အကျပ်အတည်းကို ထုတ်ပြ
ပြီး ရင်ပေါ့သွားရာမှ "ရပ်စ်ပြူတင် ဘယ်လိုလုပ်မလဲ"ဟု
၏။

ရပ်စ်ပြူတင်ဟာ အကြာကြီးငြိမ်နေပြီးမှ–

"ကျွန်ုပ်ဟာ အရှင်သခင်ကို ချစ်ခင်မြတ်နိုးသလို ဘေးရန်
ယ်တွေကလည်း စောင့်ရှောက်ကာကွယ် ပေးချင်ပါတယ်။ ဒီတော့
က်လူတွေ ကျေနပ်အောင် ခေတ္တခဏတော့ အယောင်ပြခွဲခွာကြ
ါ။ ကျွန်ုပ် ပိုထရော့စကိုးကို အလည်ပြန်မယ်ဆိုပြီး သွားရှောင်
က်ပါ့မယ်။ ရှေ့လ အရှင်တို့ ကရိုင်းမီးယားကိုသွားတဲ့အခါ မလိုက်
ါဘူး။ ဒါပေမယ့် အရေးကြုံရင်တော့ ကျွန်ုပ်ကို ခေါ်လိုက်ပါ။
ကျွန်ုပ်ကို မခေါ်လို့မဖြစ်ဘူးဆိုတာ သိနေပါတယ်လေ။ အဲ၊ တစ်
ာ့ရှိတယ်။ ကျွန်ုပ်ကို မလိုမုန်းထားတဲ့ ရန်သူတွေကိုတော့ အပြီး
အနိုင်မပေးလိုက်ပါနှင့်"

မိဖုရားကြီးက ရပ်စ်ပြူတင်ထံ ပြေးဝင်သွား၏။

"ဖာသာ ဂရီဂိုရီ။ ကျွန်မတို့ကို ပစ်မသွားပါနှင့်။ ပစ်မထားခဲ့ပါ"

မျက်ရည်စက်လက်ဖြင့် တောင်းပန်၏။

ရပ်စ်ပြူတင်က အဲလစ်၏ပခုံးအစုံကို တယုတယကိုင်ရင်း–



www.burmeseclassic.com

www.burmeseclassic.com



"စိတ်အေးအေးထားပါ သခင်မ။ သိပ်လည်း စိတ်သော
အရောက်မခံပါနှင့်။ ယာယီအားဖြင့် ခွဲနေတဲ့သဘောပဲ ရှိတာပါ။ လူ
ကို လှည့်စားရုံသက်သက်ပါပဲ။ အဆက်အသွယ် မပြတ်စေရပါ
အားလုံး ပြီးတော့လည်း ပြီးသွားမှာပါ"

ရပ်စ်ပြူတင်က သူ့စကားအတိုင်း နောက်တော်ပါများနှင့်
ဘေားရီးယားသို့ အထွက်ပြသွား၏။

ဧပြီလ ဆောင်းဦးပေါက်ကာလတွင် တော်ဝင်မိသားစုသ
ကရိုင်းမီးယားတွင် ဆောင်းခိုခဲ့ကြ၏။ တစ်ဆောင်းလုံး ဘုရင်မင်းမြ
စိတ်ပြေလက်ပျောက် အမဲလိုက်ထွက်နေ၏။

ထိုအတွင်း ရှစ်နှစ်သားအရွယ် ရှိနေပြီဖြစ်သော အိမ်
မင်းသားလေး အဲလက်ရှားက မော်တော်ဘုတ် အပျော်လှေ
သည်။ အပြန်၌ မော်တော်မှ ကမ်းပေါ်သို့ခုန်အတက် အရှိန်လွန်
ချော်ကျသွားသည်။

သူ့အထိန်းတော် သင်္ဘောသား လူထွားကြီး ဒီရီဗင်ကိုက အ
ဖမ်းဆွဲလိုက်သော်လည်း မမီလိုက်ဘဲ ဒူးခေါင်းနှင့် ကျောက်တုံးတ
ရိုက်မိလိုက်ပါပြီ။ လူကောင်းဆိုလျှင်တော့ အကြောင်းမဟုတ်။

အထိအခိုက်မခံသော သားတော်လေးမှာ ချက်ချင်းပင်
သွားရသည်။ ယာယီစံနန်းတော်သို့ ပွေ့ချီလာရာမှ ကုတင်ပေါ် ရော
တော့ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေပေပြီ။

အဖျားဒီဂရီက ၁၀၄။ ဒူးခေါင်းက ယောင်ကိုင်းလို့
ငိုနေရသည်။

ရွှေမြို့တော်မှ ခွဲစိပ်ပါရဂူကြီးနှင့် အထူးကုသမားတော်ကြီးတော
အရေးတကြီး ဖုန်းဆက်ခေါ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကြီးတွေမျက်စိအောက်မှာပင် သွေးအဆိပ်တွေက တစ်ကိုယ်လုံး ပျံ့နှံ့ကုန်၏။ ပါရဂူကြီးတွေ ဘယ်လိုမျှ မတတ်နိုင်တဲ့ ...၏။

သားတော်လေး သတိပြန်လည်လာစဉ်

"သားတော် သေရတော့မှာလား မေမေ" ဟု သွေးရူးသွေး...နှင့် မေး၏။

ပြီးတော့—

"သူတော်စင် ဘဘ။ သူတော်စင်ကြီးကို ခေါ်ပေးပါ" ဟု ...ပြူတင်ကို တမ်းတ,သည်။

နောက်တစ်ပတ်အကြာမှာပင် သားတော်လေး လူကောင်းပကတိ...ဖြင့် ဇာကိုစယ်လိုနန်းတော်သို့ ပြန်ရောက်ခဲ့ရတော့၏။

မိဖုရားကြီးလည်း ဘုရင့်သဘောတူညီချက်ကို တောင်းယူ၍ ...သွန့်နန်းလျာသားတော်လေး ကျန်းမာရေးအတွက် ရပ်စ်ပြူတင်၏ ...စောင့်ရှောက်မှုကို လိုအပ်သဖြင့် "ရွှေနန်းတော်သို့ အမြန်ဆုံးပြန်...ခေ"ဟု အမိန့်ပေးလိုက်တော့သည်။

စိန့်ပီတာစဘတ်နန်းတော်သို့ ရပ်စ်ပြူတင် ပြန်ရောက်လာသည့် ...နေ့မှစ၍ ယခင်ထက် နှစ်ဆ ဘုန်းလက်ရုံး ဟုန်းဟုန်းတောက်ခဲ့ရ...ပါ။

သူတို့သားတော်လေးရဲ့ အသက်သခင် ကျေးဇူးရှင်မို့ ရပ်စ်ပြူ...အပေါ် ဘုရင် မိဖုရား မင်းနှစ်ပါး၏ ကြည်ညိုလေးမြတ်မှုနှင့် ...ကွယ်ဆည်းကပ်မှုကတော့ အတိုင်းမသိပါပဲ။

ရပ်စ်ပြူတင်ကိုယ်တိုင် ဘုန်းတော်ကြီး အီလီယော့ဒါထံ ရေးပို့...သည့် စာတစ်စောင်၌—

'တစ်ခါတုန်းက ပါပါဘုရင်ကြီးဟာ ကျုပ်ကို ပခုံး...ပြီး ...ကြည့်ရာက ဝမ်းသာအယ်လဲနှင့် ပြောဖူးလေရဲ့။ "ဂရီဂိုရီ သင်ဟာ



www.burmeseclassic.com

www.burmeseclassic.com

ခရစ်တော်ပါပဲ။ သင်ဟာ ခရစ်တော်အစစ်ပါပဲ”တဲ့။ ကျ...
ပြုံးနေလိုက်တော့ သူက ထပ်ပြောပြန်တယ်။ “ဟုတ်တယ် သ...
ခရစ်တော်ပါ” တဲ့။

‘နောက်တစ်ကြိမ် စားပွဲဝိုင်းမှာစုထိုင်နေရင်း ပါပါကြီးက ...
ဂိုရို သင့်ကို ကျွန်ုပ် ဘယ်လောက်ချစ်တယ်ဆိုတာ အသိပဲနော်။ ...
ပြုံးပြီး နန်းတော်ကို နေ့စဉ်လာပါ။ ဒါပေမယ့် တခြားလူတွေကို ...
တဲ့အနေနှင့် အရှိန်အဝါတွေတော့ မသုံးပါနှင့်။ အဲသလိုဆိုရင်...
ကျွန်ုပ် စိတ်ဆင်းရဲရမှာ ဖြစ်သလို သင့်တောင်းဆိုချက်တွေကို ...
ခွမ်းပေးနိုင်မှာလည်း မဟုတ်ဘူး”တဲ့။

ဘယ်လိုပဲပြောပြော ရုပ်စ်ပြူတင်ကတော့ အခွင့်ထူးခံ ပန်...
ပန်ဘဝဖြင့် တစ်နန်းတော်လုံးကို စေလိုရာစေ ရေလို နှောက်နိုင်ခဲ့ပါ...

အဓိကအားဖြင့် ရာထူးခန့်ထားရေးမှာ သူ့လက် သူ့ခြေ သ...
ကြိုးကိုင်ခွင့်ရခဲ့သည်။ ဘုရင်ကမျက်နှာလွှဲ၍ အာဏာကုန် အပ်ထ...
သည်။

ရာထူးလိုချင်သလား၊ ရာထူး တက်ချင်သလား၊ ရာထူး ပြုတ်...
သလား၊ နေရာ မြဲချင်သလား၊ နေရာ ပြောင်းချင်သလား။

ရုပ်စပြူတင် တစ်ခွန်းတည်းနှင့် ပြီးသည်။

သူလိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို။

လူတွေ၏ကံကြမ္မာကို သူက ကြိုးကိုင်ထား၏။

သူ့အလိုလိုက်၍ အကြိုက်ဆောင်သူတွေကို ဦးစားပေး၍ ဆ...
ကျင်သူမှန်သမျှ နှိပ်ကွပ်ပစ်၏။

အမတ်ရာထူးတွေကို ရုပ်စ်ပြူတင်ကပဲ စိတ်ကြိုက်စစ်ဆေး...
ချယ်ရ၏။

သူ့ကို ကလန်ကဆန်လုပ်သူတွေ၊ မျက်စိ စပါးမွေးစူးသူ...
အဖို့တော့ ရာထူးနေရာ သက်ဆိုးရှည်မည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအထဲတွင် ဆာဇိုနော့ဗ်ကိုတော့ ခြွင်းချက်ထားရလိမ့်မည်။ သူက ရပ်စ်ပြူတင် မျက်မှန်းကျိုးသည့်ဒဏ်ကို တောက်လျှောက် ခံနေခဲ့သူဖြစ်၏။

ဒါကြောင့်လည်း ကိုယ်တော်မြတ်က ဒုက္ခဆက်မပေးဘဲ ရာထူး ပေးလေသတတ်။

အရေးကြီးသောရာထူးများအတွက် ရပ်စ်ပြူတင် လူရွေးပုံက ဘယ်သူနှင့်မှ မတူ။ လွယ်လွယ်လေးနှင့် ထူးခြားသည် ဆိုရလေ ...

ဘုရင်နှင့် ရာထူးဝန်တွေလို ကိုယ်ရေးရာဇဝင်တွေ၊ ပညာ ...ည်အချင်းတွေ၊ လှန်လှော စစ်ဆေး မေးမြန်းခြင်း မရှိ။

ထိုလူ၏ မျက်လုံးထဲကို မိနစ်အနည်းငယ် စိုက်ကြည့်ရုံနှင့် ရွေး ...သား၊ ပယ်ပြီးသား။

သူ့စကားအရ ထိုလူ့ဝိညာဉ်ကို စစ်ဆေးတာဆိုပဲ။

ထူးထူးခြားခြားနှင့် မှတ်သားလောက်စရာ အကောင်းဆုံးဥပမာ ...ကတော့ ပြည်ထဲရေးဝန်ကြီး ခန့်အပ်ပုံလေးပါ။

ဒူးမားလွှတ်တော်၏ ဆန္ဒအရ ပြည်ထဲရေးဝန်ကြီးနေရာကို ...ဂိုရော့ဒ်ပြည်နယ်ဘုရင်ခံ ခိုဗော့စတော့ကို ဘုရင့်ထံ အမည် ဘ်ရင်း ...ခဲ့သည်။ ဘုရင်မင်းမြတ်က သူ့မိတ်ဆွေကြီး ရပ်စ်ပြူတင်အား ...ဂိုရော့ဒ်သို့ သွားရောက်အကဲခတ် စစ်ဆေးခိုင်းလိုက်သည်။

ခိုဗော့စတော့၏ ရုံးခန်းထဲသို့ ရပ်စ်ပြူတင် ဆိုင်းမဆင့် ဗုံမဆင့် ...သွားပြီး ဒွဲဒိုးကြီးပြောလိုက်ပုံက–

"ပါပါမင်းမြတ်က ခင်ဗျားဟာ ပြည်ထဲရေးဝန်ကြီးအဖြစ် သင့် ...မတော် ခင်ဗျားဝိညာဉ်ကို အကဲခတ်ကြည့်ဖို့ ကျုပ်ကို တာဝန် ...လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဖရိုဖရဲ ကိုးယိုးကားယားအဝတ်အစားများဖြင့် သူ့ရှေ့ မားမားကြီးလာရပ်သော တောသားလယ်သမားကြီးထံမှ အူကြောင်ကြောင်စကားလုံးများကို ကြားလိုက်ရသော ဘုရင်ခံလူဝကြီးမှာ မျ နှင့် ဝါးလုံးကွဲ ဟားတိုက်ရယ်ချလိုက်မိ၏။

သူက ဒီတမန်တော်ကြီး၏စကားကို အလေးထားရမှန်း သလို၊ သူကို လာပြီး ပြက်လုံးထုတ်ပြနေသည်ဟု အထင်ရောက် မိသည်ကိုး။

ဂရိုဂိုရီက မျက်ထောင့်နီကြီးဖြင့် ချာခနဲလှည့်ပြန်သွား၏ ညနေစောင်းတော့ တစ်ခေါက် ပြန်လာသည်။

ရုံးတံခါးကို ဆောင့်တွန်းဝင်လိုက်ရာက စိတ်ဆိုးမာန်ဆို အော်ပြောသွား၏။

"မင်းအကြောင်း ငါ ကောင်းကောင်းသိသွားပြီ။ ငါ ဘယ် လဲဆိုတာလည်း မင်း မကြာခင် သိစေရမယ်။ ဇာကိုစယ်လိုကို မင်း ပတ်သက်တဲ့အစီရင်ခံစာ ငါ ကြေးနန်းရိုက် ပို့လိုက်ပြီ"

ပထမတော့ ဘုရင်ခံကြီးက အူလိုက်အသည်းလိုက် ထပ် လိုက်သေးသည်။ နောက်မှ ညှို့သည်ဘုန်းကြီး၏ ထူးဆန်းသောစကား တွေက အကြောင်းမဲ့မဟုတ်ဟု စဉ်းစားမိလိုက်သည်။ စာတိုက်ဗိုလ် သို့ လူလွှတ်ပြီး ဂရိုဂိုရီ၏ကြေးနန်းစာကို တောင်းကြည့်ခဲ့မိသည်။

ကြေးနန်းစာက–

'အန်နာ ရှုဘောဗာ၊ ဇာကိုစယ်လို။

'မေမေ မိဖုရားကြီးကိုပြောလိုက်။ ခိုဗော့စတော့မှ သူကောင်း လောက်တဲ့ ကျက်ကရေမျိုး ရှိပါတယ်လို့။ ဒါပေမယ့် အချိန်တော့ မတန်သေးဘူးလို့'



www.burmeseclassic.com

www.burmeseclassic.com 

ဖာသာ ဂရီဂိုရီ

ခိုဇော့စတော့ခမျာ ကျောချမှ စားပြမှန်း သိတော့သည်။

မဖြစ်ချေဘူးဆိုပြီး စိန့်ပီတာစဘတ်သို့ မာရသွန်ပြေးခဲ့ရသည်။

ရပ်စပြူတင်ကို ချဉ်းကပ်မိဖို့ လပေါင်းများစွာ ကြိုးစားရသည်။

နောက်ဆုံး ဂျစ်ပစီသီချင်းတွေကို ကြိုက်၍ က,ခုန်သီဆိုမှု ဝါသနာကြီးသော ရပ်စပြူတင်ကို ဗီလာရုဟိုတယ်အရက်ဝိုင်း၌ ဂစ်တာတီး သီချင်းဆိုပြမိရာမှ အဖွဲ့ကျသွားပြီး၊ ပြည်ထဲရေးဝန်ကြီး ဖြစ်ခဲ့ရပါတော့တဲ့။

ထိုသတင်းကို ပူရစ်ကီဗစ်ချ် ကြားသွားရာမှ–

"တို့ဘုရင်လက်ထဲမှာ ဝန်မင်းဖြစ်ဖို့ ပညာတတ်စရာ၊ စာမေးပွဲအောင်စရာ မလိုပေါင်ကွာ။ ဂျစ်ပစီသီချင်း ဆိုတတ်ရင် ပြီးတာပဲ"ဟု ပြောစမှတ်ပြုခဲ့သော ဟူ၏။

ရပ်စပြူတင်သည် သူ့အဖွဲ့တော်သား တိဘက်ဆရာဝန် ဘက်ဒ်မေယက်ဖ်၏ ဆေးရုံတွင် တွေ့ဆုံရင်းနှီးခဲ့ရသော ပရိုတိုပိုပေါ့ဗ် ဆိုသူအား ဒူးမားလွှတ်တော်၏ ဒုဥက္ကဋ္ဌ ခန့်ထားနိုင်ရေးကိုလည်း ကြိုးပမ်းအားထုတ်ခဲ့၏။

ပိုပေါ့ဗ်မှာ အပေါင်းအသင်းဆုံ၍ ပညာအရည်အချင်းလည်းဆိုးလှ။ သို့ပေမယ့် လေဖြတ်မည့်အရိပ်အယောင်ပြ၍ အကြောလိုက်နေသူဖြစ်၏။ လွှတ်တော်နေရာနှင့် ဘယ်လိုမှ မအပ်စပ်။

ရပ်စပြူတင်၏ ထောက်ခံတင်ပြမှုကို ဇာဘုရင်ကိုယ်တိုင်ကပင်စတွင် ငြင်းချက် ထုတ်မိသေး၏။ ပိုပေါ့ဗ်သည် လက်ဝဲသမားဖြစ်နေတာက အကြောင်းပြချက် တစ်ခု။

သည်တော့ တစ်စောက်ကန်းသမား ရပ်စပြူတင်က မနေသွားပြင့် မိဖုရားကြီးကို အပူကပ်ပြီး ဘုရင်၏ကန့်ကွက်ချက်ကို ပယ်ဖျက်စေကာ ပိုပေါ့ပ်ကို ခန့်အပ်စေခဲ့ပါတော့၏။



www.burmeseclassic.com

 www.burmeseclassic.com

သူက သူလုပ်ရပ်ကို မဒမ်ဂလိုဗ်နာအား မြန်ရေယုက်ရေ ခုလို ပြန်ပြောခဲ့ပါလေသည်။

"ပထမတော့ ပါပါဘုရင်ရော မာမာမိဖုရားကြီးပါ အင်တင်တင် လုပ်နေကြသေးတယ်။ ဘာရမလဲ။ ကျုပ်က ဓုက်ဖဲ ထုတ်ပြလိုက်တာနှင့် ခေါင်းညိတ်လိုက်ရတော့တာပဲ။ ကျုပ် ဘာပြောလိုက်တယ် မှတ်သလဲ။ ကျုပ်စကား နားမထောင်ရင် သူတို့လင်မယားနှင့် သားတော်လေးကို ထားပစ်ခဲ့ပြီး ဆိုက်ဘေးရီးယားကို ပြန်မယ်လို့ပေါ့။

"နောက်ပြီး ဘုရားသခင်ကို ကျောခိုင်းထားလိုက်တဲ့လူဟာ မကောင်းဆိုးဝါးအန္တရာယ်ကောင်နှင့် မျက်နှာချင်းဆိုင်ရမှာပဲလို့ လှန့်ပေးလိုက်တယ်လေ"

ထိုတစ်ညနေတည်း၌ သူ့အတွင်းရေးမှူးကို တစ်မျိုး ပြောခဲ့ပြန်သည်။

"တို့တော့ ခိုဗောဲ့စတော့ဗ်ကို နေရာပေးခဲ့မိတာ မှားပြီထင်တယ်။ သူက ငတုံးပဲ။ လက်ျာသမားပီပီ တုံးမှတုံး။ ငါပြောတာ နားလည်လား။ လက်ျာသမားအားလုံးဟာ လူဖျင်းလူအ,တွေချည်းပဲ။ တို့က လက်ဝဲယိမ်းဖို့ ဆုံးဖြတ်ရမယ်။ ပရိုတိုပေါ့ဗ်ကို ဝန်ကြီးတစ်နေရာ ရအောင် လုပ်ပေးရမယ်"

ထို့နောက် သူက သူ၏ ဧရာမ လယ်သမားလက်သီးဆုပ်ကြီးကို ဂုဏ်ယူဝင့်ကြွားစွာ ငုံ့ကြည့်ပြီး၊ လေထဲသို့ ဇွေ့ယမ်းလိုက်က အော်ဟစ်လိုက်သည်။

"ငါ ကိုင်ထားလိုက်ပြီကွ"တဲ့။

တကယ်တော့ ရပ်စပြူတင်တစ်ယောက် သွေးနားထင်ရောက်ပြီး ရူးသွားလေပြီထင့်။

ဘယ်သူမဆို သူနှင့် မိတ်ဆွေဖြစ်လိုက်သည်နှင့် သူ့ဘာ အပေါ်စီးက ဩဇာပေးဖို့ ပြင်နေကျ။


www.burmeseclassic.com

www.burmeseclassic.com

တခြားလူ မပြောနှင့်။ ဇာဘုရင်ကိုတောင် သူက အလွတ်မပေး။

တစ်နေ့ ရုပ်စပြူတင်လက်သပ်မွေးထားသော ဝန်ကြီးချုပ် ...ဘူးမားအပေါ် ဇာဘုရင် သဘောတော်မကျကြောင်း ကြားသိလိုက် ...မှ ဘုရင်ထံသို့ ချက်ချင်း ကြေးနန်းရိုက် ပို့လိုက်၏။

'အဖိုးကြီးကို မထိနှင့်။ သင့်ကို ကျွန်ုပ် သတိပေးတယ်'

ထို့အတူ သူ မျက်နှာသာပေးထားသော လူတွေကိုလည်း ...တ်တိုင်းမကျသည့်အခါ သဟောက်သဟန်း ငေါက်ငမ်းတတ်ပြန် ...သေး၏။

ဥပမာ ဝန်ကြီးချုပ် စတူးမား။ ထိုပုဂ္ဂိုလ်အတွက် ဘုရင်နှင့် ...ချေအတင်ပြောပြီး ဘက်လိုက်ကာကွယ်ပေးနေကျဖြစ်ပါလျက် တစ် ...ကျတော့ ရုပ်စပြူတင်ပါးစပ်က ပရမ်းပတာ ဆဲဆိုခဲ့ဖူးသည်။

ဖြစ်ပုံမှာ မိဖုရားကြီးက အလျင်စလိုဆောင်ရွက်ခိုင်းသော ...မိန့်တစ်ရပ်ကို ဝန်ကြီးချုပ်က ရွှေ့ဆိုင်းပစ်ရကောင်းလားဆိုပြီး ...လေးတစ်ယောက်ကို ငေါက်သလိုငေါက်ခဲ့ခြင်းပင်။

"မင်းဟာ မေမေမိဖုရားရဲ့ဆန္ဒကို နည်းနည်းမှ မဆန့်ကျင်ရ ...။ နောက်တစ်ခါ ဆန့်ကျင်တာနှင့် မင်း နာပြီသာမှတ်လိုက်"

ဒီနောက် ဘာများဖြစ်သလဲလို့ ရေးကြီးသုတ်ပျာပြေးဝင်လာ ...သော သူ့လူယုံတော်အတွင်းရေးမှူးအား စတူးမားဘက် လက်ညှိုးငေါက် ...ငေါက်ထိုးပြလျက်

"ဒီကောင်ကြီးက ငါ့ကို အာခံဖို့ကြိုးစားတယ်လေ။ ငါ့အမိန့် ...မနာခံလို့ကတော့ ဒင်းကို ဖက်လိမ်ချိုးပစ်လိုက်မယ် ဟင်း"

သူ့ဩဇာခံမဟုတ်သော ဝန်ကြီးများကိုလည်း မောက်မာရိုင်း ...စွာ ဆက်ဆံလေ့ရှိ၏။

သူ့ကို အရေးမလုပ်သည့် ဝန်ကြီး မက်ကလာကော့ဗ်ကိုလက် ...ကွေးချိုးဆန့်ချိုးလုပ်၍ လှမ်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့လူ ဒီလာဦး"

မက်ကာလာကော့ဗ် ကြောင်တက်တက်နှင့် အံ့အားကြီးသင့်...ရာမှ ရုပ်စပြုတင်ဘက် ခြေဦးလှည့်၍ ရပ်နေလိုက်သည်တွင်-

"ခင်ဗျား ကျုပ်ပြောတဲ့စကားကို မြဲမြဲမှတ်ထား။ ခင်ဗျား... တော်တဲ့လူတွေ ဘုရားသခင်အလိုကျ ကျုပ် မွေးထုတ်ဖို့ ဘာမှမကြ... ဘူး၊ ဘာမှ မခက်ဘူးဆိုတာပဲ။ ကဲ၊ အခု"

သူက ပြောရင်းတန်းလန်း ဝန်ကြီးကို ကျောခိုင်းလိုက်ကာ-

"အခု ခင်ဗျားသွားနိုင်ပြီ"

ဤသို့ဖြင့် ရုပ်စ်ပြုတင်ကို ဘုရင့်ထက် ကြောက်ရတော့သည်...

သူ ကြည်ဖြူမှ အသက်ရှင်ဖြောင့်မည့်အတွက် တံစိုးလက်ဆော... သွားပေးသူက ပေး၊ ရင်းနှီးခွင့် ကြုံသူကကြုနှင့် အလုအယက် ...ကပ်ရတဲ့ အဖြစ်။

တင်နှန်းတော်လုံးသာမက ရုရှားတစ်ပြည်လုံးကိုပါ စောက်ထိ... ပြောင်းပြန် မှောက်လိုမှောက် လှန်လိုလှန်။ သြော်၊ ခုမှ ရုပ်စ်ပြုတ... လိုတရ အနန္တတန်ဖိုးရှင်အစစ် ဖြစ်ခဲ့ရပါပြီကော။


www.burmeseclassic.com

www.burmeseclassic.com



## အော့ခရာနှာမှတ်တမ်း ။ ၁၁ ။

ဘုရင့်မကိုင်ငှသရဖူထိပ် ကြွက်ချေးတက် မင်းမူနေသည့်အဖြစ်က ကယ်ပဲ အော့နှလုံးနာစရာ ကောင်းလှပါဘိ။

ဒါပေမယ့် တော်ဝင်မိသားစုတစ်စုလုံးက ခေါင်းပေါ်တင်ထား ော့ ရုပ်စ်ပြူတင်ကို ဘယ်သူမျှ မျက်မွေးထော်လို့ မော်မကြည့်ရဲ။

ခုလည်း မင်းမိန့်ဖြင့် ဝန်ကြီးချုပ်စတူးမားက အော့ခရာနှာ ျို့ဝှက်ပုလိပ်အဖွဲ့ အကြီးအကဲအား ရုပ်စ်ပြူတင်သည် တော်ဝင်မိသားစု ်ဖြစ်၍ အနီးကပ်စောင့်ရှောက်ရန် ညွှန်ကြားခဲ့သည်။

စင်စစ်တော့ ရုပ်စ်ပြူတင်က သူ့အသက်လုံခြုံရေးအတွက် ဘုရင် အပူကပ်သဖြင့် ခုလိုစီစဉ်ခဲ့ခြင်း ဖြစ်နိုင်သည်။

သို့ဖြင့် ပုလိပ်မင်းကြီးက လျှို့ဝှက်စုံထောက်များကို ရုပ်စ်ပြူတင် အိမ်အနီးဝန်းကျင်တွင် နေ့ကင်းညကင်း ချပေးထားလိုက်ရတော့၏။

အော့ခရာနှာ လျှို့ဝှက်စုံထောက်များသည် ရုပ်စ်ပြူတင်၏အိမ် ည့်သည်အဝင်အထွက်ကို နေ့စဉ်မှတ်တမ်း ရေးပို့ကြရသည်။

ထိုမှတ်တမ်းထဲတွင် စုံထောက်ညာဉ်အတိုင်း စပ်စုခဲ့ကြတာတွေ သည်း ပါသည်။ ရုပ်စ်ပြူတင်ကိုယ်တိုင်၏ လှုပ်ရှားမှုများကိုလည်း ်သလိုတွေ့သလို ရေးမှတ်ထားခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံလည်း ရုပ်စ်ပြူတင်ကို ဂါရဝလာပြုကြသူများ ဆုတောင်းမေတ္တာ ခံယူဖို့လာကြသူများနှင့် မသိမသာ ရောလိုက်သွား လေ့လာရရှိခဲ့သည့်အချက်များ ဖြစ်နေသည်။

ထို့အပြင် ညှော်သည်များအပြန်ကို စကားရောဖောရော ဝင်မေး ရာမှ သတင်းနှိုက်ယူတတ်ကြပြန်သည်။ အစောင့်များ အိမ်နီးချင်း နှင့် အဖွဲ့ကျပြီး အစ်ထုတ်ခဲ့တာတွေလည်း ရှိသည်။

(၁၉၂၇ ခုနှစ်က အော့ဒက်ဆာရှိ မြေတိုက်ထဲက တူးဖော် ပြီး၊ ၁၉၅၇ ခုနှစ်တွင် မော်စကိုမြို့တော် ဗဟိုသမိုင်းပြတိုက်တွင် သုတေ ပညာရှင်များ လေ့လာဖတ်ရှုချက်အရ ကျွန်းသေတ္တာအလုံး ငါးရာ လျှို့ဝှက်ပုလိပ်အဖွဲ့၏ စာရွက်စာတမ်းများထဲ၌ ရုပ်စ်ပြူတင်နှင့် ပ သက်သော အော့ခရာနာမှတ်တမ်းများကို တွေ့ရှိခဲ့ရခြင်း ဖြစ်၏၊

ထို အော့ခရာနာမှတ်တမ်းများက ရုပ်စ်ပြူတင်၏ ကလိန် ဖျကျ ဆိုးညစ်ယုတ်မာလှသောစရိုက်များကို အပီအပြင် ရုပ်လုံးဖော် ထားရာရောက်နေသည်။

ညှော်သည်များထဲတွင် ဆရာဝန်ကတော်များ၊ မှူးမတ်ကတော်များ အရာရှိကြီးငယ်များထားသည်။ ကျောင်းအုပ်များ၊ ဘုန်းကြီးများပါမက နာမည်နှင့်တကွ နေ့စွဲတပ်ပြီး အဝတ်အစားတွေနှင့် လက်ဆောင်ပစ္စည်း တွေကအစ အသေးစိတ်မှတ်သားခဲ့ကြသည်။ အများအားဖြင့် ဝိုင်အရက် ပုလင်းတွေ၊ စားစရာတွေ၊ ကော်ဇောအပါအဝင် အိမ်အသုံးအဆောင်တွေ ဖြစ်နေ၏။

ထိုမှတ်တမ်းတွေထဲတွင် စိတ်ဝင်စားစရာ ထူးခြားမှုလေးများ လည်း အောက်ပါအတိုင်း ပါလာတတ်တာ တွေ့ရသည်။

**နိုဝင်ဘာ ၃ ရက်။** ။ အမည်မသိ အမျိုးသမီးတစ်ဦး ဆေးရုံတက်နေသော သူ့ယောကျ်ားအရာရှိငယ် မြို့တော်မှ တခြား


www.burmeseclassic.com

www.burmeseclassic.com


ပြောင်းရရေးအတွက် ရုပ်စ်ပြုံတင်ထံ အကူအညီလာတောင်းသည်။ ပြန်တွင် သူ့အတွေ့အကြုံဆန်းကို ပြောပြသွားသည်မှာ

“အိမ်ဖော်တစ် ယောက်က တံခါးလာဖွင့်ပေးပြီး အခန်းတစ်ခန်း ခေါ်သွားတယ်။ ရုပ်စ်ပြုံတင် ချက်ချင်းရောက်လာပါတယ်။ သူ့ကို ကျွန်မ အရင်က မမြင်ဖူးပါဘူး။ သူက ရောက်ရောက်ချင်းပဲ ကျွန်မရဲ့ ခေါင်းအကျီတွေ ချွတ်ခိုင်းပါတယ်။ ပြီးတော့ နောက်ဘက်ကအခန်းထဲ သွားပါတယ်။ သူဟာ ကျွန်မတောင်းပန်မှုကို စိတ်မပါသလို နား ဆောင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မမျက်နှာနှင့် တစ်ကိုယ်လုံးကို သပ်ပြီး သူ့ကို နမ်းခိုင်းပါတယ်။ ပြီးတော့ စာတိုလေးတစ်စောင် တယ်။ ကျွန်မကို မပေးဘဲ ပြန်သိမ်းလိုက်တယ်။ ပြီးတော့ ကျွန်မက က်ဆံရေးကြိတဲ့ အကြောင်းပြောပြီး ‘နောက်တစ်နေ့ ပြန်လာခဲ့’တဲ့။ ပ်ချိန်းတယ်”

**ဒီဇင်ဘာ ၃ ရက်**။ ။ မဒမ်လေးကတ် သူ့ယောက်ျားအလုပ်ကိစ္စ အတွက် ရုပ်စ်ပြုံတင်နှင့် ပထမဆုံးအကြိမ် လာတွေ့သည်။ ရုပ်စ်ပြုံတင် သူ့ကို နမ်းခိုင်းတာနှင့် ငြင်းဆန်ပြီး ပြန်ထွက်ခဲ့သည် ဆိုပါသည်။ နောက် အမတ်ကတော် မာမွန်တော့ဗ် ရောက်လာသည်။ ရုပ်စ်ပြုံတင် နေ့လယ်တစ်နာရီ ပြန်လာရန် မှာလိုက်သည်။

**ဇန်နဝါရီ ၉ ရက်**။ ။ ကာနယ်တက်တာရီနော့ဗ် မိန်းမ ရုပ်စ်ပြုံတင်ထံ လာလည်သည်။ အပြန်တွင် စုံထောက်များအား ပြော သွားသည်မှာ သူတော်စင်ဆိုပြီး သူ့ရှေ့တွင်ပင် မိန်းမပျိုတစ်ဦးအား ဖက်နမ်းရှုပ်နေ၍ မျက်စိရှက်ကာ ပြန်ထွက်ခဲ့ကြောင်း၊ ရုပ်စ်ပြုံတင် ဘယ်တော့မှ ပြန်မလာရန် ဆုံးဖြတ်လိုက်ကြောင်း ပြောသည်။

**ဇန်နဝါရီ ၁၈ ရက်**။ ။ ဂရိအမျိုးသမီး မဒမ်ကာရာဇီဗာနှင့် မိန်းတို့ ရုပ်စ်ပြုံတင်ထံ ဝင်တွေ့သည်။ ပြန်ထွက်လာသည့်အခါ သား နှစ်ယောက် ပယ်ပယ်နယ်နယ် ကျိန်ဆဲလာသည်။


www.burmeseclassic.com

www.burmeseclassic.com



**ဇန်နဝါရီ ၃၀။** ။ လူဘလန်ကာမှ ဘုရားကျောင်းဘုန်းကြီး နှင့်အဖော် လာသည်။ အဖော်လူ၏ကိစ္စအတွက် ပြည်ထဲရေးဝန်ကြီးနှင့် အမတ် ဘဲလက်စကီကို သွားပြောပေးဖို့ အကူအညီတောင်းခြင်း ဖြစ်သည်။ ရပ်စ်ပြူတင်က လူချင်းသွားတွေ့ရန် ငြင်းပယ်ပြီး စာရေးပေးသည်။ စာနှင့် လက်ရေး ကပေါက်ကချာနိုင်လှသည်ကို ဘုန်းကြီးက ကဲ့ရဲ့လာသည်။

**ဖေဖော်ဝါရီ ၅ ရက်။** ။ ဆိုဖီယာ ကာရာဗီယာ ရပ်စ်ပြူတင် အခန်းမှ ပြန်လာ။ စုံထောက်များကို ပြောသွား။

"တကယ် လူညစ်ကြီး၊ ငွေရောလူပါ အပိုင်စီးချင်တယ်။ ဘာ သူဌေး ရှဘင်စတိန်းလိုလူမျိုး ကတော့ ရှဘယ်ငါးသောင်း ပက်ခနဲ ပေးနိုင်မှာပေါ့"

**ဖေဖော်ဝါရီ ၇ ရက်။** ။ ကုန်သည်ကြီး ပေါ့ပါမင်း ရပ်စ်ပြူ တင်ကို လာကြည့်သည်။ ရောက်ရောက်ချင်း ဘယ်လိုဖြစ်တာလဲ မေး ဘောအိမ်မှလူက ဘုတာရုံမှာ အရာရှိတစ်ယောက်ကို ရိုက်လွှတ်လိုက် တယ်လို့ ကြားတာပဲ။ အဟုတ်ပဲလား။ ပြန်ဖြေ။

**ဇန်နဝါရီလ ၁ ရက်။** ။ ရပ်စ်ပြူတင် သူ့ဇာတိရွာ ပိုကရော စကိုး ရွာသူကြီးထံ ကြေးနန်းရိုက်သည်။ 'သစ်တောတွေ ထုတ်လုပ်ပိုင်ခွင့် ရတော့မယ်၊ အမိန့်ကျတာနှင့် သစ်ခုတ်ပေတော့'

**ဇန်နဝါရီ ၁၀ ရက်။** ။ရပ်စ်ပြူတင်က ရှဘောဇာမင်းသမီး အမည်ဖြင့် နန်းတော်သို့ ကြေးနန်းစာပို့။ 'လူချင်းမဆုံရပေမယ့် စိတ်က တော့ အမြဲရောက်နေပါတယ်။ မင်း စိတ်သက်သာရာရအောင် အ ပေးဖို့ နတ်သမီးလေးတစ်ပါး လွှတ်လိုက်ပါတယ်'

**ဇန်နဝါရီ ၁၃ ရက်။** ။ 'အန်နာရှဘောဇာ၊ ရှာကိုစယ်လ် တကယ့်ပျော်ရွှင်မှုတွေပေးဖို့ ဘုရားသခင်က ကျုပ်ကိုခွင့်ပေးတယ်၊ ကျုပ်သားသမီးတွေ အမှန်တရားကိုသွားရာလမ်း အစဉ်တွေ့ပါစေ ဒီအဖြစ်ကို ကျုပ်ကိုယ်တိုင် မြင်မှ မြင်ရပါ့မလားတော့ မသိသေး'

www.burmeseclassic.com



**ဖေဖော်ဝါရီ ၁၈။** ။ 'အန်နာရှုဘောဗာ၊ ဓာကိုစယ်လို၊ မဒမ် ...ဒ်နာကို မနက်ဖြန် သုံးနာရီ ကျုပ်နှင့်လာတွေ့ဖို့ ပြောလိုက်ပါ'

**မတ်လ ၃၀။** ။ 'မင်းသမီး တင်နီရယ်ဗာ၊ မော်စကို၊ မင်းရဲ့ ...င်းသင်းမှုကို ငါ နှစ်သက်မိတယ်။ မိတ်ဆွေမလေးအတွက် အနမ်း ...ပါ'

ရုပ်စ်ပြူတင် အယ်လီနာ ဒိုင်ယာညူမိုဗာသို့လည်း ကြေးနန်း ...သည်။ 'အချစ်လေး၊ မင်းဝိညာဉ်နှင့်အတူ ငါ့ဝိညာဉ်ရှိတယ်ဆိုတာ ...ပါ။ မင်းကို မွှေးမွှေးပေးလိုက်တယ်'

**မေ ၁၂ ရက်။** ။ တိုဘော့လ်စ် ဘုရင်ခံသို့ ရုပ်စ်ပြူတင် ...ကြေးနန်းရိုက်။ 'လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက မသက်ာစရာ လူ ...စ်ယောက် ငါ့ရွာ ပိုကရော့စကိုးမှာ ရောက်နေတယ်။ ဓာကိုစယ်လို ... ရှုဘောဗာလိပ်စာနှင့် အကြောင်းပြန်'

**အောက်တိုဘာ ၁၁ ရက်။** ။ ရုပ်စ်ပြူတင် နေးဗားသို့ ကြေး ...း်ပို့။ 'သူလျှိုတွေကို သတိထား'

လျှို့ဝှက်စုံထောက်များအဖို့ စာပို့သမားများ ရောက်လာတိုင်း၊ ...သားများ စာပို့ထွက်တိုင်း လိုအပ်သလို စစ်မေးလေ့ရှိရာမှ စာကို ...ာက်ကြည့်ပြီး ထူးခြားမှုများကို နေ့ရက် အတိအကျနှင့် မှတ်သား ...ားကြ၏။

စုံထောက်များက ရုပ်စ်ပြူတင်၏အစေအပါးများကို မက်လောက် ...အောင်ငွေပေး၍ သတင်းတွေ ဝယ်ယူသေးသည်။ သူတို့သတင်းတွေက ...ကန်တိကျမှုအရှိဆုံး အတွင်းရေးတွေ ဖြစ်နေတတ်၏။ ရုပ်စ်ပြူ ...င်အခန်း၌ လူတွေစုမိလျှင်၊ သို့မဟုတ် ပါတီပွဲတွေဘာတွေပွဲလျှင် ...မ်ဖော်ဒွန်နီယာက လစ်ထွက်လာပြီး စုံထောက်တွေကို သတင်းပေး ...သည်။ တစ်ခါတစ်ရံ အဖိုးတန် အထူးသတင်းတွေပင် ရလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


အခန်းထဲမှာ ဖြစ်ချင်တိုင်းဖြစ်နေသမျှ စုံထောက်များကလည်း ခ
တွင်းကျ လိုက်မှတ်ထားကြ၏။

**ဇန်နဝါရီ ၁၆ ရက်။** ။မစ္စတော်ကာမိသားစုများ လာ
နေစဉ် ရပ်စ်ပြူတင်သည် ပြည့်တန်ဆာမကို ပေါင်ပေါ်တင်ထိုင်နေ

**ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်ညများ။** ။ ကတော်တစ်ဦး
သော မာရီပဟာဂီးလ် ရပ်စ်ပြူတင်အခန်း၌ အိပ်သည်။

**ဇန်နဝါရီ ၂၆ ရက်။** ။ ဒီည ထောင်မှလွတ်လာသော
ပြူတင်၏ မိတ်ဆွေတချို့အတွက် က,ပွဲကျင်းပပေးသည်။ မြင်မကော
ရှုမကောင်း အစွမ်းကုန် သောင်းကျန်းကြသည်။ ဆိုကြ က,ကြ
မိုးစင်စင်လင်းသည်။

**မတ်လ ၁၆ ရက်။** ။ ည ၁ နာရီ။ မိန်းမယောကျ်ား
ယောက် ရပ်စ်ပြူတင်ဆီ ရောက်လာ။ သုံးနာရီထိ သီချင်းဆို က,ခုန်
၏။ ထို့နောက် သူတို့နှင့်အတူ ရပ်စ်ပြူတင်ပါ အပြင်လိုက်သွ

**ဧပြီ ၃ ရက်။** ။ မနက် တစ်နာရီခန့်။ ရပ်စ်ပြူတင် အ
မသိ အမျိုးသမီးငယ်တစ်ဦးနှင့် ပြန်လာ။ အတူအိပ်။

**မေလ ၁၁ ရက်။** ။ ရပ်စ်ပြူတင် ပြည့်တန်ဆာမတစ်ဦး
ခေါ်လာပြီး သူ့အိပ်ခန်းထဲ၌ သော့ခတ်ထားခဲ့။ အိမ်ဖော်များက
ပေးရ။

**နိုဝင်ဘာ ၂၅ ရက်။** ပြဇာတ်မင်းသမီး ဗာဗာရီဗာ ရပ်စ်ပြူ
ထံ လာအိပ်သည်။

လျှို့ဝှက်စုံထောက်များသည် ဩ့သည်အဝင်အထွက်များသာ
ရပ်စ်ပြူတင်ကိုယ်တိုင်၏ လှုပ်ရှားမှု၊ သွင်ပြင်လက္ခဏာများကိုပါ မ
ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုခဲ့ကြ၏။


www.burmeseclassic.com

www.burmeseclassic.com


ရပ်စ်ပြူတင်သည် သူထံသို့ ဘယ်ညွှန်သည်မှမလာသော ညမျိုး ၌င် အိမ်နေရင်းအဝတ်အစားဖြင့် ခြံစောင့်၏ဇနီး၊ သို့မဟုတ် ကုန်ထမ်း သမား၏မိန်းမများကို သူ့ကိုနှိပ်ပေးရန် လိုက်ခေါ်တတ်သော်လည်း ထိုအမျိုးသမီးများက လိုက်မလာကြ။

ထိုအခါ ရပ်စ်ပြူတင်တစ်ယောက် မုန်ယိုသော ဆင်ရိုင်းကြီးနှင့် ခြားတော့ကြောင်းလည်း မှတ်တမ်းမှတ်ရာများ၌ ကမ္ဗည်းတင်ထား၏။

အိမ်ကအထွက်တွင် ရပ်စ်ပြူတင်၏အသွင်က ပွဲသွားကြော့ကြော့ ံဖြင့် ရှိုးအပြည့်။

ပိုးဖဲကတ္တီပါ အနက်ရောင်ဝတ်လုံရှည်ကြီး ထည်လဲဝတ်၍ ခိုးတန် သိုးမွေးမာဖလာ၊ နှင်းခဲတောပ်ဘွတ်စ်ဖိနပ်၊ ဖျံရေဦးထုပ် ဆောင်းလို့။

ညပြန်လာချိန်ကျတော့မှ ဖရိုဖရဲ ဘိုသီဘတ်သီဖြင့် မုန်တိုင်းမိ သောကြောင်နက်ကြီး ဖြစ်လာတော့သည်တဲ့။

သူနှင့် နေ့ဘက်တွဲသည့်လူတွေကတော့ တကယ့်လူကြီးလူ ကောင်း မင်းစိုးရာဇာတွေချည်း ဖြစ်၏။

အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေ၊ စစ်ဘက်အရာရှိကြီးတွေ၊ မင်းညီ မင်းသားတွေ၊ နာမည်ကျော်သူဌေးကြီးတွေ၊ ပုလိပ်မင်းကြီးတွေ၊ သာ သနာ့ပိုင်ပိုဏ်းချုပ်ကြီးတွေ သူ့အကြောင်းနှင့်သူ ပေါင်းခဲ့ကြတာပဲ ဆို ပါတော့။

သို့ဖြင့် ပုလိပ်ဌာနချုပ်မှ သူ့မိတ်ဆွေများနှင့် ဝန်ကြီးအဖွဲ့ဝင် အချို့က လျှို့ဝှက်အစီရင်ခံစာများအကြောင်း သူ့ကို အသိပေးခဲ့သည်။

တော်ရုံတန်ရုံကိစ္စတွေကို သူက ဘာမှမပြော။

မလိုအပ်တာထက် အသေးစိတ် နှိုက်နှိုက်ချွတ်ချွတ် လိုက်မှတ် တာမျိုး၊ လွဲမှားနေတာမျိုးတွေ့လျှင်တော့ ဒေါပွပြီး တောဒဲ,ဆဲ ပြီးသာမှတ်။


www.burmeseclassic.com

www.burmeseclassic.com


သည်ကြားထဲမှပင် အော့ခရာနာစုံထောက်တွေကလည်း တာ
နှင့် ဝတ္တုရားမပျက် သူ့ကို ခြေရာခံလိုက်ရာမှ ပြဿနာတက်ခဲ့သ
ကို ဇန်နဝါရီ ၁၄ ရက်နေ့စွဲဖြင့် မှတ်တမ်းတင်ထားတာ တွေ့ရသ

**ဇန်နဝါရီ ၁၄ ရက် ညနေ ၄း၃၀ နာရီ ။ ။** ရပ်စ်ပြုတ
ဇာကိုစယ် လိုနန်းတော်သို့ ဘဏ်သူဌေးကြီး ရှာဘင်စတိန်း၊ မိန်းမပျို
နှင့်အတူ ကားစီးသွားသည်။ စုံထောက်အဖွဲ့ဝင်များက နောက်မှာ က
နှင့် လိုက်ခဲ့ရာမှ ရပ်စ်ပြုတင်က လမ်းတွင် ဖမ်းတားသည်။ "ဟေ့ မ
တို့ အထက်အရာရှိကို ငါ ကောင်မလေးတစ်ယောက်ကို ပေါင်ပေ
တင်ပြီး ဖက်သွားတယ်လို့ အစီရင်ခံလိုက်၊ ဘယ့်နှယ်ကွာ။ မင်းတို့
တာဝန် ပေးထားတာက အဲသလို သောက်သုံးမကျတာတွေ မှတ်
မဟုတ်ဘူးကွ။ ငါ့ကို ကာကွယ်စောင့်ရှောက်ဖို့။ နားလည်လား၊ ထ

ဘာပဲပြောပြော သူ စိတ်ကောင်းဝင်နေပြီဆိုလျှင်တော့ အိမ်စော
စုံထောက်များကို ရယ်ရယ်မောမော လာစကားပြောတတ်၏။ ဒီထ
စိတ်ကောင်းဝင်ခဲ့ပါက သူ့အခန်းသို့ခေါ်၍ ဧည့်ခံကျွေးမွေးတတ်သေ
သည်။

တစ်ခုသောမနက်၌ ရပ်စ်ပြုတင် အရက်မူးပြီး အိမ်ပြန်ရော
လာသည်။ ခေါင်းကိုက်ပြီး အိပ်မရတော့ အပြင်ခန်းသို့ထွက်လာသည်
စုံထောက်များကိုခေါ်၍ လက်ဖက်ရည်တိုက်သည်။

စုံထောက်တစ်ဦးက

"ဂရေဂိုရီ။ ခင်ဗျားကြည့်ရတာ စိတ်အားငယ်နေသလိုပဲ။ ဘ
တွေများ တွေးနေတာလဲ"

ရပ်စ်ပြုတင်က–

"အေး၊ သူတို့က ပြောလိုက်တယ်။ တို့ ဒူးမားလွှတ်တော်ကြီ
ဘာတွေဖြစ်လာမလဲဆိုတာ စဉ်းစားသာကြည့်တော့တဲ့။ ငါလည်း ဘ
လုပ်ရမှန်း မသိဘူး။ မင်းကော ဘယ်လိုထင်သလဲ


www.burmeseclassic.com

www.burmeseclassic.com


စုံထောက်က "ကျွန်တော့်မှာ အဲ့သလောက် စဉ်းစားခွင့် မရှိပါ ...ဘူး။ စကားများသွားရင် အထက်လူကြီးတွေက ငြိုငြင်ပြီး ဒုက္ခ ...ရောက်သွားပါဦးမယ်"

ရပ်စ်ပြူတင်က ဘာမျှမပြောဘဲ ပြန်တွေးသလို ငြိမ်နေသေး ...သည်။ နောက်မှ ရုတ်တရက် အသံပြကြီးဖြင့်–

"ဘာဆိုတာ မင်းသိရဲ့လား။ ဇာဘုရင်ကို ငါက ဒူးများလွှတ် ...တော်ထဲ မောင်းပို့လိုက်မှာကွ။ သူကိုယ်တိုင် လွှတ်တော်အမတ်ဖြစ်သွားမှ ...ချန်တဲ့ကောင်တွေ သွားပုပ်လေလွင့် ပြောတဲ့အသံတွေ တိတ်ပြီး နှုတ် ...ဆိကုန်မှာ"

စုံထောက်က ရပ်စ်ပြူတင်ပြောစကားအတိုင်း အထက်သို့ အစီ ...ရင်ခံလိုက်ရာမှ ပုလိပ်အဖွဲ့ချုပ်တစ်ခုလုံး ပွက်လောရိုက် ဝုန်းဒိုင်းကြဲ ...သွားရသည်။

အဘယ့်ကြောင့်ဆိုသော် ရှေးအစဉ်အလာထုံးစံကို ဆန့်ကျင်၍ ...ဘုရင်က လွှတ်တော်ကို တက်ဖွင့်ရန် အုံအားသင့်စဖွယ် ဆုံးဖြတ်ချက် ...လိုက်ကြောင်း ကြေညာလိုက်သည်နှင့် တစ်ထပ်တည်း သွားကျ ...သို့ပင် ဖြစ်၏။

တစ်ခါတလေလည်း ရပ်စ်ပြူတင်က စုံထောက်များမမြင်အောင် ...နောက်ပေါက်မှ ခိုးကြောင်ခိုးဝှက် လစ်ခနဲထွက်သွားပြီး ကားပေါ်ရောက် ...ရှေ့ကဖြတ်ရင်း–

"ဟေ့ကောင်တွေ။ ငါ ဒီနေ့ ဘယ်သွားပြီး ဘာလုပ်မယ်ဆိုတာ ...ရင်ခံစာ မတင်နိုင်နော်"ဟု ကလေးဆန်ဆန် လှမ်းရီသွားတတ်၏။

ကံကောင်းချင်ပါက ရပ်စ်ပြူတင်၏ ဖိတ်ခေါ်မှုဖြင့် ဂုဏ်သရေရှိ ...ထက်တန်းလွှာများတက်ရောက်သော ညစာစားပွဲသို့ အိမ်စောင့်စုံထောက် ...များပါ တက်ခွင့်ရခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဝိုင်အရက်ကို အဝ,သောက်ရင်း ညှော်ခဲ့ပွဲကိုလာသူတွေ နှင့် ပြောစကားများကို မလွတ်တမ်း မှတ်ကြမိပြန်သည်။

သည်ကြားထဲ မှတ်မှတ်ရရ အဖြစ်တစ်ခု။

မိုးမလင်းတလင်း အချိန်တစ်ချိန်၌ ခြောက်လုံးပြူးကိုယ်စီနှင့် လူနှစ်ယောက်က ရပ်စ်ပြူတင်အိမ်ထဲ အတင်းဝင်မည် တကဲကဲ လုပ်လာ ခြင်း။

ညက သူတို့မိန်းမတွေ သူတော်စင်ကြီးနှင့် လာအိပ်နေလို့ပါတဲ့။

သူတို့ အရက် ကွဲ သိက္ခာကျရတဲ့အတွက် ရပ်စ်ပြူတင်ကို ဆုံးမ မလို့ပါတဲ့။

ဒီတွင် စုံထောက်တွေက သူတို့ကို ချော့မော့ထိန်းသိမ်းထား ရင်း တစ်ချိန်တည်း၌ ရပ်စ်ပြူတင်နှင့် ညှော်သည်မမတွေကို တစ် ယောက်က ပြေးနိုးပြီး နောက်လှေကားမှ လှည့်ထုတ်သွားစေခဲ့ရသည်။ ပြီးမှ ဒေါသူပုန်ထနေသောယောက်ျားများကို ရပ်စ်ပြူတင်တစ်ယောက် တည်းသာရှိကြောင်း ခေါ်ပြလိုက်ရတဲ့ ဇာတ်လမ်း။

ဒါက ရပ်စ်ပြူတင်၏လုံခြုံရေးကို ကြံ့တောင့်ကြံ့ခံ ကာကွယ် ပေးလိုက်ရခြင်း ဖြစ်ပါသည်။

တကယ်တမ်းကျတော့ ရပ်စ်ပြူတင်က အဖော်တွေရှိတုန်း သူ့ အခန်းထဲဝင်တာ သိပ်မကြိုက်။ အဖော်မဲ့လို့ တစ်ကိုယ်တည်း ပျင်းရိငြီး ငွေ့နေပြီဆိုလျှင်တော့ လိုလိုလားလား ခေါ်တတ်သည်။

ထွေရာလေးပါးပြောရင်းကြားက နိုင်ငံရေးနှင့်စပ်လျဉ်းသော အရေးကြီးထိပ်တန်းလျှို့ဝှက်ချက်တွေ အန်ထွက်လာတာမျိုးလည်း ရှိသည်။

ထိုအချက်မျိုး အစီရင်ခံစာထဲပါသွားသည့်အခါ ပုလိပ်မင်းကြီး လည်း မျက်လုံးပြူးမျက်ဆံပြူးနှင့် သူ့အထက်ကဝန်ကြီးထံကို အပြေး တပြင်း သတင်းပို့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com


အထက်တွင်ဆိုခဲ့သလို ကင်းလှည့်ကားအဖွဲ့ဖြင့် ရပ်စ်ပြူတင် ...ခေါက်က လိုက်ချောင်းပြီး စုံစမ်းမှုများကလည်း စိတ်ဝင်စားစရာ ...င်းလှ၏။

ရပ်စ်ပြူတင် သွားနေကျနေရာတွေမှာ ဗီလာရုပ်ဟိုတယ်၊ ဂျစ်ပစီ ...များ၊ အရက်ဆိုင်တွေသာ များ၏။

သို့ဖြင့် စားပွဲထိုးများ၊ ဂျစ်ပစီမများထံမှလည်း ရပ်စ်ပြူတင်နှင့် ...သက်သမျှသတင်းတွေ အစုံရ၏။

ဒီဇင်ဘာလ ၁၄ ရက်နေ့ စွဲနှင့် မှတ်တမ်းတစ်ခုတွင် ယခုလို ...ရှိရသည်။

**ဒီဇင်ဘာ ၁၃ မှ ၁၄ ရက်သို့ အကူးည။** ။ရပ်စ်ပြူတင်သည် ...ကတော်လေး ယာဇင်နင်စကီ ၂၈ နှစ်နှင့်အတူ အမှတ် ၁၁ ...ာက်ဒ်လမ်းမှ နှစ်နာရီအချိန် ကားဖြင့် ထွက်ခဲ့သည်။ နိုဗိုင်ယာ ...ဗနာရှိ ဗီလာရုစားသောက်ဆိုင်သို့ ရောက်သည်။ အချိန်လွန်နေ ...စဉ်းစား ဆိုင်တံခါးကိုထုရိုက်၍ ဘဲလ်တီးပြီး အတင်းဖွင့်ခိုင်း ...၊ အစောင့်တာဝန်ကျပုလိပ်ကို ငါးရူဘယ်ပေး၍ သူ့ကို မနှောင့် ...ရန် လာဘ်ထိုးသည်။ နောက် သူ့အဖော်နှင့်အတူ အမှတ် ၄၉ ...ံစကီးလမ်းရှိ ဂျစ်ပစီကပွဲရုံ၌ မနက် ၁၀ နာရီအထိ သွားနေသည်။ ...နှစ်ယောက်စလုံး ဒေါင်ချာစိုင်းအောင် မူးနေသည်။ နောက် မဒမ် ...င်နီစကိုင်းယားအခန်းသို့ ဝင်သွားရာ နောက်တစ်နေ့ နေ့လယ်အထိ ...ထွက်ကြပါ။ ညနေကျမှ ဇာကိုစယ်လိုနန်းတော်သို့ ကားဖြင့် ...ာသည်။

**ဒီဇင်ဘာ ၁၇ ရက်။** ။ မင်းသမီး ဒေါလ်ဂိုရူကိုင်း၏ကား ...ပြူတင်ကို လာခေါ်သည်။ အက်စ်တိုးရီးယားဟိုတယ်ရှိ အထူးခန်း ...င်သွားသည်။ ဂျင်နရယ် ကလီဂျဲလ်စ် (စိန့်ပီတာစဘတ် မြို့ဝန်


www.burmeseclassic.com

www.burmeseclassic.com

ပေဟာင်း)နှင့် အရေးတကြီး တွေ့သည်။ ထိုအခန်း၌ မနက် ခြောက်နာ
အထိ နေသည်။

**ဒီဇင်ဘာ ၂၀ ။** ။ ရုပ်စ်ပြုတင် မြို့နယ်အတွင်းရေးမှူး အော
ဆီမင်ကိုနှင့်အတူ မြို့စားကတော် နာရှေး (ဆန်းလမ်း)အိမ်သို့ သွားလည
သည်။ ည နှစ်နာရီတွင် ဂျစ်ပဆီကချေသည်မများနှင့် ဝိုင်အရက်နှင
ဗီလာရမှ ပို့ပေးသည်။ ရုပ်စ်ပြုတင် က,ခုန်နေသည်ကို မှန်ပြတင်းပေ
တွင် မြင်ရသည်။

**ဇန်နဝါရီ ၂၁ ။** ။ ရုပ်စ်ပြုတင် ဆန်းလမ်းရှိ နာရှေးအိမ်သ
တပည့်မ မာရီယာဂါးနှင့် သွားလည်သည်။ နောက် အမှတ် ၃၆ အ
ဆိုင်းနားလမ်းရှိ ပြဇာတ်မင်းသမီး လားမားအိမ်သို့ တစ်ယောက်တည
ရောက်သွားသည်။ ဝန်ကြီးများရုံးအတွင်းဝန် မင်ညူလော့ဗ် ဝန်ကြီးချ
စတူးမားတို့ကိုလည်း တစ်စုတည်း တွေ့ရသည်။

တစ်ခါတစ်ရံ လျှို့ဝှက်စုံထောက်များက စိတ်အားထက်သန်
ဖြင့် ရုပ်စ်ပြုတင်အလည်ရောက်သွားသည့် အိမ်များအနီးသို့ကပ်
ပြတင်းပေါက်မှ ချောင်းကြည့်မိကြ၏။ ထိုအခါ ရှင်းမပြတတ်အော
ထူးဆန်းစိတ်ဝင်စားဖွယ် အဖြစ်အပျက်မျိုးကို တွေ့မြင်ရသည်။ ဥပမ
အားဖြင့်–

**မေလ ၁၄ ရက်။** ။ မနေ့ည ငါးရီက အမှတ် ၁၅ လ
တီးလ်အာလ်လမ်းရှိ ဘဲလ်ကော့ဗ်စကီနှင့် ဆီစာရီဗာတို့၏အိမ်သို့ ရုပ
ပြုတင် ရောက်သွားသည်။ ည ဆယ်နာရီအထိ အခန်းတစ်ခု ပြတင
ပေါက်မှ မီးရောင်ထွက်မလာကြောင်း တွေ့ရ။ သို့သော် အမျိုးသမ
တွေထဲမှ တစ်ယောက်က မီးထွန်းထားသောအခန်းမှ အမှောင်ချထ
သောအခန်းထဲသို့ ကူးသွားသည်ကို မြင်ရ။ ထိုအခန်း၌ ရုပ်စ်တ
ရှိနေ။



www.burmeseclassic.com

www.burmeseclassic.com 

ထို့နောက် ရပ်စ်ပြူတင် အန္တရာယ်ကြုံလိုက်ရသလို ထိုအခန်းထဲမှ ဒရောသောပါးထွက်လာပြီး ဦးထုပ်နှင့်တုတ်ကောက်ကို အရဆွဲကာ လမ်းပေါ်သို့ ထွက်ပြေးခဲ့။ သူ့နောက်မှ လူနှစ်ယောက် ခြေလှမ်းကျဉ်းငယ် ထွက်လိုက်လာ။ တစ်ယောက်က "ဟိုမှာ သူပြေးပြီကွ" ဟု ပြောပြီး အိမ်ထဲပြန်ဝင်သွား။ ရပ်စ်ပြူတင်က ဖြတ်လာသော မြင်းစီးကားကို လှမ်းတားပြီး ခုန်တက်သွားသည်။ လီတင်နီပရိုစပက်သို့ သွားရာလမ်းတစ်လျှောက်လုံး သူ့နောက်က ရန်သူတွေလိုက်ပါလာမလားလို့ ကျိုးကန်းတောင်းမှောက် ကြည့်လာ။

မှတ်တမ်းများက ရပ်စ်ပြူတင် ညကြီးသန်းခေါင် အိမ်ပြန်လာတိုင်း အနည်းနှင့် အများမူးလာသည်ဟု အကြိမ်ကြိမ် ဖော်ပြထား၏။

မူးမူးရူးရူးနှင့် ပေါက်ကရပြောသံများ ကြားရသည်။

"ဒင်းက ငါ့ကို မြေမြှုပ်ဖို့ကြံတာကိုး။ ငါက ဒင်းကို ပြာချပစ်လိုက်တာပေါ့"

"သြော်၊ ညှော်သည်မလေးနှစ်ယောက်တောင် ရောက်နေသတဲ့လား။ လှရဲ့လားကွ။ သိပ်ကိုလှတာပဲလား။ ကောင်းမှကောင်း။ ငါက ဖြူတာလေးမှ လိုချင်တယ်ကွ"

တစ်ခါတလေမှာတော့ ခုလို တွေ့ကရာသီချင်းတွေ ညည်းဆိုလာပါသတဲ့။

"မူးတာပျော်တယ်၊ ရူးတာပျော်တယ်၊ အရက်တစ်စည် အကုန်သောက်မယ်၊ ဂျစ်ပစီမယ်လေး ညိုပြာညက်ရယ်၊ ငါ့ကို နမ်းကွယ်။ ချစ်တယ်ဆိုတာ ဘုရားသခင် အလိုကျပဲကွယ်"

ဤမျှဆိုလျှင် အော့ခရာနာ မှတ်တမ်း၏တန်ဖိုးနှင့် ရပ်စ်ပြူတင်၏သရုပ်သကန်ကို သိလောက်ပေပြီ။

တကယ်တော့ ရပ်စ်ပြူတင်ဟူသည်–



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းယောင်အရည်း၊ ကြောင်သူတော် မိစ္ဆာကောင်ကြီး။
တစ်နည်းအားဖြင့် သိုးရေခြုံထားသော ဝံပုလွေ။

လူ့ရှုပ်လူပွေ လူတောလူညစ် အမိပတိ ဓိုးသမားဆိုတာ အထင်အရှား။ မြင့်မြတ်ဟန်ဆောင်သောလူ့ဘီလူးကြီးဆိုက မှားမည်မထင်။

* * *



www.burmeseclassic.com

www.burmeseclassic.com


ကြောက်စရာ သားရဲတွင်း ■ ၁၂၂

ခက်သည်။

လူတွေကလည်း လူတွေ။

'လေသံကြား ဖမ်းတရားနာ'ဆိုသည့် လူစားတွေ အများကြီး။ နာမည်ကြီးသည်ဆိုတာနှင့် ဘုမသိဘမသိ စုပြုံအုံလိုက်ကြ 'ဖွတ်ထွက်တဲ့တောင်ပို့ကြီးပါ'ဆိုလည်း ကုန်းကန်တော့ကြတုန်း။ ဟိတ်နှင့်ဟန်နှင့် ရှိုးအပြည့်နှင့်၊ လေတစ်လုံး မိုးတစ်လုံး အပြောကောင်းလျှင် ယုံကြသည်။ အလွယ်လေးနှင့် ကျတတ်သည်။

အထူးသဖြင့် ဘာသာရေးအယောင်ပြ၍ စားပေါက်တွင်လို့ကောင်းဆုံး။

သည်လိုနှင့် ဤဒွန္တယာကြီးမှာ လူလိမ်လူညာတွေ ရွှေထီးဆောင်း ရွှေဖိနပ် စီးကုန်ကြရတော့သည်။

ရုပ်စံပြုတင်သည်လည်း ထိုနည်းလည်းကောင်း။ ပါးစပ်က ဘုရား၊ လက်က ကားယားကားယားနှင့် ကျား ဥသျှစ်စောင့်သည်။


www.burmeseclassic.com

www.burmeseclassic.com


အကြားအမြင်ရ ပါရမီရှင်၊ သိဒ္ဓိပေါက်တဲ့ ပျောက်စေဆေး ဘုရားတန်ခိုးနှင့် ကယ်တင်သူအဖြစ် သတင်းလွှင့်ပြီး လူတကာ မျက်စေ့ မွှေးပေါ် စကြိုလျှောက်ကာ ကလိန်ခြံဇာတ်ခင်း ဖွံ့ဖြိုးခဲ့သည်။

ရုပ်စိပ်ပြူတင်ကား မနက်ဘက်မှာ သူတော်ယောင်၊ ညဘက်ကျ တော့ ရာဂမုဆိုး။

ဘာပဲဖြစ်ဖြစ်၊ သူ့အိမ်မှာတော့ မိုးလင်းမိုးချုပ် လူတွေ ဒေ ကားလျက်။

တနင်္ဂနွေလို အားလပ်ရက်များဆိုလျှင် လမ်းပိတ်မတတ် ကား တွေ မြင်းရထားတွေနှင့် လူတွေ ကြိတ်ကြိတ်တိုးနေ၏။ သူထံ လာ သူတွေကလည်း စက်ချုပ်သမမှအစ မှူးကြီးမတ်ရာ သေနာပတိတွေ မင်းကတော်တွေ အဆုံး။

အားလုံးကို အမျိုးအစားခွဲလိုက်လျှင် သုံးအုပ်စု ရသည်။

ပထမအုပ်စုက သူတို့ကို အရှင်လတ်လတ် ကောင်းကင်ဘုံ ပို့ဆောင်နိုင်သည်ဟု လွဲမှားသောယုံကြည်မှုဖြင့် တရားနာဖို့ ဦးတိုက်ခစား လာသူများ။ ဘုရားလူလက်နှင့်ပဲ ထိထိ၊ နှာခေါင်းနှင့်ပဲတို့တို့ ကိုယ်စိတ် နှစ်ဖြာ ရှင်လန်းကျန်းမာသည်ဆိုပြီး တပည့်ခံ လာကြသူများ ဖြစ်၏။

ဒုတိယအုပ်စုကတော့ ရာထူးရာခံရရှိရေး၊ .အခွင့်ထူးရရှိရေး သူ့ထံမှ မျက်နှာသာရရှိရေး စသော ကြီးပွားချမ်းသာရေး မျှော်ကိုးသူများ ပုလင်းတူ ဗူးဆို့လုပ်၍ နိုင်ငံရေး၊ စီးပွားရေး လက်တွဲလုပ်သူများ။ အခက်အခဲ ဒုက္ခကြုံနေသဖြင့် အကူအညီလာတောင်းသူများ။ မိတ်ဆွေ အပေါင်းအသင်းပေါင်းများ။ ဝါသနာတူ စရိုက်တူ အပျော်ကျူး သူများ ပါဝင်၏။

သူ့သတင်းကြား၍ တမင် လေ့လာအကဲခတ်ဖို့လာသူ အနည်း အကျဉ်းကိုတော့ တတိယအုပ်စုအဖြစ် သတ်မှတ်ရပေလိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com



ရပ်စ်ပြူတင်၏အိမ်ဂေဟာမှာ များစွာ မကြီးမားလှသော်လည်း ...ခန်းခန်းအဆောင်ဆောင် ဖွဲ့ထား၏။

ဧည့်ခန်းမ၊ စာကြည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်းနှင့် သီးသန့် ...များ ဟူ၍ ရှိသည်။

သာမန်ဧည့်သည်များမှာ ဧည့်ခန်းထဲက ထိုင်စောင့်ရသည်။ ...ဆုံးဧည့်သည်များကို စာကြည့်ခန်းနှင့် ထမင်းစားခန်းထဲ ခေါ်တွေ့ ...သည်။ အိပ်ခန်းနှင့် သီးသန့်ခန်းများကိုတော့ သူနှင့် ကျွမ်းဝင်ရင်းနှီးသူ ...၊ အတွင်းလူများ၊ မိန်းမလှလေးများသာ ဝင်ခွင့်ရ၏။ တချို့ ရင်း ...ပြီးသား တပည့်မများဆိုလျှင် အိမ်ရှေ့တံခါးကမဝင်ဘဲ နောက်ဖေး ...က်မှ အရက်သေတ္တာတွေ၊ အရက်စည်တွေနှင့်ပိတ်ဆို့နေသော ...ချောင်ကိုဖြတ်၍ အိပ်ခန်းထဲ တန်းဝင်နေကျ။

ဆင်းရဲသားတွေကတော့ အိမ်ထဲမဝင်သာသလို အိမ်ရှေ့မှ တန်းစီ ...နေကြရ၏။

ရပ်စ်ပြူတင်၏ တစ်နေ့တာဘဝ မြင်ကွင်းကတော့ ဤသို့။

မနက် ခြောက်နာရီ ပုံမှန်ထမည်။

အဖွင့်စကို ပေါ့ဗိုရီသို့သွား၍ ဆုတောင်းဝတ်ပြုမည်။

နောက်ပါတပည့် တစ်အုပ်ကြီးနှင့် ထမင်းစားခန်းထဲ တန်းမြန် ...မည်။

ဖွယ်ဖွယ်ရာရာ အဆင်သင့်ပြင်ထားသော လက်ဖက်ရည်နှင့် ...ရစာများကို စားသောက်မည်။ ထိုတပည့်တပန်းများအပြင် မနက် ...နာရီဝန်းကျင်မှ စရောက်လာသောဧည့်သည်များကို တွေ့မည်။

မနက် ဆယ်နာရီတိတိတွင် (ညက ဘယ်လောက်ပဲ ပင်ပင်ပန်း ...နှင့် အိပ်ရေးပျက်ခဲ့ပါစေ) ဇာကိုစယ်လိုမှ တယ်လီဖုန်းအခေါ်ကို ...င့်နေမည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသံမြည်လာပါက အိမ်ဖော် ဒွန်နီယာ၊ သို့မဟုတ် အိမ်...
ဆွေမျိုးတစ်ယောက်က သွားကိုင်မည်။

"ဟဲလို၊ အမိန့်ရှိပါ။ ၆၄၆/၄၆ ကပါရှင်"ဟု ထူး...
ဓာကိုစယ်လိုကဖုန်းဆိုလျှင် ရပ်စ်ပြူတင်ရှိရာ အခန်းတစ်ခန်း...
ပြေးအကြောင်းကြားမည်။

"အန်နာ အလက်ဇန်ဒရိုဗနာဆီက ဖုန်းလာနေပါတယ် ...
ကြီး"

ရပ်စ်ပြူတင် ဖုန်းသွားကိုင်မည်။

"ဆို၊ ကိစ္စက ဘာဖြစ်တာလဲ မေမေလေး။ သိပ်အရေးကြီး...
ဟုတ်လား။ ဒီမှာလည်း ဧည့်သည်တွေ ရောက်နေတယ်။ ဘာပဲဖြ...
ခုပဲ အရောက်လာခဲ့ပါမယ်" ဆိုပြီး နန်းတော်သို့ တန်းပြေးသွားတ...

တစ်ခါတလေလည်း ဖုန်းဆက်သူက ရှဘောဗာမင်းသမီး...
နေ၍ ပြောသမျှစကားကိုနားထောင်ပြီး ဖုန်းပြန်ချလိုက်ရသည်။

ဆယ်နာရီ နောက်ပိုင်း သူ နန်းတော်သို့ အခစားမဝင်...
ကာနယ်ကိုမီစရော့ဗ်၊ မင်းသား အင်ဒရွန်နီကော့ဗ်၊ ဘဏ်သူဌေး...
ရူဘင်စတိန်း၊ နန်းရင်းဝန်ကြီး ဘာဒူကော့ဗ် အစရှိသော ပုဂ္ဂိုလ်...
များ၊ နိုင်ငံရေးသမားများ၊ အရာရှိအရာခံများ တစ်လှည့်စီ ...
လာကြမည်။ သူတို့က သိပ် ကြာကြာမနေ။ ရပ်စ်ပြူတင်နှင့် ပြော...
ရှိတာပြောပြီး မိနစ်ပိုင်းမျှနှင့် ပြန်သွားကြသည်။

ထို့နောက် ဧည့်ခန်းတစ်ခုလုံး ပြည့်နေသူများကို ထွက်တွေ့...
သည်။

ထိုသူတွေက အများအားဖြင့် သူ့မျက်လုံးတစ်ချက်စ...ကြ...
လိုက်ရလျှင်၊ သို့မဟုတ် လက်ဖျားလေးနှင့် ထိလိုက်ရုံဖြင့် အ...
ပြီး ပြည့်စုံသွားသည်ဟု ယုံကြည်သူများ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com 

သူက အရေးကြီး ကြီးသလို၊ သူ အာရုံကျလျှင် ကျသလို သန့်ခန်းများသို့ ခေါ်သွင်းထားပြီး တစ်ယောက်ချင်း ဆွေးနွေးလေ့ ၏။ သူနှင့်ပြေလည်သွားသူတွေက လိုရာဆန္ဒ ပြည့်ဝအောင်မြင်သွား ၏။ မပြေလည်သူတွေကျတော့လည်း မျက်စိပျက် မျက်နှာပျက်။ ချို့လည်း ရှက်သွေးဖြာ၊ မျက်ရည်စက်လက်၊ ဒေါသထွက်၍ ပြန်ပြေး ကြသည်။

တစ်ခါတွင် သူ့အလိုသို့မလိုက်သော အိမ်ထောင်ရှင် မိန်းမငယ် ဦးကို ရပ်စ်ပြူတင်ဂိုဏ်းဝင် တပည့်မတစ်ယောက်က မယုံနိုင်အောင် အားသင့်စွာဖြင့် မေးခွန်းထုတ်မိ၏။

"မင်း သူ့ကို ဘာကြောင့် ကိုယ့်ကိုယ်ကို မအပ်တာလဲ။ တော်စင်တစ်ယောက်ကို အားထားယုံကြည်တယ်ဆိုရင် ဘာမဆို င်းရဘူးလေ"

"အို၊ သူတော်စင်တစ်ယောက်ဟာ စက်ဆုပ်စရာကောင်းတဲ့ လုပ်ကို လုပ်ရသတဲ့လား"

"သူအနားကပ်ပြီး သူနှင့်ထိလိုက်တာနှင့် ထူးကဲတဲ့မြင့်မြတ်မှု ရအောင် လုပ်ပေးနိုင်တာပဲ"

"ဒါဆို အစ်မလည်း သူနှင့် မကင်းဘူးပေါ့"

"အေး၊ ငါ့ကို သူ ပိုင်ဆိုင်တယ်။ အဲဒီအတွက် ငါကိုယ်တိုင် ယူတယ်။ ဝမ်းသာအားရတယ်"

"ဟာ၊ အစ်မမှာ ယောကျ်ားကြီးနှင့်။ အစ်မယောကျ်ားက ဘာမှ ပြောဘူးလား"

"သူကိုယ်တိုင်ကိုက သဘောကျနေတာ၊ ဂရေဂိုရီလို ဘုရားလူ ငွေ့လှုံ့ရတာဟာ အစ်မတင်သာမက သူ့အတွက်ပါ ကောင်းချီးလာ ဘုန်းတန်ခိုးတက်ပြီးသားလို့ လက်ခံနားလည်ထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ သူ၏လူယုံတော် သီလရှင်မ အော်လ်ဂါ လော့စ်
နားကလည်း-

"သူတော်စင်ဟာ ဘယ်လောက်များ မြင့်မြတ်လိုက်သလဲဆို
သူနှင့်ထိလိုက်တာနှင့် ဘုန်းကျက်သရေရှိ သွားတာပဲ။ မမပြော
ယုံပါ ညီမတို့ရယ်။ သူဟာ ဘုရားသခင်ပဲ။ ဒီဘုရားသခင်ကို အ
အကျွေးပြုဖို့ ခန္ဓာကိုယ်ကို ဆက်ကပ်တဲ့အမျိုးသမီးတိုင်းဟာ ကောင်း
ဘုံကို ရောက်မှာမလွဲပါဘူး" လို့ ဆွယ်တရား ဟောလေ့ရှိ၏။

ရပ်စ်ပြူတင်ကိုယ်တိုင်ကလည်း ခုလို တရားရေအေး တိုက်
နေကျ။

"ကျုပ်ဟာ ထူးဆန်းစွာ သေခဲ့ပြီးပြီ၊ ဒါနှင့်အမျှ ဘုရားသခင်
ကိလေသာတွေ ငြိမ်းပေးခဲ့ပြီးပြီ။ ကျုပ်အဖို့ ဝေဒနာကို အရသာယူ
မခံစားတော့ဘူး။ မိန်းမတစ်ယောက်ကို ကိုင်လိုက်တာဟာ သစ်သား
ချောင်းကို ကိုင်ရတာနှင့် ဘာမှ မခြားပါပဲကလား။ အဲ၊ ကျုပ်ဆီ
ဝေဒနာမဲ့တဲ့ အငြိမ်းဓာတ်တွေနှင့် ထူးမြတ်မှုအပေါင်းကတော့ ကျုပ်
အတူနေတဲ့ ကလေးမဆီ ကူးသွားပြီး အပြစ်ကင်းတဲ့ စင်ကြယ်မြင့်မြ
မှုတွေ ရသွားလိမ့်မယ်"

သို့ကလို ကိုယ့်ဘက်ကိုယ်ယက် 'လိပ်'တရားဖြင့် မြှူဆွယ်
ယောင်းမှုကိုနားယောင်မိကာ သူပြုသမျှ နုခဲ့ရသူတွေကား မနည်း

သူက နားချလို့ သူ့ဘက်မပါလျှင် ဘလက္ကာယ အဓမ္မကြံ
၏။ သူ့အလိုမလိုက်သော တချို့တပည့်မကလေးများကို ရိုက်
နှိပ်စက်သည်ဟုပင် ပြောကြသည်။

ရပ်စ်ပြူတင်သည် အရက်နှင့် မိန်းမလှလေးများ မက်
သလောက်၊ ဆိုရ က,ရဘာကိုလည်း အင်မတန် ဝါသနာကြီးသ



www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်ဆေးပွဲများတွင် ဘုရားသီချင်းတွေ သီကျူးရင်းက 'ပိုး' င်လာသည့်အခါ ဖိနပ်သံတဂေါက်ဂေါက်ပေး၍ ထက,တတ်သော ဥ၏။ သူတို့၏ တစ်ဘက်စွန်းရောက် ဘာသာအရ သီဆိုတီးမှုတ်က, ခြင်းက ဘုရားကို ပူဇော်ခြင်းတစ်မျိုးဟု ယူဆကြသည်။

ရုပ်စိပြုတင်ကား မင်မောင်း အပြောအဟောကောင်းသလို က,လည်း ကောင်းသည်။ ကြီးမားထွားကျိုင်းလှသော သူ့ခန္ဓာကိုယ် တ္တဘောကြီးသည် သူက,ခုန်နေသောအခါ ငှက်ကလေးတစ်ကောင် ပဲနေတာနှင့်မခြား အထူးပေါ့ပါး ဖျတ်လတ်နေလေ့ ရှိ၏။

ဗီလာရုပ်ဟိုတယ်မှာ သူ မကြာခဏ က,ပွဲဆင်လေ့ရှိသည့်နေရာ င် ဖြစ်၏။ သူသည် ယိမ်းကာနွဲ့ကာ က,နေရင်းမှ သူ့ပရိသတ်ထဲမှ ချောအလှလေးတစ်ယောက်ယောက်ကို စိန်းစိန်းကြီးကြည့်ပြီး သူနှင့် ဲ့က,ဖို့ လက်ယပ်ခေါ်တတ်သည်။

ထိုမိန်းမချောလေးက အညို့ခံလိုက်ရသလို ထ,လာပြီဆိုလျှင် သူက စက်ဝိုင်းပတ်သလို လှည့်ပတ်၍ အားရပါးရ တွဲကတော့သည်။

အရက်မော့လိုက် က,လိုက်နှင့် သူနှင့် နှစ်ပါးသွားက,ရသော န်းမလှလေးမှာ ခြေကုန်လက်ပန်းကျပြီး ယိမ်းယိုင်မူးလဲသွားချိန်၌ သူက ဆီးပွေ့ ဖက်ယမ်းနမ်းရှုပ်ကာ မြေကြီးပေါ်သို့ ချထားလိုက် တော့၏။

သို့နှယ် အရှက်မရှိ သရုပ်ပျက်မှုများကို ပုလိပ်မင်းကြီး ာလက်စကီးကပင် ဆင်ခြင်ဖို့ ကျိတ်၍သတိပေးခဲ့ရသည် ရှိ၏။ ပ်စိပြုတင်ကတော့ အပျော်ကျူး မူးယစ်ရမ်းကားရာတွင် ဘယ်သူ့ကိုမျှ ရုမစိုက်။ ဘယ်သူက ဘာပြောပြော မမှုဘဲ ထင်တိုင်းကြဲနေခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါကလည်း အမျိုးသမီးတစ်ဦးက အခမ္မမှုဖြင့် ...
မှုကိုတိုင်သေး၏။ သို့သော် ရပ်စ်ပြုတင် အရေးယူ မခံရ။ ...
သေလိုက်ခြင်းသူမရှိ၍ အမှု ပိတ်လိုက်ရသည်ဆို၏။

သူသည် ဂျစ်ပဆီကချေသည်မလေးများနှင့် သူ့ဒကာမလေး...
အပေါ်တွင် ရက်ရက်ရောရောဖြင့် ရွှေဒင်္ဂါးတွေ ဆုချစွန့်ကြဲ...
သေး၏။ ဆင်းရဲသားများကိုတော့ ငွေမိုး ရွာပေးတတ်၏။

သည်လို ရက်ရောနိုင်လောက်အောင်လည်း သူက ကြွယ်...
သာနေသည်ကိုး။ သူ့အိမ်ကို လာသမျှ လူတိုင်းက သူ့ကို လက်ဆော...
ပဏ္ဏာဆက်သ,ကြစမြဲ။ လက်ဆောင်မပါလျှင် သူက ရွှေစိတ်တော်...
ချင်ချင် မျက်နှာတော်က တယ်မကြည်ချင်။

ဝိုင်ဆိုတာက အနိမ့်ဆုံးဖြစ်၍ ပိုးဖဲကတ္တီပါ ဝတ်လဲတော်...
ခပ်များများ။ အိမ်အသုံးအဆောင်နှင့် စားစရာတွေ အလျှံပယ်။

အဲဒီထဲမှာ ရွှေဒင်္ဂါးဆိုတာတော့ သူက အကြိုက်ဆုံး။

ငွေတွေကတော့ တစ်ပုံကြီးပေါ့။ အံဆွဲတွေ ဘီရိုတွေအပြ...
ဖိသိပ်ထည့်ရတဲ့အထိ။

ပေးကြပုံလေးကလည်း ယဉ်ယဉ်လေး။

တစ်ခုခုအကျိုးဆောင်ပေး၍ လာဘ်ထိုးသည့်သဘောမျိုး မဟုတ်...
သူ့သမီး၏မင်္ဂလာဆောင်အတွက် ကြိုတင်လက်ဖွဲ့ကြတာပါတဲ့။ သ...
ဖြစ်သူ မက်ထရှိုင်နာက သူ့မိတ်ဆွေကြီး ဆိုလိုဗီယက်ရဲ့သားနှင့် မ...
ခင် လက်ထပ်တော့မယ်လေ။

သူတို့မိသားစုက တောပုံစံမပျက် ရိုးရိုးကုပ်ကုပ်နှင့်နေကြ...
လည်း ရွှေတွေငွေတွေကတော့ အထုပ်လိုက်အထည်လိုက် စုမိကြ...

ဒီရွှေငွေလက်ဆောင်ပဏ္ဏာတွေက အများအားဖြင့် က...
ကတော်တွေဆီက ပုံပိုးဆက်သခဲ့ခြင်း ဖြစ်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲ၊ ငွေနှင့် မရင်းနိုင်သူတွေကတော့ လူနှင့် ရင်းကြရသည်ပေါ့၊

စင်စစ်တော့ ရုပ်စံပြျူတင်၏ 'ဂိုရီခေါ်ဗျား' အိမ်ဂေဟာသည်ကား ရွှေကို ယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါ ယူသည့် သက်ရှိသက်မဲ့ ဘယ်သူကိုမှ ချမ်းသာမပေးသော ကြောက်စရာ သားရဲတွင်းကြီးသာ ဖြစ်ပါလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ဘီလူးငတေ ဖျားတုပ်ခံရခြင်း ။ ၁၃

"တံခါး ဝုန်းခနဲ ပွင့်သွားတယ်။ သရဲသဘက်ကြီးပုံစံနှင့် ရ
ပြုတင် ဘွားခနဲ ပေါ်လာတယ်။ လူငါးဆယ်လောက် ရယ်မောပျော်
နေရာက သူ့ကို လှမ်းကြည့်လိုက်တယ်။ သူက လူတွေအားလုံး
အသံဗလံတွေ ငြိမ်ကျတဲ့အထိ တံခါးဝမှာ ရပ်နေတယ်။ လူတွေ သူ
အာရုံစိုက်မိပြီဆိုတဲ့ အချိန်ကျမှ သူဟာ တကယ့် အတွေ့အကြုံရင့်
သရုပ်ဆောင်တစ်ယောက်ရဲ့ အက်တင်မျိုးနှင့် ဝင်လာတယ်။

"လူတွေကို ကျောက်ရုပ်တွေလို ကြက်သေသေပြီး ငေးနေ
အောင် သူက စွမ်းအားပြင်းထန်ပြီး ထူးဆန်းတဲ့ရောင်ခြည်လှိုင်း
နှင့် ဖမ်းစားထားတယ် ထင်ရတယ်။ ညှော်ခံပွဲက လူကုံထံ မြို့
ကြီးတွေ၊ မင်းညီမင်းသားတွေ၊ အရာရှိကြီးတွေဟာ သူ့မျက်စိအောက်
တစ်ယောက်မှ ပြေးမလွတ်တော့သလို ညို့သက်မိနေကြရတာပဲ။ အ
သဖြင့် အမျိုးသမီးတွေပေါ့။ သူ့ကိုတွေ့လိုက်တဲ့ ခဏမှာပဲ သူတို့အ
ကြွေကုန် ကြသလိုပဲ။

"ကျွန်တော်ကတော့ သူ့ကို ငေးကြည့်နေမိရင်းက 'ဒေ
ရုပ်စ်ပြုတင်ဆိုတဲ့ တောသားလူရိုင်းကြီးဟာ ငါတွေ့ဖူးသမျှလူတွေထဲ

www.burmeseclassic.com


ရာယ်အကြီးဆုံး၊ ကြောက်စရာအကောင်းဆုံးလူပဲလို့ သိလိုက်ရတယ်"

ဒီစကားတွေ ပြောခဲ့သူကတော့ အန်နာရှုဘောဗာ မင်းသမီးရဲ့ ကြားချက်အရ အမတ်ကတော် ဂလိုဗီနာရဲ့ ညှော်ခံပွဲကို တက်ရောက်တာက ရုပ်စ်ပြူတင်ကို လျှပ်တစ်ပြက်မြင်ခဲ့ရတဲ့ ပြင်သစ်သံအမတ်မောရစ်စ် ပါလီယိုလိုဂူးပဲ ဖြစ်ပါသည်။

မောရစ်စ်ပြောသလိုပဲ ရုပ်စ်ပြူတင်ကို သတ်ခဲ့သူ မင်းသားသစ် ဖဲလီဇိုးဗစ်ချ် ယူဆူပေါ့ကလည်း ရုပ်စ်ပြူတင်ဟာ စိတ်ညို့တတ်ကြောင်း သူ့စာအုပ်ထဲမှာ ရေးခဲ့တာ တွေ့ရသည်။

'ရုပ်စ်ပြူတင်တွင် ထူးခြားသောမျက်လုံးများ ရှိ၏။ ၎င်း၏မျက်လုံးများမှာ သီလဖြူစင်အောင်ကျင့်သုံးလျက်ရှိသော သူတော်စင်တို့၏မျက်လုံးများနှင့်မတူ။ ပလီဉာဏ်များ၍ လှည့်ဖြားတတ်ပြီး ကာမလိုက်ကျူးသူတို့၏ မျက်လုံးမျိုးပင်ဖြစ်သည်ဟု အကဲခတ်မိ၏။ မျက်လုံးအလယ်ရှိ စူးရှသေးသွယ်သော မျက်လုံးလေးများသည် ဘယ်ဆီဝယ်ဝယ်သို့ကြည့်ရှုနေသည်ဟု အခြားသူများ မသိနိုင်။ သို့သော်တစ်ပါးသူတစ်ယောက်ယောက်ကို လွှမ်းမိုးစူးစိုက်၍ ကြည့်လိုက်သည့်အခါ အကြည့်ခံရသူမှာ အညို့ခံရသကဲ့သို့ ဖြစ်သွားရ၏'

ယူဆူပေါ့မင်းသားသည် ရုပ်စ်ပြူတင်အိမ်သို့ ဒုတိယအကြိမ်ရောက် ရောက်သွား၏။ ပြီးတော့ သူ သိပ်မကျန်းမာကြောင်းလီဆယ်ပြော၏။ ရုပ်စ်ပြူတင်က ဘုရားဆေးနှင့် ကုပေးမည်ဆိုကာ စာကြည့်ခန်းထဲ ခေါ်သွား၏။ ကုတင်တစ်လုံးပေါ်၌ တက်အိပ်ခိုင်း၏။

ထို့နောက် ယူဆူပေါ့က ရေးထားသည်မှာ–

'ကျွန်ုပ်ကလည်း သူ စေခိုင်းသည့်အတိုင်း အိပ်လိုက်၏။ ရုပ်စ်ပြူတင်သည် ကျွန်ုပ်၏မျက်လုံးကို စိုက်ကြည့်ပြီးလျှင် ကျွန်ုပ်၏ရင်ပင်နှင့် ဦးခေါင်းတို့ကို လက်နှင့် သပ်ချလေ၏။


www.burmeseclassic.com

www.burmeseclassic.com



'တစ်ဖန် ရုတ်တရက် ဒူးထောက်ပြီး လက်တစ်ဘက်က ကျွန်ုပ်၏ နဖူးပေါ်တင်ထားလျက် ဘုရားရှိခိုး၏။ နောက် သူ့နဖူးနှင့် မြေကြီးကိုတိုက်၍ အကြာကြီး ဝတ်ပြုဆုတောင်းပြန်၏'

'ပြီးလျှင် စိတ်အညို့ဆရာများပြုသကဲ့သို့ ကျွန်ုပ်ကို ပြုလုပ်သည်ကို တွေ့ရပြန်၏။ ရပ်စ်ပြူတင်၏ ညို့နိုင်သောအစွမ်းမှာ အတော်ပင်ကြီးမား၏။ ကျွန်ုပ်စိတ်ကျင် တစ်ကိုယ်လုံး ပူနွေးသွားသည်ဟု ထင်လာရ၏။ ထို့အတူ ကျွန်ုပ်စိတ်တွင် တစ်ကိုယ်လုံး မလှုပ်နိုင်မရှားနိုင်ဖြစ်သွားရတော့၏'

'ကျွန်ုပ်က စကားပြောမည်ကြံရာ ကျွန်ုပ်လျှာမှာ မလှုပ်ရှားနိုင်ဘဲရှိနေရ၏။ နစ်ကိုတင်အဆိပ်စားမိသော သူပမာလည်း တစ်ခါတည်းအိပ်ချင်စိတ်များ ဝင်လာ၏။ ထိုသို့ အိပ်ချင်မှုးတူး ဖြစ်နေသော အခြေအနေတွင် ကျွန်ုပ်ရှေ့၌ရပ်နေသော ရပ်စ်ပြူတင်၏မျက်လုံးများမှာ ပိုးစုန်းပြူအရောင်ကဲ့သို့ အရောင်များတောက်ပနေ၏။ တဝင်းလက်လက်တောက်ပနေသော မျက်လုံးရောင်တို့မှာ ဝေးသွားလိုက် နီးလာလိုက်ဖြစ်နေသည်ကို သတိရမိ၏'

'ရပ်စ်ပြူတင်က တစ်စုံတစ်ခု ပြောဆိုနေသည်။ သို့သော်ဘာတွေရွတ်နေမှန်း မသိ။ ကျွန်ုပ်ကို အမိန့်ပေးနေသလို ထင်ရ၏။ ကျွန်ုပ်ကား သူ့လက်တွင်းသို့ရောက်နေရာမှ သူ စေခိုင်းသလိုလုပ်ရကာ သူပြုသမျှ နရချေပြီဟု တွေးထင်မိတော့၏'

'စင်စစ်တော့ ရပ်စ်ပြူတင်၏စိတ်နှင့် ကျွန်ုပ်၏စိတ် စိတ်ချင်းစစ်တိုက်နေ၏။ ရပ်စ်ပြူတင်၏ညို့စိတ်သည် ကျွန်ုပ်ကို လုံးလုံးလျားလျား မဖုံးလွှမ်းနိုင်။ ကျွန်ုပ်လက်တစ်ဖက်ကို မြှောက်ကြည့်၏။ စိတ်ရှိတိုင်း မြှောက်လို့ရလာသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com


'ကဲ၊ ပထမတစ်ကြိမ်တော့ ဒီလောက်နှင့်ပဲ တော်ပါပြီ" ဟု ပြူတင်က ပြော၏။ ရပ်စ်ပြူတင်သည် ကျွန်ုပ်ကို ကောင်းစွာ ...ယ်နိုင်ပြီဟူသော အမိပွာယ်ဖြင့် ပြုံးလိုက်၏။ ကျွန်ုပ်လက်ကိုဆွဲ၍ ...က်ရာ ကျွန်ုပ်မှာ အနည်းငယ် မူးဝေသွားတော့၏။ ခုတင်ပေါ်မှ ...ပြီးလမ်းလျှောက်ရာ ကောင်းစွာ မလျှောက်နိုင်။ ရပ်စ်ပြူတင်က ...ားသခင်၏မေတ္တာတော်ဖြင့် ရောဂါပျောက်ကင်းပါလိမ့်မည်'ဟု ...ဆေးလိုက်၏။ ကျွန်ုပ်လည်း ရပ်စ်ပြူတင်အိမ်မှ ပြန်လာပြီးနောက် ...မ်သို့ မကြာမကြာ ရောက်နေမိတော့၏'

သည်အချက်များကိုထောက်လျှင် ရပ်စ်ပြူတင်သည် နယ်စုံ ...၍ ဆရာအဆူဆူထံမှ ပဉ္စလက်မှော်အတတ်နှင့် စိတ်ညို့ပညာတွေ ...မြှောက်ခဲ့ပြီး အလွဲသုံးစားလုပ်ခဲ့သည် ဆိုနိုင်သည်။

ဒီတော့ သူ၏လှည့်စားပြုစားချက်တွင် သာမန်မိန်းကလေးတွေ ...နှင့်။ ထိပ်ဆိုသည့် မြို့စားနယ်စားကတော်များပင် မှိုင်းမိခဲ့ရတာ ...န်းလို့ပင် ပြောရတော့မည်။

နောက်ဆုံး ရုရှားပြည့်ရှင် ဘုရင်ကတော်ကိုယ်တိုင် အကျကြီး ...ရသည်မှာ သားတော်လေးကြောင့်သာမက ရပ်စ်ပြူတင်၏ မာယာ ...က်အစွမ်းလည်း ပါလိမ့်မည်ဟု ယူဆစရာ။

ဥပမာ–

ရပ်စ်ပြူတင် မိန်းမရှုပ်သည့်သတင်းတွေက နားလျှံအောင်ကြား ...သည့်တိုင် မိဖုရားကြီးက သူ့မိတ်ဆွေကို အထိမခံ။

"ရိုးရိုးတန်းတန်း မောင်လိုနှမလိုခင်မင်တာ ပေ့မှာပါ" လို့ ...ခဲ့၏။

၁၉၁၄ ခုနှစ် ဂျာမဏီနှင့် စစ်ဖြစ်နေသည့်ကာလ။

ဇာဘုရင်က ရှေ့တန်းစစ်ဌာနချုပ်သို့ သွား၍ ကွပ်ကဲနေချိန်။


www.burmeseclassic.com

 www.burmeseclassic.com

မိဖုရားအလက်ဇန္ဒရား ပါးလိုက်သမျှ စာချွန်လွှာများ ... ရပ်စ်ပြူတင်၏အကြောင်းတွေ အနည်းနှင့် အများ ပါခဲ့သည်ချည်း ဖြစ်...

ပြီးတော့ နစ်ကိုလိုင်အား (သူတို့အခေါ်) 'မိတ်ဆွေကြီး'... အကြံဉာဏ်ကို အမြဲလိုက်နာဖို့ သတိပေးပန်ကြားထား၏။

တစ်ခုသောသဝဏ်လွှာ၌ ရပ်စ်ပြူတင်အား 'သူ' ဟူ... နာမ်စားဖြင့် ညွှန်းခဲ့ပြီး–

"ကျမ်းစာထဲမှာ ဘုရားသခင် ဟောခဲ့တာ ရှိပါတယ်။ ဘု... သခင်ရဲ့ တပည့်သားတွေရှိနေပြီး အစွမ်းကုန်စောင့်ရှောက်ကူညီတဲ့ ... ဟာ ဘယ်တော့မှ မရှုံးပါဘူးတဲ့။ အဲ၊ လူတွေအနေနှင့် ယုံကြည်... လိုက်နာဖို့၊ အကြံဉာဏ်တွေတောင်းခံဖို့သာ အရေးကြီးပါသတဲ့။ ခု... 'သူ'ဟာ အရေးအရာအားလုံးကို သိတဲ့လူပါ။ 'သူ' နားမလည်... ဘာမှမရှိပါဘူး။ ဘုရားသခင်က 'သူ့'ကို အရာခပ်သိမ်း လွှဲအပ်... ပါတယ်။ ဒါကြောင့်လည်း 'သူ'ဟာ လူတွေ လိုက်မမီလောက်အော... အံ့ဖွယ်ဘနန်း ဦးနှောက်ဉာဏ်စွမ်းထက်ခဲ့သလို၊ ဘာမဆို သိမြင် ... လည်ပြီးသား ဖြစ်နေတယ်လေ။

"'သူ'ကသာ စောင့်ရှောက်ပြီး ဆုတောင်းပေးရင် အောင်မြင်... ပဲ။ သူ့အကြံကို နာခံဆောင်ရွက်သူ မှန်သမျှ ကောင်းကျိုးချမ်းသာ ရ... တာပဲ မဟုတ်လား။ သူ့အပေါ် လူတွေ စိတ်ထားပြောင်းသွားတာ... သူ့အပြစ် မဟုတ်ပါဘူး။ သူက ကျွန်မတို့ထက် ပိုပြီး လူတွေအ... သည်းခံနိုင်အားရှိသလို ဘုရားသခင်ရဲ့မေတ္တာတော်အရ ဆင်ခြင်... တရားနှင့် ဘဝအတွေ့အကြုံတွေ ရင့်ကျက်ပြီးသား ဖြစ်ပါတယ်"

နောက်စာတစ်စောင်မှာတော့ ဂရေဂိုရီရပ်စ်ပြူတင်နှင့် ... ပွဲတစ်ခုအကြောင်း ရေးသားထားသည်။

"မနေ့ညက အန်နာရဲ့အိမ်မှာ 'မိတ်ဆွေကြီး'နှင့် ညစာစား... တယ်။ သူက အရှင့်ကို 'စိတ်ခိုင်မာပါ၊ အထက်စီး... နေပါ'၊ ထရီ...


www.burmeseclassic.com

www.burmeseclassic.com



် အလျှော့မပေးပါနှင့်’လို့ တိုက်တွန်းခိုင်းလိုက်ပါတယ်။ အရှင်က လှထက် အများကြီးသာတဲ့ဥစ္စာ။ ပြီးတော့ ကျွန်မတို့ မိတ်ဆွေကြီးကို ရားသခင်အလိုကျ ဒီလူကို ခေါင်းဆောင်ဘယ်သူက ဦးဆောင်နိုင် လဲလို့ ဘာကြောင့်မမေးတာလဲ။ ကျွန်မ အဲဒီလူကို မကြိုက်တာလည်း တိရပါ။ အရှင့်အနေနှင့် ကျွန်မတို့ရဲ့ ‘မိတ်ဆွေကြီး’ကို ထရီပေါ့ဗ် က် ပိုပြီး အားထား ယုံစားစေချင်တယ်။ သူဟာ အရှင်နှင့် ရုရှားပြည် ကြီးအတွက် ရှင်သန်သူပါပဲ”

ထို့အပြင်–

“ကျွန်မတို့ မိတ်ဆွေကြီး အကြံပေးတာတွေကို ယုံကြည်ပါ။ စကားကို နားမထောင်ဘဲ ကလန်ကဆန်လုပ်မိရင် အဆင်မပြေတာ တွေလည်း ကလေးတွေကအစ သတိထားမိပါတယ်။ သူပြောတာ ိက်နာရင် ကောင်းသွားတာပဲ မဟုတ်လား” တဲ့။

“ကျွန်မကိုချစ်တယ်ဆိုရင် မိတ်ဆွေကြီး အကြံပေးသမျှ ယုံယုံ ကြည်ကြည်နှင့် အစွမ်းကုန်လိုက်နာပါ။ အရှင်ဟာ အလွယ်တကူ အလျှော့ပေးရလောက်အောင် အရှင့်စိတ်တွေဟာ နူးညံ့ပျော့ပျောင်းမှာ ် မစိုးရိမ်ပါဘူးဆိုတဲ့အထိ စကားကုန် မရေးလိုတော့ပါဘူး။ အန်နာ င်း ကျွန်မတို့မိတ်ဆွေကြီးကို ကျောထောက်နောက်ခံ ပြုထားမိတာ အားပါပဲ။ ကျွန်မတို့က တစ်ဘက်သတ် ဩဇာပေးနေတယ်လို့ပဲ ပြစ်တင်ချင်တင်။ အရှင့်ကောင်းကျိုးအတွက် ပြောနေတယ်ဆိုတာ ကိုတော့ နားလည်စေချင်ပါရဲ့။

“ကျွန်မတို့ မိတ်ဆွေကြီးရဲ့ ကူညီမှိုင်းမမှုနှင့် ဆုတောင်းမှုတွေ ကို အလေးအနက်ထားပြီး နည်းနည်းလေး ပိုလက်ခံလိုက်တာနှင့်အမှု ပြဿနာအားလုံး အဆင်ချောသွားမှာပါ။ ကျွန်မကတော့ ဘုရားသခင်ကြောင့် အရှင်ရဲ့ ဘုန်းအာဏာနှင့် ရုရှားနိုင်ငံတော်ကြီး ကြီးကျယ်လှပ အချိန်ရောက်လာပြီလို့ အပြည့်အဝ ယုံကြည်လျက်ပါ”



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးသည် ရပ်စ်ပြူတင်က သဘာဝစွမ်းအားများကိုပင် လိုသလို ချုပ်ကိုင်နိုင်သည်ဟု ယုံကြည်ခဲ့၏။

၁၉၁၅ ခုနှစ် ဆောင်းဦးပေါက်ရာသီမှ စစ်ချီနေသော ရုရှား ဟပ်ခတော်ကြီးကို သဲနေသောနှင်းတွေက နှောင့်ယှက်နေချိန်၌ သူမက စာဘုရင်ရှိရာ ရှေ့တန်းစခန်းသို့ ခုလို စာလွှာ ပါးခဲ့ပြန်ပါသည်။

"ကျွန်မတို့ရဲ့မိတ်ဆွေကြီးဟာ စစ်ကြီးအတွက်ပဲ အမြဲတွေးပြီး ဆုတောင်းမေတ္တာ ပို့နေတာပါ။ တစ်ခုခု ထူးခြားတာနှင့် 'သူ့'ကို ချက်ချင်း အကြောင်းကြားပါလို့ ကျွန်မတို့ကို မှာထားပါတယ်။ ဒါနှင့် နှင်းမုန်တိုင်းတွေထန်နေလို့ စစ်ချီရာမှာ ခရီးမတွင်တဲ့အကြောင်း ပြောပြလိုက်ပါတယ်။ ဒီတင် 'သူ'က ချက်ချင်း ဘာလို့အကြောင်းမကြား ရတာလဲလို့ အပြစ်တင်ပြီး နှင်းတွေ ဆက်မကျစေရအောင် လုပ်ပေး မယ်လို့ ပြောခဲ့ပါတယ်"

တခြားစာတစ်စောင်မှာတော့ ရပ်စ်ပြူတင်၏ အံ့မခန်း တန်ခိုး နှင့် တိုင်တည်ဆုတောင်းမှုကြောင့် 'ဇီရက်'အမည်ရှိ စစ်သင်္ဘောကြီး သည် မုန်တိုင်းကျနေသည့်ကြားမှ ဂျီဘရောလ်တာရေလက်ကြားကို ဖြတ်နိုင်ခဲ့ပြီး ဂလပ်စကိုသို့ ရောက်လာကြောင်း၊ သင်္ဘောသားများမှာ လည်း ဘေးမသီရန်မခခဲ့ရကြောင်း၊ ဆိုက်ဘေးရီးယားပြည်နယ် တိုဘောလ်စ်မှနေ၍ ရပ်စ်ပြူတင်က မေတ္တာပို့ပေးခဲ့လို့ဖြစ်ကြောင်း အသိ ပေးထား၏။

မိဖုရားကြီးသည် 'မိတ်ဆွေကြီး'ကို အနန္တစွမ်းအားရှင်အဖြစ် အကြွင်းမဲ့ယုံထားရာ၌ 'သူ'ပေးထားသော ဘာမဟုတ်သည့် 'အခေါင်' လေးကိုပင် ရေးကြီးခွင်ကျယ်လုပ်ခဲ့ကြောင်း စာတစ်စောင်က သက်သေ ပြခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစာအရ ဇာဘုရင်အား 'အရေးပေါ် စစ်ကောင်စီအစည်းအဝေး ...မည်ဆိုလျှင် ရပ်စ်ပြူတင်စီရင်ပေးထားသော 'ဘီး'လေးနှင့် ...ဖိးပြီးမှသွားဖို့ မမေ့နှင့်ဦး'လို့ သတိပေးထားတာတွေ့ရ၏။

ဒါနှင့်မျှ စိတ်မချနိုင်သေးသလို ကြေးနန်းပို့၍ပင် ထပ်မှာလိုက် ...၏။

"ဘုရားသခင် ရှင့်ဘက်ကရှိနေအောင် ကျွန်မ ဘုရားကျောင်းကို ...ပြီး မယ်တော်မာရီရှေ့မှာ ဖရောင်းတိုင်တစ်တိုင် သွားထွန်းရဦး ... ရပ်စ်ပြူတင်ရဲ့ဘီးကို မမေ့နှင့်နော်"တဲ့။

ဤသို့ဖြင့် ရုရှားနိုင်ငံတစ်ဝှမ်းလုံးကို အာဏာပိုင်စိုးတော်မူသော ...က်ဦးဆံပိုင်ဘုရင်ဧကရာဇ် နီကိုလိုင်ခမျာလည်း မြတ်နိုးလှစွာသော ...ရားကြီးအဲလစ်၏ဩဇာကို မလွန်ဆန်နိုင်သည်နှင့်အမျှ ရပ်စ် ...တင်၏ တပည့်သာဝက ဖြစ်မှန်းမသိ ဖြစ်ခဲ့ရခြင်းသာ။

တကယ်ဆိုတော့ သူငယ်ငယ်က ဂမ္ဘီရပညာရပ်များကို သဲကြီးမဲ ...စိတ်ဝင်စားခဲ့ဖူးသလို၊ ဘုရားသခင်စေလွှတ်သော 'တမန်တော်' ...ည်ကိုလည်း ယုံကြည်သက်ဝင်ခဲ့၏။

ဘုရင်ဖြစ်လာ ချိန်၌ အဲလစ်စ်နှင့် ဝါသနာတူချင်း အယူသီးစွာ ...င်းမိကြပြီး ရပ်စပြူတင်ကို သူတော်စင်အမှတ်ဖြင့် ဆရာတင် ကိုး ...ယ်မိခြင်း ဖြစ်၏။

တစ်ခါက နန်းတွင်းသားတစ်ဦးနှင့် အညောင်းပြေလမ်း ...လျှောက်ရင်း ခုလို ဖွင့်ပြောခဲ့ဖူးပါသတဲ့။

"အေးကွယ့်။ ငါ ကိုယ်တော် အရေးကြုံတိုင်း၊ ဒါမှမဟုတ် ...ာ သံသယဖြစ်ရတဲ့အခါ ပြီးတော့ ပူပန်ကြောင့်ကျစိတ်ပေါ်နေရပြီ ...ရင် ဂရေဂိုရီနှင့်သာ ငါးမိနစ်လောက် စကားပြောလိုက်ရ ချက်ချင်း ...အားရှိလာပြီး စိတ်အေးချမ်းမှုတွေ၊ ရလာတော့တာပဲ။ သူဟာ ငါ့သိ



www.burmeseclassic.com

www.burmeseclassic.com

ချင်တာတွေကို တန်းခနဲ ပြောပြနိုင်သလို သူ့ဟောကိန်းတွေ၊ အကြံ
တာတွေဟာလည်း မှန်တာတွေ့ရတယ်"

ဒီလိုနှင့် ရပ်စ်ပြူတင်အား ဘာမဆို အားထားတိုင်ပင်သည်
အဆင့်သို့ ရောက်လာရာမှ ဆရာကြီးအလိုကျ ဆိုက,ကြရသော
ဖြင့် စေတစ်လုံးပိုင်ရှင် ဘုရင်စင်စစ်က ဂရေဂိုရီ၏ခြေတော်ရင်း
ဝပ်စင်းမိလျက်သား ဖြစ်သွားရတော့၏။

ဤတွင် ရပ်စ်ပြူတင်လည်း ဘုရင့်အာဏာကို ထက်ဝက်မ
ပိုင်စိုးခဲ့ရသလို သွေးနားထင်ရောက် ခြေဖျားထောက်ကာ မြောက်ကြွ
မြောက်ကြွနှင့် ရမ်းကားချင်တိုင်း ရမ်းကားနိုင်လေတော့၏။

မင်းမိဖုရား မိသားစုပေါ်တွင် ဩဇာလွှမ်းခဲ့သည့်နောက် နန်း
တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရုံသာမက နိုင်ငံရေး၊ စစ်ရေးများမှာ
ပါ စိတ်တိုင်းကျ ခြယ်လှယ်ခဲ့ပါလေပြီ။

ရပ်စ်ပြူတင်၏ နိုင်ငံရေးအမြင်နှင့် ကျင့်သုံးသော နည်းနိဿယ
များမှာ တောသားစရိုက်နှင့်အညီ ခေတ်မမီဘဲ အောက်တန်းနောက်တန်း
ကျလှသည်။

သို့သော် သာမန်ပြည်သူအများစု၏ လိုအင်ဆန္ဒနှင့် အတွေး
အခေါ်အယူအဆတို့ကို ထဲထဲဝင်ဝင် နားလည်ထားသည့်အလျောက်
ရှေ့နန်းတော်တွင် ပီပီပြင်ပြင် ဖော်ထုတ်တင်ပြနိုင်သဖြင့် သူ ပေါ်ပြူလာ
ဖြစ်ခဲ့၏။

ဒီအချက်က စစ်နှင့် ငြိမ်းချမ်းရေး တစ်ခုခုကို ဆုံးဖြတ်ရွေးချယ်
ဖို့ ကြုံလာရသောအခါ အထင်အရှား။

၁၉၁၂ ခုနှစ်အတွင်း မွန်တီနီဂရိုးအနွယ် ဇနီးသည်၏ ကြီး
မားသော ပယောဂဖြင့် မြို့စားမင်းသားကြီး နီကိုလိုင်နစ်ကိုလေးဗစ်ချ်
က ဘောလ်ကန်စစ်ပွဲတွင် ရုရှားနိုင်ငံပါဝင်တိုက်ခိုက်ရန် ဘုရင်အား
အသည်းအသန် ဆွယ်တရားဟောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစစ်ပွဲကို လက်ရှောင်ရန် ဧကရာဇ်ဘုရင်အား ဦးတိုက်ပန်ကြား ... ရပ်စ်ပြူတင်သာ ဖြစ်၏။

"အရှင်မင်းမြတ်နှင့် ပြည်သူပြည်သားတွေအတွက် အကျိုးရှိ ... စဉ်းစားသင့်ပါတယ်။ အရှင့်အဘိုးဟာ ဘူလ်ဂေးရီးယားကို တူရကီ ...ပိုက်ထားရာက လွတ်မြောက်အောင် ကူညီကိုက်ထုတ်ပေးခဲ့ဖူး ...ဘယ်။ သူတို့က ကယ်တင်ရှင်ကို ဘယ်လို ကျေးဇူးဆပ်ခဲ့ပါသလဲ။ ...ဖောက် တာတာမျိုးနွယ်စုတွေအတွက် ကျွန်ုပ်တို့ဖခင်များဟာ ...တို့သားတွေအပေါ် သွေးတွေနှင့် ဘိသိက်သွန်းလောင်းခဲ့ရတာသာ ...တ်တင်ခဲ့တယ် မဟုတ်လား။ တကယ်လို့ ခုစစ်ပွဲမှာ ကျွန်ုပ်တို့ ...ပွဲထားဦး။ ဘာတွေ ဖြစ်လာမတဲ့လဲ။ ကျွန်ုပ်တို့ရဲ့ သွေးရင်းသားရင်း ...သပ်ဗ်' ညီအစ်ကိုတွေကို ကူညီရမယ်လို့ သူတို့ကတော့ ပြောကြမှာ ... ဒါပေမယ့် 'ကိန်း'ကကော 'အေဘယ်လ်'နှင့် ညီအစ်ကိုမတော်ဘူး ..."

ဒီအပြောတွေက ဘုရင်ကေရာဇ်အပေါ်တွင် ထိထိရောက်ရောက် ...အားပေးနိုင်ခဲ့ပြီး ဘောလ်ကန်စစ်ပွဲ၌ ဝင်မတိုက်ရန် ဆုံးဖြတ်ခဲ့မိ ...သာ အကြောင်းတစ်ရပ် ဖြစ်ခဲ့ရ၏။

၁၉၁၄ ခုနှစ် ဇွန်လ ၁၈ ရက်နေ့က ဆားဗီးယားလူမျိုး အစွန်း ...က်သမားတစ်ဦး၏လက်ချက်ကြောင့် ဩစတြီးယားအိမ်ရှေ့မင်း ...သား ဖာဒီနန် ဇနီးမောင်နှံ အသက်ဆုံးခဲ့ရသည်မှအစ ၁၉၁၅ ခုနှစ်ကုန် ...တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်ခဲ့ရသည်မှာ အများအသိပင်။

ဩစတြီးယားက ဆားဗီးယားကို ကလဲ့စားချေပွဲတွင် မဆီမဆိုင် ...ားက ဝင်ပြီးစစ်ကြေညာလိုက်သည်။

တစ်ကမ္ဘာလုံး ရင်မောဓာပွေသွားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆာရာယေဗိုမှ သေနတ်သံများသည် စိန့်ပီတာ...
နန်းတော်၏ ရာဇပလ္လင်နောက်ကွယ်ကဖြစ်ရပ်များနှင့် တိုက်ရိုက်...
သက်ခဲ့၏။

ထိုစဉ်က စစ်ကြေညာဖို့ ဆုံးဖြတ်ချက်ချရေးမှာ ...
အကြောက်ကြီးပြီးတွေဝေတတ်သော ဇာဘုရင်၏လက်ထဲ၌ ရှိနေ...

သူ့ အားကိုးအားထားပြုရသည့် ရပ်စ်ပြူတင်လည်း အ...
မရှိ၍ ဇာဘုရင်ခမျာ သူ့နန်းဆောင်ထဲတွင် တစ်ညလုံး နေ...
ခေါက်ပြန်လျှောက်ရင်း ဆောက်တည်ရာမရ အကြံအိုက်နေ၏...

ရပ်စ်ပြူတင်ရှိရာ ပိုကရော့စကိုးသို့သာ ကြေးနန်းတွေ...
တလဲလဲရိုက်ခိုင်းနေမိသည်။

ဘုရင့်စာကြည့်ဆောင်အတွင်းမှာတော့ စစ်သေနာပတိ...
သော မြို့စားကြီးနီကိုလပ်က အဖြေကို စောင့်နေ၏။ ဘုရင့်ဆုံး...
ချက်ကျသည်နှင့် သူ့တပ်မဟာကို စစ်ထွက်မိန့် ထုတ်လိုက်...
...တော့၏။

ဘုရင်က ရပ်စ်ပြူတင်ထံသို့ ဘယ်လောက်ပဲ ကြေးနန်းတွေ...
မေးမေး၊ ရပ်စ်ပြူတင် အချိန်မီ အဖြေပေးနိုင်မည် မဟုတ်ကြောင်း...
မြို့စားမင်းသားကြီးက အတပ်သိထား၏။

တောသားလူရှုပ်ကြီးသည် ကြေးနန်းတွေကို တုံ့ပြန်...
ခွင့်တောင် မကြုံလိုက်ဘဲ ရာသက်ပန် နှုတ်ပိတ်နေလိုက်ရတော့...
အဖြစ်ကို သူက တွေးထင်မြင်ယောင်နေမိ၏။

နောက်တစ်နေ့မနက်။

ပိုကရော့စကိုးရွာလေးမှာ သူထင်သည့်အတိုင်း ဖြစ်လာ...



www.burmeseclassic.com

www.burmeseclassic.com 

ရုပ်စိပ်ပြူတင် တံခါး ခေါက်သံကြား၍ ထ,ဖွင့်လိုက်တော့ ကြေး
...တစ်စောင်နှင့် စာပို့လုလင်တစ်ယောက်ကို တွေ့လိုက်ရ၏။ အရေး
...ကြေးနန်းစာကို ဖတ်လိုက်မိ... နောက် ...ပို့လုလင်နောက် ကမန်း
...တန်း ထွက်လိုက်ခဲ့သည်။

အကြောင်းပြန်စာပေးပို့... ထင်ရသည်။

သူ့ လမ်းပေါ်အရောက်မှာပင် မိန်း...လုလေးတစ်ယောက်က
...ကို မလှမ်းမကမ်း နောက်ကလှမ်းခေါ်လိုက်သည်။

"အစ်ကိုကြီး ရုပ်စိပ်ပြူတင်"

သူက လှည့်ကြည့်လိုက်သည်။

မိန်းမလုလေးက ပြုံးပြုံးလေး အနားကပ်လာသည်။

ရုပ်စိပ်ပြူတင် ကြောင်နေဆဲ အဆောင်တစ်ခုခုပေးဖို့ တောင်းခဲ့
...မှ သူက ကုတ်အင်္ကျီအိတ်ထဲ နှိုက်ယူနေမိခိုက်။

"မိန်းကလေးတွေကို ဖျက်ဆီးတဲ့ လူယုတ်မာကြီး"

ပြောပြောဆိုဆိုကြားတွင် ဓားသွားက ဖွေးခနဲလက်ခနဲ။

ရုပ်စိပ်ပြူတင်၏ရင်ဘတ်ကို နှစ်ချက်ဆင့် ထိုးလိုက်သည်။

မြန်လွန်းလှသဖြင့် ရုပ်စိပ်ပြူတင် ဘယ်လိုမျှ မကာကွယ်လိုက်
...။ အငိုက်မိသွားရာမှ အံ့အားသင့်လျက်သား မိန်းမလုလေးကို ဒေါသ
...က်လုံးတွေဖြင့်ငေးကြည့်ရင်း ဒဏ်ရာကို လက်နှစ်ဖက်နှင့်ပိတ်ပြီး
...သွတ်ခွေကျသွားတော့၏။

မိန်းမပျိုကတော့ ဘာမှမဖြစ်သလို ဣန္ဒြေမပျက် ခြေလှမ်းသွက်
...က်ဖြင့် အဝေးသို့ရောက်သွားခဲ့ပါပြီ။

သူမက ဒီလို ဓားစာကျွေးနိုင်ဖို့အရေး ရုပ်စိပ်ပြူတင်အိမ်နားမှာ
...စ်ညလုံး လာစောင့်ခဲ့ရသည် ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်က ဂူဆဲဗား။ ကြေးစားပြည့်တန်ဆာမလေး၊ သူငယ်ချင်းမတစ်ယောက်ကို ဘဝပျက်အောင် စော်ကားခဲ့တဲ့အ... ကလဲ့စားလာချေတာပါတဲ့။

နောက်ပိုင်း ဂူဆဲဗားကိုဖမ်းမိပြီးနောက် အစစ်ခံခြင်းဖြ... သက်ဆိုင်ရာအာဏာပိုင်တွေက သူ့ကို စိတ်မနှံ့သူအဖြစ် သတ်မှ... အရူးထောင်သို့ ပို့ပစ်လိုက်ကြပါသတဲ့။

ဘာပဲဖြစ်ဖြစ် ပစ္စက္ခမှာတော့ ရပ်စ်ပြူတင်ဆိုတဲ့ ပျားဖွပ်... ဝက်ဝံကြီး ပျားတုပ်ခံလိုက်ရရာမှာ သွေးအိုင်ထဲလဲခဲ့ရပါပြီ။

ရုရှားနိုင်ငံကြီးလည်း ပထမကမ္ဘာစစ်ဟူသော သွေးပင်လ... ခုန်ချမိခဲ့ပါလေပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ဘယ်သူနိုင်မလဲ သည်စစ်ပွဲ ။ ၁၄ ။

ရပ်စ်ပြူတင် ပိုကရော့စကိုးသို့ ဒုတိယအကြိမ်မြောက် ပြန်ခဲ့ရခြင်းမှာ စိတ်ဝင်စားစရာကောင်းလှ၏။

တောချုံအုံကြားက ဆိုက်ဘေးရီးယားတောသားသည် ရုရှားနိုင်ငံ၏ အထွဋ်အမြတ်ထားရာ ဇာဘုရင်ကို ကုပ်ခွစီးကာ စေလိုရာစေနေသည်ကို မကျေမနပ်ကြသူတွေ များလာသည်။

ရဲထူးပြုတ်၊ နေရာရွှေ့နှင့် ရပ်စ်ပြူတင်ဒဏ် ခံရသူတွေကလည်း ငြိုးဖွဲ့ကြသည်။

သူ့အစော်ကားခံရသူတွေကလည်း မုန်းတီးနေကြသည်။

အထူးသဖြင့် ရုရှားနိုင်ငံ၏ ပကတိအခြေအနေကို မစဉ်းစားဘဲ စစ်ယူသနီ ထင်ရာစိုင်းခဲ့ခြင်းက ရပ်စ်ပြူတင်ကို ရန်သူဝိုင်းဝိုင်းလည်၍ ဆုံးခန်းသို့ ဦးတည်စေခဲ့၏။

စစ်မကြေညာမီ ရုရှားနိုင်ငံ၏အခြေအနေမှာလည်း ရှုပ်ထွေးကာ အကျပ်အတည်းမျိုးစုံဆိုက်နေတာတော့ အမှန်။

ညီညွတ်ကြီးယား ဆန့်ကျင်ရေးစိတ်ဓာတ်များက တစ်နိုင်ငံလုံး ပျံ့နှံ့အုံကြွနေသည်။ သတင်းစာတွေကလည်း မျိုးချစ်စိတ်ဓာတ်ကို ပြတ်လပ် မီးထိုးကျွံ့ဆော်လျက်ရှိ၏။ ဘက်မလိုက်ဘဲ နိုင်းချိန်သင့်ခြင်နေသူများပင်လျှင် ဓာတ်သွေးတွေ ဆူပွက်လာနေသည့်အချိန်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းပြောရလျှင် အထက်အာဏာပိုင်များနှင့် တစ်ယူသန် အမျိုးသားရေးဝါဒီများက နိုင်ငံ့အတွက် အလှည့်အပြောင်းလုပ်လိုသ သို့ စစ်တိုက်လိုကြ၏။

အလယ်အလတ်သမား လစ်ဘရယ်များကလည်း စစ်ဖြစ်လိုက် ခြင်းအားဖြင့် ဒီမိုကရေစီကျင့်သုံးသော ရွေးကောက်ပွဲများကို ဖော်ဆော နိုင်လိမ့်မည်ဟု မျှော်လင့်၍ စစ်ဖြစ်စေချင်ကြ၏။

ဘောလ်ရှီဗစ်နှင့် စစ်သွေးကြွများကလည်း စစ်ကြီးက တော်လှ ရေးတစ်ရပ်ကို ဖြစ်ထွန်းစေမည်ဟု ယုံကြည်လျက် စစ်ကို လိုလားကြ၏

လူတိုင်းက လူတန်းစားပေါင်းစုံပါဝင်သော တပ်မဟာကြီးအဖြ စစ်အင်အားကိုတိုးချဲ့ကာ ခိုင်မာတောင့်တင်းသော နိုင်ငံတော်ကြီးကို တည်ဆောက်လိုကြသည်။

သို့ပေမယ့် ဇာဘုရင်တစ်ဦးတည်းက အစိုးရိမ်လွန်ကာ စစ်ပြင် ဆင်မှုလက်မှတ်ထိုးဖို့ ငြင်းဆန် အချိန်ဆိုင်းနေခဲ့၏။

ဒါကလည်း နောက်မှ ကြိုးကိုင်ခြယ်လှယ်နေသော ရပ်စ်ပြူတင် ၏ စနက်ဟု အားလုံးက တွက်ချက်ကြ၏။

တချို့ကဆိုလျှင် ရပ်စ်ပြူတင်သည် ဂျာမန်မင်းသမီးဖြစ်သ မိဖုရားကြီး အဲလစ်စ်နှင့် ပူးပေါင်းထားသော ဂျာမန်သူလျှိုဟုပင် အထင် ရောက်ခဲ့ကြသည်။

သူကလည်း သူပါပဲ။ အခွင့်အရေးရသမျှ စစ်ဆန့်ကျင်ရေ တရားပဲ ဟောနေခဲ့သည်ကိုး။

သူ့ကိုယ်သူ မေတ္တာရှင်တမန်တော်အသွင်ဖြင့် ဘုရားသခင် တစ်ပြည်နှင့်တစ်ပြည် အမုန်းပွားပြီး လူတွေ သေကျေဒဏ်ရာရကာ မြို့ရွာတွေပျက်စီး စရိတ်စကတွေ ကြီးလေးလှသော 'စစ်ဖြစ်ခြင်း'ကို မလိုလားကြောင်း၊ လူအချင်းချင်း မေတ္တာပွား၍ ငြိမ်းငြိမ်းချမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



…သည်ကိုသာ နှစ်သက်ကြောင်း ဘုရင်ကို တိုက်တွန်းခဲ့တာတော့
…ပင်။

သူ့စကားက ကောင်းပင်ကောင်းငြားသော်လည်း အခြေအနေ
…လှကြိုက်နည်းနေသည်။

အများနှင့်တစ်ယောက် ဝိရောဓိဖြစ်ခဲ့ရာမှ သူက ဘုံပစ်မှတ်
…ရောက်ခဲ့ရတော့သည်။

အိစတာဆန်းဒေးပွဲတော်ညမှာ ရွှေနန်းတော်၌ မင်းဆွေမင်းမျိုး
…သာပါဝင်သော အထူးညစာစားပွဲ နှစ်စဉ်ကျင်းပနေကျ ဖြစ်၏။

ထိုနှစ်က ညစာစားပွဲသို့ ဘုရင့်ဦးရီးတော် စစ်သေနာပတိချုပ်
…ကြီး နီကိုလပ်စ် တက်ရောက်လာခြင်း မရှိ။ ဟိုလိုလိုဒီလိုလိုနှင့်
…နေခဲ့၏။

နောက်ပိုင်း ဇာဘုရင်က ဖြေရှင်းချက်တောင်းသောအခါ မြို့စား
…က ပြောင်ကျကျနှင့် တဲ့တိုးကြီးပင် ဖွင့်ချလိုက်သည်။

"တူတော်ဘုရင်ရဲ့အပေါ်မှာ ရပ်စ်ပြူတင်ဆိုတဲ့ ကလိမ်ချုံလှုရှပ်
…ရှိနေသမျှ နန်းတော်ထဲကို ခြေမချဘူးလို့ ကျုပ် ဆုံးဖြတ်ထား
…" ဟူသတည်း။

အမှတ်မထင် ရင်ဖွင့်လိုက်သောစကားက ဒူးမားလွှတ်တော်နှင့်
…နန်းတော်လုံးကို ကိုင်လှုပ်လိုက်သည်။ ဘုရင့်ကို ထိုးနှက်တိုက်ခိုက်
…သည်း ရောက်သွားသည်။

မြို့စားကြီးနှင့် တူတော်မောင် ဇာဘုရင့်ကြား သဘောထားကွဲလွဲ
…င်းသတင်းက တောမီးလို ပျံ့နှံ့သွား၏။

နေပြည်တော်တစ်ခွင် ပွက်လောရိုက်သွားသလို ရုတ်ရုတ်သဲသဲ
…သွား၏။ သတင်းစာတွေက အခွင့်ကောင်းယူ၍ ဇာဘုရင်ပိုင်ပင်
…ဖြစ်သည့်ကြားမှ ရပ်စ်ပြူတင်အကြောင်း သတင်းဆောင်းပါးတွေ
…ချွန်တွန်းလုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီး နီကိုလပ်စ် ချက်ကောင်းရလိုက်သည်ပဲ ဆို... ...ဘစ်နိုင်ငံလုံး ရပ်စ်ပြူတင်ဆန့်ကျင်ရေးအသံတွေ ဆူညံ... ...ဆော့၏။

ပထမတော့ သည်ဂယက်ကို သူနှင့်မဆိုင်သယောင် ဥပေက္ခာ... ရပ်စ်ပြူတင်က တင်းခံနေသေး၏။ ဒါပေမယ့် သူ့ကို မလိုမုန်း... အန္တရာယ်တွေ များသထက်များလာပြီဟု နားလည်လာရာမှ မော်... ရှောင်ထွက်ခဲ့သည်။

မော်စကိုမှာလည်း သူက အေးအေးငြိမ်ငြိမ် မနေ။

မိန်းမတွေနောက်သို့ နွားသိုးကြိုးပြတ်လိုက်သည်။

ဂျစ်ပစီမတွေနှင့် ညလုံးပေါက် မူးရူးက,ခုန်သည်။ သူ့အုံ... ဟိုတယ်တကာလည်၍ သောက်သည်။

ဂျစ်ပစီအဖွဲ့တွေကို အတင်း ဆုချသည်။ ဝီစကီနှင့် ရှန်ပိန်... ချောင်းပေါက်ကုန်သည်။

သူ့ကိုယ်သူပင် မထိန်းနိုင်အောင် မူးပစ်လိုက်သည်။ "ငါ့အ... ဆုံး သီချင်း 'ထရိုက်ကာ'ကို ဆိုကြစမ်းကွာ"ဟု ထ,အော်ချင်... သည်။ တစ်နေရာတွင် နာမည်ကြီး ဂျစ်ပစီအဆိုတော် နက်... ပိုလာကိုဗာနှင့်အဖွဲ့ စင်မြင့်ပေါ်တက်ဆိုရာမှ–

"နက်စ်ရှားရေ။ မင်းအသံလေးကို မောင်ကြီးတော့ ခိုက်သွာ... အရူးကြီးလိုအော်ရင်းက စင်မြင့်ပေါ် ခုန်တက်သွားသည်။ အဆို... လေးကို ဆွဲမည်လွဲမည်တကဲကဲနှင့် အရက်တွေ ဇွတ်တိုက်သည်။ န... ရှားက ခပ်ထန်ထန်လေးပြန်ကြည့်လိုက်မှ "မောင့် အသည်းတွေ... ကြွေကုန်ပြီ" ဆိုပြီး ပြန်ဆင်းသွား၏။

ဂျစ်ပစီမလေးတွေက ဆိုးသွမ်းသောင်းကျန်း...သော... သိပ်ဘဝင်မကျသည့် သဘောပင်။



www.burmeseclassic.com

www.burmeseclassic.com


စားသောက်ဆိုင်တစ်ခုမှာတော့ သူက အမူးလွန်ပြီး ကိုယ်တုံးလုံး
၍ ကသောဟူ၏။

နောက်ဆုံး ပြတင်းပေါက်မှ ပန်းဥယျာဉ်ကြီးအလှကို ခံစားနိုင်
သော 'စထရယ်လ်နာ' ကလပ်ထဲသို့ ရောက်သွားပြန်သည်။

သူက ဂျစ်ပစီတွေနှင့်ဝင်ရောာ၍ တစ်ခန်းလုံးကို ခုန်ပေါက်က,
ခန်းမကြီးအနှံ့ ဝဲကတော့မွှေသလို လှည့်ပတ်က,သည်။ သူ့ခြေ
ထောက်တွေက လေးလံလှသော တောစီးဘွတ်ဖိနပ်ကြီးစီးထားလျက်
အုံ့ညြစရာ ပေါ့ပါးလျင်မြန်နေ၏။

အသံသေးအသံကြောင်ဖြင့် စူးခြစ်အော်ရင်း၊ တဟားဟားရယ်
ဂျစ်ပစီမလေးတွေကို တစ်ယောက်ပြီးတစ်ယောက် မနားတမ်း
,ခဲ့သည်။

ထိုအခိုက် အရာရှိဝတ်စုံနှင့်လူနှစ်ယောက် က,ပွဲခန်းမထဲသို့
ဆိုင်သည်။ ပထမတော့ သူတို့ကို ဘယ်သူမျှ သတိမထားမိ။

တစ်ယောက်က ဂရေဂိုရီ စိတ်လွတ်ကိုယ်လွတ် က,နေသည်ကို
ည့်ရင်း ဘေးဝိုင်းသို့ လှမ်းပြောလိုက်၏။

"အရက်မူးနေတဲ့ တောသားကြီးက အရိုင်းဆန်ဆန် က,ပြနေ
တောင် လူတွေက သူ့ကို သူတော်စင်လို့ မှတ်နေကြတုန်းပဲနော်။
ဆိတ်ကွယ်ရာမှာ တွေ့ကြရမယ့် အမျိုးသမီးတွေအတွက် ရင်လေး
ပါပဲ"

မိုးလင်းခါနီးပါပြီ။

ရပ်စ်ပြူတင် သူ့အဖွဲ့ရှိရာဝိုင်းသို့ ပြန်ထိုင်သည်။

"ပျော်စရာကောင်းလိုက်တာ။ နိဗ္ဗာန်ဘုံရောက်နေရတဲ့ အတိုင်းပဲ"

ထိုစဉ်ပင် အရာရှိဝတ်စုံဝတ်နှစ်ဦးက ထိုဝိုင်းနားသို့ နေရာရှာ
လာကြသည်။


www.burmeseclassic.com

www.burmeseclassic.com


ရုပ်စ်ပြူတင်၏ကိုယ်ရံတော် ပုလိပ်တွေက ထိုနှစ်ဦးကို "အ
သူဖိတ်လို့လာတာလဲ"ဟု သွားစစ်မေးသည်။

ပြီးတော့ ဆွဲထုတ်ဖို့ ကြိုးစားသည်။ အရာရှိတွေက
အကြောက်အကန် ပြန်ရုန်းသည်။ လုံးလားထွေးလားမှ သေနတ်သံ
ချက် ထွက်လာသည်။

ကလပ်တစ်ခုလုံး ဝုန်းဒိုင်းကြဲ ငရဲပျက်သွားသည်။ အမျိုး
တွေ၏ ငယ်သံပါအောင် အော်သံများ၊ တိုးဝှေ့ပြေးလွှားသံများ၊
သံများ ပွက်ပွက်ညံလို့။

ရုပ်စ်ပြူတင်ကတော့ ငုတ်တုတ်မေ့နေသလို ကြောင်ပြီးထိ
တုန်း။ သူ့လူယုံတော်တစ်ယောက်က ဆွဲထူပြီး အပြင်သို့ခေါ်ထုတ်
သည်။ သူတို့ ကားပေါ်တက်မိ၍ မောင်းထွက်သွားချိန်အထိ သေနတ်
တွေ ကြားနေရဆဲ။

အတော်ဝေးဝေး ရောက်လာသည်။ ရုပ်စ်ပြူတင်မျက်နှာမှာ
ဆုတ်ဖြူရော်နေ၏။ ပြီးတော့ လေသံမျှဖြင့် ရေရွတ်ညည်းတွား
မိသည်ကား။

"ဒီကောင်တွေ ငါ့ကို တမင် ရန်လာရှာတာများလား။
ငါ ဘယ်သွားသွား မချောင်တော့ဘူးထင်ပါရဲ့"တဲ့။

တစ်ရက်နှစ်ရက်နေပြီး သူ စိန့်ပီတာစဘတ်သို့ ပြန်လာသ
စိန့်ပတာစဘတ်မှာက မော်စကိုသတင်းတွေ ရောက်နှင့်နေပြီလေ
တစ်ရက်နှစ်ရက်နားပြီးနောက် တမနက်မှာ ဘုရားကျော
ဝတ်ပြုပြီးအပြန် သူ့နောက်လိုက်ပရိသတ်တွေအား အိမ်ရှေ့ထွက်
"မင်းတို့သိတဲ့အတိုင်း ငါ့မှာ ရန်သူတွေဝိုင်းနေပြီ သူတို့
ငါ့ကို အရှင်နှစ်ပါးက မျက်နှာသာပေးထားတာကို မနာလိုကြ
သူတို့ဟာ ငါကတစ်ဆင့်ပြောတဲ့ ဘုရားသခင်ရဲ့ စကားသံတွေကို


www.burmeseclassic.com

www.burmeseclassic.com



လည်တဲ့ မျက်ကန်းတွေပဲ။ ခုဆို သူတို့က ငါ့ကို မဖြစ်မနေ ဒုက္ခပေး ကြဲနေကြပြီ။ ဘုရင်မင်းမြတ်ရဲ့အသည်းနှလုံးကို ကလီကမာဉာဏ် နှင့် လုယူတော့မယ်။ ငါ့အနေနှင့် ရွှေနန်းတော်ကြီးမှာ ပြဿနာတက် ပြီး ပူဆွေးသောကတွေ မရောက်စေချင်ဘူး။ ဘာပဲဖြစ်ဖြစ် ငါဟာ ရုပ်ဓာတ်ဖြစ်တဲ့ ပိုကရော့စကိုးရွာလေးကို ပြန်ဖို့ ဆုံးဖြတ်လိုက်ပါပြီ"

သူ့ပရိသတ်ကြီးမှာ ဟာခနဲ ဟင်ခနဲ စိတ်ထိခိုက်သွားကြ၏။ ပ်စ်ပြူတင်ကတော့ မချိပြုံးလေးပြုံးလျက် အိမ်ထဲပြန်ဝင်ခဲ့သည်။

**၁၉၁၄ ခုနှစ် မေလ** ။ ။ မနက်မိုးလင်းလင်းချင်း မင်းမိဖုရား န်ပါးကို သူ သွားနှုတ်ဆက်၏။ မျက်ရည်လည်ရွဲနှင့် ငိုကြွေးကျန်ခဲ့သော ဖုရားကြီးအဲလစ်စ်၏ ရှေ့တော်မှောက်က သူ လက်သီးကိုကျစ်ကျစ် အောင်ဆုပ်လျက် လှမ်းထွက်ခဲ့ကာ ဆိုက်ဘေးရီးယား ခရီးရှည်ကြီး လိုက်တော့သည်။

အိမ်အပြန် သင်္ဘောပေါ်မှာလည်း သူ တစ်ချိန်လုံးမူးသွား၏။ အပေါ်ထပ်သင်္ဘောဦးခန်းတွင် စီးလာရာမှ အပြင်ဘက်က စစ်သားတွေ နှင့် ထွက်က,လိုက်၊ သီချင်းဆိုခိုင်းလိုက်၊ သူ့အခန်းထဲဝင် အရက်သောက် လိုက်နှင့် တစ်လမ်းလုံး။

ပြီးတော့ အောက်ထပ်ကခရီးသည်တွေနှင့် ဆင်းစကားပြောပြန် သည်။ သူနှင့် လေပေးဖြောင့်လျှင် ပိုက်ဆံတွေ ထုတ်ပေးသည်။ အကြော တည့်သူတွေကို ကောခဲ့သည်။ ရဲဘော်လေးတွေကို ဆုချတာလည်း နည်း။

ကမ်းသို့ ကပ်ခါနီးအချိန်မှာတော့ သူ့ငွေတွေကို သင်္ဘောသား တစ်ယောက် ဝင်ခိုးသည်ဆိုပြီး ထိုးလားကြိတ်လားလုပ်သည်။

သို့ဖြင့် သင်္ဘောသားတွေနှင့် ခရီးသည်တွေ သူ့အခန်းရှေ့မှာ လာဆူကြတော့သည့်အဖြစ်သို့ ဆိုက်ခဲ့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ငမူးကြီး။ မုတ်ဆိတ်မွေးတွေကို ဖြတ်ပစ်"

"သူတော်ကောင်းအရေခြုံကြီးကို ချမ်းသာမပေးနှင့်ဟေ့"

နောက်ဆုံး အစောင့်ပုလိပ်တပ်ဖွဲ့တွေက ထိုလူအုပ်ကို တောင်းတောင်းပန်ပန်နှင့် ရပ်စ်ပြူတင်ကို ခြံရံပြီး သဘော်ပေါ်မှ ခေါ်ချခဲ့ရလေသည်။

အမှန်တော့ စိန့်ပီတာစဘတ်နန်းတော်က အရှက်တကွဲ သိက္ခာကျပြီး တပ်ဆုတ်ရှောင်ပြေးခဲ့ရတဲ့ ရပ်စ်ပြူတင်အဖို့ စိတ်ညစ်ညစ်နှင့် ကယောင်ချောက်ချား မူးရူးရမ်းကားခဲ့သည့် ဓာတ်လမ်းများလို့ပင် ကမ္ဘည်းတင်ရပါတော့မည်။

ဒါပေမယ့် ပိုကရော့စကိုးရွာငယ်ရှိ သူ့အိမ်လေးသို့ ပြန်ရောက်ပြီး ဇနီး ဂရစ်ရှားနှင့် တွေ့ခဲ့သည့်နောက်တော့ သူ့စိတ်တွေ ပြန်တည်ငြိမ်သွား၏။

သူ့အိမ်က အပြင်ပန်းအားဖြင့် အရင်ကအတိုင်း၊ ဘာမှထူးခြားပြောင်းလဲမှုမရှိပေမယ့် အိမ်အတွင်းနှင့် အပေါ်ထပ်ကတော့ ဖိတ်ဖိတ်တောက်အရောင်ထွက်လို့ ပြောင်လက်နေသည်မှာ နတ်ဗိမာန်နှင့်မခြား။

တောအိမ်အိုကြီးဖြစ်လင့်ကစား ခေတ်မီအဖိုးတန် အိမ်ထောင်ပရိဘောဂတွေက အပြည့်။

သားရေဖုံးဆိုဖာကြီးတွေ၊ အလှအပ ပစ္စည်းတွေ၊ စာအုပ် ဘီရိုကြီးတွေ၊ ဖန်ထည်မှန်ထည်, ငွေခွက်ရွှေခွက်တွေနှင့် ပြည့်နေသော ရှိုးကေ့စ်ကြီးတွေ၊ အခန်းတစ်ခန်း၌ ရောမစန္ဒယားကြီးပင် ရှိနေသည်။

အပေါ်ထပ်မှာလည်း ပါရှန်းကော်ဇောကြီးတွေ ခန်းလုံးပြည့်ခင်းလို့။ အနယ်နယ်အရပ်ရပ်မှ ပို့လာသော လက်ဆောင်ပစ္စည်းတွေ အမျိုးမျိုးနှင့်။ နံရံတွေပေါ်မှာတော့ တော်ဝင်မိသားစု၏ ဓာတ်ပုံကြီးနှင့် ပုံတူပန်းချီကားတွေကို ရွှေဘောင်ကြီးတွေ သွင်းချိတ်ထား


www.burmeseclassic.com

www.burmeseclassic.com 

...။ သူတော်စင်တွေနှင့် မင်းညီမင်းသား မှူးမတ်တွေ၏ ပုံတွေလည်း ...အပြည့်။ အခန်းထောင့်တစ်နေရာက ပြတင်းဘေး ကျွန်းစားပွဲကြီး ...မှာတော့ ကြွေပန်းအိုး၊ ရွှေရေးသားရေဖုံး စာအုပ်ထူကြီးများ၊ စာ ...စာတမ်းများ၊ ကြေးနန်းစာများ။

ရပ်စ်ပြူတင်အဖို့ အရာရာကိုမေ့ပျောက်ပြီး စတိုင်ကျကျ စိမ်ခံ ...ပြီဟု ဆိုနိုင်ပါသည်။

သို့ပေမယ့်–

သူက နောက်ဆံတင်း၍ စိတ်မအေးသလို၊ ဘုရင်နှစ်ပါးက ...း သံယောဇဉ်မပြတ်လေကြတော့ သံကြိုးတွေစာတွေက အပြန် ...န် ပြတ်တယ်လို့ မရှိခဲ့။

(သည်အတွင်း ဘုရင်က စစ်ထွက်အမိန့်ကို လက်မှတ်ထိုးသင့် ...းသင့် တိုင်ပင်သည့်သံကြိုး ပို့ခဲ့ရာမှ မားထိုးခံရခြင်းဖြစ်၏။)

ရပ်စ်ပြူတင်သည် မားဒဏ်ရာကြောင့် 'တယူမင်' ဆေးရုံသို့ ...လုမျှောပါးရောက်သွားခဲ့ရ၏။ သုံးရက်လောက် မေ့မျောနေရာမှ ...ဝန်တွေက အသည်းအသန် ဝိုင်းကုကြရသည်။ ဇူလိုင်လ ၃၁ ...နေ့၌ ဇာဘုရင်က စစ်ထွက်ဖို့ လက်မှတ်ထိုးလိုက်ရတော့၏။ နောက် ...ရက်မှာပင် ရုရှားက ဩစတြီးယားကို စစ်ကြေညာလိုက်ကြောင်း ...းလိုက်ရပြီး ရပ်စ်ပြူတင် စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ရသည်။

သည့်နောက်တော့ တစ်နိုင်ငံပြီးတစ်နိုင်ငံ သူ့ဘက်ကိုယ့်ဘက် ...ဝင်ခဲ့ကြရာမှ ပထမကမ္ဘာစစ်မီးကြီး ဟုန်းဟုန်းတောက်ခဲ့ရတော့၏။

"သူတော်စင်ကြီးသာ ဒီမှာရှိနေရင် ခုလို စစ်ကြီးဖြစ်မှာ မဟုတ်

မင်းသမီး အန်နာဗျူဘောဗာက ပြင်သစ်သံအမတ် မော်ရစ်ကို ...တင်ကဲ ဖွင့်ဟမြည်တမ်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com


စစ်ဖြစ်ခဲ့ရာမှ ဇာဘုရင်ကိုယ်တိုင် ရှေ့တန်းထွက်ခဲ့ချိန်၌ ဗိုလ်ချုပ်
ပြုတင်နှင့် အဲလစ်စ်မိဖုရားတို့ စာအဆက်အသွယ် မပြတ်ခဲ့။

ရပ်စ်ပြုတင်က စစ်မဖြစ်အောင် ကြိုတင်တားဆီးခွင့် မရခဲ့သော်
တိုင် စစ်ကို အမြန်ဆုံးရပ်စဲနိုင်ဖို့နှင့် လိုအပ်သလို အကြံပေးနေခဲ့၏။

မိဖုရားကြီးမှာတစ်ဖန် ရှေ့တန်းရောက်ဘုရင်ထံ သံကြိုး
စာများ ပို့ပေးနေပြန်သည်။ ရပ်စ်ပြုတင်သည် အဝေးရောက်နေသော်
လည်း စစ်ဆင်ရေးကိစ္စများ၌ပင် လှမ်း၍ သင်ဉာဏ်ပေးနေသေး၏။

သူက ဂယ်လီဆီးယားဒေသသို့ ဆောင်းတွင်းကြီး အကြ
အကျယ် ထိုးစစ်ဆင် ဝင်မတိုက်သင့်ကြောင်း ဇာဘုရင်အား သတိပေး
ခဲ့သည်။ အကယ်၍ ဝင်တိုက်ပါက မရှုမလှသေကျေပျက်စီးကြရ
ဖြစ်ကြောင်းလည်း နိမိတ်ဖတ်လိုက်သည်။

ဒါပေမယ့် သူ့အကြံက မအောင်မြင်ပါ။ သေနာပတိချုပ်
နီကိုလိုင် နီကိုဗစ်ချ်၏စကားသာ အောင်သွားသည်။ လက်တွေ့မှာ
တော့ ရုရှားစစ်တပ်မှာ ရာသီဥတုဒဏ်နှင့် ရန်သူ၏ချေမှုန်းမှုကို ခံ
လိုက်ရပြီး၊ တပ်လုံးပြုတ်သလောက် အရှုံးကြီးရှုံးခဲ့ရ၏။ ရပ်စ်ပြုတင်၏
ကန့်ကွက်ချက်က မှန်ကြောင်း သာဓကပြလိုက်သလို ဖြစ်သွားတော့၏။

၁၉၁၆ ခုနှစ် နွေဦးတုန်းကလည်း တပ်မှူးကြီး ဘရပ်စ်စီလော့ဗ်
အီတလီတပ်များ၏၏ ခြိမ်းခြောက်မှုကို ဟန့်တားရန် ထိုးစစ်ကြီးဆင်
မှုသည် အလှမ်းဝေးလွန်းလှ၍ ၁ွင့်မပြုသင့်ပါဟု အကြောင်းကြား
သေးသည်။

သူက ဂျာမနီနှင့် ဩစတြီးယားတို့သည် အနေးနှင့်အမြန်
သလို အရေးနိမ့်တော့မည်ဖြစ်၍ ရုရှားအနေဖြင့် အေးအေးဆေးဆေး
စောင့်ကြည့်နေဖို့သာ ရှိသည်ဟု ဆိုခဲ့၏။

ဤကိစ္စအတွက် မိဖုရားကြီးက ၁၉၁၆ ခုနှစ် ဇွန်လ
၂၄ ရက်နေ့စွဲဖြင့် ရှေ့တန်းရောက်ဇာဘုရင်ထံ စာရေးခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့မိတ်ဆွေကြီးဟာ အများကြီး ကြိုသိနေသူပါ။ ခုလည်း ဘရပ်စ်စီလော့ဗ်ဟာ အရှင့်အမိန့်ကိုမနာခံဘဲ ရှေ့ကို ဇွတ်တိုးမယ်ကြံနေပါသတဲ့။ ရအောင်တားဖို့ လိုပါတယ်။ ဒီတစ်ခါ 'သူ' ပြောတဲ့စကားကို အလဟဿ မဖြစ်ပါစေနှင့်"

စစ်ဖြစ်၍ တိုင်းပြည်မှာ အင်တ်ဘော အိုက်ရပြန်သည်။ ဒါလည်း ရပ်စ်ပြူတင်က ပူပင်သောကဖြစ်ပြန်သည်။

ရိက္ခာပြတ်လပ်မှုကို ကြားဝင်အမြတ်ထုတ်သော စီးပွားရေးသမားများ၏စက်ကွင်းက လွတ်မြောက်အောင် စားသုံးသူများလက်သို့ ပို့ပေးရေး၊ ရာရှင်စနစ်နှင့် ဖြန့်ဝေရေးတို့ကို 'သူ'က အကြံပေးခဲ့၏။

တစ်ဆက်တည်း၌ မိဖုရားကြီးက ကြင်ရာတော်ထံ စာရေးခဲ့ရာတွင်

'သူက ရထားတွဲတွေမှာ လက်နက်ခဲယမ်းတွေနှင့် စစ်သားတွေ တင်ပို့မယ့်အစား စားနပ်ရိက္ခာတွေ ဂျုံအိတ်တွေဆိုရင် ပိုမကောင်းဘူးလားလို့ ပြောပါတယ်။ လူစီးရထားတွေမှာ ချောင်ရင်ချောင်သလို ရိက္ခာတွေ တင်သင့်ပါတယ်တဲ့။ ခုဆို သူတို့ ဆိုက်ဘေးရီးယားဘက်မှာ အင်တ်ပြဿနာကြုံနေကြလို့ တတ်နိုင်သလောက် ကူညီပေးပို့သင့်တဲ့ အကြောင်းလည်း တောင်းဆိုပါတယ်။ ပြီးတော့ အရှင့်ကို ပြည်သူတွေက ရှုမုန်းကြောက်လန့်ပြီး အုံကြွမှု မဖြစ်စေချင်ပါဘူး'တဲ့။

ရပ်စ်ပြူတင်၏ အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ကြိုးကိုင်မှုမှာ အခြားကိစ္စများထက် စစ်သေနာပတိချုပ် မြို့စားမင်းသားကြီး နီကိုလပ်စ် နီကိုလေးဗစ်ချ်အပေါ်တွင် လက်တုံ့ပြန်ခဲ့ခြင်းက အအောင်မြင်ဆုံး ဟု ဆိုရပါမည်။

နီကိုလပ်စ်သည် သူ မြို့တော်သို့ရောက်ခါစက မိတ်ဆွေအဖြစ် နွေးမနွေးလွေးထွေးကြိုဆိုခဲ့ပြီး နောက်ပိုင်း၌ နံပါတ်တစ် ရန်သူကြီးအဖြစ်သို့ ရောက်ခဲ့သလို၊ ကေရာဇ်ဘုရင်အား ရပ်စ်ပြူတင်ဆန့်ကျင်ရေးအတွက် ဦးဆောင်ဖိအားပေးခဲ့သူလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ဇနီးနှင့် ညီမကလည်း စိတ်ပြောင်းပြီး ရုပ်စ်ပြူတင်ကို လင်လျှာရွေးခဲ့သည်။

ဒီ့အတွက် မင်းမိဖုရားနှစ်ပါးနှင့် မင်းသားကြီး နီကိုလစ်စ်တို့၏ ဆွေမျိုးစုဆက်ဆံရေးမှာ လေစိမ်းတွေ တိုက်ခဲ့ရခြင်းကိုလည်း ရုပ်စ်ပြူတင် သတိထားမိ၏။

နီကိုလပ်စ်အပေါ် သူ အခဲမကျေနိုင်အောင် အနာကြီးနာသွားရသည်က စစ်ဖြစ်စတွင် သူ မြို့တော်သို့ ပြန်လာချင်ကြောင်း၊ ရှေ့တန်းစစ်မျက်နှာသို့လည်း လိုက်ပါကူညီချင်ကြောင်း လေပြည်ထိုး၍ မြို့စားကြီးထံ ခွင့်ပန်မိခဲ့သည်။ မြို့စားကြီးက ကြေးနန်းပြန်ပို့လိုက်သည်မှာ-

"မင်း လာရဲ လာကြည့်။ ငါ မင်းကို ကြိုးစင် တင်ပစ်လိုက်မယ်" ဟူ၏။

ရုပ်စ်ပြူတင်သည် နီကိုလပ်စ်ကို အမုန်းကြီးမုန်း၍ အငြိုးကြီးငြိုးတေးမိတော့၏။ အကွက်ရသည်နှင့် ပြန်နှက်ခဲ့တော့သည်။

၁၉၁၅ ခုနှစ် နွေရာသီတိုက်ပွဲများတွင် ဆက်တိုက် ရှုံးနိမ့်နေရခြင်းကို အကွက်ကောင်းယူ၍ မိဖုရားကြီးမှတစ်ဆင့် ဇာဘုရင်ကို ရွှေနားတော်သွင်းလိုက်ပုံကတော့ နီကိုလပ်စ်၏ စစ်သေနာပတိချုပ်နေရာကို လွှဲပြောင်းယူလိုက်ရန်ပင် ဖြစ်ပါသတည်း။

ဝန်ကြီးအဖွဲ့ဝင်အားလုံးက ထိုအကြံအစည်ကို သဘောမတူခဲ့ကြသလို၊ ဘုရင်ကိုယ်တိုင်လည်း သူ့ဦးရီးတော်ကို တပ်မဟာမှူးကြီးအဖြစ်မှ ဖယ်ရှားပစ်ဖို့ အကြာကြီး လက်တွန့်နေမိသည်။

သည်ကြားထဲတွင် မိဖုရားကြီးဆီမှ တိုက်တွန်းစာတစ်စောင်က အတော်လေး အစွမ်းထက်သွား၏။

"မောင်တော်ရယ်။ ကျေးဇူးပြုပြီး အင်န် (နီကိုလပ်စ်)ကို မောင့်မျက်လုံးနှင့် သဲကွဲအောင်ကြည့်စမ်းပါ။ ကိုယ့်ထက်အဆင့် နိမ့်ပြီး


www.burmeseclassic.com

www.burmeseclassic.com



သယ်ကွင်းတွေ စက်ရုံတွေထဲမှာသာရှိသင့်တဲ့လူကို ဘာလို့ခေါင်း ပေါ်တင်ထားရတာလဲလို့။ 'သူ' အကြံ လိုက်နာပါ။ သူ့ခများ နမတော်တို့ အပြစ်ကြောင့် အအိပ်ပျက်အနေပျက်နှင့် ဒုက္ခတွေရောက်လှပါပြီ။ နမတော်တို့အနေနှင့် အလျော် ပြန်မပေးသင့်ပေဘူးလားဟင်"

နောက်ဆုံး ဂရေဂိုရီက အောင်မြင်မှုရလိုက်ပြီး မြို့စားမင်းသားကြီးနီကိုလပ်စ်အား ရာထူးကချ၍ အဝေးဆုံးစစ်မြေပြင်ဖြစ်သော ကော့ကေးရှပ်တောင်တန်းဒေသသို့ ပို့ပစ်လိုက်နိုင်သည်။

ဤတွင် နီကိုလပ်စ်ကလည်း ရပ်စ်ပြုတင်အား ကမ္ဘာမကျေရန်ငြိုးဖွဲ့မိပြီး၊ သူ့အလှည့်ကို ပြန်စောင့်နေတော့၏။ သည့်နောက်တော့ ရပ်စ်ပြုတင် ကံဇာတာ ပြန်တက်လာသည်ပဲ ဆိုရလေမလား။

ဇာကိုစယ်လိုနန်းတော်သို့ ပြန်ကြွဖို့ အကြောင်းဖန်လာသည်။

ရုရှားတပ်မတော်ကြီး တစ်ခုလုံး၏ စစ်ဦးစီးချုပ် သေနာပတိကြီးဖြစ်ခဲ့ရသော ဇာဘုရင်သည် နန်းတော်သို့မပြန်နိုင်တော့ဘဲ ဘရာနိုဗစ်ချီမှ မိုဟီလက်ဗ်သို့ ဌာနချုပ် ပြောင်းဖွင့်ရသည်။

သည်အခါ သားတော်လေးကို လွမ်းဆွတ်တသစွာဖြင့် ပြန်ခေါ်ခဲ့၏။ ကိုဘော့စကိုးမှ ရပ်စ်ပြုတင်က မခေါ်ဖို့ အတန်တန်လှမ်းတားပေမယ့် မရခဲ့။ ရထားထွက်စ လမ်းခရီးတွင် အထူးရထားက အရှိန်ပြင်းပြင်းခုတ်မောင်းနေရာမှ ဖြုန်းခနဲအရှိန်သတ်ပြီး ဆောင့်ရပ်လိုက်သည်။

သားတော်လေး အလက်ရှားမှာ ပြတင်းဘောင်နှင့် မျက်နှာရိုက်မိပြီး နှာခေါင်းက သွေးတွေထွက်လာသည်။

နန်းတွင်းဆရာဝန်ကြီး ဒါရင်ဗင့်ကိုက သွေးတိတ်အောင် ဆေးမျိုးစုံထည့်သော်လည်း မရ။

ရထားကို ပြန်လှည့်ဖို့ အမိန့်ပေးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ကခုတင်ပေါ်သို့ ပြန်ရောက်တော့ သားတော်လေး အပြင်းဖျားနေပေပြီ။

မိဖုရားကြီးမှာ မျက်ကလဲဆံပျာ ယောက်ယက်ခတ်သွားရင်းမှ ဘုရင်နီကိုလိုင်ကို အပြစ်တင်မဆုံး။

"သူက ခေါ်မသွားနှင့်လို့ ပြောသားပဲ။ အို ဖာသာဂရီဂိုရီကို ပြန်နှင်လွှတ်လိုက်တာကိုက အရှင့်အမှားပဲ။ သူသာ အနားမှာ မရှိလို့ကတော့ ကျွန်မတို့အားလုံး သေကုန်ကြမှာ ကျိန်းသေတယ်။ သားတော်လေးရော၊ အရှင်ရော၊ ကျွန်မရော၊ ရုရှားပြည်ကြီးရော ဒုက္ခဖြစ်ပြီသာမှတ်။ အခု သူ့ကို ခေါ်၊ ခုချက်ချင်း ခေါ်"

သားတော်လေး၏ ခုတင်ဘေးမှာ ဒူးချထိုင်ရင်း တငိုငိုတရယ်ရယ်ဖြင့် မြည်တွန်တောက်တီး နေပြန်သည်။

ဧကရာဇ်မင်းဘုရားလည်း နားမခံသာတော့။

ဧကရာဇ်မိဖုရားက နှစ်ခွန်း ဆက်မပြောလိုက်ရပါ။

အန်နာရှုဘော့ဗာအား 'သားတော် ဒဏ်ရာရ၊ ရပ်စ်ပြူတင် အမြန်လာ' လို့ ကြေးနန်းရိုက်ခိုင်းခဲ့ရတော့သည်။

ရပ်စ်ပြူတင်ကလည်း ကျည်ဆံစီး၍ လာသည့်အတိုင်း။

နေ့ချင်းညချင်း နန်းတော်ထဲ ဝင်ပြေးလာခဲ့ပါပြီ။

မြော့မြော့လေးကျန်တော့သော သားတော်လေးပေါ်တွင် လက်ဝါးကပ် အမှတ်အသားလုပ်၍ ခုတင်ဘေးဒူးထောက်လျက် တတွတ်တွတ် ဆုတောင်းတော့သည်။

ထူးထူးဆန်းဆန်း သိသိသာသာကြီးပင် သားတော်လေး ပြန်ကောင်းလာ၏။ သွေးတိတ်သွားရုံမက အဖျားကျ၍ ပုံမှန်အနေအထားသို့ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားသခင်ကို ကျေးဇူးတင်ရလိမ့်မယ်။ သူက အရှင်တို့ ...လေးအသက်ကို ပြန်ဆက်ပေးလိုက်ပါပြီ။ ဒါပေမယ့် ဒါဟာ ကျွန် ...မျိုး သူ့ကို နောက်ဆုံးကယ်တင်နိုင်ခြင်းပဲ ဖြစ်ပါတယ်"

သားတော်လေးအတွက် စိတ်ချရလောက်ပြီဆိုသည်နှင့် ရပ်စ် ...ာင်သည့် နန်းတော်မှ သူ့အိမ်သို့ ပြန်ထွက်သွား၏။ သူ့မျက်နှာတွင် ...သာဂုဏ်ယူသောအမူအရာတွေအပြည့်။ ခြေလှမ်းတွေက ဝင့်ကြွား ...ကြွလို့။

နောက်ပိုင်းတွင် သူ့မိတ်ဆွေတွေကို သူက ပြောသည်။

"ရှေ့လျှောက် ဇာဘုရင်မင်းမြတ်ဟာ ငါ့စကားတွေကို မပစ် ...ခင် နှစ်ခါပြန် စဉ်းစားတော့မှာပဲ" ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com


## မအောင်မြင်သော လုပ်ကြံမှုများ ။ ၁

ရပ်စ်ပြူတင်တစ်ယောက် ဇာကိုစယ်လိုကို ရောက်ခဲ့သည်မှ မင်းဆရာ ပရောဟိတ်ဖြစ်ခဲ့သည့်နောက် ဇီဝိန်ခြွေဖို့ လုပ်ကြံခံရ အကြိမ်ကြိမ်ပါ။

ပထမအကြိမ်က ညဘက် နန်းတော်မှ လမ်းလျှောက်အပြန် အိမ်နားမှာ အမည်မသိလူတစ်စုက သေနတ်နှင့်လိုက်ပစ်ခြင်းပဲ ဖြစ် သည်။ ကံသီလို့ အသက်ဘေးက လွတ်ခဲ့ရ၏။ သူက ဂိုဏ်းချုပ် ကြီး ဟာမိုဂန်ကို တရားခံ စွပ်စွဲသည်။ စင်စစ်တော့ ဟာမိုဂန်တစ်ယော တည်း မဟုတ်။ 'စစ်မှန်သောရုရှား' အမည်ခံ မျိုးချစ်အဖွဲ့၏ လက်ချ ဆိုရမည်။

ဒုတိယအကြိမ်မှာ သူ့ဇာတိပိုကရော့စကိုးမှာ။ အိမ်ရှေ့၌ ပြ တန်ဆာမလေး ရှုဆေးဗားက ဓားနှင့် နစ်ချက်ဆင့် ထိုးခဲ့သည်။ ဆေးဗားက သူ့သူငယ်ချင်းအတွက် ကလဲ့စားချေတာလို့ ပြော သို့သော် လျှို့ဝှက်ထောက်လှမ်း စုံစမ်းရေးသမားများ၏ အစီရင်ခံစာမှ အရ နော်ဝေးရောက် ဘုန်းကြီး အီလီယော့ဒါ၏အကြံနှင့် တပည့်လက် သားများ၏အစီအစဉ်ဟု သိရသည်။


www.burmeseclassic.com

www.burmeseclassic.com 

(ရပ်စ်ပြူတင် စိန့်ပီတာစဘတ်မှ ပိုကရော့စကိုးသို့ ပထမ အကြိမ် ပြန်လာခဲ့စဉ် ဟာမိုဂန်နှင့် အီလီယော့ဒါ နှစ်ယောက်ပေါင်းပြီး မိန်းမတစ်ယောက်နှင့်မျှား၍ သိက္ခာချ အရှက်ခွဲဖို့ ထောင်ချောက်ဆင်ခဲ့ ၏။ ထို့အတွက် ရပ်စ်ပြူတင်က ဟာမိုဂန်ကို ရာထူးပြုတ်အောင် ကိုက်ပြီး နယ်နှင်ဒဏ် ခံစေခဲ့သလို၊ အီလီယော့ဒါကိုလည်း ဖလော်ရီဂျီဗာ စတင်ရှိ အော်သိုဒေါ့က္ခဘုန်းကြီးများကိုထားရာ အပြစ်ပေးစခန်းသို့ ပစ်လိုက်သည်။ ထိုမှ အီလီယော့ဒါသည် နော်ဝေးသို့ ထွက်ပြေးခဲ့ခြင်း ဖြစ်၏။)

ယခု ရပ်စ်ပြူတင် ဇာကိုစယ်လိုသို့ ပြန်ရောက်ခဲ့ပြီး နှစ်ကျော့ ပြန်ဘုန်းကြီးခဲ့သည့်အချိန်၌ တတိယမြောက် လုပ်ကြံဖို့ ကြံစည်ခြင်း ခံလိုက်ရပြန်ပါပြီ။

သူသည် သူ့ကိုယ်ပိုင်ဘဝတွင် လိမ်ရှပ်ဆိုးသွမ်းရုံသာမက နန်း တော်အတွင်းအပြင်၌လည်း လက်မထောင်၍ ငါမှ ငါဆိုပြီး အတ္တတံခွန် ထူခဲ့၏။ မင်းညီမင်းသား မှူးမတ်များအား မထေမဲ့မြင် မထင်လျှင် ထင်သလို ဆဲဆဲဆိုဆို ရိုင်းပျစွာဆက်ဆံ၏။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်အမတ်များနှင့် အာဏာပိုင်အရာရှိကြီးများကို ပင် သူ့လက်အောက်ငယ်သားများသဖွယ် နင်ပဲငဆ ပြော၍ ခြိမ်းလား ခြောက်လား ဟိန်းလားဟောက်လားလုပ်တတ်သေး၏။

တစ်ခါတွင် လျှို့ဝှက်ပုလိပ်အဖွဲ့အကြီးအကဲ ဘယ်လက်စကီ အား–

"မင်းရဲ့ လျှို့ဝှက်ပုလိပ်တွေက တစ်ကောင်မှ သောက်သုံးမကျ ဘူး။ ငါ့အိမ်ဝမှာ တစ်နေကုန်လာထိုင်ပြီး ငါသွားရာနောက် တကောက် ကောက်လိုက်ဖို့ပဲ တတ်တယ်။ ငါ့ကို အပုပ်ချချနေတာတွေကျတော့ ဘာမှ အကာအကွယ်မပေးဘဲ လက်ပိုက်ကြည့်နေတယ်။ အဲဒါ မင်းညံ့လို့ပဲ

www.burmeseclassic.com

ပေါ့။ နေနှင့်ဦးပေါ့ကွာ။ တစ်နေ့ မင်း ငါ့အကြောင်း ကောင်းကောင်း သိစေရမယ်"ဟု ဓားကြိမ်းကြိမ်းဖူး၏။

ထို့ပြင် ပြည်ထဲရေးဝန်ကြီးနှင့် ပုလိပ်မင်းကြီးဖြစ်သူ ခိုဇော့ စတော့ဗ်ကိုလည်း သူက ခန့်ထားတာဆိုပြီး နိုင်ချင်တိုင်းနိုင်သည်။

ခိုဇော့စတော့ဗ်က လက်ထောက်အဖြစ် သူ့ဆွေမျိုးတစ်ယောက်ကို ရာထူးပေးဖို့ပြောရာတွင်လည်း ရပ်စ်ပြူတင်က ဘေးဖယ်ချောင်ထိုးထားခဲ့သည်။

ရပ်စ်ပြူတင်က ရုရှားအစိုးရနှင့် လွှတ်တော်ဖွဲ့စည်းပုံကို နားမလည်သလို မြို့စားတွေ၊ အမတ်တွေ၊ မြေပိုင်ရှင်သူဌေးကြီးတွေ၊ ဘုရင့်ဆွေတော်မျိုးတော်တွေ ပါဝင်ကြီးစိုးနေသည်ကို အလိုလိုမကျေမနပ်နှင့် ဒေါပွနေ၏။

"ဒူးမားလွှတ်တော်ထဲ ဘယ်သူတွေ ထိုင်နေကြသလဲ။ အဲဒီလူတွေဟာ ပြည်သူလူထုရဲ့ ကိုယ်စားလှယ်အစစ်အမှန် ဟုတ်ရဲ့လား။ တောသူတောင်သား လယ်သမားတွေ ဘယ်နှစ်ယောက် ပါလို့လဲ"စသဖြင့် ပုတ်ခတ်ပြောကြားခဲ့၏။

"ငါ ဆန္ဒရှိရင် မြင်းတစ်ကောင်ကိုတောင် အမတ်ဖြစ်အောင် လုပ်ပေးနိုင်တယ်။ အေး၊ ဘုရင်လင်မယားကို တစ်ခွန်းပြောလိုက်ရုံနဲ့ ရာထူးလိုချင်တဲ့ကောင်ကို အသည်းကွဲအောင်လည်း လုပ်နိုင်တဲ့အစွမ်း ရှိတယ်။ မယုံမရှိကြနှင့်"ဟုလည်း စိန်ခေါ်စော်ကားခဲ့၏။

သည်ကြားထဲ ဇာဘုရင်က ရှေ့တန်းစစ်မျက်နှာရောက်နေချိန် လွှတ်တော်ခေါ်ရေးမခေါ်ရေးမှာ ရပ်စ်ပြူတင်အပေါ်တွင် မူတည်နေရ၏။

"လောလောဆယ်၊ လွှတ်တော်ခေါ်ဖို့ မလိုသေးပါဘူး" ဆိုမှု အမတ်များနှင့် ခိုဇော့စတော့တို့ အောင့်သက်သက်ဖြစ်ခဲ့သည်။

ထို့ပြင် ခိုဇော့စတော့သည် အခွင့်သာလျှင် ဝန်ကြီးချုပ် တက်လုပ်ဖို့ ရည်မှန်းထားသူ ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com



ခုအတိုင်းဆိုလျှင်၊ သို့မဟုတ် ရပ်စ်ပြူတင်ရှိနေသမျှတော့ သူ
နကြီးချုပ်ဖြစ်ရေး မလွယ်။ လက်ရှိရာထူးက ပြုတ်မသွားလျှင်ပဲ ကံ
ကောင်း။

ထိုအချက်အားလုံး ချုပ်လိုက်ပါက ခိုဗော့စတော့အတွက် မတန်
ရာ မာန်ထနေသော ရပ်စ်ပြူတင်ကို ချေမှုန်းသုတ်သင်ရေးသည် ပထမ
ဖြစ်လာတော့သည်။

သည်တွင် သူက သူ့လက်အောက်က ထောက်လှမ်းရေးတာဝန်ခံ
ဂိမီစထရော့ဖ် နှင့် အော့ခရာနာ လျှို့ဝှက်ပုလိပ်အဖွဲ့ခေါင်းဆောင် ဘဲ
လက်စကီးတို့ကို အပိုင်စည်းရုံးတော့သည်။

မြို့ပြလုံခြုံရေးမှူအစ သူ့လက်သူ့ခြေဖြစ်နေသော ခိုဗော့စတော့
သည် ရပ်စ်ပြူတင်လုပ်ကြံရေးကို ခုလို အကွက်ဆင်ခဲ့၏။

ရပ်စ်ပြူတင်အား ကြည်ညိုသူအမျိုးသမီးတစ်ယောက်က ဖိတ်
ကြားလေဟန်ဖြင့် ဖုန်းဆက်ခေါ်မည်။

ပြီး ရပ်စ်ပြူတင်အိမ်ရှေ့၌ သူ့လူယုံတော် စုံထောက်တစ်ယောက်
ကို ဒရိုင်ဘာယောင်ဆောင်ပြီး တက္ကစီနှင့် သွားစောင့်ခိုင်းထားမည်။

ရပ်စ်ပြူတင်က မသင်္ကာမဖြစ်ဘဲ ငှားစီးလာရာ လမ်းတစ်ဝက်
တွင် ပုလိပ်ယူနီဖောင်းဝတ် စုံထောက်နောက်တစ်ဦးက ရှေ့တွင် လမ်း
ပြင်နေ၍ တခြားလမ်းမှ သွားရန် ဆီးပြောမည်။

ထိုမှ လူသွားလူလာနည်းသောမြို့ပြင်သို့ မိုင်ကုန်မောင်းလာ
သည်။ သတ်မှတ်ထားသော နေရာအရောက်၌ ကားကို အရှိန်လျှော့၍
ပ်ပစ်လိုက်စဉ် မျက်နှာဖုံးဝတ်နှစ်ဦး ရုတ်တရက်ဝင်စီးမည်။

ရပ်စ်ပြူတင်ကို မေ့ဆေးနှင့်အုပ် ကြိုးဖြင့်တုပ်၍ ပင်လယ်ကမ်း
ပ်ရှိရာသို့ တရကြမ်းမောင်းခေါ်သွားမည်။



www.burmeseclassic.com

www.burmeseclassic.com


နှင်းတွေဖုံးလွှမ်းနေသော ကမ်းစပ်တစ်နေရာ၌ အလောင်း မြှုပ်ထားလိုက်မည်။ နွေဦးပေါက်တော့ နှင်းတွေပျော်ပြီး ပင်လယ် မျောသွားရုံရှိတော့သည်။

တကယ့်တကယ်ကျတော့ စိတ်ကူးယဉ်ဆန်သောအကြံကို လ တွေ့ အကောင်အထည် မဖော်နိုင်ခဲ့ကြပါ။

ဘဲလက်စကီးက ဟာကွက်တွေ ထောက်ပြခဲ့သလို ခိုဗ စတော့ကိုယ်တိုင်လည်း မပိမရိုနှင့် အမှုပြန်ပတ်သွားမှာ စိုးရိမ် တွန့်ဆုတ်ခဲ့သောကြောင့် ဖြစ်၏။

နောက်တစ်နည်း စဉ်းစားကြပြန်သည်။

ကိုမီစထရော့ဗ်က အဆိပ်ခတ်သတ်ဖို့ တင်ပြလာသည်။ သူ သုတေသနဌာနက အပြင်းဆုံးအဆိပ်တွေ ရှာပေးမည်။

ကဲ၊ ဘယ်လိုနည်းနှင့် အဆိပ်ခတ်မလဲ။

"သူ ကြိုက်တတ်တဲ့ဝိုင်အရက်ထဲ ခတ်လိုက်မယ်ကွာ။ ပြီးတော့ အရက်ပုလင်းကို သူ့အိမ်ကို လက်ဆောင်အဖြစ် ပို့လိုက်ရုံပေါ့။ အဲ ပို့တဲ့လူကတော့ ဘဏ်သူဌေး ရှုဘင်စတိန်းဆိုရင် မကောင်းဘူးလား"

ခိုဗော့စတော့က ရပ်စ်ပြူတင်ကို တစ်ချက်ခုတ်နှစ်ချက်ပြတ် အသေသတ်၍၊ သူမုန်းနေသော ရှုဘင်စတိန်းကို ချောက်ချရန် အ နှင့် ပြောလိုက်၏။

ဘဲလက်စကီက–

"ဟာ၊ အဲဒီလိုလည်း မဖြစ်သေးဘူး။ အရက်ပုလင်း ရပြီဆိုတာ နှင့် ရပ်စ်ပြူတင်က ရှုဘင်စတိန်းကို ကျေးဇူးတင်ကြောင်း ဖုန်းဆက် ပြောမှာပေါ့။ အဲဒီတော့မှ အမှုက ဗူးပေါ်သလိုပေါ်ကုန်မှာ"

နောက်ထပ် နည်းလမ်းရှာမိပြန်၏။

ဒါကတော့ ကိုမီစထရော့ဗ်၏ ကွန်မန်ဒိုများက ရပ်စ်ပြူတင် အရက်မူးနေသော စားသောက်ဆိုင်သို့သွား၍ ရန်ရှာပြီးခိုက် အသေ သတ်ပြေးရန်ပင် ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုအကွက်ကို စီစဉ်နေသဲ ခိုဟော့စတော့က ရပ်စ်ပြူတင် ရှာပြန် …ားစဉ်လိုက်ပါသွားသော လျှို့ဝှက်စုံထောက်များ၏ မှတ်တမ်းကို …ားဖတ်မိ၏။

**စက်တင်ဘာ ၁၈ ရက်**။ ရပ်စ်ပြူတင်ထံ စိန့်ပီတာစဘတ်မှ …ကြေးနန်းရောက်လာ။ ကြေးနန်းစာ 'မင်းဟာ တို့ဘုရင်ကို ကြိုးကိုင် … လိုသလိုခြယ်လှယ်နိုင်တာ တို့ သိတယ်။ ဒီတော့ လွှတ်တော်ဝန် …ကြီးတွေအနေနှင့် ပြည်သူတွေအတွက် တာဝန်ယူပေးဖို့ မင်းသြဇာ … သုံးပါ။ တို့ပြောတာမလုပ်ရင် မင်းကို တို့ ညှာမနေနိုင်ဘူး။ မင်းကို …တ်မယ်။ တို့လက်က မိန်းမပျက် ဂူဆေးဗားလို တုန်နေမှာမဟုတ် …ူး။ မင်း ဘယ်ပြေးပြေး လွတ်မယ်တော့မထင်နှင့်။ တို့အဖွဲ့အင်အား …ယ်ယောက်ရှိတယ်။

သည်တွင် ခိုဟော့စတော့ ဦးနှောက် ကစားရတော့သည်။

သူတို့လိုပင် ရပ်စ်ပြူတင်ကို ရှင်းချင်သောအဖွဲ့တစ်ဖွဲ့ ရှိနေ …လား။

ကိုယ့်ဘက်က အသာနောက်ဆုတ် လက်ရှောင်ထားလိုက်ခြင်း …ားဖြင့် သူ့စရိတ်နှင့်သူ ရှင်းသွားမည့်ပုံ။ ဒီတော့ ကိုယ်က တစ်ဘက် …သို့နှင့် တွန်းပို့ပေးလိုက်ရုံပဲပေါ့။

ခိုဟော့စတော့ ဆင်လိုက်သည့်အကွက်ကတော့ လှမှလှ။

နော်ဝေးကိုရောက်နေသော အီလီယော့ဒါသည် ရပ်စ်ပြူတင်၏ …ညစ်ယုတ်မာပုံတွေကို ဖော်ထားသောစာအုပ်တစ်အုပ်ကို The Holy …evil အမည်ဖြင့်ရေးထားပြီး ငွေမရှိ၍ မထုတ်နိုင်တာ သူ သိထား၏။

ထိုစာအုပ်က ကမ္ဘာကိုဖြန့်မည်ဖြစ်၍၊ ရုရှားကို သွင်းလာပြီဆို …ျှင် ရပ်စ်ပြူတင် နာမည်ပိုပျက်၍ လူမုန်း ပိုများလာပြီး နေရာပင် …တော့မှာမဟုတ်။


www.burmeseclassic.com

www.burmeseclassic.com

သူက ဒေါသတကြီးဖြင့် စွတ်ရမ်းလို့ကတော့ ဆယ်ဦးအဖွဲ့နှင့် ထိပ်တိုက်တိုးဖို့သာ ရှိတော့မည်။

သည်တွက်ကိန်းဖြင့် ခိုဖော့စတော့သည် သူ့လက်ရုံး လူယုံတော် အေးဂျင့်တစ်ဦးအား နော်ဝေးသို့ ငွေပို့ဖို့ လွှတ်လိုက်၏။

ဒါပေမယ့် ထိုအေးဂျင့်အား ကိုမီစထရော့ဗ်နှင့် ဘဲလက်စကီတို့၏ထောက်လှမ်းရေးများက ဆီးဖမ်းလိုက်သည်။ ထောင် ခုနစ်နှစ် ချလိုက်သည်။ ခိုဖော့စတော့ မျှော်မှန်းထားသော ဝန်ကြီးချုပ်နေရာကို မမျှော်လင့်ဘဲ ရပ်စ်ပြူတင်၏လူ စတူးမား ရသွားသည်။

သည်တော့မှ ခိုဖော့စတော့ခမျာ ကျောချမှ ဓားပြမှန်းသိတော့သည်။ ဘဲလက်စကီနှင့် ကိုမီစထရော့ဗ် သူ့ကို သစ္စာဖောက်ခဲ့ပြီးပါ။

ခြေပုန်းခုတ်၍ အချင်းချင်းလှည့်ခွေခဲ့သော ဘဲလက်စကီအား ဆိုက်ဘေးရီးယား၏အစွန်ဆုံးဒေသ အီယာကွတ်စ်သို့ နေရာ ပြောင်းခြင်းဖြင့် လက်စားချေ ဒဏ်ခတ်လိုက်သည်။

ဘဲလက်စကီကလည်း ခေါင်းငုံ့မခံ၊ ထွက်ခတ်ခတ်သွား၏။

သူ နယ်မပြောင်းခင် သတင်းစာသမားတစ်ယောက်အား ခိုဖော့စတော့၏အကြံအစည်မှန်သမျှကို ဖော်ကောင်လုပ်သွားရာမှ ရပ်စ်ပြူတင်ကို အမျိုးမျိုးလုပ်ကြံသတ်ဖြတ်ဖို့ စီမံကိန်းကြီးပါ ဘွင်းဘွင်းကြီး ပေါ်သွားတော့သည်။

သည်သတင်းကို ရပ်စ်ပြူတင်ထံမှ တစ်ဆင့်ကြားလိုက်ရသော ဧကရာဇ်မင်းမြတ်လည်း ဒေါသအမျက် ချောင်းချောင်းထွက်လျက် ပြည်ထဲရေးဝန်ကြီး ခိုဖော့စတော့အား ချက်ချင်း ဖြုတ်ပစ်လိုက်တော့၏။

ရပ်စ်ပြူတင်သည် ဘဲလက်စကီအား အချိန်တန်လျှင် ဝန်ကြီးတစ်နေရာပေးမည်ဟု မက်လုံးပေး၍ ခါးပိုက်ထဲ ထည့်ထားသဖြင့် ဘဲလက်စကီးက ခိုဖော့စတော့နောက်ကျောကို ဓားနှင့်ထိုးခဲ့ခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ရုပ်စ်ပြုတင်ကား ပေါ်သေးသေးတော့ မဟုတ်။

ဘဲလက်စကီးသာမက ပုလိပ်တွေ စုံထောက်တွေကို အပိုင်နိုင်းထားသည်။ သူ့ရန်သူတွေကို စာရင်းရှင်းရန် လက်မရွံ့လူဆိုးချို့ကိုပင် မွေးထားသည်ဆို၏။

ခုတော့ သူ့အန္တရာယ်မှန်သမျှကို သူ ကျူပင်ခုတ် ကျူငုတ်မကျန်လှန်ပစ်လိုက်နိုင်ပြီ ထင်မိသလို၊ ဓာကိုစယ်လို နန်းတော်နှင့် ရုရှားပြည်ကြီးကို သူ့ခြေဖဝါးအောက် နင်းထားနိုင်ပြီဆိုပြီး အားရပါးရအားတိုက်ရယ်မိပါတော့သည်။

သူ့မှတ်ဆိတ်တွေက တလှုပ်လှုပ်ဖြင့် လေထဲမှာ အောင်လံလွှင့်နေသည့်အလား။

ဒါပေမယ့် ရုပ်စ်ပြုတင်ခမျာ သူ့ကို စငှတ္တအကြိမ် အောင်မြင်အောင် လုပ်ကြံမည့်လူတစ်စုကိုတော့ မေ့လျော့ပေါ့တန်စွာ ထည့်မတွက်မိပါတကား။

* * *



www.burmeseclassic.com

www.burmeseclassic.com


## ဂစ်တာကြီးနှင့် ဆင်တဲ့ ကျော့ကွင်း ၊ ၁၆ ၊

'စစ်မှန်သော ရုရှားများသမဂ္ဂ'သည် မျိုးချစ်ပုဂ္ဂိုလ်များ တည် ထောင်ထားသော လျှို့ဝှက်အဖွဲ့အစည်းဖြစ်၏။

မင်းညီမင်းသားများနှင့် မြို့စားမှူးမတ် အများအပြား လူငယ်မှ လူကြီးပိုင်းအထိ ပါဝင်သည်။

ရုပ်စ်ပြုတင်နှင့် ကမ္ဘာရန်ဖြစ်သော ဇာဘုရင်၏ဦးလေးတော် စစ်သေနာပတိချုပ်ဟောင်း မြို့စားမင်းသားကြီးကို နီကိုလပ်စ်ကို ထို အဖွဲ့က နာယက တင်ထား၏။

ရုပ်စ်ပြုတင်၏ ပယောဂကြောင့် နီကိုလပ်စ်မင်းသားကြီးမှာ ကော့ ကေးရှပ်စ်စစ်မြေပြင်သို့ ရောက်နေရသော်ငြားလည်း နောက်ပိုင်း ကတော့ သူ့အဖွဲ့ဝင်များက လှုပ်ရှားနေကြ၏။

ထိုအထဲတွင် အတက်ကြွဆုံးကတော့ ယူဆူပေါ့မင်းသား။

ယူဆူပေါ့သည် မျိုးရိုးအရ ရုရှားပြည်တွင် ကျိုကျိုတက်ချမ်း သာသော သူကြွယ်စာရင်းဝင်ဖြစ်၍ ဇာဘုရင်၏တူမတော် အီရီနာမင်း သမီးနှင့် အကြောင်းဆက် ပေါင်းဖက်ခဲ့ရာမှ မင်းသားဘွဲ့ကို ရရှိခဲ့ခြင်း ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com



အိရိန္နားမင်းသမီး၏အလှကလည်း စိန့်ပီတာစဘတ်တွင် မြင်သူ
...နေအောင် အလှသရဖူ ဆောင်းထားသည်။

ယူဆူပေါ့ကိုယ်တိုင်လည်း မိန်းမချောချောသလောက်၊ ယောကျ်ား
...သူဖြစ်၍ သူတို့ဇနီးမောင်နှံမှာ ရွှေပေါ်မြတင်ဆိုသလို လိုက်ဖက်
...၏။

ယူဆူပေါ့သည် ရပ်စ်ပြူတင်နှင့်ဆုံချိန်၌ စစ်ပညာသင်တက္ကသိုလ်
...နေသော ဗိုလ်လောင်းတစ်ဦး။

ကမ္ဘာပေါ်တွင် ရပ်စ်ပြူတင်အား အမုန်းဆုံးလူကိုပြပါဆိုမှု ယူဆူ
...ကို လက်ညှိုးထိုးလိုက်ရုံ ရှိတော့သည်။

ယူဆူပေါ့သည် ရပ်စ်ပြူတင်၏ အကျင့်ဆိုးသတင်းဆိုးများကို
...ကတည်းက အော့ကြောလန်နေခဲ့သူ ဖြစ်၏။

ထို့ပြင် ယူဆူပေါ့အနေဖြင့် သူ့ချစ်ဇနီး၏ဦးရီးတော် ဇာဘုရင်
...ာ ရပ်စ်ပြူတင်နှင့် ဇာရီနာမိဖုရားတို့ လှည့်စားသမျှ ခံစားနေရသည့်
...ခြစ်ကိုလည်း မချိတင်ကဲ အံကြိတ်နေခဲ့ရသည်။

ဇာရီနာမိဖုရားကြီးကိုတော့ "မြင်းသူခိုး ကလိမ်ကကျစ်ကြီး၏
...းမိနေတယ်"ဆိုပြီး သိပ်ကြည့်မရပြန်။

သည်ကြားထဲမှ ရပ်စ်ပြူတင်က ရွှေနန်းတော်ကြီးတစ်ခုလုံးလုံး
...ကျွမ်းထိုးမှောက်ခုန်၊ စောက်ထိုးပြောင်းပြန် ဂြိုလ်မွှေနေရုံနှင့် အားမရ။
...ရေး၊ စစ်ရေးများ၌ပါ ဝင်ခြေရှုပ်ခြယ်လှယ်လာပြန်တော့ ယူဆူပေါ့
...ယ်လိုမှ သည်းမခံနိုင်တော့။

သူတို့ မျိုးချစ်ဂိုဏ်းတစ်ခုလုံးက ရပ်စ်ပြူတင်ကို ရန်သူဂျာမန်
...ထံမှ လာဘ်ငွေအမြောက်အမြားယူပြီး သူလျှိုလုပ်နေသည်ဟု သံသယ
...ထားကြ၏။

ကိုယ့်ဘက်က အကျအဆုံးများ၍ အထိနာနေသဖြင့် ဂျာမန်တို့ကို
...လောက်သားလောက်ဆုံးမပြီး စစ်အနိုင်တိုက်လိုစိတ် ပြင်းထန်



www.burmeseclassic.com

www.burmeseclassic.com


နေချိန်တွင် ရပ်စ်ပြူတင်သည် အနေမတတ်အပြောမတတ်ဘဲ နှုတ်သ
ရမ်းကာ စစ်ပြေငြိမ်းရေးတရားတွေ ဖိဟောနေပြန်သည်။

“တို့လူတွေ အများကြီးသေနေပြီ။ ဒဏ်ရာရတဲ့လူတွေလည်း မနည်းဘူး။ အပျက်အစီးပေါင်းစုံကြားမှာ မျက်ရည်ဖင်လယ် ဝေခဲ့ကြရတာပဲ။ စစ်မြေပြင်ထွက်သွားပြီး အိမ်ပြန်ရောက်မလာနိုင်ကြတော့တဲ့ သူတွေအကြောင်းပဲ စဉ်းစားကြည့်။ သူတို့လို လူတစ်ယောက်ရဲ့ နောက်ပိုင်းမှာ သောကနှင့် ပူဆွေးငိုကြွေးခဲ့ရတဲ့ မိသားစုတွေ ငါးယောက် ခြောက်ယောက်၊ ဆယ်ယောက်မက ရှိနိုင်တယ်။ ရွာကြီးတွေဟာ တစပြင်နှင့် မခြားတော့ဘူး။ စစ်မြေပြင်က ပြန်လာတော့လည်း အကျိုးအကန်း လက်ပြတ်ခြေပြတ်နှင့် ဒုက္ခတွေ ဖြစ်လာတယ်။ ကြောက်စရာကောင်းလိုက်တဲ့ စစ်။ နောက်အနှစ် နှစ်ဆယ်လောက်အထိ ဒဏ်ရာဝေဝေဒနာတွေဟာ ပျောက်တော့မှာ မဟုတ်ဘူး။ ပြီးတော့ မင်းသိတဲ့အတိုင်း တိုင်းပြည်အခြေအနေဟာ ချွတ်ခြုံကျ ဆိုးဝါးသထက်ဆိုးဝါးလာရာက ဧကရာဇ်ဘုရင်စနစ်ကိုပါ အပြောင်းအလဲ ဖြစ်သွားနိုင်တယ်။ ဒီအတွက် အမြန်ဆုံး စစ်ပြေငြိမ်းနိုင်လေ ကောင်းလေပဲ”

ထိုစကားတွေက စိတ်စေတနာကောင်းပြရာရောက်သော ရပ်စ်ပြူတင်၏နှုတ်မှ သူ့ကို ပြောခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်သံအမတ် ပါလီယိုလော့ဂ်က အမှတ်တရစာအုပ်တွင် မှတ်တမ်းတင်ခဲ့ပါ၏။

သို့သော် မျိုးချစ်တွေအဖို့တော့ ဒီစကားက နားခါးစရာ။

သည့်ထက်ဆိုးသည်က ၁၉၁၆ ခုနှစ် နွေရာသီ၌ ရပ်စ်ပြူတင်သည် ဇာဘုရင်အား ဂျာမနီနှင့် သီးခြားငြိမ်းချမ်းရေးယူရန် စကော့ဟုမ်းမြို့တွင် လျှို့ဝှက်ဆွေးနွေးဖို့ သွေးဆောင်တိုက်တွန်းခဲ့ကြောင်း သတင်းထွက်လာခြင်းပင် ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


သည်သတင်းကြောင်း မဟာမိတ်တွေမှာ စိတ်မချမ်းမမြေ့ဖြစ်သလို၊ မျိုးချစ်ဂိုဏ်းအနေဖြင့်လည်း ရပ်စ်ပြူတင်ကို ဖြုတ်ထုတ်ဘ်ဖို့ အမြန်ဆုံး အကောင်အထည်ဖော်ရန် ဖန်တီးရာရောက်သွား၏။

တစ်တိုင်းလုံး တစ်ပြည်လုံးမှာ မကျေနပ်မှုတွေက တစ်နေ့ထက်နေ့ ပြင်းထန်လာသလို အစိုးရကို ဆန့်ကျင်ဆန္ဒပြမှုတွေကလည်း များလာ၏။

မျိုးချစ်အဖွဲ့၏ လက်ယာဝါစွန်းတစ်ယူသန်တွေဆိုပါက ဇာဘုရင်ယ်ရှားပြီး မြို့စားမင်းသားကြီး နီကိုလပ်စ်ကို နန်းတင်ဖို့အထိပင်ကူးလာကြတယ်။

ဒီအတွက်လည်း ရပ်စ်ပြူတင်ကို အရင်ရှင်းရမည်သာ ဖြစ်၏။

ထိုတာဝန်ကို တက်ကြွကြည်ဖြူစွာယူခဲ့သူကား မင်းသား ယူဆုပင်တည်း။

စစ်စစ်တော့ ရုရှားနိုင်ငံနှင့် ဇာဘုရင်ကို ကယ်တင်ရန်ကြံလျက်ယ့်အသိစိတ်ဓာတ်နှင့် ကိုယ် တိုင်းပြည်တာဝန်တစ်ရပ်ကို ထမ်းဆောင်ည်ဟု သူက ယူဆ၏။

ပထမ အရေးပါသောလူတချို့ကို သူ တိုင်ပင်မိ၏။

ထိုလူများက ရပ်စ်ပြူတင်ကို စက်ဆုပ်ကြောင်း ပြောကြ၏။

"ဒီလိုပြောနေရုံနှင့် မဖြစ်တော့ဘူး။ လက်တွေ့ ရှင်းပစ်လိုက်မှမှာ"

ယူဆူပေါ့က ပြောင်ဖွင့်ချလိုက်တော့ သူတို့ နောက်တွန့်သွား၏။ သူတို့ကား တိုင်းပြည်ကောင်းစားရေးထက် ကိုယ့်သားကိုယ့်သားနှင့် အေးအေးလူလူ စည်းစိမ်ခံနေလိုဟန်ရှိ၏။

တစ်ဦးကဆိုလျှင်–

"ဘုရင်နှင့် မိဖုရားကိုယ်တိုင်က သူ့အစေအပါး ခံနေမှတော့က ဘာတတ်နိုင်ဦးမှာလဲ"တဲ့။


www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကလည်း

"ရုပ်စ်ပြူတင်က အတော် တန်ခိုးကြီးတာကွ။ သူ့ကိုနိုင်နိုင်မှာ မဟုတ်ဘူး"

ဌာနဆိုင်ရာ တာဝန်ခံတစ်ဦးကတော့-

"ဒီကောင်ကြီးကို အသေသတ်တာ အကောင်းဆုံးပဲ။ ဒါပေမယ့် ငါတို့ကလည်း အိုနေပြီ။ ငယ်ငယ်ရွယ်ရွယ်သာဆိုရင် ငါကိုယ်တိုင် သတ်မှာပဲ"

ဟူသော စကားမျိုးသာ ထွက်လာကြ၏။

နောက်ဆုံး ချုပ်လိုက်ရင်တော့ သူ့ကို တကယ်တမ်းကူမည့်သူ ရှာယ်လို့ မရှိ။

အို၊ ဘယ်သူမှ အားမကိုးရလည်း ကိုယ့်ဟာကိုယ်ပဲ စီစဉ်မယ်လို့ ဆုံးဖြတ်လိုက်သည်။

ထိုသို့ ဆုံးဖြတ်လိုက်သည်နှင့် 'ဒီကောင်ကြီးကို ဘယ်လိုသတ်ရ ပါ့မလဲ'ဟူ၍ အမြဲတွေးနေမိတော့သည်။

တစ်ခါတစ်ရံ ညဉ့်နက်သန်းခေါင်အထိ အိပ်မပျော်နိုင်ဘဲ လူ ကာလိမ့်ကာဖြင့် ရုပ်စ်ပြူတင်ကို ပိပိရိရိလုပ်ကြံရန် နည်းလမ်းတွေ ရှာနေမိခဲ့၏။

တစ်ခါတလေတော့လည်း သူ့ကို တစ်စုံတစ်ယောက်က လာ ပြောနေသည်ဟု ထင်ရသည်။

"သူများအသက် သတ်တယ်ဆိုတာ မကောင်းတဲ့ဒုစရိုက်မှုပဲ။ ရာဇဝတ်မှုလည်း ဖြစ်တယ်။ ဒါပေမယ့် မင်းက တိုင်းပြည်အကျိုး အတွက် လုပ်တာဆိုတော့ အပြစ်မရှိပါဘူး။ တို့ရုရှားရဲ့ အင်ပင်ရန်ကို စစ်တပ်က နှိမ်နင်းနေပြီ။ ရန်တကာ့ရန်ထဲမှာ အဆိုးဆုံးဖြစ်တဲ့ အတွင်း ရန်မိစ္ဆာကောင်ကြီးကိုတော့ မင်းက ချေမှုန်းရမယ်။ ဒါမှလည်း အမှောင် ကျနေတဲ့တိုင်းပြည်ကြီး အလင်းရောင်ရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


သည်အသံများကိုကြားလိုက်ရပြီး ယုဆုပေါ် အားတက်သွားသော့၏။

နောက် သူ့အကြံ အထမြောက်အောင်မြင်ရေးအတွက် စိတ်တူကိုယ်တူ လူငယ်အချင်းချင်းကို ပဏာမစာရင်းချလိုက်သည်။

ထိုအထဲမှ လက်ရွေးစင်နှစ်ယောက်ကို ရွေးထုတ်လိုက်သည်။

တစ်ယောက်က ဓာဘုရင်၏တူတော်အရင်း မြို့စားမင်းသားမစ်ထရီ ပက်ဗလိုဗစ်ချ်ဖြစ်၍၊ ကျန်တစ်ယောက်ကတော့ ကပ္ပတိန်ဆုကိုတင် ဖြစ်၏။

ကပ္ပတိန်ဆုကိုတင်မှာ စစ်ပွဲမှဒဏ်ရာရလာ၍ အလွယ်တကူပင်တွေ့ခဲ့ရသည်။ ယုဆုပေါ်က သူ့အကြံကို ဖွင့်ပြောလိုက်၏။

“ကောင်းတယ်။ အဲသလိုဖြစ်သင့်တာ ကြာလှပြီ။ ကိုယ်လည်းအတတ်နိုင်ဆုံး ကူညီမယ်” ဟု ကပ္ပတိန်ဆုကိုတင်က သဘောတူကတိပေးခဲ့၏။

ထိုနေ့ညနေမှာပင် မစ်ထရီ ရှေ့တန်းမှ ခေတ္တပြန်ရောက်နေပြီကြား၍ စကားပြောကြေးနန်းဖြင့် တွေ့ခွင့်တောင်းလိုက်သည်။

ဓာကိုစယ်လိုနန်းတော်တွင်းရှိ အိမ်သို့ ယုဆုပေါ်မင်းသားရောက်သွားချိန်၌ မြို့စားကြီးမစ်ထရီက စာဖတ်နေ၏။

ယုဆုပေါ်က အကျိုးအကြောင်း ရှင်းပြတိုင်ပင်ရာ မစ်ထရီက “ရှားတိုင်ပြည်ကြီး မပျက်စီးရအောင် ရပ်စ်ပြူတင်ကိုသတ်ဖို့ လိုမယ်ဆိုရင် သတ်ရမှာပေါ့” ဟု လွတ်ခနဲ ပြောလိုက်၏။

ထို့နောက် နှစ်ယောက်သား တိုင်ပင်နှီးနှောနေကြစဉ် ဧည့်သည်များရောက်လာသဖြင့် စကားဖြတ်ပြီး ယုဆုပေါ် ပြန်လာခဲ့သည်။

နောက်ညနေ သူနှင့် ကပ္ပတိန်ဆုကိုတင် ပြန်ဆုံ၍ ဆွေးနွေးမိကြပြန်၏။


www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို လူမြင်ကွင်း၊ ဒါမှမဟုတ် သူ့အိမ်မှာ သွားလုပ်ကြ[illegible]
[illegible] ကိုယ်ပိုင်နက်ထဲခေါ်ပြီး သုတ်သင်တာက ပိုပိုင်မယ် ထင်တ[illegible]

ယူဆူပေါ့က သူ့အမြင်ကို တင်ပြခဲ့သည်။

မစ်ထရီကလည်း ထိုအချက်ကိုလက်ခံ၍–

"ဒါဆိုရင်တော့ ရပ်စ်ပြူတင်ကို အနီးကပ်ပေါင်းပြီး အယုံသွင်း[illegible] မှာပဲ။ အချိန် သိပ်မရှိတော့ဘူး။ အမြန်ဆုံး လုပ်ငန်းစမှ" ဟု အ[illegible] ပြု၏။

သို့ဖြင့် ယူဆူပေါ့လည်း ရပ်စ်ပြူတင်ကို ချဉ်းကပ်နိုင်မည့် လ[illegible] ကြောင်းကိုတွေးကြည့်ရာ အန်နာဂလိုဗီနားနှင့် သမီးဖြစ်သူ မာရီယာ[illegible] ကို ပြေးမြင်ယောင်လိုက်ရ၏။

မာရီယာနှင့် သူက ရွယ်တူသူငယ်ချင်းတွေဖြစ်၍ ရပ်စ်ပြူတင်[illegible] သူတို့သားအမိနှင့် ပုလဲန်ပသင့်နေသည် မဟုတ်ပါလား။

ယူဆူပေါ့သည် မာရီယာတို့အိမ်သို့ ကြိုတင်ချိန်းဆိုပြီး အလည်[illegible] ရောက်သွား၏။ မာရီယာက လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံသည်။

လက်ဖက်ရည် အတူသောက်ရင်း ရောက်တတ်ရာရာပြော[illegible] ရာမှ ရပ်စ်ပြူတင်အကြောင်း ပါလာ၏။ မာရီယာသည် ရပ်စ်ပြူတ[illegible] အား ဘုရားသခင်လောက်နီးနီး ချီးမွမ်းခန်းတွေ ထုတ်တော့၏။

ယူဆူပေါ့လည်း နားခါးလာသလို တမင် ဝေဖန်ပုတ်ခတ်စကာ[illegible] တွေ ပြောမိသည်။ မာရီယာ ချေပချက်က–

"အရှင်နှစ်ပါးဟာ ဘာပဲလုပ်လုပ်၊ ရပ်စ်ပြူတင်ကို တိုင်ပင်ပြ[illegible] လုပ်တာဟာ ရပ်စ်ပြူတင်မှာ တန်ခိုးအစွမ်း ရှိလို့ပဲပေါ့"တဲ့။

ယူဆူပေါ့ကလည်း –

"သူဟာ ဘာပညာ ဗဟုသုတမှ မရှိတဲ့အပြင် စာ[illegible]ကောင်း ဖြေ[illegible] အောင်မရေးတတ်ဘူးလို့ ကြားတယ်။ ဒီလိုလူက တိုင်းရေးပြည်ရေးမှ[illegible]



www.burmeseclassic.com

www.burmeseclassic.com 

-င်စီမံနေတာ၊ နိုင်ငံရေး စစ်ရေးတွေမှာ စွက်ဖက်ခြယ်လှယ်နေတာ -ရှင့်သိက္ခာကျစေသလို တိုင်းပြည်လည်း နာလှပါတယ်"

"အို၊ ရပ်စ်ပြူတင်အကြောင်း ရှင် သေချာမသိသေးလို့ ဒီစကား -း ပြောတာပါ။ သူနှင့်ပေါင်းကြည့်ရင် သူဟာ ချဉ်းကပ်ထိုက်တဲ့ -ဂိုလ်ဆိုတာ သိလာပါလိမ့်မယ်။ ရှင်းရှင်းပြောရရင် သူက ဒိဗ္ဗစက္ခု -ဉာဏ် ရထားသူပဲ။ သူသာ နန်းတော်ကိုရောက်မလာရင် တိုင်းပြည်ကြီး -ခြေအနေဟာ ဒီ့ထက် ဆယ်ဆဆိုးသွားမယ်"

"အေးလေ၊ ဒါဆိုလည်း အခွင့်သင့်တဲ့တစ်နေ့ သူနှင့် တွေ့ကြည့် -သးတာပေါ့"

"ကောင်းပါတယ်။ ဒါမှ ရှင်လည်း အမြင်မှန်ရလာမှာပါ။ -စ်ပြူတင်ကလည်း ရှင်လို နာမည်ကြီးမင်းသားတစ်ယောက်ကို တွေ့ -င်တယ်လို့ ပြောဖူးပါတယ်လေ"

ယူဆူပေါ့လည်း လိုအပ်သလောက် စကားသွင်းပြီးလျှင် ပြန်သင့် -ဆိုကာ ပြန်လာခဲ့တော့၏။

တစ်ရက်နှစ်ရက်အကြာတွင် မာရီယာထံမှတယ်လီဖုန်းလာသည်။

"ဆရာကြီး မနက်ဖြန်ညနေ အိမ်လာလည်မယ် ပြောတယ်။ -တော့ ရှင်နှင့် တွေ့မယ်တဲ့။ လာဖြစ်အောင် လာနော်" ဟု မှာကြား -င်း ဖြစ်၏။

"စိတ်ချ။ ဆက်ဆက်လာမယ်"

ယူဆူပေါ့က တုံ့ပြန်ကတိပေးလိုက်သည်။

မင်းသမီး ဂလိုဗီနာကော မာရီယာပါ ယူဆူပေါ့၏စိတ်အကြံ -မရိပ်မိဘဲ ရပ်စ်ပြူတင်နှင့် ချိန်ပေးမိခြင်း ဖြစ်သည်။

ထိုနေ့မှာ နိုဝင်ဘာလ ၂၈ ရက်။

ယူဆူပေါ့သည် ဂလိုဗီနာတို့အိမ်သို့ စောစောရောက်သွားရာမှ -ညခန်းမီးလင်းဖိုကြီးရှေ့တွင် စိတ်ဂနာမငြိမ်ဘဲ၊ စောင့်နေခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ရပ်စ်ပြူတင် ရောက်လာသည်။

သူက ဂလိုဗီနာနှင့် မာရီယာကို သိပ်အရေးမထားဘဲ ယူဆူ
မင်းသားကိုသာ အာရုံစိုက်ခဲ့၏။

သူ့မျက်နှာမှာ နန်းစည်းစိမ်ယစ်ပြီး ဖောသွပ်သွပ်ကြီးပင်
နေ၏။ ယခင်ကလို တောသားသုံး အထည်ကြမ်းကြီးတွေမဟုတ်
ဘဲ၊ ကတ္တီပါဘောင်းဘီနှင့် အပြာနုရောင်ပိုးအင်္ကျီကို ဝတ်ထား

ရပ်စ်ပြူတင်သည် ယူဆူပေါ့ကို တွေ့တွေ့ချင်း မျက်မှော
ကုတ်၍ စိုက်ကြည့်ပြီး–

"မင်းသားက ကျုပ်ထင်တာထက်တောင် ငယ်ပြီး နုပျို
ကျုပ် မင်းသားနှင့် မိတ်ဆွေဖွဲ့ချင်တာ ကြာလှပါပြီ။ ခုလိုတွေ့
အများကြီးဝမ်းသာတယ်"

ပြောပြောဆိုဆိုနှင့် ယူဆူပေါ့အားပွေ့ဖက်ကာ ရုရှားထုံးစံအ
ပါးနှစ်ဖက်ကို နမ်း၏။

ယူဆူပေါ့ကလည်း မချစ်သော်လည်း အောင့်ကာနမ်းဆို
စိတ်မပါ့တပါ့ဖြင့် ဟန်ဆောင်ကာ နှုတ်ဆက်အနမ်း နမ်းမိ၏၊

"အလို၊ မောင်ရင့်ကြည့်ရာ မျက်နှာဖြူဖက်ဖြူရော်နှင့်ပါ
ကျုပ် မြင်ရုံနှင့် ဒီလောက်လည်း ကြောက်လန့်စရာ မလိုပါဘူး

သည်တွင် ယူဆူပေါ့က ချော်လဲရောထိုင်လုပ်လိုက်ပြီး–

"ကျွန်တော် ကောင်းကောင်း နေမကောင်းလို့ပါ။ အကြော
တက်ပြီး သတိလစ်ချင်တယ်။ မကြာမကြာလည်း မူးပြီး ဖျား
တယ်။ ဘာရောဂါမှန်းလည်း မသိပါဘူးဗျာ"

"ဒါလေးများ ခက်တာမှတ်လို့။ ကျုပ်ကုလိုက်ရင် ခ
ပျောက်မှာပါ။ လောလောဆယ်တော့ မအားသေးဘူး။ အားနေ
လှမ်းခေါ်လိုက်မယ်လေ။ ဟော့၊ ဒါနှင့် ငါ့အတွက် ဒယ်လီဖုန်
မလာဘူးလား"


www.burmeseclassic.com

www.burmeseclassic.com


မာရီယာဘက် လှည့်မေးလိုက်သည်။

"မလာသေးပါဘူး ဆရာကြီး"

မာရီယာက ကျိုးကျိုးနွံနွံ ပြန်ဖြေလိုက်၏။

ရပ်စ်ပြူတင်က ယူဆူပေါ့ဘက် ပြန်လှည့်လာ၏။

"ခု ဘာတွေလုပ်နေသလဲ။ စစ်မြေပြင်ကော မထွက်ရသေးဘူးလား"

"ဟုတ်ကဲ့။ ကျွန်တော်က ခုမှ စစ်ကျောင်းတက်တုန်း ရှိသေးတာ။ ဒါပေမယ့် လိုအပ်လာရင်တော့ ထွက်တိုက်ရမှာပေါ့"

ယူဆူပေါ့၏အဖြေကို ရပ်စ်ပြူတင် ဘဝင်မကျသလို မျက်နှာကြီးရှုံ့မဲ့သွား၏။

ပြီးတော့ မာမာထန်ထန်လေသံကိုသုံး၍-

"ကျုပ်တို့ ဒီစစ်ကြီးကို ရပ်သင့်ပါပြီ။ သွေးချောင်းစီးနေတာလည်း မမြင်ချင်တော့ဘူး။ ဘာပဲပြောပြော၊ ဂျာမန်ဆိုတာလည်း တို့ညီအစ်ကိုတွေပဲ မဟုတ်လား။ ခရစ်တော်ကတောင် ပြောခဲ့သေးတယ်။ 'ရန်သူကို ချစ်ရမယ်'တဲ့။ ဒီနေရာမှာ လူအချင်းချင်း မေတ္တာထားဖို့လိုတာပဲ။ ခု ကျုပ်တို့မှာ ဘယ်မလဲမေတ္တာ။ ကျုပ်ဟာ စစ်ပြေငြိမ်းဖို့ပြောတာကို မောင်တို့ဘုရင်ကလည်း အချိန်ဆွဲနေတယ်။ မိဖုရားကြီးကိုယ်တိုင်လည်း အသုံးမကျဘူး။ သူတို့ကို တစ်ဘက်အင်အားစုတွေက အကြံဆိုးတွေ ထပ်ပေးနေပုံပဲ။ ဒီ စစ်မီးတောက်ရတာ ဘုရင်နှင့်ဆိုင်တယ်။ သူ ဘုရင်အနေနှင့် စစ်မီးကိုငြိမ်းပေးဖို့ တာဝန်ရှိတယ်။ ခုတော့ တစ်သက်လုံး ထိုင်ဆုတောင်းတောင် ဒီအပြစ်က ကျေစရာမရှိတော့ဘူး။ ဟင်း၊ ဂူဆဲဗ်ဟားဆိုတဲ့ကောင်မသာ ကျုပ်ကို ဓားနှင့်မထိုးခဲ့ရင် ဒီစစ်ပွဲကြီးမဖြစ်အောင် ကျုပ် တားဆီးကာကွယ်နိုင်မှာပါ။ ကျုပ်မရှိတုန်းမှာ စစ်ဝါဒီတွေက အားလုံးကို ဖျက်ဆီးပစ်လိုက်တာပဲ"


www.burmeseclassic.com

www.burmeseclassic.com

သူက တစ်ဆက်တည်း၌ ဒီစစ်နှင့်ပတ်သက်၍ စစ်ဗိုလ်ချုပ်များ နှင့် နိုင်ငံရေးသမားများသာမက ဇာဘုရင်ကိုယ်တိုင်ပါ ဒဏ်ခတ်ခံရ ဖြစ်ကြောင်း ပြောခဲ့၏။

ပြီးတော့ အော်ကြီးဟစ်ကျယ်နှင့်–

"ရုရှားဟာ ဘုရားသခင်ရဲ့အလိုတော်နှင့် ဆန့်ကျင်ပြီး စ ဝင်ခဲ့တယ်။ ဘုရားသခင်ရဲ့အသံကိုတော့ တို့ ရိုရိုသေသေ နားထေ သင့်တယ်။ ရုရှားမြေက ပမာမခံ့နှင့် စေဒကတက်သံတွေကြော ဘုရားသခင် စိတ်ဆိုးနေပြီ။ ဘုရားသခင်ရဲ့ ကလဲ့စားချေမှုဟာ ကြေ စရာ သိပ်ကောင်းတယ်နော်"

သည့်နောက် သူက ပိတုံးမြည်သံကဲ့သို့ ဂါထာမန္တာန်တွေ ရွ ဖတ်၍ ဘုရားရှိခိုးနေပြန်၏။

ယူဆူပေါ်ကတော့ သူ့ကိုအထင်ကြီးအောင် ဖန်တီးတာ တွက်လိုက်သည်။

ရပ်စ်ပြူတင်၏စကားတွေကို လုံးဝ ဘဝင်မကျ။ ဘုရင် မိဖုရားကို စော်ကားမော်ကားပြောရုံမက စစ်ပြေငြိမ်းရေး ရွှေပြည် တရားတွေ ဟောနေသည်ကလည်း ဂျာမန်သူလျှိုဟူသောသံသယ ပို၍ ခိုင်မာသွားစေသည်။

ယူဆူပေါ်က အချေအတင် ပြန်ပြောချင်ပေမယ့် အချိန်မ သေးသလို၊ ပြောလို့လည်း အပိုပဲဆိုပြီး ကျိတ်မှိတ် အောင့်အီးနေ ရသည်။

သို့သော် 'ဒီကောင်ကြီးကို သတ်ပစ်မှဖြစ်တော့မယ်'ဟူ သန္နိဋ္ဌာန်နှင့် သေဒဏ်ကိုတော့ ယတိပြတ် ချမှတ်လိုက်မိပါ

ထိုစဉ် တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာ၏။

ရပ်စ်ပြူတင်က မာရီယာဘက်သို့လှည့်၍ –


www.burmeseclassic.com

www.burmeseclassic.com


"သွားနားထောင်စမ်း" ဟု ပိုင်စိုးပိုင်နှင်း ခိုင်းလိုက်သည်။

မာရီယာက ဖုန်းသွားကိုင်သည်။

ရပ်စ်ပြူတင်ကို လှမ်းပြောသည်။

"ဆရာကြီးနှင့် ပြောချင်လို့တဲ့"

"အေး၊ ငါလည်း ဒီဖုန်းကို မျှော်နေတာ"

ရပ်စ်ပြူတင်က ရုတ်တရက် ထ,သွားပြီး ဖုန်းနားထောင်သည်။ ဘာမှတော့ ပြန်မပြော။ မျက်စိပျက်မျက်နှာပျက်နှင့် ပြန်လာပြီး–

"အရေးကြီးတဲ့ကိစ္စ ပေါ်လာလို့ သွားရဦးမယ်"

ယူဆူပေါ့ကို ကတိုက်ကရိုက်နှုတ်ဆက်ပြီး ထွက်သွား၏။

သူ အိမ်ပြန်ရောက်ပြီး မကြာလိုက်ပါ။ မာရီယာထံမှ ဖုန်းလာ၏။

ရပ်စ်ပြူတင်က ရုတ်တရက် လူချင်းခွဲသွားရသဖြင့် စိတ်မကောင်း ဖြစ်ကြောင်း၊ နောက်တစ်ကြိမ် ထပ်တွေ့လိုပါကြောင်း၊ ဇနီးတာကိုပါ ယူခဲ့စေလိုကြောင်းများ ပြောခဲ့သည်။

နောက်တစ်ရက်။

ပထမတစ်ခေါက်ကလိုပင် ယူဆူပေါ့ ကြိုရောက်နှင့်သွား၏။ ခဏအကြာ ရပ်စ်ပြူတင်သည် မှိုရသောမျက်နှာဖြင့် ရောက်လာပြီး–

"မနေ့က ကိစ္စအရေးပေါ်လို့ ထွက်သွားရတာ စိတ်မရှိပါနှင့်။ ဘုရားဖမင်းသမီးက မတတ်နိုင်တဲ့အဆုံးမို့ ကျုပ်ကို လှမ်းခေါ်တာ။ နန်းတော်ထဲ ကျုပ်ဝင်သွားတော့ တစ်ယောက်က စိတ်ဆိုးနေတယ်။ တစ်ယောက်က လမ်းလျှောက်နေတယ်။ ငေါက်လိုက်တော့မှ ငြိမ်သွားတယ်။ နောက်ဆုံးတော့ ကျုပ်စကား အောင်တာပါပဲ"


www.burmeseclassic.com

 www.burmeseclassic.com

"ဘာတွေများ ပြဿနာတက်လို့ပါလိမ့်"

"အသေးအဖွဲလေးပါ။ ကျုပ်က ပရိုတိုပိုပေါ့ကို ပြည်ထဲရေး မှာ အမတ်ခန့်ပေးဖို့ပြောတာ ခင်ဗျားတို့ဘုရင်က သဘောမ အင်တင်တင်လုပ်နေတယ်လေ။ ခုတော့ ပြေလည်သွားပါပြီ။ ကျုပ် လွှန်ဆန်ရင် သူ အမှားကြီးမှားသွားမှာပေါ့။ ကဲပါ၊ ဒါတွေ ဘေးချ ဂစ်တာ ယူလာတယ်မဟုတ်လား။ .မင်းသားက ဂျစ်ပစီသီချင်း လည်း ရတယ်ဆို။ ဆိုပြတီးပြစမ်းပါဦး"

ယူဆူပေါ့လည်း စိတ်မပါလင့်ကစား ရပ်စ်ပြူတင်နှင့် ရင်း ရအောင်ဆိုပြီး၊ ဂစ်တာကောက်တီး၍ ဂျစ်ပစီသီချင်းတွေ ဆိုပြ ရသည်။

"သိပ်ကောင်းတာပဲ။ လုပ်ပါဦး နောက်တစ်ပုဒ်"

ယူဆူပေါ့က အလွမ်းသီချင်းတစ်လှည့်၊ အမြူးသီချင်းတစ် ဖြင့် ဖျော်ဖြေလိုက်ရပြန်သည်။ ထို့နောက်

"အားရပါးရဆိုချင်ပေမယ့် မောမောနေတယ်"

"မင်းသားရောဂါအတွက် မပူပါနှင့်။ ဂျစ်ပစီမလေးတွေ စိတ်ပြေလက်ပျောက် လိုက်ခဲ့ပါလား။ သူတို့နှင့်အတူ က,လိုက် ပျော်တာနှင့် မောရမှန်းတောင် သိမှာမဟုတ်ဘူး"

ရပ်စ်ပြူတင်က မြူဆွယ်စကားဆိုသည်တွင်၊ ဂလိုဗီနာ မာရီယာက မနှစ်သက်သည့်အမူအရာတွေ ပြ၏။

သူတို့က သူတို့အရှင်ကို သိက္ခာတင်လိုသည့်သဘောဖြင့်-

"အရှင်ပြောတာကို ယုံသလား"ဟုပင် ကြားဖြတ်မေးလို သေး၏။

ရပ်စ်ပြူတင်က ဒေါသထွက်သွားသလို စားပွဲကို ထုလိုက် မိန်းမသားနှစ်ဦးသား ငြိမ်ကုပ်သွားတော့၏။

"မင်းသားကို ကျုပ် ဆေးကုပေးမယ်။ ကျုပ်အိမ်ကို မာရီယာ ခေါ်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


မာရီယာမျက်နှာ ပျက်သွား၏။ ဂလိုဗီနာက ကြားဝင်၍–

"ဂရီဂိုရီ ဘာကြောင့် ကျွန်မသမီးကို ခေါ်သွားရမှာလဲ။ သူက ားရှိခိုးဖို့သာ နားလည်တာ။ ဂျစ်ပစီမတွေဆီ သွားချင်တာမဟုတ်

"ဘယ်သူမဆို ငါနှင့် သွားခွင့်ရှိတယ်။ ဘာအပြစ်မှ မရှိဘူး။ ဘာကြောင့် ကန့်ကွက်ရတာလဲ"

ရပ်စ်ပြူတင်က ဂလိုဗီနာအား စိတ်ဆိုးမာန်ဆိုးဖြင့် ဟောက် က်ပြီး၊ ယူဆူပေါ့ဘက်လှည့်ကာ–

"ဒီမှာ သူတို့ပြောတာတွေ အရေးမစိုက်နှင့်။ ကျုပ်စကား နား ာင်။ ကျုပ်ပြောတဲ့အတိုင်းသာ လုပ်။ ဂျစ်ပစီက,ပွဲကို လိုက်ခဲ့"

"လိုက်ချင်ပါတယ်။ ဒါပေမယ့် စစ်ကျောင်းတက်နေရတော့ က်ဖို့ခက်တယ်လေ"

"လူမြင်မှာစိုးရင် ရုပ်ဖျက်ခဲ့ပေါ့"

"ဒါဆိုလည်း ညနေမှ ဖုန်းဆက်ပြီး အကြောင်းပြန်ပါရစေ"

"ကောင်းပြီလေ။ ကျုပ် သွားဦးမယ်။ ကျုပ်အိမ်လည်း လက် က်ရည်သောက် လာလည်ပါဦး။ မလာခင်တော့ ကြိုချိန်းနော်"

ရပ်စ်ပြူတင်တစ်ယောက် သူ့အပေါ် အခင်ကြီး၍ အကျကြီး ခဲ့ ပြီလို့ ယူဆူပေါ့ နားလည်လိုက်သည်။

ဒါပေမယ့် ဒါဟာ တကယ်ပဲလား၊ ပရိယာယ်ဆင်တာလား။

လူလည်ကြီးဟာ ဒီလောက် အ,ပါ့မလား။

သူ့ဆီက တစ်ခုခုလိုချင်မှုဖြင့် အချိုသတ် စည်းရုံးတာကော ဖြစ်နိုင်ဘူးလား။

* * *


www.burmeseclassic.com

www.burmeseclassic.com

ကျားပါးစပ်ထဲက မရဏာချေသည် ■ ၁၇ ■

တစ်ရက်နှစ်ရက်ကြာတော့ မာရီယာထံမှ ဖုန်းလာ၏။

"ယူဆူပေါ့။ ရှင့်ကို ရပ်စ်ပြူတင်က မေးနေတယ်။ သူ့အိမ် လာလည်မယ်ဆိုပြီး ဘာလို့ မလာတာလဲတဲ့"

"ဩော်၊ ဒီရက်ထဲမှာ အလုပ်များသွားလို့ပါ မာရီယာရယ်၊ ဒီနေ့မှ အားတာ"

"ဒါဆို ဒီညနေ သူ့အိမ် သွားကြရအောင်လေ။ ကျွန်မက ရှင့်ကားနှင့် ဝင်ခေါ်ပါ"

"ကောင်းပါပြီတဲ့ဗျာ"

သည်လိုနှင့် ယူဆူပေါ့သည် သူ့ မှိုက်ကာစံအိမ်တော်မှ ရပ်စ်ပြူတင်၏ အိမ်ရှိရာ ဖောင်ဘင်ကားရပ်သို့ မာရီယာနှင့်အတူ ရောက်သွား၏။ သူတို့က အိမ်စောင့်ပုလိပ်တွေမသိအောင် နောက်ဖေးပေါက်မှ ဝင်သွားကြသည်။

မာရီယာက ယူဆူပေါ့တို့ မိသားစုတစ်ခုလုံးသည် ရပ်စ်ပြူတင်ကို မှန်းနေမှန်းသိထားပြီး၊ ယခုကဲ့သို့ လာလည်ခြင်းကို ဖုံးဖိထားသည် ဟန် တူ၏။


www.burmeseclassic.com

www.burmeseclassic.com

ပန်းလိပ်တပ်အင်္ကျီနှင့် ဘောင်းဘီအပြာနုရောင်ကို ဝတ်ထားသော ဒေါ်ပြုံးတင်က ဧည့်ခန်းထဲက ကြိုဆိုနေ၏။

"မင်းသားက အခုမှပဲ လာတော့သကိုး။ ဒီတစ်ခါမှမလာရင် ကျုပ်က စိတ်ဆိုးတော့မှာပဲ"

နှုတ်ဆက်ပြီး အိပ်ခန်းထဲသို့ ခေါ်သွား၏။

အိပ်ခန်းက ခပ်ကျဉ်းကျဉ်းလေးသာဖြစ်ပြီး ခုတင်ပေါ်တွင် အဝတ်အစားရေအင်္ကျီများ တင်လွှမ်းထားသည်။

ထောင့်တစ်နေရာတွင် မီးရောင်များဖြင့်ပူဇော်ထားသော ယေရှုပုံတော်ကို တွေ့ရသည်။ ဘုရင်နှင့် မိဖုရားရုပ်ပုံများကိုလည်း နံရံတွင် ချိတ်ထားသည်။

နောက် လက်ဖက်ရည်ခန်းသို့ ရောက်သွားကြရသည်။ လက်ဖက်ရည်ပွဲ၌ ယိုသုတ်မုန့်များ၊ သစ်သီးများ၊ ကိတ်မုန့်များဖြင့် ဖွယ်ဖွယ်ရာရာ ဧည့်ခံခင်းကျွေးမွေး၏။

"ကျုပ်အခန်းလေး ကြိုက်တယ်မဟုတ်လား။ မကြာမကြာ လာလည်ပေါ့။ ကျုပ်ကို နားလည်လာပါလိမ့်မယ်။ ဘုရင်နှင့်မိဖုရား အောင် ကျုပ်စကား နားထောင်ရသေးတာပဲ။ ခင်ဗျားက ဘာလို့ ကျုပ်စကား နားမထောင်ရမှာလဲ။ အရှင်နှစ်ပါးကို ခင်ဗျားနှင့်အတူ လက်ဖက်ရည်သောက်တဲ့အကြောင်း ပြောရဦးမယ်"

ဤတွင် ယူဆုပေါ့ခေါင်းထဲသို့ အတွေးတစ်ချက် ဝင်လာ၏။

သူလာလည်သည့်အကြောင်း မိဖုရားမှတစ်ဆင့် ရှုဘောဗာမင်းသားကိုပြောလိုက်လျှင် သူ့ခြေလှမ်းကိုတွက်မိပြီး ဖျက်လိုဖျက်ဆီး လုပ်၍ အကြံပျက်မှာ စိုးရိမ်သွားခြင်းဖြစ်၏။

"ကျွန်တော် ခင်ဗျားနှင့် ခုလိုခင်မင်နေတာကို နန်းတော်မှာ မပြောပါနှင့်။ လူတွေက တစ်မျိုးတစ်မည်ထင်ပြီး ပေါက်ကရတွေ လျှောက်ပြောမှာ စိုးရတယ်"



www.burmeseclassic.com

www.burmeseclassic.com

ရုပ်စံပြုတင်က ပြုံး၍ခေါင်းညိတ်ပြီး–

"ဟုတ်တယ်။ နန်းတော်ထဲက ပစိပစပ် တယ်များတာပဲ။ လွှတ်တော်အမတ်တွေလည်း ဘာထူးလဲ။ ကျုပ်အကြောင်း မကောင်းပြောဖို့ပဲ စဉ်းစားနေကြတာ။ ကျုပ် သူတို့လွှတ်တော်ကို ဖျက်သိမ်းပြီး အမတ်တွေကို စစ်မြေပြင်ပို့ပစ်လိုက်မှ မှတ်မယ်"

"နေပါဦး။ ခင်ဗျားက လွှတ်တော်ကြီးကို ဖျက်သိမ်းပစ်မယ် ဟုတ်လား။ ဘယ်လိုလုပ် ဖျက်မှာလဲ"

"လွယ်လွယ်လေးပါ။ မိဖုရားကြီးက သိပ်လိမ္မာတာ။ မိဖုရားကြီးကို ကျုပ် ကောင်းကောင်းနိုင်တယ်။ ကျုပ်က ထိုင်ဆိုထိုင် ထဆိုထ။ ဘုရင်ဆိုတဲ့လူကတော့ သူ့သားသမီးတွေနှင့် ကစားဖို့ကလွဲလို့ ဘာမှ သိတာ မဟုတ်ဘူး။ အဲ၊ မိဖုရားစကားကို နာခံဖို့တော့ သိတယ်။ ဒီတော့ လွှတ်တော်ဖျက်ဖို့ မိဖုရားကြီးကနေ ကျုပ်ခိုင်းလိုက်ရင် သုံးခွန်း မပြောရပါဘူး"

ဘုရင်ကို စော်ကားရပါ့မလားဆိုတဲ့စိတ်ကြောင့် ယူဆူပေါ့ရင်ထဲမှာ ဒေါ်သမီးက ဟုန်းဟုန်းတောက်သွားရသည်။

'အချိန်မတန်သေးပါဘူး' ဆိုသောအသိစိတ်နှင့် 'သူ ဘာတွေဆက်ပြောဦးမှာလဲ'ဆိုပြီး မနည်း မြိုသိပ်ထားရင်းကသာ–

"ဂရေဂိုရီ။ ခင်ဗျားက အဲ့သလောက်ကို ပိုင်တာပဲလား"

"ပိုင်တာပေါ့။ ကျုပ်က ဘုရားလူပဲ။ ဘုရားသခင်က သူတို့ကို ကူညီဖို့လွှတ်လိုက်တာ။ ကျုပ်မရှိရင် သူတို့ မဖြစ်ဘူးလေ။ ကျုပ်ပြောတာကို သူတို့ ငြင်းတာနှင့် ကျုပ်က စားပွဲခုံကို လက်သီးနှင့် ထုပစ်ပြီး ပိုကရောစကိုးကို ပြန်မယ်ပြင်တာပဲ။ သူတို့လည်း ပျာပျာသလဲလိုက်တောင်းပန်ပြီး ကျုပ်စကားကို နာခံပါ့မယ်လို့ ကတိပေးရတော့တယ်။ ကဲ၊ ကျုပ်အာဏာ ဘယ်လောက်ရှိသလဲဆိုတာ သိပြီ မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com


ရုပ်စိပြုတင်က မာန်ရှိန်တက်၍ ဆက်ပြောပြန်သည်။

"တစ်နေ့ကပဲ ကြည့်ပါလား။ ဟိုလူကို ရာထူးခန့်ဖို့ ပြောတာ ဘို့က ဆုတ်ဆိုင်းဆိုင်းလုပ်နေတာနှင့် ကျုပ် ဆိုက်ဘေးရီးယား ...မယ်။ ကျုပ်မရှိရင် သားတော်လေး သေမှာပဲ။ အရှင်နှစ်ပါးလည်း ...ဘာက်ကိုကျောခိုင်းရင် မကောင်းဆိုးဝါးနှင့် မျက်နှာချင်းဆိုင်ရ ...လို့ ပြောလိုက်တော့ တစ်ခါတည်း ငြိမ်ကျသွားပြီး အိုကေပဲ"

ယူဆုပေါ့လည်း သူ့စကားအတိုင်း နင်း၍-

"ခင်ဗျားအနေနှင့် အရှင်နှစ်ပါးကို ပိုင်ပေမယ့် ပြည်သူတွေကို ...တော့ ပိုင်မှာမဟုတ်ဘူး။ ပြည်သူတွေက နန်းတွင်းရေးမှာ ခင်ဗျား ...ရှုပ်ခြယ်လှယ်နေတယ်ဆိုပြီး အတော် မကျေမနပ်ဖြစ်နေတယ် ကြား ...ယ်။ ခင်ဗျားပြောသလို ဆိုက်ဘေးရီးယား ပြန်သွားတာပဲ ခပ်ကောင်း ...ောင်း။ မပြန်ရင် တစ်နေ့နေ့ ခင်ဗျား ဒုက္ခရောက်စရာရှိတယ်"

"ဒီလိုတော့ မပြောပါနှင့်။ ဘုရားသခင်အလိုတော်က ဒီလို ...တ်ဘူး။ ဘုရားသခင်အလိုတော်အတိုင်း ကျုပ် ဒီမှာပဲ ဆက်နေရ ...မယ်။ လူတွေ ဘယ်လိုပြောပြော၊ သတင်းစာတွေ ဘာပဲရေးရေး ...ပ်က တံတွေးနှင့် ထွေးလိုက်ရုံပဲ။ ဂရုစိုက်စရာ မှတ်လို့"

ပြောရင်းတန်းလန်း ရုပ်စိပြုတင် ဒေါဖောင်းလာသလို အခန်း ...ခေါက်တုံ့ခေါက်ပြန် ထ,လျှောက်နေသည်။

ပြီးတော့ ယူဆုပေါ့ ရှေ့သို့ လာရပ်သည်။ မျက်နှာကို သေသေ ...ချာစိုက်ကြည့်၏။ မျက်တောင်ပင်မခတ်။ ကေန္ဒတော့ စိတ်ညို့တာ ...ခင်ပါရဲ့။ ယူဆုပေါ့က အပြုံးမပျက်လေတော့ သူက မချိုမချဉ် ...နှာထားနှင့် ကျောသပ်ပြီး-

"ဝိုင်သောက်မလား"

"သောက်မယ်"


www.burmeseclassic.com

www.burmeseclassic.com


နှစ်ဦးသား ဝိုင်တစ်ယောက်တစ်ခွက် သောက်နေစဉ် မာရီယာ ဝင်လာပြီး–

"ဆရာကြီး၊ နန်းတော်သွားဖို့ ကားလာကြိုနေပြီ"

"ဟုတ်ပါရဲ့။ စကားပြော ကောင်းနေလိုက်ကြတာ။ နန်းတော် သွားဖို့တောင် မေ့နေတာပဲ။ ခွင့်ပြုပါဦး မင်းသား။ ဂွတ်ဘိုင်"

ယူဆူပေါ်ကို နှုတ်ဆက်လိုက်ပြီး မာရီယာဘက်သို့လှည့်ကာ–

"မင်းသားဟာ အများကြီး တက်လမ်းရှိတယ်။ ကျုပ်စကား နားထောင်ရင် ကြီးပွားချမ်းသာမှာပဲ"

ပြောပြီး အိပ်ခန်းထဲ ဝင်သွား၏။

ယူဆူပေါ်နှင့် မာရီယာလည်း လာလမ်းအတိုင်း ပြန်ထွက်လာ ကြကာ၊ မော်တော်ကားစောင့်နေရာသို့ လျှောက်လာကြသည်။

"ဘယ့်နှယ်လဲ၊ ရုပ်စ်ပြူတင်ဟာ တကယ်တမ်းပေါင်းကြည့် တော့ ကြည်ညိုစရာ ကောင်းနေတာပဲ မဟုတ်လား။ သူနှင့်တွေ့လိုက်ရ စိတ် အေးမြသွားတာပ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ဒါပေမယ့် သူဟာ ဇာကိုစယ်လ် နန်းတော်မှာ ဆက်မနေသင့်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"သူ နန်းတော်ကထွက်မသွားရင် တစ်နေ့ အသတ်ခံရလိမ့်မယ် ထင်တယ်။ မင်းသမီးက သူ့အရပ် သူ ပြန်အောင် ပြောပါလား"

မာရီယာ အလန့်တကြားဖြစ်သွားသည်။

"ဟာ၊ ဒီလို ဘယ်တော့မှ မဖြစ်နိုင်ဘူး။ ဘုရားသခင်က သူ့ အဖြစ်ခံမှာ မဟုတ်ဘူး။ ကျွန်မတို့အားလုံး သူ့ကိုပဲ အားထားနေ ရတာပဲ။ မိဖုရားကလည်း သားတော်လေးအသက်ဟာ ရုပ်စ်ပြူတင် လက်ထဲမှာပဲ ရှိနေတယ်လို့ ထင်နေတယ်။ ရုပ်စ်ပြူတင် မရှိတော့


www.burmeseclassic.com

www.burmeseclassic.com



...းတော်လေးရောဂါဟာ ဆိုးလာတယ်။ ရုပ်စိပြူတင်လည်း ပြန်လာ ...ာ သားတော်လေး နေကောင်းသွားရောပဲ။ သူက တစ်နေ့ကတောင် ...ာသေး။ ငါ အသတ်ခံရရင် သားတော်လေးလည်း သေမှာပဲတဲ့။ ...ုပ်စိပြူတင်ကို သတ်ဖို့ကြံကြတာ အကြိမ်ပေါင်း များလှပါပြီလေ။ သူ့ ...ောက် လုံခြုံရေးတွေ အမြဲချထားပေးတာပဲ။ ပူစရာ သိပ်မရှိပါဘူး"

ရုပ်စိပြူတင်ကို စိန့်ပီတာစဘတ်မှ နှင်ထုတ်ဖို့ကား ဘယ်နည်းနှင့် ...မဖြစ်နိုင်ကြောင်း ယူဆူပေါ့ နားလည်လိုက်ရပါပြီ။

နောက်တစ်ကြိမ် ရုပ်စိပြူတင်အိမ်သို့ ယူဆူပေါ့ သွားလည်ပြန် ...သည်အခါမှာတော့ သူ့အိပ်ခန်းထဲတွင် ရုပ်စိပြူတင်က ယူဆူပေါ့ ... စိတ်ညို့ဆေးကုပေးခဲ့သည်။

ရုပ်စိပြူတင်၏ စိတ်ညို့အားမှာ ကြောက်ခမန်းလိလိ ပြင်းထန် ...သည်။ ယူဆူပေါ့ မနည်းကြီး စိတ်တင်းခံခဲ့ရ၏။ ဒါတောင် တစ်ချက် ...က် မေ့ခနဲ သတိလစ်သလို ဖြစ်သွားသေးသည်။ နောက် သူ ...ရလာတော့–

"ကျွန်တော် ဘာဖြစ်သွားတာလဲ။ စကားတွေ အလိုလို ပြောနေ ...လိုပဲ။ ဘာတွေများ လျှောက်ပြောမိသလဲ မသိဘူး"

ဇဝေဇဝါ ရေရွတ်မိသေးသည်။

ရုပ်စိပြူတင်က ခုတင်ဘေးတွင်ရပ်လျက်က ပြုံးကြည့်နေပြီး "မင်းသားက ကျုပ်ကို စကားတွေ အကုန်လုံး ပြောခဲ့တာပါပဲ"

...ပေါ့ အထိတ်တလန့်ဖြစ်သွား၏။

'ဘုရား ဘုရား။ ငါ ဘာတွေများ ပြောလိုက်မိပါလိမ့်။ တို့အကြံ ... ဖွင့်ပြောမိလေသလား'

ရုပ်စိပြူတင်က ယူဆူပေါ့ကို အကဲခတ်ပြီး အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမကြောက်ပါနှင့်။ ခုအချိန်ကစပြီး မင်းသားမှာ ခွန်အား သတ္တိတွေ ပြည့်လာမှာပါ"ဟု အားပေးခဲ့၏။

ထို့နောက်တော့ နှစ်ဦးသား မက်ဒီရားဝိုင် သောက်ကြသည် တစ်ခွက်ပြီးတစ်ခွက်နှင့် အရက်မူးလာတော့ ရုပ်စ်ပြုတင် ဇာတိပြ ပြန်သည်။

"ကျုပ်ကို နန်းတော်ထဲက မင်းဆွေမင်းမျိုးတွေအားလုံး ကြော ရတယ်။ ကျုပ်စိတ်မထင်ရင် သောင်းကျန်းပစ်လိုက်တာပဲ။ တစ်န တော်လုံး ဆိုလူးနေတဲ့ဖိနပ်ကြီးနှင့် သွားချင်ရာသွားနေတာလည်း ဘာ မပြောရဲကြဘူး။ ခင်ဗျားတို့ မင်းဆွေမင်းမျိုးတွေကို ဒီလိုလုပ်မှ တ ကာကျတယ်"

သူက 'မင်းဆွေမင်းမျိုး'ဆိုသောစကားလုံးများကို ပီပီသ လေးလေးနက်နက် အသံတင်၍ပြောခြင်း ဖြစ်၏။

"ခင်ဗျားတို့မှာ မင်းဆွေမင်းမျိုးဆိုတဲ့မာန ရှိတယ်။ ဒီမာန ရှိတာ ဒုစရိုက် တစ်မျိုးပဲ။ ဒီမာနကို ချိုးနှိမ်ကြရမယ်။ မိန်းမတွေမှာလ မိန်းမမာန ရှိတာပဲ။ ကျုပ်ကတော့ ဘယ်မိန်းမမှ မရှောင်ဘူး။ ကျ နှင့်တွေ့လိုက်ရင် မာနကြီးလှပါတယ်ဆိုတဲ့ မိန်းမတွေလည်း အ ကျေအရေပျော်ကုန်ရတာပဲ"

သည့်နောက် ရုပ်စ်ပြုတင်ပါးစပ်က အယုတ္တအနတ္တတွေ ထွ လာ၏။ ယူဆူပေါ့ကတော့ အရက်ခွက်ကို သောက်ချင်ယောင်ဆော ပန်းအိုးနောက်တွင်ဝှက်ထားပြီး ဣန္ဒြေဆည်ကာ နားထောင်နေခဲ့မိသ

"အရက်ဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးဆေး။ အရက်မှ ဂျစ်ပစီမတွေနှင့် တွဲက,ရတာလည်း အရသာ သိပ်ရှိတဲ့ ဆေးစိမ် ခင်ဗျားတို့ နန်းတွင်းသမားတော်တွေ ဖော်တဲ့ဆေးဟာ ကျုပ်ဆေး ကို မမီဘူး။ ကျုပ်ဆိုတဲ့ကျုပ်က အဘက်ဘက်က စွမ်းတာက



www.burmeseclassic.com

www.burmeseclassic.com


င်းရေးဆိုလည်း လာမစမ်းနှင့်။ ဘယ်သူ့ကို ဘယ်နေရာထားရမယ် ဆိုတာ နားလည်တယ်။ စစ်ရေးဆိုလည်း ကျုပ်က သိတာပဲ။ ရုရှား ည်ကြီးဟာ ကျုပ်ခြေထောက်အောက်မှာ ရောက်နေပြီ။ ဒါထက် ားမစပ် ခင်ဗျားဇနီးက အတော်လှတယ်ဆို။ကြုံရင် ကျုပ်နှင့် မိတ် ဆက်ပေးဦးနော်"

ယူဆုပေါ့မှာ မိစ္ဆာကောင်ကြီးကို ခုချက်ချင်း ထ,သတ်လိုက် ချင်စိတ် ပေါက်သွားသော်လည်း မနည်းသည်းခံကာ ပြန်လာခဲ့ရပါ သော့၏။


www.burmeseclassic.com

www.burmeseclassic.com



**ပဉ္စမအခန်း ၊ ဒုတိယ ...**

လွှတ်တော်အမတ်ကြီးဟောင်း ဗလာဒီမာ ပူရစ်ရှ်ကေးဗစ်...
ရပ်စ်ပြူတင်နှင့် ကမ္ဘာရန်ဖြစ်ခဲ့၍ ရပ်စ်ပြူတင်ကို အပြင်းထန်...
ဝေဖန်တိုက်ခိုက်ခဲ့ပြီး စားကြိမ်းကြိမ်းခဲ့သူ။

ပူရစ်ရှ်ကေးဗစ်ချ်သည် အပြောကောင်း အဟောကောင်း ...
သလို၊ စည်းရုံးရေးလည်း ကောင်းသဖြင့် လူချစ်လူခင်လည်း များသ...

ခုတော့ ပူရစ်ရှ်ကေးဗစ်ချ်သည် ကြက်ခြေနီတပ်ဖွဲ့ အကြီးအ...
အဖြစ် တက်ကြွစွာလှုပ်ရှားနေကာ ရထားတွဲတစ်တွဲ၌ ကိုယ်ပိုင်...
ဖွင့်ထားသည်။ ပထရိုဂရက်ဘူတာရုံ၌ နေရာယူတွဲထိုးထားပြီး တွဲ...
တွဲကို ရုံးခန်းလုပ်ထား၏။

ယူဆူပေါ့သည် သူ့အကြံအစည်၌ ပူရစ်ရှ်ကေးဗစ်ပါလာ...
အထူးအားကိုးရမည်ဟု သေချာပေါက်ယုံကြည်ခဲ့၏။

ထို့ကြောင့်လည်း တစ်မနက်တွင် ပူရစ်ရှ်ကေးဗစ်အား သူ့...
တွဲရုံးခန်း၌ နှစ်ယောက်တည်း သွားတွေ့ခဲ့မိသည်။

ယူဆူပေါ့က ရပ်စ်ပြူတင်သုတ်သင်ရေးကို အရိပ်အမြွက်...
စကားစလိုက်သည်နှင့်–



www.burmeseclassic.com

www.burmeseclassic.com 

"ကျုပ်လည်း အဲသလိုလုပ်ဖို့ စိတ်ကူးနေတာ ကြာပြီ။ မောင်ရင် ...ပ်ရင် ကျုပ် ကူညီပါ့မယ်။ ဒါပေမယ့် တကယ်တမ်းလုပ်ဖို့က လွယ်ပါ့ ...သား။ ပုလိပ်တွေ၊ စုံထောက်တွေ၊ သူ့လက်ပါးစေတွေကြားထဲက ...င်ပြုတင်ကို ထုတ်ယူဖို့ ခက်လိမ့်မယ်"

စိတ်ပါလက်ပါနှင့် ဆွေးနွေးတင်ပြ၏။

"ဒါတွေလည်း ပူစရာ သိပ်မရှိပါဘူး။ ခုဆို ကျွန်တော်က ရပ်စ် ...ပြုတင်ကို အယုံသွင်းပြီး သူ့အိမ်ကို ဝင်ထွက်သွားလာနေနိုင်တဲ့အဆင့် ...နေပါပြီ။ ဒီကိစ္စမှာ မြို့စားမင်းသားကြီးမစ်ထရီနှင့် ကပ္ပတိန်ဆုကို ...င်လည်း ပါတာမို့ သူတို့နှင့်ပါဆုံပြီး အသေးစိတ်တိုင်ပင်ဖို့ပဲ ရှိ ...တော့တယ်"

ထိုနေ့ညနေ ငါးနာရီမှာပင် ယူဆုပေါ့၊ ပူရစ်ရှ်ကေးဗစ်ချ်၊ ...်ထရီ၊ ကပ္ပတိန်ဆုကိုတင်တို့ လေးယောက် မွိုက်ကာအိမ်တော် ...တွင်း ခန်းတစ်နေရာ၌ လျှို့ဝှက်တွေ့ဆုံခဲ့ကြပါတော့သည်။

ပထမ ရပ်စ်ပြုတင်ကို ဘယ်လိုသတ်ကြမလဲ ဆိုတာ အရင်ဆွေး ...ကြ၏။ ကိုယ့်အကြံကို အသီးသီး ပြောခဲ့ကြရာမှ ပူရစ်ရှ်ကားဗစ်ချ်က

"ကျုပ်တော့ အဆိပ်ခတ်တာ အကောင်းဆုံးပဲလို့ ထင်တယ်။ ...ဆိပ်ဆိုတာ အသံမထွက်တဲ့လက်နက်ပဲလေ"

"အဆိပ်ကို ဘယ်ကရမှာလဲ"

"ကျုပ်က ဆေးခန်းကိုင်တဲ့လူပဲ။ ကျုပ်ပေးမှာပေါ့။ အဲ၊ ကျုပ် ...အဖွဲ့ထဲမှာ ကျုပ်မိတ်ဆွေ ဒေါက်တာ လာဇိုးဗတ်ကိုလည်း ထည့်ပါ။ ...ာ ယုံကြည်စိတ်ချရသူဖြစ်ပြီး၊ အဆိပ်ဖော်ရာမှာ အလွန်ကျွမ်းကျင် ...ပိုလန်ဆရာဝန်ပါ"

"ကျွန်တော်တို့ သဘောတူပါတယ်။ ခက်တာက ဘယ်နည်းနှင့် ...ဆိပ်ခတ်မှာလဲ။ အင်မတန်ပိရိဖို့တော့ လိုလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကာမွတိန်ဆုကိုတင်က ထောက်လိုက်သည်။

ယူဆုပေါ်က ထိုင်ရာမှထပြီး–

"ကျွန်တော် စဉ်းစားမိတာတော့ သူ့ကို ဒီအိမ်ခေါ်ပြီး၊ အခ[illegible]ရွေးသတ်တာ အပိုင်ဆုံးပဲ ထင်တယ်။ အိမ်မှာ ကျွန်တော့်မိဘတွေ[illegible] ဇနီးသည်လည်း ကရိုင်းမီးယားကို သွားနေကြတယ်"

"မောင်ရင် တကယ်ပဲ ဆုံးဖြတ်လိုက်ပြီလား"

"ကိုယ့်အိမ်မှာ လူတစ်ယောက်ကို သတ်ရတယ်ဆိုတာ ထိ[illegible] လန့်စရာကောင်းသလောက် အတော်လေး စွန့်စားရမှာနော်"

"ဒါလည်း ကျွန်တော် တွေးမိပါတယ်။ ဒါပေမယ့် တိုင်း[illegible] ကြီးရဲ့ သေရေးရှင်ရေးကိစ္စမှာ ကိုယ်ရေးကိုယ်တာကို ဘေးချိတ်[illegible] ရမှာပဲလေ"

ထို့နောက်တော့–

* ရပ်စ်ပြူတင်ကို အိမ်ဖိတ်သည့်အခါ အတတ်နိုင်ဆုံး လျှို့ဝှက်[illegible] ဖိတ်ခေါ်ရန်–
* ညဉ့်သန်းခေါင်ယံမှဖိတ်ပြီး ယူဆုပေါ့နှင့် ဒေါက်တာဇိုးဗတ်[illegible] ကားဖြင့်သွားခေါ်ရန်–
* လက်ဖက်ရည်နှင့် မုန့်များတွင် ပိုတက်စီယမ်ဆိုင်ယာနိုက်အ[illegible] ကိုခတ်ရန်၊ လိုလိုမယ်မယ် အရက်ထဲမှာပါ ခတ်ရန်။
* အလောင်းကို အိတ်နှင့်ထည့်ပြီး မြို့ပြင်ထုတ်၍ ရေထဲပစ်ချ[illegible]
* မြို့စားမင်းသားကြီး မစ်ထရီ၏ကားမှာ အလံတပ်ထားသ[illegible] မည်သူမျှ မစစ်ဆေးကြ၍ ထိုကားကို အသုံးပြုရန်။
* ရပ်စ်ပြူတင်လာချိန်၌ ယူဆုပေါ်က တစ်ယောက်တည်းဧည့်[illegible] မည်ဖြစ်ပြီး၊ ကျန်လူများက အခန်းတစ်ခန်းတွင် နေ[illegible]အောင်[illegible] လိုသလို အကူအညီပေးရန်။



www.burmeseclassic.com

www.burmeseclassic.com


* လူသတ်မှုအတွက် စစ်ဆေးမေးမြန်းလာခဲ့ပါက အဖွဲ့ဝင်အားလုံးက ဘူးကွယ်ကြရန်များကို ဆုံးဖြတ်လိုက်ကြသည်။

သည်အတောအတွင်း ရပ်စ်ပြူတင်၏ဆန္ဒ၊ မာရီယာ၏ဖိတ်ခေါ်ချက်ဖြင့် ယူဆူပေါ့တစ်ယောက် ဂလိုဗီနာအိမ်ဂေဟာသို့ ဂစ်တာကိုင်၍ ရောက်ခဲ့ရပြန်၏။

အမှန်စင်စစ် ယူဆူပေါ့အနေဖြင့် ကိုယ့်လိပ်ပြာ ကိုယ်မလုံသလို အမှုအရာပျက်နေမှာစိုးသဖြင့် မသွားလိုပါ။

သို့သော် သားကောင်ကို အမိဖမ်း ကျုံးသွင်းဖို့အတွက် အရဲစွန့်ပြီး သွားခဲ့ရခြင်းဖြစ်သည်။

ဧည့်ခန်းထဲ၌ ဂလိုဗီနာနှင့် မာရီယာကို စိတ်လှုပ်ရှားစွာ စောင့်နေသည်ကို တွေ့ရ၏။

သူတို့အဖို့ ယူဆူပေါ့နှင့် ရပ်စ်ပြူတင်တို့၏တွေ့ဆုံမှုက အရေးကြီးနေပုံရ၏။

မကြာမီ ရပ်စ်ပြူတင် ရောက်လာသည်။

ယူဆူပေါ့ကို မြင်လိုက်သည်နှင့် ရပ်စ်ပြူတင်၏မျက်နှာမှာ ဝင်းထိန်သွားသည်။ ရောက်ရောက်ချင်းပင် ယူဆူပေါ့ကို ဖက်လှဲတကင်းခမ်းသာအားရ နှုတ်ဆက်ခဲ့၏။ ဒါကိုပဲ ဂလိုဗီနာနှင့် မာရီယာတို့သားအမိ အထူးအဆန်းဖြစ်၍ အံ့သြနေကြရသည်။

ယေဘုယျအားဖြင့် ရပ်စ်ပြူတင်သည် လူတိုင်းကို မယုံသံသယလွန်ထားသည့်လူစား။ ခုတော့ ယူဆူပေါ့အပေါ်တွင် မကြုံစဖူးမျက်နှာသာပေးပြီး လိုက်လျောဆက်ဆံနေသည် မဟုတ်ပါလား။ ယူဆူပေါ့အနေတွင်လည်း သတ်ရမှာတောင် အားနာစရာကြီးဖြစ်ချင်စရာ။

စင်စစ်မူ ယူဆူပေါ့တို့တစ်မိသားလုံးက သူ့ကို မျှော်မှန်းကျိုးမှန်းသိသော ရပ်စ်ပြူတင်သည် ယူဆူပေါ့ကို သူ့လူဖြစ်အောင် အစွမ်း


www.burmeseclassic.com

www.burmeseclassic.com



ကျန် ဆွေမျိုးမေ့မြေ့နေခြင်းသာ ဖြစ်၏။ ယူဆူပေါ့ဆီက တစ်ခုခုလိုချင်၍ လည်း ထိုအတွက် ငါးစာချနေသည်ဆိုလည်း မမှား။

နောက်ဆုံးတော့ ကိုယ့်အကြံနှင့်ကိုယ် တစ်ယောက်ကိုတစ်ယောက် ထောင်ချောက်ဆင်နေမိကြခြင်းသာ ဖြစ်တော့သည်။

ခုလည်း အဖျော်ယမကာနှင့် သစ်သီးများ၊ မုန့်များ သောက်စား ကြရင်း ထွေရာလေးပါးစကားဘွေ ပြောမိကြသည်။

အထူးသဖြင့် ရပ်စ်ပြူတင်က သူ့ကိုယ်သူ ဂုဏ်တင်၍ ကြွားလုံး ထုတ်ခြင်းများသာ ဖြစ်၏။

"ဘုရင်နှင့်မိဖုရားက ကျုပ်ကို သိပ်ကြည်ညိုကြတာပဲ။ ကျုပ် အကြောင်း သူများတွေ မကောင်းပြောလေလေ ကျုပ် အကြည်ညိုခံရ လေလေပဲပေါ့"

"ခင်ဗျားကလည်း နန်းတော်ထဲမှာ တစ်မျိုး၊ အပြင်ကျတော့ တစ်မျိုးကိုး။ နန်းတော်ထဲမှာ သူတော်ကောင်းလုပ်ပြီး ဘုရားတရားတွေ တွေချည်းပေးနေတော့ မင်းမိဖုရားနှစ်ပါးက ရှုံသေမှာမလွဲဘူး"

"မင်းသား ဘာပဲပြောပြော ကျုပ်က စိတ်မခိုးပါဘူး။ ဘယ်အ ရေစက်ကြောင့်မှန်း မသိဘူး။ မင်းသားကို ကျုပ် မတွေ့ခင်ကလည်း ခင်မင်ချင်တယ်။ တွေ့ပြန်တော့လည်း ပို ခင်နေမိပြန်တယ်။ မင်းသားက ဂစ်တာတီး သီချင်းဆိုကောင်းတာလည်း တစ်ကြောင်း ဖြစ်ပါလိမ့်မယ်။ ကဲ၊ ကဲ၊ အချိန်လေးရတုန်း လုပ်စမ်းပါဦး"

တောင်းဆိုချက်အရ ယူဆူပေါ့လည်း ဂစ်တာကိုယူ၍ ဂျစ်ပစီ သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုပြလိုက်ရ၏။

ယူဆူပေါ့အဖို့ စိတ်ထဲက ရွံရှာစက်ဆုပ်မှုကို မျက်နှာက အပြုံး ဖြင့်ဖုံးလျက် လက်စွမ်းပြခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com 

မာရီယာတို့သားအမိက ကြည်ကြည်နူးနူး နားခါင်းနေသည်မှာ ဦးလို့။

ရုပ်စိပြုတင်ကလည်း လက်တင်ကုလားထိုင်ကြီးပေါ်တွင် ခိုမ်ကျထိုင်ရင်းက နားစည်းစိမ် ယူနေ၏။ သူ့မျက်နှာပြင် မှာ ကလေးတစ်ယောက်၏ပျော်မြူးခြင်းမျိုးဖြင့် ပီတိတွေဖြာဝေချက်။

ထိုစဉ် အပြင်ခန်းမှ တယ်လီဖုန်းမြည်လာသဖြင့် ဂလိုဗီနာနှင့် မာရီယာလည်း အပြေးအလွှားထွက်သွားကြသဖြင့်၊ ယူဆူပေါ့လည်း နားလိုက်ရ၏။

"ကေ့နွတော့ ရွှေနန်းတော်မှာ အရေးပေါ်ပြန်ပြီ ထင်ပါရဲ့။ ကျုပ်ကဲ ဂျစ်ပစီသီချင်းသာ နားထောင်ရရင် ညလုံးပေါက် မိုးလင်းအထိ မငြီးဘူးဗျ"

သည်တွင်ပင် ယူဆူပေါ့က အကွက်ဝင်ပြီဆိုပြီး ကြိုတင်စဉ်းစားထားဘဲ အမှတ်တမဲ့ စကားကြုံသည့်ပုံစံမျိုးဖြင့်–

"ဒါဆိုလည်း ကျွန်တော့်အိမ်ကို တစ်ညလောက် လာလည်ပါလား။ ခင်ဗျားသဘောကျ ဖျော်ဖြေပေးရအောင်"

"ကျုပ်ကလည်း မောင်ရင့်အဖိတ်ကို စောင့်နေတာ။ ဖိတ်လို့ကတော့ လာလည်ပြီးသားပဲ။ အိမ်ကျရင် မောင်ရင့်ဇနီးနှင့် မိတ်ဆက်ပေးမှာနော်"

"ရပါတယ်ဗျာ။ အပန်းကြီးတာမှတ်လို့။ ညဘက် အစေအပါးတွေ အိပ်ရာဝင်ကုန်ချိန်မှာ ကျွန်တော်တို့ချင်း လွတ်လွတ်လပ်လပ်တွေ့လို့ ပိုကောင်းတာပေါ့။ ကျွန်တော်က အစီအစဉ် လုပ်လိုက်ဦးမယ်လေ။ အဆင်ပြေတဲ့တစ်နေ့ ခင်ဗျားကို ကြိုဖိတ်ပါ့မယ်"

"ဖိတ်ရုံဟင် မကဘူး။ အကြိုအပို့ပါ လုပ်ပေး"

"စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားအဆုံး၌ မာရီယာတို့သားအမိ ပြန်ရောက်လာသည်။

"ဘယ်က ဖုန်းလဲ"

"နန်းတော်က မဟုတ်ပါဘူး။ ကျွန်မတို့မိတ်ဆွေတစ်ယောက် ဆီကပါ"

"ဒါဆိုလည်း ပြီးတာပဲ။ ကဲ၊ သူငယ်ချင်း၊ ကိုယ်နှင့် ဂျစ်ပစီ က,ပွဲ လိုက်ခဲ့ပါလား"

"ကျွန်တော် မအားသေးပါဘူး။ ကျောင်းမှာ စာလုပ်စရာလေး တွေ ရှိသေးတယ်။ ဖာသာဂရေဂိုရီ ခွင့်ပြုမယ်ဆိုရင် ပြန်ပါရစေတော့"

"ကောင်းပြီလေ။ ခုလို ကျုပ်ကိုလာတွေ့တာ သိပ် ကျေးဇူး တင်တယ်။ ခုနပြောတာ မမေ့နှင့်နော်"

"ဟုတ်ကဲ့"

ယူဆူပေါ့က ဂလိုဗီနာတို့ရှေ့တွင် ရပ်စ်ပြူတင်အား ရှိသေကျိုး နွံဟန်ပြပြီး၊ ဂစ်တာဆွဲ၍ သွက်လက်ပေါ့ပါးစွာ ပြန်ထွက်ခဲ့တော့၏။

အိမ်ပြန်ရောက်သည်နှင့် အဖွဲ့တွေကိုခေါ်၍ နောက်ဆုံးအခြေ အနေကို တင်ပြလိုက်သည်။

ခေါင်းချင်းဆိုင်တိုင်ပင်ပြီး ရပ်စ်ပြူတင်အား ဖိတ်ကြားဧည့်ခံ ရန် နောက်နှစ်ရက်ခြား ဒီဇင်ဘာ ၁၆ ရက်ညကို ရွေးချယ်ခဲ့ကြ၏။

၁၆ ရက် မနက်တွင် အစီအစဉ်အတိုင်း ဟာကွက်မရှိအောင် ပြင်ဆင်ဖို့၊ ညစောစော သူတို့ချင်း ပြန်ဆုံဖို့လည်း ချိန်းချက်လိုက်ကြ သည်။

•

ကြားနှစ်ရက်အတွင်း ယူဆူပေါ့သည် သူ့နန်းတော်တစ်ခုရာက ဝိုင်အရက်များသိုလှောင်ရာ မြေတိုက်ခန်းတစ်ခုကို ဧည့်ခန်းအသွင် ပြောင်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


သောက်ဖော်သောက်ဖက် အပေါင်းအသင်းများအား ဧည့်ခံနေကျ အခန်းနှင့်တူအောင် ပြင်ဆင်ဖန်တီးခြင်းပင် ဖြစ်၏။

မြေပြင်နှင့် တစ်ညီတည်းဖြစ်နေပြီး၊ မြိုက်ကာနန်းတော်မြင်ကွင်းကို တစ်စိတ်တစ်ပိုင်းတွေ့နေရသောပြတင်းများမှာ လိုက်ကာတပ်လိုက်သည်။

ကွန်ကရစ်ကြမ်းခင်းတွင် အဖိုးတန်ပါရှန်းကော်ဇောကြီးများ ခင်း၍၊ အပေါ်က ဝက်ဝံရေများ ချအုပ်ထားနိုင်းသည်။

မီးဖိုကြီးပေါ်တွင် ရွှေရောင်ငွေရောင် ဖန်ခွက်များ တင်ထား၏။ လှပသောကျောက်စားပွဲကြီးတွင် ပန်းပုရုပ် ပန်းခက်များထုဆစ်ထားသော သားရေဖုံးကုလားထိုင်များ ချထားသည်။

ကြွေထည်ဖန်ထည် ပန်းကန်ခွက်ယောက်များ တင်ထား၏။

ကြောင်အိမ်အထက်နံရံ လက်ဝါးကပ်တိုင်ပေါ်တွင် သတ္တဝါများအတွက် အပြစ်ခံသွားသော ခရစ်တော်၏ ရုပ်လုံးကြွပုံတော် ချိတ်စေသည်။ စားပွဲကြီး၌ ဧည့်သည်ခြောက်ယောက်စာ အရက်များ၊ ဘီစကွတ်မုန့်များ တည်ခင်းထားရန် အမိန့်ပေးသည်။

ညဘက် ဧည့်သည်များလာချိန်တွင် အစေခံအားလုံး မရှိစေရန်လည်း မှာကြားထားသည်။

အကြမ်းဖျင်းအစီအစဉ်များကို ယူဆူပေါ့၏ လူယုံတော် နီဖီဒေါ့ဖ်က ဦးစီးလုပ်ဆောင်ပေးခြင်းဖြစ်၏။

၁၅ ရက်နေ့ နေ့လယ်တွင်မှ ယူဆူပေါ့က ရုပ်စ်ပြူတင်ထံ ဖုန်းဆက်လိုက်သည်။

ရုပ်စ်ပြူတင်နှင့် တန်းတွေ့၏။

"ဖာသာဂရေဂိုရီ။ မနက်ဖြန် ၁၆ ရက်နေ့ည သန်းခေါင် ကျွန်တော့်အိမ်ကို လာနိုင်မလားလို့ ဖိတ်တာပါ။ ကျွန်တော့်ဇနီးလည်း ပြောပြီးပြီ။ သူကလည်း နည်းနည်းနေမကောင်းတာ ပြေျပင်တယ်ဆိုလို့"


www.burmeseclassic.com

www.burmeseclassic.com

"ဟာ၊ လာရမှာပေါ့။ လာမယ်၊ လာမယ်။ မင်းသား ကား နှင့် လာခေါ်နော်"

"အင်းပါ။ ကျွန်တော်ကိုယ်တိုင် ကားမောင်းပြီး လာခေါ်မှာပါ"

"ပြီးတော့ အိမ်လာရင် နောက်ဖေးတံခါးကဝင်။ တံခါးမှူးကို အရေးကြီးတဲ့မိတ်ဆွေ လာလိမ့်မယ်လို့မှာထားမယ်။ ဒါပဲနော်"

"ဟုတ်ကဲ့။ ဒါပါပဲ"

ရုပ်စိပြပွဲတင်ပုံစံက လူမသိအောင် တိုက်တခိုး ခေါ်လည်စေ နေသည်အတွက် ယူဆူပေါ့၏ လျှို့ဝှက်အကြံအစည်နှင့် အံကိုက်ဖြ နေလေတော့၏။

ကြမ္မာငင်ချင်တော့လည်း သားကောင်က ထောင်ချောက်ထဲ က,ဝင်တော့မည် ဆိုပါလား။


www.burmeseclassic.com

www.burmeseclassic.com



## ငါးစာကို မင် မျှားချိတ် မမြင် ။ ၁၉ ။

ဒီဇင်ဘာလ ၁၆ ရက်နေ့မနက်။

တစ်ညလုံး အလည်ကျူးနေရာမှ ရပ်စ်ပြူတင် ဒေါင်ချာစိုင်းပြီး လူမှန်းသူမှန်းမသိအောင်မူးလျက် အိမ်ပြန်လာသည်။

သူက ခြေကုန်လက်ပန်းကျလာသလို ဒီတစ်နေ့တာလုပ်ငန်းစဉ်တွေကို တတ်နိုင်သမျှ ဖြတ်ပစ်မည်ဟု စိတ်ကူးလိုက်၏။

မနက် ဆယ်နာရီခန့်တွင်မူ ရုဘောဗာမင်းသမီးထံ တယ်လီဖုန်းဆက်၏။ သူ့စကားတွေက လျှာလေးအာလေးကြီးဖြင့် ဗလုံးဗထွေးဖြစ်နေ၏။

ကိုယ်တွေလက်တွေ မသယ်နိုင်အောင် လေးလံနေသည့်အခုံ တပည့်မတွေတွဲ၍ ရေချိုးခန်းထဲသွားပြီး ရေချိုးရသေးသည်။

ထို့နောက် တစ်နေကုန် အိပ်စက် အနားယူနေလိုက်၏။

ညနေဘက်၌ သူ့လက်စွဲတော် တပည့်မလေးမွန်နီယား ရောက်လာပြီး–

"ဒီနေ့ ဆရာ ဘယ်များကြွဦးမှာလဲ"

ရပ်စ်ပြူတင်က လှောင်တောင်တောင် ပြုံးတုံ့တုံ့ဖြင့်–



www.burmeseclassic.com

www.burmeseclassic.com


"ကြွတော့ ကြွမယ်။ ဘယ်ကြွမယ်ဆိုတာတော့ ပြောလို့ မဖြစ်ဘူး"

"ဒါဆိုလည်း မွန်နီယာ လိုက်စုံစမ်းမယ်။ ဆရာ သွားတဲ့နေရာကို မရရအောင် လိုက်လာမယ်။ ကြိုက်ချင်ကြိုက် မကြိုက်ချင်နေ"

"မင်းလိုက်ရှာလည်း တွေ့မှာ မဟုတ်ပါဘူးကွာ။ ကဲပါ။ ငါ တပည့်မ လိမ္မာပါတယ်။ ဘုရားသခင် မ,ပါစေ။ သွားတော့။ ဒီည မင်း ဒီမှာ နေစရာမလိုပါဘူး"

ပါးလေးကို လှမ်းပုတ်ပြီး ချော့မော့လွှတ်လိုက်သည်။

တံခါးဝ၌ ရှဘောဗာမင်းသမီးနှင့် သွားဆုံရာမှ-

"ညကြီးမင်းကြီး အလည်ထွက်မလို့တဲ့။ သူ့အမူအရာတွေကလည်း တစ်မျိုးကြီး"

ရှဘောဗာမင်းသမီးက မိဖုရားကြီးလက်ဆောင်ဆက်သ,လိုက်သော နော့ဗ်ကိုးရပ်မှ သူတော်စင် ပန်းချီကားကို ရပ်စ်ပြူတင်ထံ သွားပေး၏။ ရပ်စ်ပြူတင်က ပန်းချီကားအား သူ့ဘုရားခန်းထဲ၌ သွားထားလိုက်၏။

အန်နာရှဘောဗာက ရပ်စ်ပြူတင် ဘယ်သွားမလို့လဲ ဆိုသည်ကို မရမက အစ်အောက်မေး၏။

ပထမတော့ သူက ဝေ့လည်ကြောင်ပတ် လုပ်နေသေးသည်။

နောက်တော့ ရှဘောဗာ၏ သူ့အပေါ် ကြည်ညိုမြတ်နိုးမှုနှင့် သစ္စာရှိမှုကို တန်ဖိုးထားသောအားဖြင့် ဖွင့်ပြောလိုက်မိသည်။

"ယူဆုပေါ့မင်းသား ဖိတ်ထားတာ သွားမလို့။ ဘယ်သူမှ မသိစေနှင့်။ နှုတ်လုံပစေနော်"

"ဘယ့်နှယ်။ မင်းသားက နေ့ခင်းနေ့လယ်တော့ မဖိတ်ဘူး။ ညအချိန်မတော်ကြီးမှ ရွေးတာ ဘာသဘောလဲ။ ကျွန်မတော့ မကြွစေချင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com 

"မကြွလို့ မဖြစ်ဘူး။ မင်းသားရဲ့ ကြင်ယာတော်မင်းသမီး အားကို ဆေးသွားကုပေးရမှာ။ ဘုရားသခင်ကလည်း နာမကျန်း ကို ကုသပေးရမယ်လို့ ဟောထားတာ မဟုတ်လား"

အန်နာ ရှဘောဗာကတော့ ဘယ်မှမထွက်ရန် အတန်တန် တောင်းပန်သည်။

သူ့တပည့်မလေး ကျေနပ်အောင် 'အေးပါ'ဟု ဝန်ခံလိုက်၏။ မိဖုရားကြီးထံ အခစားပြန်ဝင်ရမည့် ရှုဘောဗာလည်း–

"ဆရာကြီး မကြွဘူးနော်။ အန်နာ့စကား နားထောင်မယ်လို့ ကြည်ထားတော့မယ်နော်"

တတွတ်တွတ်ပြောရင်း ထွက်သွားရှာသည်။

ရုပ်စ်ပြူတင်ကတော့ ဒီအချိန်မှာ ဘယ်သူပဲတားတား တားရ တော့မည် မဟုတ်ပါ။

စိန့်ပီတာစဘတ်တွင် အလှဆုံးအချောဆုံး ရွှေမင်းသမီးလေးနှင့် တွေ့ရတော့မည်၊ အရက်ကောင်း အစားကောင်းတွေ သောက်စားရင်း ဂီတာတီး သီချင်းဆိုပြတာလည်း နားထောင်ရတော့မည်ဆိုပြီး ရူး တတ် တက်ကြွနေမိသည်။

သူတစ်ယောက်တည်း အခန်းတွင်ကျန်ခဲ့တော့မှ အိမ်ဖော်မလေး ကာတီးယားကို ခေါ်လိုက်၏။

"ကာတီးယား ဇာထိုးထားတဲ့ပိုးရုပ်အင်္ကျီ ယူခဲ့။ ငါ့ဘွတ်ဖိနပ် ကြီးလည်း ပြောင်နေအောင် တိုက်ထားလိုက်"

ရုပ်စ်ပြူတင်သည် အီစတာဆန်းဒေး ဘုရားပွဲတော်သွားမည့် လား သူ့ကိုယ်သူ သ,ခဲ့၏။ ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ရုပ်လျှင်း ကျီကြယ်သီး တပ်၏။ လည်ပင်းကို တပ်မရ၍ ဆဲဆိုပြီး မီးဖိုချောင် ဝင်သွားရာမှ ကာတီးယားကို–



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့၊ ငါ့လည်ပင်းကြယ်သီး လာတပ်ပေးစမ်းပါဦး"

ကာတီးယားလည်း ရုပ်စိပြုတင်ရှေ့တွင် ခွေးခြေခုံ၍ အနေ တက်ပြီး ကြယ်သီးတပ်ပေးရ၏။

ထိုအခိုက် တံခါးခေါင်းလောင်းမြည်လာသဖြင့်-

ကာတီးယား ခုန်ဆင်းပြီး ပြေးဖွင့်လိုက်ရပြန်သည်။

"ပြည်ထဲရေးတာဝန်ခံအမတ် ပရိုတော့ပိုပေါ့ လာပါတယ် ဘုရား"

ကာတီးယားက အော်ဟစ်အကြောင်းကြားခဲ့၏။

ပရိုတော့ပိုပေါ့သည် ခါတိုင်း အေးအေးဆေးဆေးလာတွေ့ ကျ ဖြစ်ပါလျက်၊ ခုတော့ မျက်စိပျက်မျက်နှာပျက် အသားတွေတဆ ဆတ်တုန်လျက် သူ့ရှေ့မှောက် ရောက်လာသည်။

'ဒီငနဲ ဦးနှောက်ပျက်နေတယ်လို့ သူနှင့်မတည့်တဲ့ကောင်တွေ ပြောတာ မှန်နေပြီထင်တယ်'

ရုပ်စိပြုတင်က မှတ်ချက်ချလိုက်ရင်းမှ-

"မင်း ဘာဖြစ်လာတာလဲ။ ဒူးမားလွှတ်တော်မှာ အမတ်တွေ မင်းကို ပညာပြလွှတ်လိုက်ပြန်ပြီလား"

ပရိုတော့ပိုပေါ့က သူ့ကို တရိုတသေ ပွေ့ဖက်နူတ်ဆက်ပြီး ချောက်ချားနေသောလေသံဖြင့်-

"ဂရေဂိုရီ ဒီတစ်ရက်နှစ်ရက်အတွင်း အဖော်မပါဘဲ ဘယ်ကို မှ မသွားပါနှင့်။ အရှင့်ကို လုပ်ကြံလိမ့်မယ်လို့ သတင်းရပါတယ်။ ပုလိပ်စုံထောက်ဘက်ကိုလည်း အထူးစောင့်ရှောက်ဖို့ အမိန့်ထုတ်ထား တာ သိရပါတယ်။ အရှင့်အတွက် စိတ်ပူလွန်းလို့ သတိပေးတာ"

"မင်းဟာ ကျေးဇူးသစ္စာကို စောင့်သိတဲ့ မိတ်ဆွေကောင်း တစ်ယောက် ပါပဲ။ ဒါပေမယ့် ဒီည မင်း ကယောင်ကတမ်းနှင့် ဒွေးလန့်လာ တယ်။ လူတကာချောက်တိုင်း ကြောက်စရာ မလိုပါဘူးကွာ"

www.burmeseclassic.com


ရပ်စ်ပြူတင်က မရိုတော့ပိုပေါ့၏ပခုံးကို လှမ်းဖက်လိုက်ပြီး ...သစ်လိုက်ရင်းက–

"ဘာမှမစိုးရိမ်နှင့်။ ငါက ဘုရားလူပါ။ ဘုရားသခင်ကလွဲလို့ ...ယ်သူမှ ငါ့ကို ဒုက္ခမပေးနိုင်ပါဘူးလေ။ ဒီတော့ မင်း စိတ်ချလက်ချ ... အိမ်ပြန်အိပ်။ ငါ့မှာ အရေးကြီးတဲ့ကိစ္စတွေ ရှိသေးတယ်"

မရိုတော့ပိုပေါ့လည်း ရပ်စ်ပြူတင်စကားကြောင့် စိတ်အေးသက် ...ရာ ရသွားသလို ပြန်ထွက်သွားရင်းက–

"ကေန္တတော့ ကိုယ့်ဆရာ အချစ်သစ်လေး တွေ့နေပြီထင် ...ယ်" ဟုပင် နောက်သွားသေးသည်။

ရပ်စ်ပြူတင်က ဘာမျှပြန်မဖြေ။ ဒါပေမယ့် ကျိတ်ပြုံးလေးတော့ ...လိုက်မိ၏။

အရေးထဲ သီလရှင်မာရှား ရောက်လာပြန်သည်။ ရပ်စ်ပြူတင်က ...နုပ်အောင် စကားတစ်လုံးနှစ်လုံး ပြောပြီး ပ,ထုတ်လိုက်၏။

သည့်နောက် သူ့အခန်းမီးအိမ်ကြီးကို ငြိမ်းသတ်လိုက်ကာ၊ သူ ...ာ်စင်ရပ်တုများကို ပူဇော်ထားသော ဆီမီးလေးများသာ ချန်ထား ...ကာ် ခုတင်ပေါ်တွင် ပစ်လှဲချလိုက်သည်။

သမီးနှစ်ယောက်နှင့် တူမလေးတို့မှာ သူငယ်ချင်းတွေနှင့် အလည် ...ရာမှ ပြန်ရောက်လာတော့ ည ၁၁ နာရီ ရှိချေပြီ။

သူတို့က လုပသောဆင်စွယ်ခန်းဆောင်သို့ မသွားခင်၊ သူတို့ ...ကြီးကို ဝွတ်နိုက်ဟု နှုတ်ဆက်ကြ၏။

အဝတ်အစားသစ်တွေ ရှိုးအပြည့်ဝတ်ပြီး ဘွတ်ဖိနပ်ကြီးစီးလျက် ...င်ပေါ်တက် မျက်လုံးဖွင့်အိပ်နေသော ရပ်စ်ပြူတင်ကို ထူးထူး ...ဆန်းတွေ့သွားကြတော့ တအံ့တသြဖြင့် 'ဘာလုပ်မလို့လဲ' ဟုမေး ...ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


ရပ်စ်ပြုတင် ရုတ်တရက်ပြန်မဖြေဘဲ နှုတ်ဆိတ်နေ၏။

နောက်ကျမှ–

"ငါ မင်းသားလေးဆီ သွားမလို့။ သူက သန်းခေါင်ယံစာ မှာ ဖိတ်ထားတယ်။ ဒီကိစ္စ ဘယ်သူမှ မသိစေနှင့်နော်။ ကြားကြလား အထူးသဖြင့် မှုနီယာကို သွားမပြောနှင့်"

သမီးတွေ ပြန်ထွက်သွားကြသည်။

အိမ်ဖော် ကာတီးယား ဝင်လာပြီး ဘာခိုင်းဦးမလဲ မေးသည်။

ရပ်စ်ပြုတင်က "သွားအိပ်နိုင်ပြီ။ နောက်ဖေးပေါက်က တံခါး ခေါက်လာရင်သာ မနှောင့်ယှက်မိစေနှင့်"ဟု ပြောလိုက်၏။

ကာတီယာလည်း 'ဒီည ငါ့အရှင် ဘာတွေဘယ်လိုများ အရူး နေပါလိမ့်'ဟု အူကြောင်ကြောင်ဖြစ်ပြီး သူ့အခန်းရှိရာ ပြန်သွားတော့၏။

ရပ်စ်ပြုတင်ကတော့ သူ့ခုတင်ပေါ်တွင် လှဲလျောင်းလျက်သာ လူခေါ်ခေါင်းလောင်းသံကိုသာ နားစွင့်နေမိသည်။

ထိုည ၉ နာရီ။

ယူဆူပေါ့၏နန်းတော်သို့ ကြဲရာပါအဖွဲ့ဝင်တွေ ရောက်လာ ကြသည်။

သူတို့က မြေတိုက်ခန်းထဲဆင်း၍ ပြင်ဆင်ထားသည်များကို လေ့လာစစ်ဆေးကြ၏။

ရပ်စ်ပြုတင်ကြိုက်တတ်သော ကိတ်မုန့်နှင့် ရေခဲမုန့်များကို စားပွဲ ပေါ် အသင့်ပြင်ပြီးလေပြီ။

ရောင်စုံဖန်မှန်များ ဖုံးထားသော ရှေးမီးအိမ်ကြီးများဖြင့် မီးတွေ ကိုထွန်းထားပြီ။ မီးဖိုကြီးမှာလည်း မီးထည့်ထားရာမှ မီးပွားတွေပန်းကာ မီးတောက်စ။


www.burmeseclassic.com

www.burmeseclassic.com


မြေအောက်ခန်းဖြစ်၍ မှိုင်းညို့နေသည့်အထဲ မီးရောင်စုံက ခပ်မှိန်မှိန်သာလင်းနေသဖြင့် စိတ်ကူးယဉ် ဇိမ်ယစ်၍ အကောင်းဆုံးနေရာဖြစ်နေတော့၏။

"ဘာမှ လိုလေသေးမရှိ၊ တကယ့်ကို ပြည့်စုံပါပေ့ဗျာ"

"ခမ်းခမ်းနားနားနှင့် လက်ရာကလည်း တကယ်မြောက်ပဲဗျ"

ပူရစ်ရှိကေးဗစ်ချ်နှင့် မြို့စားကြီး မစ်ထရီတို့၏ စကားအဆုံးခါက်တာ လာဖိုဗတ်က အဆိပ်သေတ္တာကို တင်လိုက်သည်။ ယူဆူပေါ်က ချော့ကလက်မုန့် သုံးခုနှင့် သီးစုံရေခဲကိတ် သုံးခုကို ရွေးထုတ်လိုက်သည်။

ဆရာဝန်က လက်အိတ်စွပ်ပြီး အဆိပ်မှုန့်လေးတွေကို ယူကာအပေါ်လွှာကိုခွာ၍ အထဲတွင် ဖျူးလိုက်၏။ မုန့်များတွင် အဆိပ်များသိပ်ထည့်ပြီး အပေါ်လွှာကို ပြန်အုပ်ထားလိုက်သည်။

"ခုထည့်လိုက်တဲ့ အဆိပ်ပမာဏဟာ လူ အစိတ်သုံးဆယ် စားတာနှင့် တုံးခနဲ ချက်ချင်းလဲသေနိုင်တာထက်တောင် ပိုဦးမယ်" ဟုလည်း သူက အသိပေးခဲ့၏။

အကယ်၍ မုန့်တွေမစားဖြစ်လျှင် လွတ်မသွားအောင် အရက်ခွက်ထဲမှာလည်း ခတ်ထားဖို့ ကြံကြသည်။

အဆိပ်က လေနှင့်ထိလျှင် အာနိသင် ပျက်ပြယ်တတ်သဖြင့် အချိန်နီးမှ ဖန်ခွက်ထဲထည့်ဖို့ ဆုံးဖြတ်ခဲ့၏။

အခန်းတွင်း၌ တမင် ဆက်တင်လုပ် အကွက်ဆင်ထားမှန်းမပေါ်အောင် သောက်လက်စ အရက်ခွက်များ၊ လက်ဖက်ရည် ပန်းကန်များ၊ စားကြွင်းစားကျန် ပန်းကန်ပြားများလည်း ဖရိုဖရဲ ဖြန့်ချထားလိုက်သည်။

ရုပ်စိပြပွဲတင်ကို လာခေါ်နေခိုက် ဧည့်သည်တွေရောက်လာပြီး စားသောက်သွားသည့်ပုံစံ လုပ်ထားခြင်းပင်။


www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် ကုလားထိုင်တွေကိုလည်း နေသားတကျစီထား...
မဟုတ်ဘဲ တချို့ကို ဆွဲထုတ်၍ ကစဉ့်ကလျား ပေ့ပ်ထားလိုက်...

အိမ်ပေါ်တွင် ထိုမိတ်ဆွေများ တက်နေရာက ဓာတ်ပြားသီချင်း...
တွေ ဖွင့်နားထောင်နေမည်။ ပျော်စရာမြူးစရာ အကောင်းဆုံး...
ပြားတွေကို ရွေးဖွင့်ရန် စီစဉ်ထား၏။ သံသယကို ပြေပျောက်...
အစီအမံတစ်ရပ်ပဲ ဖြစ်၏။

အခန်းထဲကိစ္စ အစစအရာရာ ထောင့်စေ့ပြီး စိတ်တိုင်းကျပြီ...
ယူဆုပေါ့နှင့် ဒေါက်တာ လာဇိုဗတ်တို့လည်း ရပ်စ်ပြူတင်ကို သွား...
ရန် ပြင်ဆင်ကြသည်။

ဆရာဝန်လာဇိုဗတ်က ဒရိုင်ဘာအဝတ်အစား လဲ၏။

ယူဆုပေါ့ကတော့ သားမွေးကုတ်အင်္ကျီရှည်ကြီးနှင့် သိုးမွေး...
ထုပ်ကို ဆောင်းခဲ့၏။ အသွားတွင် သူကိုယ်တိုင် ကားမောင်း၏။ သူ...
စိတ်တွေ လှုပ်ရှားနေသည်။ အတွေးထဲမှာ အကောင်ရော အဆိုး...
ရောမွှေယောက်ယက် ခတ်လျက်။

ရပ်စ်ပြူတင်အိမ်ရှိရာ ဂိုရောခိုဗျားလမ်း အမှတ် ၆၄ ခြံအပြင်...
၌ ကားကို ရပ်ထားလိုက်၏။ ယူဆုပေါ့တစ်ယောက်တည်း ဆင်း...
လျှောက်ခဲ့သည်။

အိမ်ဝင်းနောက်တံခါး၌ အစောင့်တံခါးမှူးက ဖမ်းစစ်သေးသည်။

"ဘယ်သူနှင့် တွေ့ချင်လို့လဲ"

"ရပ်စ်ပြူတင်နှင့် တွေ့ဖို့ပါ။ သည်အချိန်မှ လာပါလို့ သူကိုယ်
တိုင် မှာထားပါတယ်"

အဖြေကောင်းသွားရာမှ မယုံ့တယုံနှင့် ဝင်ခွင့်ပြုလိုက်သည်။
နောက်ဖေးတံခါးသို့ သွားရာလမ်းမှာ မှောင်အတိကျနေ၍ ဖြေးတဝါးဝါး
နှင့် လျှောက်သွားရသည်။


www.burmeseclassic.com

www.burmeseclassic.com 

လျှပ်စစ် လှုခေါ်ခေါင်းလောင်းဘုကလေးကို နှိပ်လိုက်သည့်နောက် ချက်ချင်းဆိုသလို၊ "ဘယ်သူလဲ"ဟု ပြန်မေးသံကြီး ကြားလိုက်သည်။

ဖြုန်းခနဲမို့ ယူဆူပေါ် ကြက်သီးတွေ ထ,သွားမိပြီ။

"ကျွန်တော်ပါ။ ခင်ဗျားကို လာခေါ်တာလေ"

အသံပေးလိုက်သည်နှင့် ခြေသံများ ထွက်လာ၏။ တံခါးမှာ သံကြိုးတပ်ထား၍ သံကြိုးသံနှင့် တံခါးဖွင့်သံများကြားရကာ မှောင်ထဲ၌ ရပ်စ်ပြူတင်ကို တွေ့လိုက်ရတော့သည်။

သူက လမ်းမြှောင်လေးအတိုင်း သူ့နောက်လိုက်ခဲ့ဖို့ ဦးဆောင်ခေါ်သွား၏။ ယူဆူပေါ်က သူ့ဦးထုပ်ကို မျက်နှာတစ်ဝက်ဖုံးအောင် ဆွဲချလိုက်၏။

"ဘာကြောင့် ဦးထုပ်ကို ဆွဲချနေရတာလဲ"

"ကျွန်တော်တို့ အခုထွက်တာ ဘယ်သူမှ မသိစေချင်ဘူးဆို"

"ဟုတ်သားပဲ။ ကျုပ်လည်း ပုလိပ်စုံထောက်တွေကို ဒီည စောင့်နေရာမလိုဘူးပြောပြီး နှင်ထားလိုက်ပြီ"

ရပ်စ်ပြူတင်သည် သူ့အခန်းငယ်ထဲသို့ရောက်မှ မီးခြစ်ခြစ်၍ ဖယောင်းတိုင်မီး ညှိလိုက်သည်။ တွန့်ကျေနေသော အိပ်ရာပေါ်တွင် သားမွေးဝတ်ရုံနှင့် သားမွေးဦးထုပ်များ အသင့်တင်ထား၏။

သူက ဆံပင်ကို သပ်သပ်ယပ်ယပ်ဖီးထားသလို ရေမွှေးနှင့် ပေါင်ဒါများ ဆွတ်လိမ်းထားပုံရပြီး တစ်ကိုယ်လုံး မွှေးကြိုင်နေသည်။

ယူဆူပေါ် တွေ့ခဲ့သမျှ ရပ်စ်ပြူတင်ကို ခုလောက် အလှခြယ်သထားတာ တစ်ခါမျှ မရှိဘူးပါချေ။

"ကဲ၊ ၁၂ နာရီရှိခဲ့ပြီးပြီ။ သွားစို့လေ"

"ဂျစ်ပစီမတွေဆီ အရင်သွားရင် မကောင်းဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"သဘောပဲ"

"ခင်ဗျားအိမ်မှာ တခြားအိမ်သားတွေ ရှိနေသေးလား"

"ကျွန်တော့်အမေက ကရိုင်းမီးယားကို ရောက်နေပါတယ်"

"ခင်ဗျားအမေကို ကျုပ် မကြိုက်ဘူး။ ခင်ဗျားအမေနှင့် အဲဒီ ဘောက်မင်းသမီးဟာ ကျုပ်ကို ဒုက္ခဖြစ်အောင် ချောက်တွန်းခဲ့တာ ထားပါတော့။ စောစောက ကျုပ်မိတ်ဆွေတစ်ယောက်က ကျုပ်ကို သတိပေးသွားတယ်။ အိမ်က ဘယ်မှမသွားပါနှင့်။ အသက်အန္တရာယ် ရှိတယ်တဲ့။ ကျုပ်ကလည်း ဘယ်သူမှ ကျုပ်ကိုသတ်လို့ မရနိုင်ဘူး ပြောလိုက်တာပဲ"

"ကဲပါ၊ ဒါတွေ တွေးနေလည်း အလကားပဲ။ လာ၊ သွားမယ်"

*အာကျီကိုပတ်ပြီး ထွက်တော့မယ်ပြင်ပြီးမှ*

"ဩော်၊ မေ့နေလိုက်တာ။ ငွေယူဦးမှ"

ပြောပြောဆိုဆို ငွေသေတ္တာကြီးကို သွားဖွင့်သည်။ အထဲတွင် အထုပ်လိုက်ထည့်ထားသော ငွေတွေက တစ်ပုံကြီး။

"ကျုပ်သမီးကြီးက စစ်ဗိုလ်တစ်ယောက်နှင့် လက်ထပ်တော့မှာ မို့ လက်ဖွဲ့ကြတာ မနည်းဘူး"

"ဒီငွေတွေဟာ ဘုရားကျောင်းအတွက် လှူတာမဟုတ်လား"

"ကျုပ်သမီးတို့ဟာလည်း ဘုရားသခင်ရဲ့အလိုတော်အရ လက်ထပ်ရတာပဲလေ"

ရပ်စ်ပြူတင်က ငွေတွေယူပြီး သေတ္တာကြီးကို သော့ခတ်ထားခဲ့၏။ ဖရောင်းတိုင်မီး မှုတ်လိုက်တော့ တစ်ခန်းလုံး အမှောင်ကျသွား၏။ ယူဆုပေါ်က ရပ်စ်ပြူတင်ကို သနားစိတ် ဝင်လာမိသည်။

ကိုယ့်ကို ခင်တွယ်ယုံစားသူတစ်ယောက်ကား ယုတ်မာညစ်ညမ်းသောနည်းဖြင့် သတ်ဖို့ ကြံနေပါကလားဟုတွေး၍ စိတ်သလိုလိုပင် ဖြစ်သွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com 

ရုပ်စိပြုတင်ကတော့ သံသယကင်းစွာဖြင့် နောက်ကလိုက်ပါသွားချေပြီ။ သူ့ရဲ့ အစွမ်းထက်လှပါတယ်ဆိုတဲ့ တန်ခိုးတွေ၊ ဒိဗ္ဗစက္ခုဉာဏ်တွေ ဘယ်ရောက်ကုန်ပြီလဲ။ တကယ်သာ သူ တန်ခိုးရှိရင် သူ့ကို သတ်ဖို့ခေါ်လာတာ သိရတော့မှာပေါ့။

အလကား လူလိမ်လူညာ ကလိန်ခြုံဆရာကြီး။

ရုပ်စိပြုတင်၏ ဆိုးညစ်ယုတ်မာ ဖျက်ဆီးကလိန်ကျမှုများက တစ်ကွက်ပြီးတစ်ကွက် ပေါ်လာပြန်တော့ သနားစိတ်တို့လည်း ပျောက်ခြင်းမလှ ပျောက်သွားရတော့၏။

အိမ်ပြင်ထွက်မိ၍ တံခါးပြန်ပိတ်ရာ တံခါးသံမှာ ပဲ့တင်ရိုက်ဟိန်းသွားသည်အထင်ဖြင့် ရင်တုန်သွားမိသေး၏။

ရုပ်စိပြုတင်က "ကျုပ် လမ်းပြမယ်"ဆိုပြီး ယူဆူပေါ့၏လက်မောင်းကို ကိုင်ညှစ်လိုက်သည်မှာလည်း ပြုတ်တူကြီးနှင့် ညှပ်လိုက်သည့်အလား။

ဒီငနဲကြီး ရိုးမှရိုးပါ့မလား။ ငါ့အကြံကို ကြိုသိရက်နှင့် မသိချင်ယောင်ဆောင်ပြီး လိုက်လာတာလား။ ပိုင်လောက်တဲ့နေရာရောက်မှ ငါ့ကို အလစ်တွယ်ပြီး ပြန်သတ်မလို့ပဲလား။

ယူဆူပေါ့မှာ ဟိုတွေးဒီတွေးနှင့် စိတ်ချောက်ချားလာပြီး၊ သူတို့ကားဆီသို့ ပြန်ရောက်လာမှ ဟင်းချမိတော့သည်။

နှစ်ဦးသား ကားပေါ်တက်မိလိုက်သည်နှင့် ကားကိုစက်နှိုး၍ အရှိန်ပြင်းပြင်းလေးပဲ မောင်းခဲ့သည်။

နောက်ယောင်ခံ လိုက်လာတဲ့ကားတွေများ ရှိဦးမလား။ သူ လှည့်ကြည့်မိသည်။ ဘယ်ကားမျှ မတွေ့။

ဝက်ဘာဆန်ဆန် ကွေ့ကောက်သောလမ်းပေါ်တွင် သူသည် မီးခိုးရောင်ကားကြီးကို အရှိန် ထပ်မြှင့်လိုက်တော့၏။

* * *



www.burmeseclassic.com

 www.burmeseclassic.com



ယူဆူပေါ့သည် မော်တော်ကားကို အပြင်းမောင်းလာရာမှ ခဏ ချင်းအတွင်း မျိုက်ကာနန်းတော်သို့ ရောက်လာကြတော့၏။

ရုပ်စ်ပြူတင်သည် တစ်လမ်းလုံး ဘာမျှသက်ာမကင်း မဖြစ်ဘဲ စိတ်ကူးယဉ်ပြီး ပျော်လာပုံပင် ပေါ်နေ၏။

နန်းတော်ထဲသို့ ဝင်လိုက်ချင်းမှာပင် စာကြည့်ဆောင်ထဲမှ သီချင်း သံသဲ့သဲ့ကို ကြားလိုက်ရသည်။ သူက မြေတိုက်နှင့်နီးရာ တံခါးပေါက်မှ ရုပ်စ်ပြူတင်ကိုခေါ်လာပြီး မြေတိုက်လှေကားအတိုင်း ဆင်းလာ၏။

သီချင်းသံတွေကား မြူးကြွသော အမေရိကန်ဂီတသံများ ဖြစ် နေသည်။ ရုပ်စ်ပြူတင်လည်း ဓာတ်ပြားသံကို အာရုံစိုက် နားထောင် လာရင်း-

"ဘာလုပ်နေကြတာလဲ။ ပါတီပေးနေတာ ထင်တယ်"

"မဟုတ်ပါဘူး။ ကျွန်တော့်ဇနီးက သူ့အမျိုးသမီးမိတ်ဆွေတွေ ဧည့်ခံနေတာပါ။ သူတို့လည်း မကြာခင် ပြန်ကြတော့မှာပါ။ ကျွန်တော် ကတော့ အထူးဧည့်သည်တွေကို မြေအောက်ခန်းမှာ စပယ်ရှယ်ဧည့်ခံ နေကျပဲ။ လာ၊ လက်ဖက်ရည် သောက်ကြစို့"

သို့ဖြင့် မြေအောက်ခန်းထဲ ရောက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com 

ရပ်စ်ပြူတင်သည် မြေတိုက်ခန်းအတွင်း ခမ်းခမ်းနားနား ပြင်ဆင်ထားပုံများကို သဘောကျသွား၏။ အပေါ်ရုံ သားမွေးအကျီကြီးကို ချွတ်ပြီး အဖိုးတန် ပရိဘောဂ၊ အသုံးအဆောင်များကို စိတ်ဝင်တစား လိုက်ကြည့်နေ၏။

အထူးသဖြင့် ကနုတ်ပန်းတွေဖော်ထားသော ကြောင်အိမ်ကြီးကို မျက်စိကျလျက် ရှိ၏။

'ထူးဆန်းလှစွာ ဤကမ္ဘာ'ထဲသို့ ကလေးတစ်ယောက် အလည် ရောက်နေသလို၊ မမြင်စဖူး လှပသောအရာများကို တအံ့တသြ ကြည့်ရှုနေခြင်းမျိုးပင် ဖြစ်သည်။

"ကဲ၊ အမောပြေ လက်ဖက်ရည်သောက်လိုက်ပါဦး"

"လောလောဆယ် ဘာမှ သောက်ချင်စိတ်မရှိသေးပါဘူး"

ယူဆူပေါ့ ထိတ်ခနဲ ဖြစ်သွား၏။

'တို့ အဆိပ်ခတ်ထားတာတွေများ သိသွားလို့လား' ဟု စိုးရိမ်စိတ်နှင့်အတူ 'ဘာပဲဖြစ်ဖြစ်၊ ဒီကောင်ကြီးကိုတော့ အရှင်အတိုင်း ပြန်မလွှတ်တော့ဘူး'လို့ ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်မိသည်။

စားပွဲဝိုင်းကြီးတွင် ထိုင်မိသည့်နောက်တော့ အာလာသလ္လာပတွေ ပြောမိကြ၏။

မင်းသမီး ဂလိုဗီနာအကြောင်းလည်း ပါ၏။ အန်နာ ရှုဘောဗာ အကြောင်းလည်း ပါ၏။ ဘုရင်နှင့် မိဖုရားအကြောင်း၊ လွှတ်တော် အကြောင်း၊ စုံလို့။

ထိုမှ ပရိတော့ပို့ပေါ့က သူ့ကို သေကြောင်းကြံမယ်လို့ လာသတိ ပေးသွားသည့်ကိစ္စသို့ ရောက်လာသည်။

"ဘယ်သူ ဘယ်လောက်ပဲကြံကြံ ကျုပ်က 'သေမင်းကြီးတယ်' ဆိုပါတော့။ မင်းသားပဲ ကြည့်လေ။ ကျုပ်ကို အသေကြံတာ ဒီတစ်ကြိမ်မှ


www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘဲ။ အကြိမ်ကြိမ်ပါပဲ။ ကျုပ် လွတ်ခဲ့တာပဲ။ ဘုရားက ကျုပ်ကို စောင့်နေတာ မဟုတ်လား။ နိဗ္ဗာန်စတိုးအပါအဝင် ကျုပ်ကို မတရား ကြံတဲ့လူတွေအားလုံး ဒုက္ခရောက်နေတာလည်း သိမှာပေါ့"

ရပ်စ်ပြူတင်၏စကားတွေက သူ့ကို တမင်ရည်ညွှန်း စောင်းချိတ်နေတာများလားလို့ပင် ထင်ရလောက်အောင် တိုက်ဆိုင်မှုရှိနေ၏။

ယူဆူပေါ့ကတော့ ပြောမယ့်သာ ပြောရသည်။ စကားထဲမှာ စိတ်မပါလှ။ ဘယ်နည်းနှင့် အရက်တိုက်ပြီး မုန့်ကျွေးရမလဲလို့သာ စဉ်းစားနေမိသည်။

တော်ပါသေးရဲ့။ ရပ်စ်ပြူတင်က လက်ဖက်ရည်သောက်လိုသည်ဟု စကားစ,လာသည်။

လက်ဖက်ရည်ဖျော်ပေးပြီး ဘီစကွတ်နှင့် ချော့ကလက်မုန့်များ ထားသောပန်းကန်ကို ရှေ့တိုးပေးလိုက်သည်။ ဖြစ်ချင်တော့ အဆိပ် မပါသောပန်းကန်ကိုမှ ပေးမိလျက်သား။ ဘာကြောင့်များ ဒီလို အယောင် ယောင်အမှားမှား လုပ်မိပါလိမ့်။ အဖြေရှာမရ။

တအောင့်ကြာမှ အဆိပ်လူးမုန့်များကို ထိုးပေးလိုက်နိုင်သည်။

"ဒီမုန့်တွေက သိပ်ချိုလွန်းတယ်"

ချိုလွန်းတယ်ပြောရင်းက အချိုကြိုက်သော ရပ်စ်ပြူတင်သည် တစ်ခုပြီးတစ်ခု ကောက်စားနေပြန်သည်။ အဆိပ်မုန့် သုံးခုစလုံးကုန် သွား၏။ ဒေါက်တာလာဇိုဗတ် အပြောအရတော့ ဒီမုန့်သုံးခုမှာ ခတ် ထားသောအဆိပ်တွေက လူပေါင်းများစွာကို သေနိုင်သည်ဆို၏။ ဒါပေ မယ့် ရပ်စ်ပြူတင်ကတော့ ငုတ်တုတ်။

"ကရိုင်းမီးယားဝိုင် ရှိတယ်။ သောက်မလား"

"ဟင့်အင်း"

ရပ်စ်ပြူတင်က ဘာမျှ ထူးထူးခြားခြားမဖြစ်ဘဲ အချိန်တွေသာ ကုန်လာ၏။


www.burmeseclassic.com

www.burmeseclassic.com


ယူဆူပေါ်လည်း နေမထိထိုင်မသာနှင့် သူ့ရှေ့က ဗိုင်အရက်
ခွက်ထဲ အရက်တချို့ ငှဲ့လိုက်သည်။

ငါသောက်လျှင် သူပါ လိုက်သောက်မှာပဲဟူသော တွက်ကိန်း
ဖြင့် မော့ချလိုက်၏။

"ပေးစမ်း၊ ကျုပ် မြည်းကြည့်ဦးမယ်"

လက်လှမ်းလိုက်ရာမှ အဆိပ်မပါသော သူ့ခွက်ကိုပင် ပေးလိုက်
၏။

သူက သောက်ပြီး-

"သိပ် အရသာမတွေ့ဘူး။ ကျုပ်က မက်ဒီးရားမှ ကြိုက်တာ"

ပြောပြောဆိုဆိုနှင့် အဆိပ်လူးထားသောခွက်ထဲသို့ မက်ဒီးရား
အရက်များကို ငှဲ့ထည့်ပြီးသောက်တော့၏။

"ကောင်းတယ်" ဆိုကာ တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက်
သောက်နေလိုက်၏။

ယူဆူပေါ်မှာ မျက်နှာချင်းဆိုင်ထိုင်နေရာက 'ဒီကောင်ကြီး ဘယ်
တော့ လဲသေမလဲ'ဟု စောင့်ကြည့်နေမိသည်။

ရပ်စ်ပြူတင်ကတော့ နှုတ်ခမ်းနှင့်အရက်ခွက်ကို တေ့ပြီး နည်း
နည်းချင်း စုပ်သောက်လျက် ရှိပြန်၏။

ယူဆူပေါ် ထိုင်ရာမှထပြီး ရပ်စ်ပြူတင်အရက်ခွက်ထဲမှ အရက်
ကုန်သွားသည်နှင့် အဆိပ်ခွက်အသစ်ယူ၍ ပုလင်းထဲမှ အရက်
ပ်ငှဲ့ပြီး ကမ်းပေးလိုက်သည်။ ရပ်စ်ပြူတင် မငြင်းဘဲ တမော့တည်း
သောက်ချပစ်လိုက်၏။

အဆိပ်လူးထားသော ဖန်ခွက်တစ်ခွက်သာ ကျန်တော့သည်။

ယူဆူပေါ် ဖောချွေးတွေ ပြန်လာရသည်။


www.burmeseclassic.com

www.burmeseclassic.com



ရုပ်စ်ပြူတောင်ဗိုက်ထဲ ဝင်သွားသည့်အဆိပ်တွေက နည်းနည်းနေ
နော မဟုတ်။ ဒါပေမယ့် မျက်နှာ တစ်စက်မှုမပျက်။ ယူဆုပေါ့ကိုင
ပြုံးကြည့်နေသေးသည်။

"မင်းတို့ ငါ့ကို သတ်လို့မရဘူး။ တွေ့ပြီလား"ဟု လှမ်းပြော
လိုက်သည်ပင် ထင်ရ၏။

အချိန်မရွေး သူ ဇုန်းခနဲ လဲသွားနိုင်သည်။

ယူဆုပေါ့ထင်သလို ဖြစ်မလာ။

ဒီနောက်မှ ရုတ်တရက် ရုပ်စ်ပြူတင် မျက်နှာထားပြောင်းလာ
၏။ မုန်းစရာကောင်းလောက်အောင် မျက်နှာကြောကြီး တင်းသွားခြင်း
ဖြစ်သည်။

ပြီးတော့ သူ့လည်ချောင်းကို သူ လက်နှစ်ဖက်နှင့်ဆုပ်ပြီး သပ်ချ
ကြိုးစားသည်။ လည်ချောင်းတွေပူပြီး မြိုမရတော့ဟန် တူနေ၏။

"ဘာဖြစ်သွားလို့လဲ ဖာသာဂရေဂိုရီ"

ယူဆုပေါ့က မေးလိုက်၏။

ရုပ်စ်ပြူတင်က စားပွဲမှ ကုန်းရုန်းထပြီး အခန်းထဲ လျှောက်နေ
သလို-

"ပါးစပ်ထဲ ခါးသက်သက်ကြီးနှင့် ရေ သိပ်ငတ်တာပဲ။ လက်
ဖက်ရည် ပေးပါလား"

ယူဆုပေါ့လည်း လက်တုန်ခြေတုန်ဖြင့် လက်ဖက်ရည်တစ်ခွက်
ထ, ဖျော်လိုက်ရ၏။

ခေါင်းကလည်း ချားရဟတ်လို ဝီခေါ်လည်နေပြီး၊ မျက်စိတွေ
ဝါးနေ၏။ သူကိုယ်တိုင်ပဲ အဆိပ်မိလေပြီလား။

ဒါတော့ မဖြစ်နိုင်။ သူ အရက်ခွက်နှင့် မုန့်ပဲတွေကို သေသေ
ချာချာ ဂရုစိုက်ပြီး ကိုင်ခဲ့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကေန္တတော့ စိတ်ကသောင်းကနင်းမို့ အာရုံတွေ ဖောက်ပြားနေပုံရသည်။ ရပ်စ်ပြုတင်က လည်ကြီးစောင်းလျက် မျက်လုံးပြူးကြီးနှင့် သူ့ကို စိုက်ကြည့်နေ၏။

'လက်စသတ်တော့ မင်းက ငါ့ကို အဆိပ်ကျွေးသတ်ဖို့ သွေးဆောင်ခေါ်ခဲ့တာကိုး'ဟူသည့် အဓိပ္ပာယ်ပဲလား။ ပါးစပ်ကတော့ တစ်ခွန်းမျှမပြော။

နံရံတွင် အသင့်ရှိ...ထားသောဂစ်တာကို လှမ်း လက်ညှိုးထိုးပြသည်။ နောက် အသံသြကြီးနှင့် တစ်လုံးချင်း-

"ပျော်...စ...ရာ...ကောင်း...တဲ့...သီချင်း...တစ်ပုဒ်...ဂစ်တာ...တီး...ပြီး...ဆို...ပြ...ပါ။ မင်း......ဆိုတာ... ငါ...သိပ်...ကြိုက်...တယ်"

ယူဆူပေါ့လည်း သူ့အလိုကျ ဂစ်တာကိုသွားယူကာ ဆိုတီးမိ၏။ သီချင်းက ပျော်စရာလား၊ ပျင်းစရာလား၊ ဘယ်လိုတီးလို့ ဘာတွေဆိုမိမှန်း မသိတာတော့ အမှန်။

ရပ်စ်ပြုတင်ကတော့ တအိအိခေါင်းညိတ်ရင်း နားထောင်နေသည်။ တဖြည်းဖြည်းနှင့် စားပွဲပေါ် လည်လိမ်လျက်ကြီး ခေါင်းတင်နေပါပြီ။

ဂစ်တာအတီး ရပ်သွားသည်နှင့် မျက်လုံးဖွင့်ကြည့်ပြီး

"နောက်တစ်ပုဒ် နောက်တစ်ပုဒ်" ဟု ပြောသေး၏။

ယူဆူပေါ့လည်း မတီးချင်တီးချင်တီးလျက်က 'အသက်ပြင်းလိုက်တဲ့ သတ္တဝါကြီး၊ သေစရာရှိတာ မြန်မြန်သေတာ မဟုတ်ဘူး'လို့ စိတ်ကရေရွတ်ပြီး နာရီကို မော့်ကြည့်လိုက်မိသည်။

နှစ်နာရီခွဲ ချေပြီကော။



www.burmeseclassic.com

www.burmeseclassic.com


လူတစ်ယောက်ကိုသတ်ရတာ နှစ်နာရီကျော်ကျော်ကြီးများတောင် ကြာရသတဲ့လား။

ဒီကောင်ကြီးဟာ လူမှ ဟုတ်ပါတော့မလား။

တွေးရင်းက ယူဆုပေါ့ အလိုလို သွေးလန့်လာသည်။

တော်တော်နှင့် သူ မသေရင် ဘယ်လို ဆက်လုပ်ရပါ့မလဲ။

မကြာခင်ပဲ မိုးလင်းလာတော့မယ်လေ။

ရင်က တဒုန်းဒုန်းခုန်နေခဲ့ရပါပြီ။

ထိုစဉ်မှာပင် အပေါ်ထပ်က ဝုန်းခနဲ ဒိုင်းခနဲအသံတွေ ထွက်လာ၏။ ဆူဆူညံညံအသံတွေလည်း ကြားလိုက်ရသည်။ မဟုတ်မှ လွဲရော။ မြေတိုက်ထဲကသတင်းကို တမျှော်မျှော်နှင့် သည်းမခံ စိတ်မရှည်နိုင်ကြတော့သည့်အဆုံး သူ့မိတ်ဆွေတွေက အချက်ပြလိုက်ခြင်းပဲ ဖြစ်လိမ့်မည်။

"ဘာသံတွေလဲဟ"

ရပ်စ်ပြူတင်က ခေါင်းတစောင်းကြီးချထားရာမှ မော့ထလာပြီး မေးလိုက်၏။

"ဟာ၊ အဲဒါ ကျွန်တော့်မိန်းမညွှန့်သည်တွေ ပြန်သွားကြတဲ့ အသံတွေ ဖြစ်မှာပါ။ နေဦး။ ကျွန်တော် သွားကြည့်လိုက်ဦးမယ်။ ပြီးတော့ မိန်းမပါ တစ်ခါတည်းခေါ်ခဲ့ရအောင်"

ယူဆုပေါ့က အသက်ရှူခက်နေရသည့်အကြပ်အတည်းမှ တခဏ လွတ်ကြောင်းရှာ၍ လှစ်ခနဲ လစ်ထွက်ခဲ့မိသည်။

အပေါ်ထပ်စာကြည့်ခန်းထဲ ဝင်လိုက်မိချိန်မှာပင် မစ်ထရီ၊ ပူရစ်ရှ်ကေးဗစ်ချ်၊ ဆုကိုတင်တို့က ခြောက်လုံးပြူးကိုယ်စီဖြင့် ယူဆုပေါ့ကို ချိန်ဆင်းလိုက်မည့်ဆဲဆဲ တွေ့လိုက်ရသည်။

"အခြေအနေ ဘယ်လိုလဲ"


www.burmeseclassic.com

www.burmeseclassic.com



"စားရဲ့သောက်ရဲ့လား"

"မသေသေးဘူးလား"

အလုအယက်မေးကြ၏။

ယူဆူပေါ့က စိတ်ပျက်လက်ပျက်ဖြင့်

"အဆိပ်က ခုထိ တန်ခိုး မပြနိုင်သေးဘူး။ ရှိသမျှမုန့်တွေ အရက်တွေထဲက အဆိပ်တွေ အကုန်သောက်စားပစ်လိုက်တာတောင် သက်မထွက်သေးဘူး။ ဘာမှမဖြစ်ဘူး"

"ဟာ၊ မယုံနိုင်စရာကြီးကွာ။ ဒီအဆိပ်တွေ အကုန်ဆိုရင် လူ စရာနှစ်ရာတောင် သေနိုင်တာ"

"ခုထိတော့ မသေသေးတာ အမှန်ပဲ။ ကျွန်တော်တို့ ဘယ့်နှယ် ကြမလဲ"

"တို့အားလုံးဆင်းပြီး လည်ပင်းညှစ်မယ်ကွာ။ မကောင်းဘူး ား"

"အဲဒါကျတော့လည်း မတရားလွန်းရာ ကျပါတယ်ဗျာ။ ကဲ၊ ပါတယ်။ မြို့စားသေနတ် ကျွန်တော့်ပေး။ ကျွန်တော်တစ်ယောက် ည်း ကိစ္စသွားတုံးပစ်လိုက်မယ်"

"မင်း ပင်ပန်းလှပြီ။ တို့ လုပ်မယ်။ တို့တာဝန် ထား"

"နေပါစေ။ လုပ်လက်စနှင့် ကျွန်တော်ပဲ ဆက်ကိုင်လိုက်ပါ့ ည်"

ယူဆူပေါ့လည်း ခြောက်လုံးပြူးကိုင်လျက် မြေတိုက်လှေကား ဆင်းပြေးခဲ့မိ၏။

အခန်းထဲရောက်တော့ ဘသားချောက ငုတ်တုတ်ထိုင်လျက်ကြီး။ သေမယ့် သူ့ခေါင်း သူ မနိုင်သလို ယိမ်းထိုးနေ၏။ အသက်ရှူသံတွေ ည်း ဖားဖိုကြီးကဲ့သို့ တရှူးရှူး။

"နေမကောင်းဘူးလား ဂရေဂိုရီ"



www.burmeseclassic.com

www.burmeseclassic.com


မင်းသားလှမ်းမေးလိုက်တော့ ရုပ်စိပ်ပြုတင်က ခေါင်းခါပြသည်။

"ခေါင်း နည်းနည်းလေးနေပြီး ဗိုက်ထဲမှာ မီးလောင်သလို မှ နေတယ်"

ရုပ်စိပ်ပြုတင်က သက်သာလိုသက်သာငြားဆိုပြီး နောက်ဆုံး အဆိပ်ခွက်ထဲ အရက်အပြည့် လောင်းထည့်သည်။ စွပ်ခနဲ မော့သောက် လိုက်ရာမှ ဝုန်းခနဲ ထ,လိုက်သည်။

ယူဆူပေါ် လန့်ပြီး နောက်တစ်လှမ်း ယောင်ဆုတ်လိုက်မိ၏။ ရုပ်စိပ်ပြုတင်ကတော့ မက်ဒီးရာတစ်ခွက်နှင့် အားပြည့်လန်းဆန်းသွား ပုံရပြီး–

"ကဲ၊ တို့ ဂျစ်ပစီမတွေဆီ သွားမယ်"

"ဟာ၊ အချိန်မရှိဘူး သွားလို့ အလတားပေါ့"

"အို၊ ကျုပ် သွားနေကျပါ။ ဘယ်အချိန်သွားသွား။ နန်းတော် ထဲမှာ ဘုရားစကားပြောရလွန်းလို့ ညည်းငွေ့တဲ့အခါ ကောင်မလေး ဆီ သွားတာပဲ။ စိတ်က ဘုရားဆီမှာထားပေမယ့် သွေးသားဆန္ဒ တော့ ပုထုဇဉ်ပဲ။ သဘောက ဒီလိုကိုး"

မျက်စမျှားပင် ပစ်လို့ ရုပ်စိပ်ပြုတင်က ပြောလိုက်သေး၏။

ယူဆူပေါ့ ရှူးမတတ်ဖြစ်သွား၏။

မောင်းတင်ထားသော ခြောက်လုံးပြူးကို ကျောတွင် ဖွက်ထား လျက်မှ နံဘေးပတ်လည်ကို မျက်လုံးဝေ့ကြည့်လိုက်မိသည်။

အခန်းထောင့် ဗီရိုငယ်တစ်လုံးပေါ်တွင် ခရစ်တော် လက်ဝါး ကပ်တိုင် အရုပ်လေးတစ်ခုကို သတိပြုမိလိုက်၏။

ယူဆူပေါ့ ထိုအရုပ်ကလေးဆီသို့ အနီးကပ်သွားမိသည်။

"ဘာ ကြည့်နေတာလဲ"

ရုပ်စိပ်ပြုတင်က နောက်မှ ဒယီးဒယိုင်လိုက်လာပြီး မေးလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



"လက်ဝါးကပ်တိုင်ဟာ ကြည်ညိုစရာပဲ။ ကြည့်စမ်း။ မလှဘူး လား"

"သိပ်လှပါလား။ ဘယ်လောက်တောင် အဖိုးတန်သလဲ"

"တန်ဖိုးကတော့ ဖြတ်လို့မရဘူး။ ကဲ၊ ရပ်စ်ပြူတင် ခင်ဗျားဟာ ဘုရားလူပီပီ လက်ဝါးကပ်တိုင်ကိုသာ ကြည့်နေလိုက်ပေတော့။ ပြီး တော့ ဒူးထောက်ပြီး ဘုရားသခင်ထံ လိုရာဆု တောင်းလိုက်ပါတော့"

စကားအဆုန်းတွေကြောင့် ရပ်စ်ပြူတင် အံ့အားသင့်သွားရာက ကြောက်ရွံ့တုန်လှုပ်သောအမူအရာဖြင့် ယူဆူပေါ့ကို ငေးကြည့်နေမိ၏။

ယူဆူပေါ့လည်း အခွင့်ကောင်းကို လက်လွှတ်မပေးဘဲ ခြောက် လုံးပြူးနှင့်ထိုးချိန်ရင်း တစ်ဆက်တည်း ရပ်စ်ပြူတင်၏နှလုံးအိမ်ရှိရာ ကို ပစ်ချလိုက်တော့သည်။

"ဒိုင်း"

"အူး"

သေနတ်သံနောက်တွင် တောရိုင်းကောင်ကြီးတစ်ကောင်၏ အော်ညည်းသံမျိုး မြည်လျက်၊ ရပ်စ်ပြူတင် ကော်ဇောခင်းပေါ်သို့ ပစ်လဲသွား၏။

လှေကားဘက်မှ ပြေးဆင်းလာသောခြေသံများ ကြားလိုက်ရ သည်။ ဖျောက်ခနဲ မီးခလုတ်ပိတ်သံနှင့်အတူ မှောင်ကျသွားသည်။ ယောင်ယောင်ကန်းကန်း စမ်းတဝါးဝါးဖြစ်နေသော ယူဆူပေါ့ကို လူ တစ်ယောက်က ကိုယ်ချင်းဝင်တိုက်လိုက်သည်။

သုံးယောက်ထဲက တစ်ယောက်ပါပဲ။ ဒါပေမယ့် ယူဆူပေါ့ရပ်နေ ရာမှ တစ်ဖဝါးမရွေ့ရဲ။ အကောင်ကြီးကို တက်နင်းမိမှာ စိုးရိမ်သော ကြောင့် ဖြစ်၏။ အတော်လေးကြာမှ မီးပြန်ဖွင့်လိုက်ကြသည်။

သူတို့လေးယောက်စလုံး ရပ်စ်ပြူတင်ကို ဝိုင်းကြည့်မိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com


ရုပ်စိပြုတင်ကား ပက်လက်ကြီးလဲလျက် တွန့်လိမ်နေသည်။ မျက်နှာမှာလည်း ဝေဒနာအကြီးအကျယ် ခံစားနေရဟန်ဖြင့် ရှုံ့မဲ့နေ၏။ မျက်စိတွေစုံမှိတ်၍ လက်သီးကြီးကို ကျစ်နေအောင်ဆုပ်ထားတာလည်း တွေ့ရသည်။

သုဝတ်ထားသော ပိုးအင်္ကျီရင်ဘတ်နေရာတွင် ကျည်ဆံဖောက်ရာနှင့် သွေးစလေး စွန်းကွက်နေ၏။

မစ်ထရီက အပြီးသတ်တစ်ချက် ထပ်ပစ်လိုက်မည် ရွယ်လိုက်သည်။

"မပစ်ပါနှင့်တော့။ သွေးတွေ ပိုထွက်သွားရင် ဖျောက်ရခက်လိမ့်မယ်"

ပူရစ်ရှိကေးဗစ်က ဝင်တားလိုက်သည်။

ခဏအကြာမှာပင် ရုပ်စိပြုတင်အသက်ထွက်ပြီး ငြိမ်ကျသွား၏။

ဒေါက်တာ လာဇိုဗတ်က အလောင်းဘေးတွင် ဒူးထောက်၍ ကျကျနန စစ်ဆေးသည်။

"ကျည်ဆံက နှလုံးကို တည့်တည့်ဖောက်သွားတာပဲ။ တစ်ခဏတည်း သေလောက်တဲ့ဒဏ်ရာပေါ့"

မင်းသားကြီးမစ်ထရီက အလောင်းကောင်ကြီးကို ဝက်ဝံမွေးကော်ဇောပေါ်မှ ကျောက်ပြားကြမ်းခင်းပေါ်သို့ ရွှေ့ထားခိုင်းလိုက်၍ ကပ္ပတိန်ဆုခိုတင်နှင့် ဆရာဝန်က နေရာရွှေ့လိုက်ကြ၏။ နောက် မြေတိုက်ခန်းတံခါးဝကို ပိတ်ပြီး အပေါ်ထပ်စာကြည့်ခန်းထဲ ဝင်နေလိုက်ကြတော့သည်။

* * *


www.burmeseclassic.com

www.burmeseclassic.com


## အသက်ဝင်လာသော အလောင်းကောင် ။ ၂၁ ။

အဖွဲ့ဝင်ငါးဦးသည် ဓာတုရင်နှင့် ရှရှားပြည်ကြီးအား မကောင်းဒေါါးတစ်ကောင်၏လက်မှ ကယ်တင်နိုင်လိုက်ပြီဆိုပြီး အောင်သေဘင်သားစားသလို ဝမ်းသာပီတိတွေ ဖြာနေမိကြ၏။

ခေတ္တအနားယူပြီးနောက် အစီအစဉ်အတိုင်း အော့ခရာနာ စုံဘက်များကို ခြေရာဖျောက်ရန် မျက်စိလှည့်စားဖို့ ပြင်ဆင်လိုက်ကြသည်။

ရုပ်စ်ပြူတင်ပျောက်ဆုံးမှုကို ခြေရာခံလျှင် မှိုက်ကာနန်းတော်၌ဆုံးနေသည်။ သည်တော့ ယူဆူပေါ့၏ စံအိမ်တော်မှ ရုပ်စ်ပြူတင်ထွက်သွားတာကို ပြသဖို့ လိုလာ၏။

ကပ္ပတိန် ဆုခိုတင်သည် ရုပ်စ်ပြူတင်နှင့် အရုပ်အမောင်းရောလေးချိန်ပါ အနီးစပ်ဆုံးတူသူ ဖြစ်၍ ရုပ်စ်ပြူတင်၏သားမွေးကုတ်ကျိုရှည်ကြီးနှင့် သိုးမွေးဦးထုပ်ကိုဆောင်းကာ အယောင်ဆောင်ဂိုက်၏။

ပြီးတော့ ၎င်းကို မြို့စားမင်းသားကြီး မစ်ထရီနှင့် ဒရိုင်ဘာဝတ်စုံဖျက်ထားသော ဒေါက်တာလာဇိုဗတ်တို့က ပူရစ်ရှ်ကေးဗစ်၏အားပြန်ပို့သည့်ပုံစံမျိုး သရုပ်ပြကြမည်။



www.burmeseclassic.com

www.burmeseclassic.com


ရုပ်စုံပြဇာတင်၏အဝတ်အစားများကို ပူရစ်ရှိကေးဇစ်ချ၏

ခြေနီဆေးရုံ မီးရထားတွဲထဲတွင် မီးရှို့ပစ်မည်။ ဘူတာရုံကမှ မင်း

ကြီးမစ်ထရီ၏နန်းတော်သို့ သွားကြမည်။ နန်းတော်ရှိ မစ်ထ

အလုံပိတ်ကားကို လဲယူလာမည်။ အလောင်းကို ထိုကားနှင့်တ

တစ်နေရာတွင် သွားဖျောက်ပစ်ရမည်။

အစီအစဉ်အရ မစ်ထရီတို့ ထွက်သွားကြချိန်၌ ပူရစ်ရှိကေ

နှင့် ယူဆုပေါ့တို့နှစ်ယောက်သာ စံအိမ်တော်တွင် စောင့်ကျန်ခဲ့ကြ

အပန်းလည်းပြေ စိတ်ငြိမ်ဆေးလည်းဖြစ်စေသော ဝိုင်တစ်ခွ

သောက်ရင်း နှစ်ဦးသား စကားစမြည်ပြောနေမိသည်။

"ဒီမိစ္ဆာကြီး မသာပေါ်သွားတဲ့အတွက် တို့တိုင်းပြည်မှာ

နည်းတဲ့သူထက် ဝမ်းသာသူတွေက များလိမ့်မယ်ထင်တာပဲ"

"တိုင်းပြည်ချစ်တဲ့လူ မှန်ရင်တော့ ဝမ်းသာကြမှာ မလွဲပ

သူ မရှိမှ ခေတ်သစ်ကို ပြောင်းလို့ရမှာ။ လူအဇော်များများ နားလည

တယ်"

"ဒါဆို ဒီလူဆိုးကြီးကို သုတ်သင်ပစ်လိုက်တာ ရာဇဝ

တစ်ရပ်လို့ ယူဆချင်မှ ယူဆကြလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် ဆယ်ရေးတစ်ရေးဆိုသလို အမှုပေါ်လာရင်

အတတ်နိုင်ဆုံး ရှင်းရမှာပဲ။ ဒီအတွက် ခုခံကာကွယ်ဖို့နည်းလမ်း

ဘက်စုံက ရှာထားရမှာပဲ"

ပူရစ်ရှိကေးဇစ်စကားအဆုံး၌ ယူဆုပေါ့ ကျောချမ်းသွား

ဆတ်ခနဲတွန့်သွားပြီး နောက်လှည့်ကြည့်လိုက်သည်ကို ပူရစ်ရှိက

မြင်လိုက်ပြီး –

"ဘာဖြစ်လို့လဲ"


www.burmeseclassic.com

www.burmeseclassic.com


"ဟို၊ မြေတိုက်ထဲက အသံလိုလို ကြားလိုက်ရတယ် ထင်လို့ပါ။ ကျွန်တော် သွားကြည့်လိုက်ဦးမယ်"

ယူဆူပေါ်က မြေတိုက်ခန်းထဲ အပြေးပြန်ဆင်းကြည့်မိသည်။

မီးခလုတ်ကို အရင်ဖွင့်လိုက်ပြီး၊ ပိတ်ထားသောတံခါးကို တွန်းဖွင့်သွားသောအခါ–

ရပ်စ်ပြူတင်က သူ့နေရာတွင် သူ လဲသေနေတာသာ တွေ့လိုက်ရ၏။

"ငါ စိတ်ထင်တာပါ။ ဘယ်သူ့မှလည်း မရှိဘူး။ တကယ်တော့ သူ သေပြီပဲ"

တစ်ယောက်တည်း ပြောလိုက်ပြီး၊ အလောင်းကောင်ကြီးနား ကပ်သွားသည်။ ကိုယ်ကို စမ်းကြည့်သည်။ ပူပူနွေးနွေးကလေး သေနေသည်။ သွေးတိုး စမ်းပြန်သည်။ သွေး မတိုးတော့ပါ။

ဒါနှင့်မှ စိတ်မကျေနပ်သေး။ ရပ်စ်ပြူတင်၏ လက်များကို ဆွဲမြှောက်ကြည့်သည်။ ပြန် ပစ်ချသည်။ ကိုယ်လုံးကြီးကို ထုလှုပ်မိသည်။

ဇက်ကျိုးလျက်ကြီးနှင့် အသေအတိုင်း ပြန်ကျသွားသည်။

သူ စိတ်ချလက်ချနှင့် ပြန်ထွက်တော့မည်ပြင်သည်။

နောက်ဆုံး စိုက်ကြည့်မိရာမှ–

အလို။ အလောင်းကောင်ကြီး၏ ဘယ်ဘက်မျက်လုံးက မျက်တောင် လှုပ်လိုက်သလိုလိုပါလား။ မျက်နှာပြင်ကလည်း ရှုံ့မဲ့မဲ့ကြီး ဖြစ်သွားသည် ထင်လိုက်ရ၏။

နောက်တော့ မျက်လုံးနှစ်ဖက် ဖြန်းခနဲ ပွင့်သွားပြီး ယူဆူပေါ့ကို မျက်လုံးပြူးကြီးတွေဖြင့် မုန်းတီးစက်ဆုပ်စွာ စိုက်ကြည့်နေပါလေပြီ ကောား။

ယူဆူပေါ့ အမယ်လေး ထ,အော်မိမတတ်။


www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်းကျတော့ လူက အမေ့သား အကြောင်သား
အကြောက်လွန်ပြီး လှုပ်မရတော့။

သူ သူ။ လူသေကြီးကို ပြန်နိုးခဲ့ပါပေါ့။

သည်မှာပင် မယုံနိုင်လောက်အောင် ဖြစ်ပျက်ခဲ့ရပါပြီ။

ရုပ်စိပ်ပြူတင်သည် အလောင်းကောင်ဘဝမှ ငေါက်ခနဲ ထ
လိုက်ရင်း အသံနက်ကြီးဖြင့် ကျုံးအော်လိုက်သည်။

"ယူ...ဆူ...ပေါ့... မင်းကို သတ်မယ်"

အလောင်းကောင်ကြီးက ယူဆူပေါ့လက်ကို ဖမ်းဆွဲပြီး ကုပ်
ထ၏။ ပြီးတော့ ပခုံးနှစ်ဖက်မှတစ်ဆင့် လည်ပင်းကို ကိုင်ညှစ်ဖို့ ကြိုး
စားပါတော့သည်။

သည်တော့မှ ယူဆူပေါ့လည်း သတိပြန်ဝင်လာပြီး ကြောက်အား
လန့်အား ရုန်းကန်မိတော့၏။

အလောင်းကောင်ကြီးကတော့ မျက်လုံးတွေ ကျွတ်ထွက်မတ
ပြူးပြူးကြီးနှင့် ပါးစပ်ကလည်း အမြှုပ်တွေ တစီစီကျလျက်။

"ဟီးဟီး...ဟင်းဟင်း...ဟီးဟီး"

မာန်ဖီနေကာ ယူဆူပေါ့ကို ဆွဲလှဲသတ်ဖို့ ပြင်နေ၏။

အဆိပ်တွေ တစ်ပုံကြီးမိထားပြီး နှလုံးကို သေနတ်ကျည်
ဖောက်ထားရာမှ သေသင့်ပါလျက် မသေဘဲ ထ,ရန်မူသည့်အဖြစ်
တွေးကြည့်လိုက်ပါက နှိုင်းစရာမရှိအောင် ကြောက်ဖို့ကောင်းလှပါ

ရုပ်စိပ်ပြူတင်ကား သေသည့်အထိ အားကောင်းတုန်း။

ဒါမှမဟုတ် အလောင်းကောင်ကြီးကို မကောင်းဆိုးဝါး အ
ခဲ့လေသလား မသိ။

ယူဆူပေါ့မှာ သူကိုယ်တိုင် လိပ်ပြာလွင့် အသက်ထွ
ဖြစ်သွားပြီး အလောင်းကောင်ကြီးကို သွေးရူးသွေးတ လုံး
သတ်ပုတ်နေခဲ့မိပါပြီ။


www.burmeseclassic.com

www.burmeseclassic.com


အလောင်းကောင်ကြီးက ကြောက်စရာအသံကြီးဖြင့် သူ့နာမည်ခေါ်ရင်း သူ့ကို အသေသတ်ဖို့ကြံခဲ့သည်။ ယူဆူပေါ့လည်း အသက်လုပြီး အားချင်းပြိုင် ရုန်းလားကန်လား တွန်းလားထိုးလား လုပ်ရ ဟာသည်။

သည်အဖြစ်က သူ့တစ်သက်လုံး အိပ်မက်ဆိုးကြီးသဖွယ် ချောက်လှန့်နေပါတော့မည်။

နောက်ဆုံး ကံအားလျော်စွာ တံတောင်နှင့်တွက်မိပြီး ခုံကောင်းမိသွားရာမှ အသေကောင်ကြီး တစ်ဘက်သို့ စောင်းလဲသွားသည်။

ယူဆူပေါ့လည်း အသည်းအသန် ခုန်ထ,လိုက်မိ၏။

ခပ်လှမ်းလှမ်းမှ ပြန်ကြည့်မိသည်။

အလောင်းကောင်ဘဝဖြင့် ပြန်ငြိမ်နေသည်ကို တွေ့ရ၏။ ဟော၊ ဟော။ ကြည့်နေဆဲ မျက်စိအောက်မှာပင် တလှုပ်လှုပ် ပြန်အသက်ဝင်လာသလိုပါလား။

ယူဆူပေါ့လည်း ဆက်မနေရဲတော့။ စုတ်ပြဲသွားသော အင်္ကျီပခုံးစဖတ်လပ်ကြီးဖြင့် အခန်းပြင်သို့ သေပြေးရှင်ပြေး ထွက်ပြေးခဲ့မိတော့သည်။ မသာကြီးကလည်း လေးဖက်ထောက်ပြီး နောက်ကထ,လိုက်လာ၏။

ယူဆူပေါ့ အပေါ်စာကြည့်ခန်းထဲသို့ မောကြီးပန်းကြီး ဟောဟဲဆိုက်ရောက်ခဲ့ရာမှ ကုလားထိုင်ပေါ်တွင် စီးကရက်ထိုင်သောက်နေသော ပုရစ်ရှိကေးဗစ်အား ဗလုံးဗထွေး အော်ပြောလိုက်မိ၏။

"ဟို...ဟို ကောင်ကြီး၊ မသေ...မသေသေးဘူးဗျ။ နောက်ကထ,လိုက်လာပြီ။ ခင်များ သေနတ် မြန်မြန်ပေးစမ်းပါ"

"ဟေ..."

ပုရစ်ရှိကေးဗစ်ချ် ခြောက်လုံးပြူးဆွဲ၍ ခုန်ထွက်လာ၏။



www.burmeseclassic.com

 www.burmeseclassic.com

ယူဆူပေါ့အား သေနတ်မပေးဘဲ သူကိုယ်တိုင် မြေတိုက်ထေ့ ကားရှိရာသို့ ကမူးရှူးထိုးဆင်းပြေးသွား၏။

ယူဆူပေါ့လည်း စားပွဲပေါ်တွင်တွေ့သော ခဲဖူးတပ်ဓာဝီတုဒ် ကိုယူ၍ နောက်က ကပ်လိုက်လာသည်။

သည်တွင် ခေါင်းနပန်းကြီးစရာမြင်ကွင်းက ရုပ်စ်ပြူတင် ကျော နာကြီးလိုအော်ရင်း လေ့ကားထိပ်၌ ဘွားခနဲရောက်လာခြင်းပါေ တည်း။

သို့ပေမယ့် ပူရစ်ရှ်ကေးဗစ်ချ်နှင့် ထိပ်တိုက်တွေ့လိုက်ပြီး တ ဘက်လှည့်ပြေးကာ မလွယ်တံခါးကိုတွန်းဖွင့်၍ အပြင်ဘက်ခြံထဲသို့ ပြေးထွက်သွားသည်။ သည့်နောက် မှောင်ထဲတွင် ပျောက်ကွယ်သွားပါပြီ။

ပူရစ်ရှ်ကေးဗစ်လည်း နောက်မှ ထက်ကြပ်ဝင်လိုက်သွားတာ လှမ်းတွေ့လိုက်ရသည်။

သိပ် မကြာလိုက်။

"ဒိုင်း"

"ဒိုင်း"

သေနတ်သံ နှစ်ချက် ဆင့်ထွက်လာ၏။

ယူဆူပေါ့လည်း မကောင်းဆိုးဝါးကြီးမလွတ်သာအောင် မြေ တံခါးမကြီးက သွားစောင့်နေသည်။

ထိုစဉ် လမ်းပေါ်က ဓာတ်တိုင်မီးရောင်အားဖြင့် အလောင် ကောင်ကြီး ကိုးရိုးကားရားပြေးလာသည်ကို မြင်လိုက်ရ၏။

သူက သော့ခတ်မထားသော ခြံဘေးတံခါးတစ်ခုသို့ ရှေ့ရှုလျက် အူယားဖားယား သွေးရူးသွေးတန်း ပြေးနေဆဲ။

"ဒိုင်း

တတိယသေနတ်သံ။

ဒိုင်း "စတုတ္ထသေနတ်သံ။



www.burmeseclassic.com

www.burmeseclassic.com


သေနတ်သံများ ကြားလိုက်ရပြီး ရုပ်စ်ပြုတင် မသာကောင်ကြီးသည် ရေခဲပုံကြီးတစ်ပုံဘေးတွင် ဟပ်ထိုးလဲကျသွားတာ လှမ်းတွေ့လိုက်ရ၏။

ပူရစ်ရှိကေးဗစ် မှောင်ရိပ်မှ ပြေးထွက်လာသည်။

ရုပ်စ်ပြုတင်လဲကျရာသို့ သွားကြည့်သည်။

ပြီးတော့ ဒီတစ်ခါတော့ တကယ်သေပြီဟု စိတ်ချလက်ချအမူအရာဖြင့် အိမ်ထဲ ပြန်လှည့်ဝင်သွား၏။

ယူဆူပေါ့ကလည်း လှမ်းခေါ်ဖို့ ကြိုးစားသေးသည်။

အလောင်းကြီးကို ခြံထဲမှာ ဒီအတိုင်းပစ်ထားခဲ့လို့ မတော်ဘူး မဟုတ်လား။

သို့ပေမယ့် သူ့လည်ချောင်းက တစ်ဆို့နေသလို အော်လို့မရ။

အသံထွက်လာပြန်တော့လည်း တိုးတိုးလေး။

ပတ်ဝန်းကျင်တစ်ခုလုံး ဆိတ်ငြိမ်နေ၏။

သူမှလွဲ၍ သက်ဝင်လှုပ်ရှားမှု မရှိ။

ယူဆူပေါ့ စိတ်တင်းအရဲစွန့်ပြီး ရုပ်စ်ပြုတင်ကို သွားကြည့်မိသေးသည်။ ငနဲကြီး မသေမှာကို သူ သိပ်စိုးရိမ်နေ၏။ သေမှပဲ စိတ်အေးရမယ် မဟုတ်လား။ ခုနလို ပြန်ထ,လာရင်တော့ အခက်။ ခုနလို ၊ 'ဟင်း' သက်ပြင်းချလိုက်ရသည်။ မသာကြီး အဟုတ်ကို ကိစ္စချောနေပါပြီ။ အသက်ရှင်သည့် အရိပ်အယောင် ဘာမှမပြတော့ပါ။

ဘယ်ဘက်နဖူးစောင်းမှာတော့ ဟက်တက်ကွဲဒဏ်ရာကြီးနှင့်။

ပူရစ်ကေးဗစ် ဖနောင့်နှင့် ဆောင့်ကန်ထားတဲ့ ဒဏ်ရာဖြစ်နောက်တော့ သိရသည်။

ထိုစဉ် ခြံအပြင်ဘက်လမ်းပေါ်မှာ လူတချို့ပေါ်လာသည်။


www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်တစ်ယောက်က တံခါးမကြီးအတိုင်း ခြံထဲ ဝင်လာသည်။ အိမ်ထဲမှာလည်း အစေအပါးနှစ်ယောက် ပြေးထွက်လာတာ တွေ့လိုက်ရ၏။ ယူဆူပေါ့လည်း ပုလိပ်လာရာလမ်းကို ဖြတ်တားလိုက်သည်။

ရပ်စ်ပြူတင်အလောင်းကို မမြင်ရအောင် ကိုယ်လုံးနှင့် ကွယ်ထားလိုက်ခြင်းလည်း ဖြစ်သည်။

ယူဆူပေါ့ကိုမြင်မြင်ချင်း ပုလိပ်က မှတ်မိသွား၏။

"အရှင်မင်းသား။ ခုန သေနတ်သံ ကြားလိုက်သလိုပဲ။ ဘာများ ဖြစ်တာပါလဲ"

"အို၊ ဘာမှ ကြီးကြီးကျယ်ကျယ်မဟုတ်ပါဘူးကွာ။ ငါ့မိတ်ဆွေ တွေနှင့် ပျော်ပွဲစားကြရင်းက အမူးလွန်သွားတဲ့ ငနဲတစ်ကောင်ကို မူးပြီးရမ်းတာပါ။ မိုးပေါ်ထောင်ဖောက်တဲ့သေနတ်က လူတွေအိပ်ပျော်ရာ ရုံလောက်ပဲ ရှိမှာပေါ့။ အေး၊ သူများက မေးရင်လည်း ဒီအတိုင်းသာ ပြန်ပြောလိုက်"

စကားတပြောပြောနှင့် ပုလိပ်ကို တံခါးဝဆီ မသိမသာပြန်ပို့ လိုက်သည်။

နောက်မှ ရပ်စ်ပြူတင်သေနေရာသို့ ပြန်လာမိသည်။

သူ့တပည့်နှစ်ယောက် အလောင်းနားရောက်နေရာမှ ပူရစ်ရှ်ကေး ဗစ်က အိမ်ထဲ သယ်သွားခိုင်းနေ၏။

ယူဆူပေါ့ မယုံမရဲနှင့် ထပ်ကြည့်မိတော့ စောစောက ညာဘက် စောင်းနေရာမှ ခုတော့ ဘယ်ဘက်လှည့်နေတာ တွေ့လိုက်ရ၏။

မျက်စိမှောက်တာလား။ အမှတ် မှားတာလား။ ဘုရား ဘုရား တကယ်မသေသေးရင် ငါ့ကို လာလည်ပင်းညှစ်နေဦးမယ် ထင်ပါရဲ့။

တွေးကြောက်လာရာမှ ယူဆူပေါ့လည်း အိမ်ထဲ ပြန်ဝင်ခဲ့လေ ၏။ စာကြည့်ခန်းထဲ ပြန်ရောက်ချိန်အထိ ပူရစ်ရှ်ကေးဗစ် ပေါ်မလာ



www.burmeseclassic.com

www.burmeseclassic.com



ယူဆူပေါ့ မျက်လုံးထဲမှာတော့ တဟင်းဟင်းမာန်ဖီသံကြီးဖြင့် ...သးဖက်ထောက်ကြီး သူ့နောက်ကလိုက်လာသော အလောင်းကောင် ...ကြီးသာ မြင်ယောင်နေမိ၏။

အသည်းတထိတ်ထိတ် ရင်တလှပ်လှပ် လိပ်ပြာတလန့်လန့် ...ချောက်ချားမှုးဝေနေခဲ့ရသလို သူ့တစ်ကိုယ်လုံး ယိမ်းယိုင်နေခဲ့ရပါပြီ။

ထိုစဥ်မှာပင် ပူရစ်ရှိကေးဗစ်က သူ့နောက်က အမှတ်တမဲ့ လက် ...ဆာင်းကို လှမ်းဆွဲလိုက်သဖြင့် အမယ်လေး တ,လိုက်ရသေး၏။

"ဘာမှ ပူစရာမရှိတော့ပါဘူး။ စိတ်အေးအေးထားပြီး နားလိုက် ...ဦး"

"လောလောဆယ် ရင်ငြိမ်သွားအောင် ရေအေးအေးလေး ...သောက်လိုက်မှပါပဲ"

ယူဆူပေါ့ ရေတစ်ဖန်ခွက်မကုန်ခင်မှာပင် တပည့်ကျော် ဝင် ...လာပြီး–

"ခုန အရှင်နှင့်တွေ့သွားတဲ့ပုလိပ်က စကားပြောချင်လို့ပါတဲ့"

ပူရစ်ရှိကေးဗစ်က စာကြည့်ခန်းအပြင်ထွက်၍ ပုလိပ်နှင့် ရင်ဆိုင် ...လိုက်သည်။

"ဒီမယ်ဟေ့။ ရပ်စ်ပြူတင်ဆိုတာ မင်း ကြားဖူးတယ် ဟုတ် ...သား။ တို့တိုင်းပြည်ကို ရောင်းစားနေတဲ့ ကောင်ကြီးကွ။ ပြီးတော့ ဘုရင့် ...ကို သစ္စာဖောက်နေတဲ့ ဂျာမန်သူလျှိုကောင်။ သူ့ကြောင့် စစ်မြေပြင်မှာ ...တို့လူတွေ အထိနာနေရတာကော မင်း သိသလား"

ဒေါက်ကြီးမောကြီးနှင့် ပူရစ်ရှိကေးဗ်ကပြောနေသမျှ ပုလိပ်မှာ ...ဘာပြန်ပြောရမှန်း မသိ။ ပါးစပ်အဟောင်းသား ငြိမ်နေရ၏။

"ငါ ဘယ်သူလဲဆိုတာကော မင်း သိရဲ့လား။ မှတ်ထား။ ငါက ...ဒူးမားလွှတ်တော်အမတ်ကြီးကွ။ မင်း ကြားလိုက်ရတဲ့သေနတ်သံဟာ



www.burmeseclassic.com

www.burmeseclassic.com


အဲဒီ ရုပ်စပြုတင်ဆိုတဲ့ မကောင်းဆိုးဝါးကြီးကို အပြတ်ရှင်းပစ်လိုက်တာ ဆိုင်းပြည်နှင့် ဘုရင်မင်းမြတ်ကို မင်းချစ်ရင် မင်း ပါးစပ်ပိတ် ပြန်တော့

အမှန်တော့ ပူရစ်ရှိကေးဇစ်ချိတစ်ယောက် ဝမ်းသာလုံးဆို့ သူ့ကိုယ်သူ ဘာတွေပြောလို့၊ ဘယ်စကားက ဘယ်ရောက်မှန်း တွေ မိဟန်မတူ။

"ဟုတ်ကဲ့ ဆရာ။ ဆရာပြောတဲ့အတိုင်းဆိုရင်တော့ ကောင်း ပါတယ်။ ဒါပေမယ့် အထက်ကမေးရင်တော့ ကျွန်တော်လည်း ဝတ္တရား အရ အမှန်အတိုင်း အစီရင်ခံရမှာပဲ"

ဗုလိပ်က တောင်းပန်သံဖြင့် ပြောသွား၏။

ပူရစ်ရှိကေးဇစ်လည်း ပုလိပ်နောက်က ဗျစ်တောက်ဗျစ်တောက် လုပ်၍ လိုက်သွားသည်။

ထိုစဉ် ယူဆူပေါ့၏လူယုံတော်က ရုပ်စ်ပြုတင်၏အလောင်း ကို နောက်ဘက် ကြောင်လိမ်လှေကားအောက်တွင် ဝှက်ထားပြီးပါပြီ သတင်းလာပို့၏။

ယူဆူပေါ့လည်း ခေါင်းမူးနေသည့်ကြားမှ အားတင်းပြီး လူ ယုံတော်ခေါ်ရာနောက်သို့ လိုက်ခဲ့မိသည်။

ရုပ်စ်ပြုတင်အလောင်းတ ဆန့်ဆန့်ကြီး။

ဒဏ်ရာတွေက သွေးများစီးကျနေ၏။

မျက်နှာတစ်ခုလုံး သွေးတွေ စိုရွှဲလိမ်းကျံလျက်-

မသာကောင်ကြီးကို မကြည့်ချင်တော့ပါဘူးလို့ စိတ်ထဲ ပေါ် လင့်ကစား လူကတော့ အငေးသား။

ကြည့်ရင်းက ခေါင်းနှစ်ခြမ်းကွဲမတတ် မှန်းတီးနာကြည်းမှုများနှင့် ဒေါသလှိုင်း ထ,လာသည်။

ယူဆူပေါ့ စိတ်ရှုးပေါက်သွားပြီပဲ ဆိုရမည်။


www.burmeseclassic.com

www.burmeseclassic.com



ရုပ်စ်ပြူတင်၏ အသက်မဲ့အတ္တဘောကြီးကို သူ့လက်ထဲမှ ဓာတ်ဗူး တုတ်ဖြင့် ညက်ညက်ကျေအောင် ဝင်ရိုက်နေမိပါတော့၏။

"ကဲကွာ၊ မသေဦးကွာ"

'ဖုန်း'

"အသက်ပြင်းဦးကွာ"

'ဖုန်း'

"သရဲစီးဦးကွာ"

'ဖုန်း'

"ငါ့ကို လည်ပင်းညှစ်ဦးကွာ"

ဖုန်း

"မှတ်ပလား ဖုတ်ဝင်တဲ့ကောင်ကြီး။ ခု ဘာတတ်နိုင်သေးလဲ"

ဖုန်း

အငြိုးတကြီးနှင့် နောက်တစ်ကျော့ ပြန်ထ,လာမှာကို စိုးကြောက်မှုဖြင့် လူသေအလောင်းကြီးအား ယူဆူပေါ် စိတ်ရှိလက်ရှိ ရိုက်နှက်ထုချေနေလိုက်သည်။

ပုရစ်ရှုံကေးဗစ် နောက်ကရောက်လာပြီး သူ့ကို တအံ့တဩ ကြည့်နေသည့်အဖြစ်ကိုပင် သူ မသိ။

ထို့နောက် ခြေကုန်လက်ပန်းကျ၍ ပုံလျက်သား လဲမတတ် ယိုင်မူးနေသောသူ့ကို လူယံတော်က အိပ်ဆောင်သို့ တွဲပို့လိုက်ရ၏။

မင်းသားကြီးမစ်ထရီ၊ ကပ္ပတိန်ဆုခိုတင်၊ ဒေါက်တာလာဗီ ဇတ်တို့ အလုံပိတ်ကားကြီးနှင့် ရောက်လာကြသည်။

အလောင်းကို စောင်နှင့်ပတ်၊ ကြိုးနှင့်တုပ်ပြီး ကားပေါ်တင် ယူသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပက်ထရော့စကီးတံတားပေါ်မှ နီဗာမြစ်ထဲသို့ ပစ်ချ ဖျောက်ဖျက်လိုက်ကြတော့၏။

မိုးလင်းလုဆဲဆဲ။

ရုပ်စုံပြူတင်ကား မပြုန်လမ်းသို့ မြန်းရှုရှာပြီ ဆိုရလေမလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာ ၁၇ ရက် နံနက် ။ ၂၂ ။

ဖောင်တင်ကားလမ်းရှိ ရပ်စ်ပြူတင်၏ တိုက်ခန်း။

မနက် ငါးနာရီအချိန်။

အိမ်ဖော်မလေး ကာတီးယား ပုံမှန်အတိုင်း နိုးလာသည်။

နိုးနိုးချင်း ဘာမျှမလုပ်သေးဘဲ သူ့သခင်ကြီးအိပ်ခန်းသို့ သွား ကြည့်သည်။ ရပ်စ်ပြူတင်၏အဝတ်အစားတွေနှင့် ဖိနပ်ကိုသိမ်းပြီး ...က်ချွတ်လျှော်ဖွပ်တာ သူ့ဝတ္တရား။

ဒါပေမယ့်

အိပ်ရာပေါ်မှာ ဘယ်သူမှ မရှိ။ ဟာလာဟင်းလင်း။

ခုလိုအချိန်မျိုး အိမ်ပြန်ရောက်လေ့မရှိတာ ရိုးနေသော်လည်း ...က ဆရာကြီး၏အပြုအမူ၊ လုပ်ရပ်တွေ၊ ဖြစ်ပုံတွေက ဆန်း... ...တ်ဝင်စားဖွယ် လျှို့ဝှက်စွာ ရပ်ဖျက်လာသော ညေ့သည်။

ဆရာကြီးနှင့် ညေ့သည် တီးတိုးပြောနေသည့်...

အားလုံးက ကာတီးယားအတွက် ရင်မအေး စိတ်...

...ဖစ်နေ၏။

ကာတီးယားလည်း ဆရာကြီး၏သမီးနှစ်ပါး... ...သော်နာနှင့် ဗာရီယာတို့အိပ်ခန်းသို့ တန်းပြေးခဲ့သ...



www.burmeseclassic.com

www.burmeseclassic.com


"မက်ထရီယော်နာ။ ထစမ်းပါဦး။ ဂရေဂိုရီ ခုထိအိမ်ပြန်မရောက်သေးတာ စိတ်ပူလို့"

သမီးကြီးက အိပ်မှုန်စုံဖွားနှင့် ထ,လာပေမယ့် ညက သူ့အမေ မှာ သွားသည့်စကားကို ချက်ချင်း သတိရလိုက်သည်။

ကာတီးယားၡ အစိုးရိမ်လွန်မှုကို ကျဲမြီးတိုသွားသလို–

"ဟာ။ အဖေကြီးက မင်းသားလေးဆီ သွားမယ်လို့ ငါ့ကို ပြောသွားတာပဲ။ ဟိုမှာ ညအိပ်နေလို့ ဖြစ်မှာပေါ့ တော်မလေးရဲ့ အိပ်ရေးမဝတဲ့ကြားထဲ သူက တမျောင့်"

မြည်တွန်တောက်တီးပြီး ပြန်လှဲအိပ်ချလိုက်၏။

နံနက် ခုနစ်နာရီမှာ ကာတီးယားက အလိုက်ကန်းဆိုးစွာ လာနှိုးပြန်သည့်အတွက် မက်ထရီယော်နာ မကျေမနပ် ထခဲ့ရပြန်သည်။

ကာတီးယားက ကတုန်ကရင် ကြောက်ရွံ့ထိတ်လန့်လျက် သူ၏ အတင်းလှုပ်နှိုးရင်းမှ

"မမ မြန်မြန်ထ။ ပုလိပ် ပုလိပ်တွေ လာကုန်ပြီ"

မက်ထရီယော်နာ မျက်လုံးကျယ်သွားရတော့သည်။

ငေါက်ခနဲ ထ,ထိုင်ပြီး၊ ညီမငယ် ဗာရီယာကိုပါ နှိုးမိ၏။

ပြီးတော့ ညအိပ်ဝတ်စုံကို ကမန်းကတန်း ချွတ်လဲပြီး ပုလိပ်တွေ စောင့်နေရာ ဧည့်ခန်းထဲသို့ ထွက်လာခဲ့၏။

ပုလိပ်အရာရှိတစ်ဦးက–

"ညက ဆရာကြီး ဂရေဂိုရီ အက်ဖိမိုဗစ်ချ် ဘယ်ကို သွားသလဲ" ဟူသောမေးခွန်းကို ဆီးမေး၏။

မက်ထရီယော်နာက "မင်းသားလေးဆီ သွားတာပဲ"ဟု ဖြေ၍ ဗာရီယာက ထောက်ခံအတည်ပြုခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com



ကာတီးယားကလည်း ညသန်းခေါင်နီးပါးတွင် သားမွေးကုတ် အင်္ကျီနှင့် ဦးထုပ်ကိုငိုက်ချထားသော ဧည့်သည်တစ်ယောက် ရောက်လာပုံကို ဖွင့်ပြောလိုက်သည်။

သည့်နောက် ပုလိပ်တွေက တံခါးစောင့်နှင့် အိမ်နီးချင်းများကို ပါ စစ်မေး၏။

နန်းတော်သုံး ကားအကောင်းစားကြီးတစ်စီး ဆိုက်လာက သားမွေးကုတ်နှင့် ပုဂ္ဂိုလ်တစ်ဦးဆင်းလာပြီး နောက်ဖေးပေါက်မှ ရုပ်စိပြုတင်အခန်းသို့ ဝင်ခဲ့ကြောင်း ပြောခဲ့ကြသည်။

ပုလိပ်များလည်း ရသမျှသတင်းကို ရေးမှတ်ပြီး ဘာတစ်ခွန်းမျှ မပြောဘဲ ပြန်သွားကြ၏။

တစ်အိမ်သားလုံး ဘာတွေများဖြစ်လို့ပါလိမ့် ဟူသောပုစ္ဆာကို အမျိုးမျိုးအဖြေရှာရင်း ရင်တုန်နေကြရပါပြီ။

မက်ထရီယော်နာလည်း ကြံရာမရဖြစ်ပြီး၊ မာရီယာဂလိုဗီနာထံ တယ်လီဖုန်း ကောက်ဆက်မိသည်။

အကျိုးအကြောင်း ပြောပြလိုက်သည့်အခါ မာရီယာက–

"မင်းသားလေးအိမ် သွားတာဆိုရင် ဘာမှ စိုးရိမ်စရာမရှိပါဘူးလေ။ အချိန်တန်တော့ ပြန်လာမှာပေါ့"လို့ ချွေးသိပ်ခဲ့သည်။

နံနက် ၈ နာရီ။ ခါတိုင်းလို ဝတ်ပြုနေကျ ဘာသာရေးသမားများ အကူအညီလာတောင်းသူများ တဖွဲဖွဲ ရောက်လာကြသည်။ ဧည့်ခန်းထဲ လူတွေပြည့်သွားချိန်အထိ ရုပ်စိပြုတင် ပေါ်မလာသေး။

နံနက် ၁၀ နာရီ။ ဇာကိုစယ်လိုမှခေါ်သော တယ်လီဖုန်းသံ မြည်လာသည်။ ယခင်နေ့များကဆိုလျှင် အစေအပါးတစ်ယောက်ယောက် သို့မဟုတ် တပည့်မတစ်ယောက်က လာနားထောင်ပြီး ဆရာကြီးကို သွားအကြောင်းကြားစမြဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ဖုန်းရှိရာသို့ တစ်အိမ်သားလုံးပြေးလာကြပြီး တစ်ယောက်တစ်ခွန်း အလုအယက်နှင့်ပြောကြသံများ ဆူညံသွားသည်။ ပြီးတော့မှ လူတွေမကြားရအောင် အခန်းတံခါးပိတ်ထားလိုက်ကြသည်။

ဘာပဲဖြစ်ဖြစ်၊ ဘုရားဝတ်ပြုလာသောသူတွေနှင့် ညှိသည်ဖြေ့ အဖို့ နေ့တိုင်းနှင့်မတူ တစ်မူခြားနေသည့်အတွက် တစ်ခုခုတော့ တစ်ခု ခုပဲလို့ သိနေကြ၏။

ရုပ်စ်ပြုံတင် ပေါ်မလာသေးသလို အိမ်သားတွေ ပျာယာခတ်ပြီး ခေါင်းချင်းရိုက်နေကြပုံတွေကို ဘာကြောင့်ဆိုတာတော့ ဘယ်သူမှ မသိ။

နံနက် ၁၁ နာရီ။ မာရီယာ ဂလိုဗီနာနှင့် သူ့ခမေရောက်လာကြသည်။ ရုပ်စ်ပြုတင် ခုထိ ပြန်မရောက်သေးတာ သိသွားရာမှ မျက်နှာ ညှိုးသွားတော့၏။

ထို့နောက် အဖြေသိအောင် သူ စုံစမ်းပေးပါမည်ဆိုကာ အပြင်ထွက်သွား၏။ ခဏအကြာ ပြန်လာပြီး သစ်သီးဆိုင်တစ်ဆိုင်မှ မင်းသား ယူဆူပေါ့ထံ ဖုန်းဆက်မေးမြန်းကြောင်း၊ ယူဆူပေါ့ အပြင်ထွက်သွား သည်ဟုသာ သိရကြောင်း၊ ဖုန်းကိုင်သူကို ဘာမျှ မေးမရကြောင်းများ ပြောပြသည်။

မိန်းမသားတစ်စုမှာ ထမင်းစားပွဲကြီးကို ဝိုင်းထိုင်ပြီး အတွေး ကိုယ်စီဖြင့် ပင့်သက်ဖြာရင်မောလျက် ငြိမ်နေမိကြသည်။

ဖုန်းသံ မြည်လာပြန်ပါပြီ။

ကာတီးယား ပြေးကိုင်သည်။

"ယူဆူပေါ့မင်းသားက မက်ထရီယော်နာနှင့် စကားပြောချင်လို့ တဲ့"

မက်ထရီယော်နာမှာ စိုက်တွေနေပြီး လှုပ်တောင်မလှုပ်နိုင်သဖြင့် မင်းသမီးကြီး ဂလိုဗီနာက ဖုန်းသွားထူးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂလိုဗီနာသည် ဖုန်းထဲတွင် အင်္ဂလိပ်စကားဖြင့် အပြန်အလှန် ပြောနေ၏။ မဒမ်ဂလိုဗီနာ ဖုန်းချပြီးပြန်လာတော့ မျက်နှာမှာ ဓါးရွက်ခန့် သာ ရှိတော့သည်။

"ယူဆူပေါ့က ဂရေဂိုရီ ညက သူ့ဆီ မလာပါဘူးတဲ့"

အသိပေးလိုက်ရာမှ အမျိုးသမီးတွေ ကျွက်ကျွက်ဆူသွားပါ တော့၏။

သမီးနှစ်ယောက်နှင့် သူတို့၏အထိန်းတော်မလေးက ရုပ်စိပြုလု တင် ကိုယ်တိုင် "မင်းသားလေးဆီ သွားမည်"ဟု ငွေ့ပြောနှုတ်ဆက်သွား ကြောင်း ဝိုင်းပြောကြသလို၊ ကာတီးယားကလည်း ရုပ်စိပြုလုတင်ကို သန်းခေါင်ယံလာခေါ်သူမှာ မင်းသားလေးမှ မင်းသားလေးအစစ်ပါ ဟု ကျိန်တွယ်ပြော၏။

ဂလိုဗီနာက "ဒါဆိုလည်း ငါ နားကြားလွဲလို့ ဖြစ်မှာပါ"ဟု အသံတိမ်တိမ်လေးဖြင့် ညည်းလိုက်၏။

တကယ်တမ်းအားဖြင့်လည်း တယ်လီဖုန်းသတင်းကို ဘာကို စောင့်မှန်းမသိ စောင့်နေခဲ့ကြရပြန်သည်။

အချိန်နာရီတွေ တဖြည်းဖြည်း ကုန်လာသည်နှင့်အမျှ သည်း ထိတ်ရင်ဖိုမှုတွေ ပိုခံစားနေကြရ၏။

တစ်ခန်းလုံး ငြိမ်သက်နေသည်။

ထိုစဉ်မှာပင် ဘုန်းတော်ကြီး အီဆီဒါနှင့် ပုလိပ်အရာရှိတစ်ဦး ရောက်လာကြတော့သည်။

အီဆီဒါကား ရုပ်စိပြုလုတင်ပျောက်နေသည်ကို သိသိချင်း အသည်း အသန်လိုက်ရှာနေခဲ့သူ ဖြစ်၏။

ပုလိပ်အရာရှိကတော့ ဘွတ်ဖိနပ် ရှဲ့မပေအောင် အပေါ်က ဆပ်စွပ်ပြီးစီးသော ရာဘာအခွံကြီး ကိုင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ မက်ထရီယော်နာရှေ့ စားပွဲပေါ်သို့ တင်လိုက်ရာ-

"ခင်ဗျားဟာ ဂရေဂိုရီ ရုပ်စ်ပြူတင်ရဲ့သမီးဆိုရင် ထရီယု ဂိုလ်နှစ်ကလုပ်တဲ့ ဟော့ဒီဖိနပ်အစွပ် နံပါတ် ၁၀ကို ကြည့်စမ်းပါ။ ခင်ဗျားအဖေရဲ့ ပစ္စည်းလားလို့"

ပုလိပ်သံပါပါနှင့် မေးလိုက်သည်။

မက်ထရီယော်နာက ရော်ဘာဖိနပ်အစွပ်ကြီးကိုယူပြီး စက္ကန့်ပိုင်းမျှ စစ်ဆေး၏။

သည့်နောက်တော့ ဘာအဖြေမျှမပေးနိုင်ဘဲ ရှိုက်ကြီးငင်ကြီး ငိုချလိုက်ရတော့သည်။

ပုလိပ်အရာရှိက ထိုဖိနပ်အစွပ်ကို မိုးလင်းစက ပက်ထရိုဗက်စကီ မြစ်ကူးတံတား တိုင်အမှတ် ၃ နှင့် ၄ ကြား၌ တံတားစောင့်နှင့် အလုပ်သမားများက တွေ့ခဲ့ပုံနှင့် ရေခဲပြင်ပေါ်တွင် သွေးစွန်းသွေးကွက်များလည်းရှိနေကြောင်းကို ဖောက်သည်ချ၏။

သူ့စကားကို ဘယ်သူမျှ ဂရုမစိုက်အားတော့ပါ။

သမီးများလည်း ပဋ္ဌာမြေလူး ဖြစ်ကုန်သည်။ အစေအပါး တပည့် တပန်းများလည်း အရူးတစ်ပိုင်းဘ၀နှင့် ဟိုပြေးဒီပြေး၊ ငိုသူငို တက်သူ တက် ကမ္ဘာပျက်သည့်အလား။

"တို့အရှင် မရှိတော့ဘူး"ဆိုပြီး ရင်ကွဲပက်လက်နှင့် အော်ငိုသံ များက နားကွဲမတတ် ပွက်ပွက်ညံခဲ့ရပါပြီ။

တပည့်မတစ်ယောက်က သူ့ဆရာသခင်ကို တမ်းတမ်းတတ ငိုကြီးချက်မနှင့်-

"ကျွန်မတို့ဆရာကြီးဟာလေ၊ ဒီလဆန်းကတည်းက သူ့ကိုယ်သူ ကြိုသိနေခဲ့တာပါ။ သူဟာ မရှုမလှဖြစ်ပြီး သေရမှာတဲ့။ ဘုရားသခင်က အများအတွက် စတေးခံဖို့ သူ့ကို ရွေးချယ်သွားပြီတဲ့။ ပြောထားခဲ့တာ ခုတော့ သွေးထွက်အောင် မှန်နေပါပေါ့လား"


www.burmeseclassic.com

www.burmeseclassic.com



နောက်တပည့်မတစ်ဦးကလည်း–

"ဆရာအရှင်က သူ သေတော့မှာကို ကြိုသိခဲ့တာပဲ။ ဒါကြောင့် သည်း သူ့သား ရှာပြန်မယ်လုပ်တော့ 'မစ်ရှား။ မင်းမသွားနှင့်တဲ့။ နှစ်သစ်ကူးအောင် ငါ နေရမှာမဟုတ်ဘူး"တဲ့။

မျက်ရည်သုတ်ရင်းက တတွတ်တွတ်ပြောမဆုံး။

ထိုအတွင်း ပုလိပ်နှင့် စုံထောက်တွေ အဖွဲ့လိုက် ထပ်ရောက်လာသည်။

ဘုရားဝတ်ပြုမည့်သူတွေကို ပြန်နှင်လွှတ်သလို၊ အကူအညီတောင်းခံဖို့ လာစောင့်ကြသောအရာရှိများနှင့် လူကုံထံများလည်း အလျှိုလျှို လစ်ပြေးကြကုန်၏။

ပုလိပ်နှင့် စုံထောက်များသည် ရပ်စ်ပြူတင်၏ ငွေများသာမက စာရွက်စာတမ်းတွေကိုပါ စစ်ဆေးဖို့ တစ်အိမ်လုံး မွှေနှောက်ရှာကြသည်။

အထူးသဖြင့် မိဖုရားကြီးအဲလစ်စ်နှင့် စာချင်း အဆက်အသွယ်ရှိနေကြောင်း သတင်းအရ သိမ်းဆည်းဖျောက်ဖျက်ပစ်ရန် မိဖုရားကြီး၏ စာများကို အဓိကထား၍ ရှာခဲ့၏။

ရပ်စ်ပြူတင် ပျောက်ဆုံးနေမှုနှင့် ကြမ္မာငင်သည့်အလားအလာရှိနေကြောင်းသတင်းများကား တစ်မြို့လုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပါလေပြီ။

* * *

အန်နာဗူရှဘောဗာ မင်းသမီးက မိဖုရားကြီးထံဖုန်းဆက်၍ ထိုသတင်းကို ပို့လိုက်သည်။

မိဖုရားကြီးလည်း မနေ့ညနေက ဗူရှဘောဗာနှင့် သူ ပြောခဲ့သည့် စကားများကို အမှတ်ရလိုက်၏။

ဆရာကြီးရပ်စ်ပြူတင်ဟာ ယူဆူပေါ့မင်းသားရဲ့ ကြေးရာတော်ကို ဆေးကုရအောင် မွိုက်ကာစံအိမ်တော်ကို သွားမလို့တဲ့။ ဘုရား ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့၊ အီရီနွားမင်းသမီးက စိန့်ပီတာစဘတ်မှာမှ မရှိဘဲ။ ကျောင်း
မီးယားမှာ ရောက်နေတာမဟုတ်လားလို့"

ခုတော့ သူတို့နှစ်ယောက်သား ပဟေဠိကို အဖြေသိခဲ့ရ
ပြီကော။

မိဖုရားကြီးလည်း ရှုဘောဗာ၏အကြံပေးချက်အရ တရား
ဌာနတာဝန်ခံ ပရိုတော့ပိုပေါ့ကို ဆင့်ခေါ်၍ အဖြစ်အပျက်နှင့် နော
ဆုံးအခြေအနေများကို မေးကြည့်မိလေ၏။

ပရိုတော့ပိုပေါ့က သူ ရပ်စ်ပြူတင်အား အပြင်ထွက်မလည်
သွားတားခဲ့ပုံ၊ ထိုကြားထဲမှ ရပ်စ်ပြူတင်က ယူဆူပေါ့နှင့် တွေ့ဖို့သွာ
မည်ဟု ပြောခဲ့ပုံ၊ မနေ့ည သန်းခေါင်ကျော်၌ ယူဆူပေါ့စံအိမ်မှ
နတ်သံများ ထွက်လာပုံ၊ သွားရောက်စစ်ဆေးသော ပုလိပ်နှင့် ယူဆူ
မင်းသား တွေ့ခဲ့ပုံ၊ အမတ်ကြီးပူရစ်ရှ်ကေးဗစ်က ထိုပုလိပ်အား ရပ်စ်
တင်ကို တို့ သတ်လိုက်ပြီ၊ ဇာဘုရင်ကိုချစ်လျှင် ဘယ်သူမှမပြောနှင့်
နှုတ်ပိတ်ခဲ့ပုံအထိ အသေးစိတ်ရှင်းပြလိုက်သည်။

ထိုအခါ ဇာဘုရင်မင်းမြတ်မှာ ရှေ့တန်းစစ်စခန်းဌာနချုပ်
ရောက်နေသလို၊ ကိုယ်ရံတော်ဗိုလ်များနှင့် နန်းတော်အရာရှိများပါ ဘု
နောက်ပါသွားသဖြင့် မိဖုရားကြီးခမျာ အားကိုးရာမဲ့ ဖြစ်နေရသည်

"တို့သားတော်လေးအသက်ကို ကယ်ထားတဲ့ ကျေးဇူးရှင်ကြီး
နန်းတော်ထဲမှာ အစစအရာရာ အားကိုးရပြီး အဘက်ဘက်က အ
ဉာဏ်ပေးနေတဲ့ ကျေးဇူးရှင်ကြီးကိုမှ ရွေးသတ်ရက်ပလေတယ်။
စက်ကြပါပေရဲ့"

လွမ်းလွမ်းဆွေးဆွေးပြောရင်း ရှုဘောဗာမင်းသမီး၏လည်
ပေါ်ဝှင် မေးတင်၍ မျက်ရည်ပေါက်ပေါက်ကျကာ ငိုပွဲဆင်ရှာ
တော့၏။


www.burmeseclassic.com

www.burmeseclassic.com 

ထို့ပြင်-

စစ်မြေပြင်မှ ဘုရင်ကြီးထံသို့လည်း ၁၉၁၆ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နေ့စွဲဖြင့် သွေးထိုးတိုင်တန်းစာ ပို့ခဲ့သည်။

"မိတ်ဆွေကြီး ပျောက်ဆုံးမှုအတွက် နှမတော် ဘယ်လိုပူဆွေး ခံစားနေရမယ်ဆိုတာ မောင်တော် တွေးသာကြည့်ပါတော့။ မနေ့ကပဲ အန်နာက 'သူ'နှင့်တွေ့လို့။ 'သူ'က ယူဆူပေါ်က ဒီညဖိတ်ထားတာ ပြောခဲ့သေးတယ်တဲ့။ သန်းခေါင်ကျတော့ မှူးမတ်ကားနှင့် လူနှစ်ယောက် လာခေါ်တာနှင့် သူ အစေးကြီးကို ပါသွားတော့တာပါပဲ။

"ကျွန်မတို့မိတ်ဆွေကြီး ဒီရက်ပိုင်းမှာ သူတော်ကောင်းစိတ်ဝင် နေရာက သူ့အန္တရာယ်ကို ဂရုမစိုက်ခဲ့တာ အမှန်ပဲ။ ယူဆူပေါ်ကတော့ မိတ်ဆွေကြီး သူ့ဆီ မလာပါဘူး။ သူကလည်း တစ်ခါမှ မဖိတ်ခဲ့ ပါဘူးလို့ ဘူးခံ ငြင်းနေတယ်။ သူ့ကို တစ်နေရာရာမှာ ဖျောက်ဖျက်ထား တဲ့လူဟာ ဒီမင်းသားပဲ ဖြစ်မှာပါ။ ဘုရားသခင်ရဲ့ ကရုဏာတော်ကြောင့် မကြာခင် ဖော်ထုတ်နိုင်မယ်လို့ ယုံကြည်နေတယ်။ ကလင်နှင် (ပရိုတို ပိုပေါ့) ကလည်း အစွမ်းကုန် ကြိုးစားပေးနေပါရဲ့။ ကြံရာမရနှင့် အား ငယ်နေတဲ့ကျွန်မတို့ကို စောင့်ရှောက်ဖို့ ဗိုယီကော့ဖ်ကို ပြန်လွှတ် လိုက်ပါ။ အန်နာကိုလည်း နန်းတော်မှာပဲ ခေါ်ထားတယ်။ ခုအတိုင်းဆို နောက်ပစ်မှတ်ဟာ အန်နာဖြစ်နိုင်တယ် ထင်လို့ပါ။

"ကျွန်မတော့ သူ အသတ်ခံရတယ်ဆိုတာ ယုံကိုမယုံနိုင်အောင် ပါပဲ။ ဘုရားသခင်မှာ သနားကြင်နာစိတ် ရှိပါတယ်။ ကျွန်မရဲ့သောက ကို ငြိမ်းအေးစေမယ်။ မယုံတဲ့အတိုင်း ဖြစ်စေမယ်လို့ ယုံကြည်ပါ တယ်"ဟု ရေးခဲ့သည်။

ထိုတစ်နေ့တည်းမှာပင် မိဖုရားကြီးက ဘုရင်ထံသို့ ကြေးနန်း နှစ်စောင် ရိုက်ခဲ့သေးတာ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဗိုလ်ကောဖ်ကို ချက်ချင်း လွှတ်ပေးပါ။ သူ့အကူအညီ သိပ်လို နေတယ်။ ရုပ်စ်ပြူတင်ကို ခုထိ ရှာမတွေ့သေးဘူး။ ဘုရားသခင်ရဲ့ မေတ္တာတော်ကို ကျွန်မတို့ ယုံကြည်တယ်။ ယူဆုပေါ့နှင့်မစ်ထရီယား ဒီအရေးအခင်းမှာ ကြုံရပါတွေပဲ"

နောက်တစ်စောင်ကျတော့

"ပရိုတိုပိုပေါ့ကတော့ အကောင်းဆုံး ဆောင်ရွက်နေပါတယ်။ ကရိုင်းမီးယားကို ရှောင်ပြေးဖို့ကြံနေတဲ့ ယူဆုပေါ့ကို အကျယ်ချုပ်နှင့် ထိန်းသိမ်းထားရင် ကောင်းမလား။ မောင်တော်ကို သိပ် လာစေချင် တယ်။ အနာဂတ်မှာ ဘုရားက ကျွန်မတို့ကို ကူညီမှာပါ"

ဒီဇင်ဘာ ၁၈ ရက် နေ့စွဲတပ်ထားသည့် ကြေးနန်းတစ်စောင် မှာ မိဖုရားကြီးက ခုလို ရိုက်ထား၏။

"နန်းတွင်းဘုရားရှိခိုးကျောင်းမှာ သွားဆုတောင်းခဲ့တယ်။ ရုပ်စ် ပြူတင်ကတော့ ပျောက်ဆုံးနေတုန်းပဲ။ ပုလိပ်တွေကလည်း ကြိုးစားပြီး ဆက်ရှာနေပါတယ်။ မသမာကောင်နှစ်ယောက်ဟာ ကြောက်စရာ ရာဇဝတ်မှုကြီးကို ပူးပေါင်းကျူးလွန်တာ သေချာပါတယ်။ ဒါပေမယ့် သူ အသက်ရှင်ဖို့ မျှော်လင့်ချက်ကိုလည်း လက်မလွှတ်သေးပါဘူး။ ဒီနေ့ကစပြီး မောင်တော်ကို အပူတပြင်း လိုအပ်နေပါပြီ"


www.burmeseclassic.com

www.burmeseclassic.com



## ပြေးကြည့်လိုက်စမ်း လွတ်မလား ॥ ၂၃ ॥

ယူဆူပေါ့သည် ရပ်စ်ပြူတင်အသေကောင်ကြီးကို ပြန်အသက်ဝင်ထလာမှာစိုးစိတ်ဖြင့် ထုနက်နေရင်း မူးမေ့သတိလစ်သွားရာမှ သတိပြန်ရလာပြီး မျက်စိဖွင့်ကြည့်လိုက်ချိန်တွင် နံနက် ငါးနာရီ ထိုးခဲ့ပါပြီ။

သူ့အဖို့ နာရီပိုင်းလေးမျှ နားလိုက်ရသလို အားပြည့်လန်းဆန်းလာခဲ့ရသည်။

သည်လိုနှင့် လူသတ်မှုနှင့်ပတ်သက်သော သဲလွန်စများကို လူယုံတော်တပည့်များ အကူအညီဖြင့် ချေဖျက်ပစ်နိုင်ခဲ့သည်။

မြေတိုက်ခန်းတွင်းက ခြေရာလက်ရာများ၊ သွေးစသွေးနများကို သုတ်သင်ဆေးကြောခိုင်းလိုက်၏။ အိမ်ဝင်းထဲက ရေခဲပုံမှ သွေးစက်များကိုလည်း ဖုံးဖိဖျောက်ဖျက်သည်။

သို့ပေမယ့် သန်းခေါင်ကျော် သေနတ်သံများအတွက် ဖြေရှင်းချက်ထုတ်ဖို့ ကြံရပြန်သည်။

ဤတွင် အမူးလွန်ပြန်သွားသော ဧည့်သည်တစ်ယောက်က ခွေးတစ်ကောင်ကို လိုက်ပစ်လိုက်သည်ဟု အကြောင်းပြရန် စဉ်းစားမိ၏။

ထိုအတွက် တပည့်တစ်ဦးအား ခွေးတစ်ကောင်ကို ဆွဲထုတ်၍ သတ်ခိုင်းထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီး ရုပ်စံပြပျူတင်အလောင်းကြီးဆွဲသွင်းထားသော စွပ်ကြောင်းအတိုင်း ခွေးသေကောင်ကို ပြောင်းပြန်တရွတ်ဆွဲ၍ ရုပ်စံပြပျူတင် လဲကျခဲ့ရာ ရေခဲပုံကြီးဘေးမှာပဲ ပစ်ချလိုက်သည်။ လူသွေးနှင့်မထွက်အောင်လည်း ဆေးမှုန့်တွေ ဖျူးခိုင်းလိုက်၏။

နောက် အစေအပါးအားလုံးကို စုစည်းပြီး ဘယ်လိုရည်ရွယ်ချက်နှင့် ဘာကြောင့် ခုလိုလုပ်ရကြောင်း အကျယ်တဝင့် ရှင်းပြလိုက်ခြင်းဖြင့် အပြင်လူတွေကို ဖွင့်မပြောဖို့ တားပြီးသားဖြစ်သွားသည်။

ထိုမှ စိတ်ချလက်ချဖြင့် မြို့စားကြီး အလက်ဇန်းဒါး မစ်ကလိုဗစ်၏နန်းတော်သို့ ရှောင်ထွက်ခဲ့သည်။

ထိုနန်းတော်၌ သူ့အတွက် သီးသန့်ခန်းထားရှိရာ အခန်းထဲမှ ယောက်ဖဝမ်းကွဲ သီအိုဒို အလက်ဇန်ဒရိုဗစ်က စောင့်ကြိုနေ၏။

"ဘုရားကျေးဇူးပဲ။ ငါလည်း တစ်ညလုံး ထိုင်စောင့်နေတာ ခုမှပဲ ပေါ်လာတော့တယ်။ ကဲ၊ ဘာတွေ ဘယ်လိုဖြစ်ခဲ့သလဲ"

"ရုပ်စံပြပျူတင်ကို အသေသတ်လိုက်ပြီ။ လောလောဆယ် ဒါပဲ ပြောပါရစေ။ သိပ် ပင်ပန်းနေပြီ"

တိုတိုနှင့်လိုရင်း ဖြတ်ချလိုက်ပြီး မွေ့ရာကြီးပေါ်သို့ ယူဆူပေါ်ပစ်လှဲချလိုက်မိတော့သည်။

အိပ်ရာထက် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွား၏။

ကံကောင်းထောက်မစွာဖြင့် ဘာအိပ်မက်ဆိုးမျှ မမက်ခဲ့။

နံနက် ဆယ်နာရီအထိ အားပါးတရကြီးကို အိပ်ခဲ့ရခြင်း ဖြစ်သည်။ အိပ်ရာနိုးပြီး မျက်စိမှိတ်လျက် မှိန်းနေဆဲ။ လက်ပါးစေတစ်ဦးက ခရိုင်တာဝန်ခံ ပုလိပ်အရာရှိကြီး ရောက်နေပါတယ်လို့ လာခေါ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ယူဆူပေါ့လည်း ငေါက်ခနဲ ထ၊ အဝတ်အစားလဲပြီး ပုလိပ်အရာရှိ ဂျင်နရယ်ကြီးစောင့်နေရာ စာကြည့်ဆောင်ထဲ ဝင်လာခဲ့သည်။

"ကျွန်တော့်အိမ်ဝင်းထဲက သေနတ်သံတွေကို လာစစ်တာ ထင်ပါရဲ့"

သူကပင် စကားစလိုက်၏။

"ဟုတ်ပါတယ်။ မှန်ပါတယ်။ ဘာတွေဖြစ်တယ်ဆိုတာ မင်းသားနှင့် တိုက်ရိုက်မေးချင်လို့ လာတာပါပဲ။ မင်းသားအိမ်က သေနတ်သံတွေကြားတာနှင့် ရပ်စ်ပြူတင် ပျောက်သွားတာဟာ တိုက်ဆိုင်နေပါတယ်။ ဌာနချုပ်က ဒီကိစ္စကို ချက်ချင်း စုံစမ်းနေကြပါတယ်"

"ရပ်စ်ပြူတင် ပျောက်သွားတာနှင့် သေနတ်သံတွေက ဘာမှ မဆိုင်ပါဘူး။ ကျုပ်အိမ်ကိုလည်း သူ ဘယ်တုန်းကမှ မလာဖူးပါဘူး" ဒါနှင့် ရပ်စ်ပြူတင် ကျုပ်ဆီလာခဲ့တယ်ဆိုတဲ့သတင်း ဘယ်က ရသလဲ"

သည်တော့မှ ဂျင်နရယ်က ထိုအချိန်က သေနတ်သံကို လာစုံစမ်းသော အစောင့်ပုလိပ်တစ်ဦး၏ အစီရင်ခံစာအရ သိရကြောင်း၊ မင်းသားနှင့် ပူရစ်ရှ်ကေးဗစ်အမတ်ကြီးတို့ကို တွေ့ခဲ့တဲ့နောက် အမတ်ကြီးက ရပ်စ်ပြူတင်ကို သတ်ပစ်လိုက်ကြောင်းနှင့် နှုတ်ပိတ်ခဲ့ပုံများပါ ဖွင့်ပြော တော့၏။

ယူဆူပေါ့က ပုလိပ်အရာရှိကြီးပြောသမျှ သူ အစက မသိသလို အံ့အားသင့်ဟန် အမျိုးမျိုးပြနေခဲ့မိသည်။

တစ်ဘက်က စကားဆုံးတော့မှ

"မဖြစ်နိုင်တာ ယုံတမ်းစကားတွေပဲ။ ဒီပုလိပ်က နားလည်မှုလွဲ သွားတာ သေချာတယ်။ အမှန်ဇာတ်စစ်က မြို့စားကြီးမစ်ထရီ အပါအဝင် ချုပ် မိတ်ဆွေသူငယ်ချင်းတွေနဲ့ ညစာစားကြရင်းက သူတို့ထဲက တစ် ယောက်က ပေါက်မြောက်ပြီးပြန်သွားရင်းက ခွေးကို ပစ်သတ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ဒီကိစ္စကို ပူရစ်ရှိကေးဗစ်ချ်က ရှင်းပြတာ ဗလုံးဗထွေးဖြစ်သွား ပြီး ပုလိပ်က မအူမလည်နှင့် အစီရင်ခံလိုက်တာနေမှာပေါ့။ ဒီတော့ ရပ်စ်ပြူတင် တကယ်ပျောက်သွားရိုးမှန်ရင်လည်း ကျုပ်တို့က အနေသာ ကြီးပါ"

"ရှင်းပါပြီ။ အဲ၊ တစ်ခုတော့ မေးပါရစေ။ ညက မြို့စားကြီးနှင့် ပူရစ်ကေးဗစ်တို့အပြင် လာကြတဲ့ တခြားပုဂ္ဂိုလ်တွေရဲ့ နာမည်တွေကော မသိရဘူးလား"

"ဒါကတော့ မပြောပါရစေနှင့်။ ဘာမှမဟုတ်ဘဲနှင့် ဂယက်ရိုက် လာရင် မကောင်းဘူး။ သူတို့မိသားစုတွေနှင့် ရာထူးဂုဏ်ဒြပ်တွေ ထိ ခိုက်မှာ စိုးရသေးတယ်"

"ကျေးဇူးတင်ပါတယ်။ ကျွန်တော် မင်းကြီးကို မင်းသားပြောတဲ့ အတိုင်း တင်ပြလိုက်ပါမယ်"

"အေးလေ။ မင်းကြီးက တွေ့ချင်တယ်ဆိုလည်း အချိန်မရွေး တွေ့ဖို့အသင့်ပါလို့ ပြောလိုက်ပါ"

ပုလိပ်အရာရှိကြီး ပြန်သွားပြီး မကြာမီ မာရီယာထံမှ ဖုန်းလာ သည်။

"ယူဆုပေါ့"ပါလို့ ဖြေလိုက်သည်နှင့်

"ရပ်စ်ပြူတင်ကို ရှင် ဘယ့်နှယ်လုပ်လိုက်သလဲ"

"ဘာ၊ ဘယ်လိုမေးလိုက်တာလဲ မာရီယာ"

"အိပ်ချင်ယောင် ဆောင်မနေပါနှင့်။ သူ မနေ့ညက ရှင့်အိမ် လာတာပဲ။ အခု သူ ဘယ်မှာလဲ။ ကျွန်မဆီ အခုလာခဲ့ပါ။ ကျွန်မ သိပ်ကြောက်နေပြီ"

ယူဆုပေါ့လည်း သူ တစ်ပတ်ရိုက်လှည့်စားခဲ့သော မာရီယာ၏ ဆန္ဒကို ဖြည့်ဆည်းလျက် မျက်နှာပူပူဖြင့်ပင် သူတို့အိမ်သို့ ရောက် သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မာရီယာက ပူဆွေးသောကရောက်သော မျက်နှာလေးဖြင့် ဧည့်ခန်းထဲမှာ ထိုင်နေ၏။

ယူဆူပေါ့ကို မြင်လိုက်သည်နှင့် ကတုန်ကယင် ထပြီး–

“ကဲ၊ ဘုရားသခင်ကို သစ္စာဆိုပြီး ပြောစမ်းပါ။ ရပ်စ်ပြူတင် ဘယ်ရောက်သွားပြီလဲ။ ရှင် ဘာများ လုပ်လိုက်သလဲ။ ရှင့်အိမ်မှာ ရှင်ပဲ သူ့ကို သတ်ပစ်တယ်လို့ လူတွေ ပြောနေကြပြီ”

ယူဆူပေါ့လည်း သူ အလွတ်ကျက်ထားသော လံကြုပ်ဇာတ်ကို ပင် ခင်းပြလိုက်၏။

အဆုံးတွင် မာရီယာက–

“အခြေအနေတွေက အရမ်းဆိုးနေတာနော်။ အဲလစ် မိဖုရားနှင့် ရှိသောဇာတို့ကတော့ ရှင့်လက်ချက်ပဲလို့ တစ်ထစ်ချ စွပ်စွဲနေကြပြီ”

“ဒါဖြင့်လည်း မိဖုရားကို ခုပဲ သွားရှင်းပြလိုက်မယ်လေ”

ယူဆူပေါ့က နန်းတော်သို့ဖုန်းဆက်လိုက်ကာ မိဖုရားနှင့် တွေ့ ခွင့်တောင်း၏။ မိဖုရားကလည်း သူနှင့် စကားပြောလိုပါသည်၊ ချက်ချင်း လာခဲ့ပါဟု အကြောင်းပြန်၏။

နန်းတော်သို့သွားဖို့ ခြေလှမ်းအပြင်၌ မာရီယာက ယူဆူပေါ့ကို လှမ်းတားသည်။

“နေပါဦး၊ ဇာကိုစယ်လိုကို ရှင် မသွားပါနှင့်။ တစ်ခုခု ဖြစ်မှာ စိုးရတယ်။ ရှင် ပြောတာတွေလည်း သူတို့ ယုံကြမှာ မဟုတ်တော့ဘူး။ ကျွန်မကိုတောင် သစ္စာဖောက်သလေး ဘာလေးနှင့် အပြစ်တင်နေကြ တာ။ ရှင့်ကို ရပ်စ်ပြူတင်နှင့် မိတ်ဆက်ပေးခဲ့တာ ကျွန်မအမှားပဲ ဆို၊ ခု ဖုန်းဆက်ခေါ်မိတာလည်း မှားပါပြီ”

မာရီယာ မျက်ရည်စက်လက်နှင့် ဝမ်းနည်းပက်လက်ဖြစ်နေရှာ ပုံကိုကြည့်ပြီး ယူဆူပေါ့ စိတ်မကောင်း။



www.burmeseclassic.com

www.burmeseclassic.com



ညော်၊ သူ့ခမျာ ငါ့အပေါ် သံယောဇဉ်ကြီးသလောက် စေတနာထားရှာပါလား။ ဒီလို သူငယ်ချင်းမအပေါ် လိမ်နေရခြင်းက ဝန်လေးလှချည်ရဲ့။ အဖြစ်မှန်တွေ ဖွင့်ပြောလိုက်ရင် ကောင်းမလား။

ချီတုံချတုံဖြစ်နေဆဲ။ ယူဆူပေါ့အနီးသို့ မာရီယာကပ်လာပြီး မျက်လုံးချင်း စိုက်ဆုံ၍–

"ဘုရားသခင် ရှင့်ကို စောင့်ရှောက်ပါစေ"

ဆုတောင်းပေးပြန်၏။

တယ်လီဖုန်း မြည်လာသည်။ ကျောင်းကိုစယ်လိုနန်းတော်က ခေါ်ခြင်း။ မာရီယာ သွားနားထောင်၏။

မိဖုရားကြီး ရတ်တရက် နေထိုင်မကောင်း၍ ယူဆူပေါ့နှင့် တွေ့နိုင်တော့ကြောင်း။ ရပ်စ်ပြူတင်ကိုစွန့်ပတ်သက်ပြီး သိသမျှ ကရေးအစီရင်ခံဖို့သာ အမိန့်ပေးလိုက်သည်ဟု ဆို၏။

"ဘုရားကျေးဇူးနှင့် ရှင် နန်းတော်ထဲသွားဖို့ မလိုတော့တာပဲ"

မာရီယာက သက်ပြင်းချ၍ ပြောလိုက်သည်။

ယူဆူပေါ့လည်း နှုတ်ဆက်ခွဲခွာလာခဲ့၏။

လမ်းပေါ်အရောက် စစ်ကျောင်းမှ သူငယ်ချင်းတစ်ယောက် ပြေးကပြီး–

"ဖဲလစ် သတင်းကြားပြီးပလား။ ရပ်စ်ပြူတင် အသတ်ခံရလို့"
။

"ဟာ၊ ဖြစ်နိုင်ပါ့မလား။ ဘယ်သူက သတ်တာလဲ"

"ဂျစ်ပစီမတွေဆီသွားတုန်း လုပ်ကြံခံရတာ။ တရားခံလည်း သိသူမှန်း မသိသေးဘူး။ အလောင်းလည်း ခုထိ ရှာမတွေ့သေးဘူး"

"ဒီသတင်းမှန်ပါစေလို့ပဲ ဆုတောင်းကြရုံပေါ့ကွာ"

စကားဖြတ်ပြီး သူ့ကားရှိရာသို့ ယူဆူပေါ့ လျှောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ မျှော်လင့်သည့်အတိုင်း ပုလိပ်မင်းကြီးက ...ဘာတွေ့ပါဆိုသော ခေါ်စာ ရောက်နေ၏။

* * *

ပုလိပ်မင်းကြီး ဂျင်နရယ်ဘော့၏ ရှုပ်ပွနေသောရုံးခန်းထဲသို့ ယူ...ဆူပေါ့ ဝင်သွားမိပါပြီ။ သူက စားပွဲရှေ့မှာ ဝင်ထိုင်မိမိချင်းပင် "ဒီ ...သနာကို ရှင်းနေရတာ မောလှပြီ၊ စိန့်ပီတာစဘတ်မှာ ဆက်နေလို့ ...တော့ အစစ်ခံနေရတာနှင့်ပဲ အချိန်ကုန်တော့မည်။ မိခင်နှင့်ဇနီးရှိရာ ...ရိုင်းမီးယားကိုပင် သွားနေချင်ပါပြီ"ဟု ညည်းပြလိုက်သည်။

ပုလိပ်မင်းကြီးကလည်း ယူဆူပေါ့၏ ဖြေရှင်းချက်မှာ မကျေနပ် ...ရာ မရှိကြောင်း၊ ကရိုင်းမီးယားကို သွားလိုက သွားနိုင်ကြောင်း၊ ...ည့်ရာတွင် မိဖုရားကြီးက မှိုက်ကားစံအိမ်တော်ကို ဝင်ရာဖွေရန် အမိန့် ...ပေးထားကြောင်း ပြန်ပြော၏။

ယူဆူပေါ့ မျက်ခုံးတစ်ဖက်ပင့်လိုက်ပြီး လေသံကိုမြင့်တင်၍–

"ကျွန်တော့်ဇနီးဟာ ဘုရင်မင်းမြတ်ရဲ့တူမတော်ပဲ။ ဘုရင့်အမျိုး ...တွေကို အရေးယူရင် ဘုရင့်အမိန့်တော်နှင့်သာ အရေးယူရမှာ မဟုတ် ...ဘူး:"

စာဒကတက်လိုက်ရာမှ ပုလိပ်မင်းကြီးလည်း ဖုန်းကို ကောက် ...ကိုင်ပြီး

"မှိုက်ကာနန်းတော်သို့ ဝင်ရာဖို့အစီအစဉ်ကို ဖျက်လိုက်တော့။ ...ာဖို့ မလိုတော့ဘူး" ဟု တစ်နေရာကို လှမ်းပြောလိုက်တော့သည်။

နောက်၊ ယူဆူပေါ့ကို ပြန်ခွင့်ပြုလိုက်၏။

ယူဆူပေါ့လည်း ကျေးဇူးစကားဆိုဂ ၁ စိတ်လက်ပေါ့ပါးစွာ ...အိမ်ပြန်လာမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ပိုင်း၌ မြို့စားကြီးမစ်ထရီနှင့်ချိန်း၍ နေ့လယ်စာ စားကြ၏။ မစ်ထရီက ရုပ်စ်ပြူတင်အလောင်း ဖျောက်ဖျက်ခဲ့ပုံကို နှစ်ကိုယ်ကြား ပြန်ပြောပြသည်။

သူ၊ ပူရစ်ရှ်ကေးဗစ်ချ်၊ ဒေါက်တာလာဇိုဗတ်နှင့် မင်းသားလူယ်ဆော့တို့ လိုက်ပါသွားသောကားကို ပက်ထရိုဗက်စကိုးတံတားနှင့် ခပ်လှမ်းလှမ်းတွင် ရပ်ခဲ့ပုံ။ ကားမီးရောင်ကို တံတားစောင့်မမြင်အောင် အရေးကြီးမှုပိတ်ပြီး မှောင်ကြီးမည်းကြီးထဲ စမ်းမောင်းခဲ့ကြပုံ။

အလောင်းကို ရေထဲပစ်ချဖို့ မထိရဲသလိုဖြစ်ပြီး၊ ရုပ်စ်ပြူတင်၏ ကုတ်အင်္ကျီကိုချွတ်၍ မီးရှို့ပစ်ဖို့လည်း မေ့နေခဲ့ပုံ။

နောက်ဆုံး ကြိုးတုပ်လျက်အတိုင်းပင် တံတားစပ်မှ မြစ်ထဲသို့ ရေခဲအက်ကွဲကြောင်းကြားက ထိုးချခဲ့ပုံများကို ယူဆုပေါ် သည်းထိတ်ရင်ဖို နားဆင်ခဲ့ရ၏။

ယူဆုပေါ်ကလည်း သူ့တစ်နေ့တာ အတွေ့အကြုံနှင့် ဖြေကြားခဲ့သည်များကို ပြန် အသိပေးလိုက်သည်။

မကြာမီ ကပ္ပတိန်ဆုခိုတင် ရောက်လာ၍ ပူရစ်ရှ်ကေးဗစ်ကို သွားခေါ်နိုင်းနိုင်ခဲ့၏။

အဖွဲ့ဝင်လေးဦး ဆုံမိပြီး သက်ဆိုင်ရာက အမေးအမြန်းရှိလာခဲ့လျှင် ဘူးခံပြီး တစ်သံတည်းထွက်ကြဖို့ ညှိနှိုင်း ဇာတ်တိုက်ထားလိုက်ကြသည်။

ပူရစ်ရှ်ကေးဗစ်ချ်မှာ စစ်ဆင်ရေးတွင် အရေးပါနေသလို၊ ထိုနေ့ညနေမှာပင် ကြက်ခြေနီမီးရထားဖြင့် ရှေ့တန်းသို့ ထွက်သွားရ၏။ ဒေါက်တာလာဇိုဗတ်နှင့် ဆုခိုတင်လည်း ပါသွားသည်။

စိန့်ပီတာစဘတ်၌ ယူဆုပေါ်နှင့် မစ်ထရီသာ ကျန်ခဲ့သည် ဆိုရမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မစ်ထရီမင်းသားကြီးမှာ နောက်တစ်နေ့တွင် စစ်မြေ ပြင်ဗဟိုဌာနချုပ်သို့ အရေးပေါ်ထွက်ရန် စီစဉ်ခဲ့သည်။ ယူဆူပေါ့ကလည်း ကရိုင်းမီးယားသို့ အမြန်ဆုံးရှောင်ဖို့ ကြံရွယ်လိုက်၏။

ညနေ၌ သူ့ဦးရီးတော် ဒူးမားလွှတ်တော်ဥက္ကဋ္ဌ အမ်ရော့ဇီယန် ထံ သွားလည်မိ၏။

ဦးလေးနှင့်အဒေါ်က ဧည့်ခန်းထဲ ထိုင်စကားပြောနေရာမှ ယူဆူ ပေါ့ကို လိုက်လှိုက်လှဲလှဲ ဆီးကြိုခဲ့ကြသည်။ အဒေါ်ကတော့ မျက်ရည် လည်လည်နှင့်။

ယူဆူပေါ့က ဦးလေးတော်အား ရပ်စ်ပြူတင်ကို သူတို့သတ်ခဲ့ အကျဉ်းချုပ် ပြောပြလိုက်မိ၏။

"ဒီကောင်ကြီးကို သတ်ပစ်လိုက်တာဟာ တိုင်းပြည်နှင့်လူမျိုး အကျိုးရှိရာ ရှိကြောင်းပဲလို့ ချီးကျူးကြတာပါပဲ။ ရုရှားနိုင်ငံ ပြန်လည်ထူ ထောင်ဖို့ အားလုံး ဝိုင်းပြီးကူညီကြမှာပါကွာ"

"ကျွန်တော် ညကိုးနာရီ ရထားနှင့် ကရိုင်းမီးယားကို သွားမယ်။ နည်းတွေ သွားထုပ်ပိုးပြင်ဆင်ရမှာမို့ ခွင့်ပြုပါဦး"

သူ့ဘက်က ရာနှုန်းပြည့်ရပ်တည်ပေးမည့် ဦးရီးတော်ကို တလေး စားနှုတ်ဆက်ခဲ့မိသည်။ ယူဆူပေါ့ သူ့စံအိမ်တော်သို့ ပြန်အရောက် အခါ၊မှူးက အမျိုးသမီးတစ်ယောက် လာစောင့်နေတယ်ဟု သတင်း ပေး၏။

"ရော၊ ငါ ဘယ်အမျိုးသမီးနှင့်မှ တွေ့ဖို့ ချိန်းထားတာမရှိဘူး။ သူ့ပုံစံက ဘယ်လိုလဲ။ ပြောပါဦး"

"ဝမ်းနည်းတဲ့အထိမ်းအမှတ်နှင့် ဝတ်ရုံနက်ခြုံထားတာပဲ"

ဤတွင် ယူဆူပေါ့က ဧည့်ခန်းထဲ လှည့်ဝင်ပြီး တံခါးကြားမှ ချောင်းကြည့်မိ၏။ လား လား၊ ရပ်စ်ပြူတင်ကို ကိုးကွယ်နေသော သစ္စာခံ တပည့်မတစ်ယောက် ဖြစ်နေပါပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မရှိဘူးလို့ သွားပြောလိုက်။ မနက်ကတည်းက အပြင်ထွက်တာ ပြန်မလာသေးဘူး။ မိုးချုပ်မှ ပြန်လာမယ်ဆိုပြီး ပ,ထုတ်လိုက်"

တံခါးမှူးအား မှာခဲ့ပြီး အပေါ်ထပ်သို့ ယူဆူပေါ် တက်သွားတော့သည်။

ထမင်းစားခန်းထဲ၌ သူ့ဇနီး၏အစ်ကို သုံးယောက်နှင့် အောက်စဖို့တက္ကသိုလ်တွင် ပညာသင်ဖက် ဗြိတိသျှအရာရှိ အော့စဝဲလ်ရေးနားတို့ ရောက်နေသည်။

သူတို့စကားအရ ကောလာဟလသတင်းတွေ အမျိုးမျိုးကြားသိလိုက်ရ၏။

အမှန်နှင့် အမှား ရောနေ၏။

ရပ်စ်ပြူတင် အသတ်ခံရတယ်ဆိုတာ ယုံသူက ယုံ၊ မယုံသူကမယုံ။

ယူဆူပေါ့သတ်တယ်၊ မသတ်ဘူးဆိုတာလည်း ဒွိဟဖြစ်၍ အငြင်းပွားနေကြပါသတဲ့။

ဘာပဲဖြစ်ဖြစ်၊ သေချာတာတစ်ခုကတော့ ရပ်စ်ပြူတင်၏ဂိုဏ်းဝင်များက လက်တုံ့ပြန်ရန် ယူဆူပေါ့ကို မြေလှန်ရှာနေသည် ဆိုခြင်းပါပဲ။

ဒါပေမယ့်လည်း ဘက်တော်သားမိတ်ဆွေများက အန္တရာယ်မှကာကွယ်စောင့်ရှောက်ပေးမည်ဟု ကမ်းလှမ်းထားကြသည် ဆိုပြန်၏။

အခြေအနေတွေကတော့ တကယ့်ကို ရှုပ်ထွေးနေ၏။

ဒါကိုပင် အခွင့်ကောင်းယူ၍ ကရိုင်းမီးယားသို့ ကိုယ်ရောင်ဖျောက်ပြေးရတော့မည်။

ယူဆူပေါ့က သူ့ယောက်ဖတော်များနှင့် ဘူတာရုံဆင်းရန် အထုပ်အပိုးပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားဖြင့် ဘူတာရုံသို့ ရောက်သွားသည်၊

ဘူတာအဝင်၌ နန်းတော်လုံခြုံရေး အစောင့်တပ်ဖွဲ့ဝင်များ စောင့်နေတာ လှမ်းတွေ့လိုက်ကြရ၏။

"ငါ့ကိုဖမ်းဖို့များ ဝရမ်း ထုတ်ပေးလိုက်ပြီလား"

ယူဆုပေါ့တွေးရင်းက ဘူတာထဲ ဝင်ခဲ့သည်။

ရထားဘေးပလက်ဖောင်းပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ အကြီးအကဲ ဗိုလ်မှူးအနယ်တစ်ယောက်နှင့် ရင်ဆိုင်တွေ့လိုက်ရ၏။

"မိဖုရားကြီးရဲ့ အမိန့်တော်အရ စိန့်ပီတာစဘတ်မြို့တော်က ထွက်ခွာခွင့် မရှိပါဘူး။ အရှင်မင်းသားရဲ့နန်းတော်ကို လှည့်ပြန်ပြီး အမိန့်ထပ်မရမချင်း နန်းတော်မှာပဲ နေထိုင်ရပါလိမ့်မယ်"

"ဩော်၊ ဒီလိုလား။ စိတ်မကောင်းစရာကြီးပဲ"

ယူဆုပေါ့ အစီအစဉ်ပြောင်းလိုက်ရသည်။

ယောက်ဖတစ်ဦးသာ ရထားစီး သွားမည်။ ကျန်နှစ်ယောက်က ယူဆုပေါ့နှင့် အတူနေခဲ့မည်။

သည်တော့ ကရိုင်းမီးယားသွားမည့်ယောက်ဖကို တွဲပေါ်သို့ လိုက်ပို့ပေးသွားစဉ် တပ်ဖွဲ့ဝင်များက နောက်က ထက်ကြပ်မကွာ ကပ်ပါလာကြ၏။

"ကျုပ် မီးရထားနှင့် လိုက်မသွားပါဘူး။ ဒီက နောင်တော်ကို ကရိမ်ခင်နှင့် ဓနီးအတွက် မှာစရာရှိတာမှာပြီး နှုတ်ဆက်ခွင့် ပေးပါဦး"

သို့ဖြင့် ရထားထွက်သွားပြီးမှ နောက်ကြောင်းပြန်လှည့်ခဲ့ကြရသည်။

နန်းတော်ရောက်တော့ စိတ်မောလူမောနှင့် အိပ်ရာပေါ် ပစ်လှဲသည်။

www.burmeseclassic.com



သောက်ဖတော်မင်းသားနှစ်ပါးက ဗြိတိသျှမိတ်ဆွေ မှေး...
ရေးနှုးနှင့်အတူ အိပ်ဖန်စောင့်ပေးနေ၏။ အနားရပြီးနောက် ရှေ့...
အတွက် တိုင်ပင်မိကြသည်။

မစ်ထရီမင်းသားကြီး၏နန်းတော်သို့ သွားနေတာက သူ့အတွေး...
အကောင်းဆုံးဟူသောအဖြေ ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com


အားပြိုင်ပွဲ ။ ၂၄ ။

နောက်တစ်နေ့ မနက်။

မြို့စားကြီး မစ်ထရီသည် ကရိုင်းမီးယားသို့ ရှောင်ပြေးသွားပြီ
ဆင်သော ယူဆူပေါ်ကိုမြင်လိုက်ရာမှ တအံ့တအား ဖြစ်သွား၏။

ယူဆူပေါ်က သူ့ကို အကျယ်ချုပ်နှင့် ဖမ်းထားလိုက်သည့်
အကြောင်း၊ အခြေအနေအရ မင်းသားကြီးအိမ်တော်သို့ လာနေခြင်းဖြစ်
ကြောင်း၊ နှစ်ယောက်အတူ ကျောချင်းကပ် လက်တွဲထားခြင်းအားဖြင့်
၍ အားရှိမည်ဟု ယူဆကြောင်း ပြောပြသည်။

တစ်နေကုန် ရှေ့ရေးနောက်ရေးတွေ ဆွေးနွေးပြောဆိုနေမိကြ
ပြီး ညနေပိုင်းတွင် မစ်ထရီက အပြင် ခဏထွက်သွားသည်။

ပြန်ရောက်လာတော့ နန်းတော်၌ ရပ်စ်ပြူတင်ကိုသတ်ရာတွင်
သူပါပါနေသည်ဟု သတင်းပျံ့နေကြောင်းကြား၍ ချက်ချင်း မိဖုရား
ကြီးထံ နန်းတော်လာခွင့် တောင်းခဲ့သည်ကို မိဖုရားက အတိအလင်း
ငြင်းပယ်ခဲ့ကြောင်း ပြောပြ၏။

နှစ်ဦးသား နေ့လယ်စာစားပြီး အနားယူနေချိန် မွန်းလွဲ တစ်
နာရီလောက်တွင် နန်းရင်းဝန် မက်ဆီပိုဗစ် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိဖုရားကြီးက မင်းသားကြီး နန်းတော်ထဲက ဘယ်မှမသွား အမိန့်ထုတ်ဆင့်လိုက်ပါတယ်"

"ဒါ ဘာအဓိပ္ပာယ်လဲ ကျုပ်ကို ဖမ်းတာပဲမဟုတ်လား"

"ဖမ်းတာ မဟုတ်ပါဘူး။ နန်းတော်အပြင် မထွက်ဖို့သာ တာပါ မင်းသားကြီး"

"ဒါဆို အကျယ်ချုပ် ချလိုက်တဲ့သဘောပေါ့"

"ဝမ်းနည်းစွာနှင့် ဝန်ခံရတော့မှာပဲ"

"အကျယ်ပဲချုပ်ချုပ်၊ အကျဉ်းပဲချုပ်ချုပ် ဖမ်းတာပဲ တာပဲ။ မင်းတို့ မိဖုရားကြီးကို သံတော်ဦးတင်လိုက်စမ်းကွာ။ မသ ရှုံသက်သက်နှင့် ဖမ်းတာတော့ မတရားဘူးလို့"

"ကောင်းပါပြီ မင်းသားကြီး"

နန်းရင်းဝန် ထ,ပြန်သွားသည့်နောက်–

"တို့အိမ်တော်တော့ ခါးပိုက်ဆောင်တပ်တွေ လာချတော့မှာ ဟု မစ်ထရိကာ ယူဆုပေါ့အား မှတ်ချက်ပေးလိုက်၏။

သူတို့နှစ်ဦးကို အချယ်ချုပ်နှင့် ဖမ်းလိုက်ပြီဆိုသောသတင်း မုန်တိုင်းလေပွေ မွှေ့လိုက်သလို တစ်မြို့လုံးကို ချောက်ချားသွားစေ

ဆွေတော်မျိုးတော်တွေ၊ ရင်းနှီးသောမိတ်ဆွေတွေသာမက ဗိုလ်ချုပ်များပင် မြို့စားကြီးနှင့် မင်းသားတို့ကို လာတွေ့ကြသည်

တချို့လည်း ဝင်ခွင့်မရ၍ ဖုန်းဆက် သတင်းမေးကြ

အတော်များများကတော့ ဘုရင့်အမျိုးတွေကို မိဖုရားအမိန့် ဖမ်းရကောင်းလားဆိုကာ ဒေါပွနေကြသည်။

မာရီယာက ဖုန်းဆက်ရာတွင်လည်း ရပ်စ်ပြူတင်အိမ် ရောက်သွားစဉ် ဂိုဏ်းဝင်တပည့်များက သူတို့အရှင်ကို လုပ်ကြံသူ အား လက်တုံ့ပြန်ရပါလိုကြောင်း ဆုတောင်းနေတာ တွေ့ခဲ့ရသ ယူဆုပေါ့တို့အား သတိထားနေကြဖို့ ပြောခဲ့၏



www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်တချို့ကလည်း ရုပ်စ်ပြူတင်ကို သတ်ပစ်သည့်အတွက် မိဖုရားကြီးက သူတို့ကို ချက်ချင်း သေဒဏ်ပေးရန်ပင် စိတ်ကူးနေသည်ဟု ကြားကြောင်း၊ ဒါပေမယ့် အများက ဝိုင်းကန့်ကွက်နေကြောင်း သတင်းပေး၏။

သည်အတွင်း မျက်နှာစိမ်းတချို့က စုံထောက်အဖွဲ့ဝင်တွေဆိုပြီး အိမ်တော်ပေါ်တက်ဖို့ ကြိုးစားသေးသည်။ အိမ်တော်စောင့်များက စစ်မေးပြီး အထောက်အထားတောင်းရာ မပြနိုင်သဖြင့် နှင်ထုတ်လိုက်ကြရသည်။

ဒီဇင်ဘာလ ၁၉ ရက်နေ့အကူး၌ ဘုရင်နီကိုလိုင် နန်းတော်သို့ ရောက်လာသည်။

ရုပ်စ်ပြူတင် မရှိတော့ဘူးဟု ကြားလိုက်ရာတွင် အတွင်းကျိတ်အားဖြင့် ကျေနပ်သွားဟန်ရှိသည်။ သို့သော် မိဖုရားနှင့် တွေ့လိုက်သည်နှင့် စိတ်ပြောင်းပြီး ဘက်လိုက်သွားတော့၏။

မိဖုရား အရေးယူထားသမျှကို သဘောတူလိုက်ခြင်းပင် ဖြစ်၏။

စိန့်ပီတာစဘတ်တစ်မြို့လုံး ပွက်လောရိုက်သွားသည်။

ကောလာဟာလတွေ၊ သတင်းတွေ မျိုးစုံအောင် လူတိုင်းပါးစပ်များက ထွက်နေ၏။ ဘယ်ကဘယ်လို ကြားလိုက်ကြမှန်း မသိ။ ယူဆူပေါ့နှင့် မစ်ထရီကို သတ်ပစ်တော့မည်ဟူသောသတင်းက အလုပ်သမားတွေနားပေါက်သွားရာမှ ဆူပူအုံကြွမတတ်။

မြို့စားကြီးနှင့် မင်းသားအသက်ကိုကယ်ဖို့ ဆုံးဖြတ်လိုက်ကြပါသတဲ့။

စစ်ဘက်မှလည်း မင်းသားဘက်မှ ရပ်တည်ကြပြီး၊ ဗိုလ်ချုပ်ကြီးတွေက လိုအပ်လျှင် တပ်အားနှင့် လာစောင့်ရှောက်မည်ဟု ပြောကြ၏။

ဗိုလ်ချုပ်တစ်ဦးက ပုန်ကန်ဖို့ပင် ဖုန်းဆက်လာသဖြင့် မြို့စားကြီးက မလုပ်ပါနှင့်ဟု တောင်းပန်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာဆီ မဟာသွေးထဲမှ အရေးပါအရာရောက်သူများလည်း ဘုရင်နှင့် တိုက်ရိုက်ဝင်တွေ့ပြီး ကန့်ကွက်စကား ဆိုကြ၏။

တချို့ဆိုလျှင် ဘုရင်နှင့် အော်ကြီးဟစ်ကျယ် အချေအတင် ဖြစ်ကြရသည် ကြား၏။

တစ်နိုင်ငံလုံး၏ သဘောထားကိုငဲ့၍ ဘုရင်နီကိုလိုင်လည်း မင်းသားတို့ကို ကွပ်မျက်ရန်အကြံ ဖျက်လိုက်ရသော ဟူ၏။

ဒီဇင်ဘာ ၁၉ ရက်နေ့ မနက်မှာပင် ရေခဲနေသော နီဗာမြစ်ထဲသို့ ရေငုပ်ရှာဖွေကြပြန်သည်။ တံတားနှင့် ကိုက်ငါးဆယ်ခန့်အကွာ ရေခဲပြင်ကို ခွဲရှာရာ ရပ်စ်ပြူတင်၏အလောင်းကြီးကို တွေ့ခဲ့ကြပါပြီ။

အလောင်းမှာ ရေခဲရိုက်ထားသလို ဖြစ်နေ၏။

ရေခဲတွေ ခွာချလိုက်တော့မှ ဒဏ်ရာတွေ ဗလပွပေါ်လာသည်။

သေနတ်ဒဏ်ရာက ငါးချက်။

ဓားဒဏ်ရာလို ကွဲရှနေတာတွေက တစ်ကိုယ်လုံး။

ခေါင်းခွံလည်း ကွဲကျေနေသည်။

ခြေထောက်နှင့် လက်တွေလည်း ကြိုးတုပ်လျက်သား။ မျက်နှာမှာ လူရုပ်ပင် မပေါ်။ ရုပ်ပျက်ဆင်းပျက် အညိုအမည်းတွေ စွဲလို့...

မြစ်ကမ်းဘေးတစ်နေရာတွင် ယာယီတဲထိုး၍ အလောင်းကြီးကို ရင်ခွဲစစ်ဆေးသည်။

ပါမေကွ ဆရာဝန်ကြီးဦးဆောင်၍ စစ်ဆေးချက်အရ ဒဏ်ရာများအပြင် အစာအိမ်နှင့်အူလမ်းကြောင်း၌ ညိုမည်းနေသော အစိုင်အခဲများလည်း တွေ့ရသည်။

မိဖုရားကြီးအမိန့်ဖြင့် ရင်ခွဲစစ်ဆေးမှုကို အလျင်စလိုရပ်ရသောကြောင့် ထိုအစိုင်အခဲများကို ဓာတ်ခွဲခန်းသို့ ပို့ချိန်မရတော့ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးဆန်းဆုံး အချက်ကတော့ ရုပ်စ်ပြုတင်သည် အလောင်းကောင်ဘဝဖြင့် ရေထဲပစ်ချခံရချိန်အထိ အသက်ရှင်နေဆဲ ရှိခဲ့ခြင်းပါပေတည်း။

အပေါ်မှ ကြိုးအထပ်ထပ် ချည်ထားပါလျက်နှင့် လက်ကြီး တစ်ဖက် ကျွတ်ထွက်နေခြင်းနှင့် အဆုပ်ထဲ ရေတွေပြည့်နေခြင်းက ထိုအချက်ကို သက်သေခံနေ၏။

သည်သတင်းကိုကြားလိုက်ရသော ယူဆူပေါ့ခမျာတော့ ကြက်သီးမွေးညှင်းတွေထပြီး ကျောချမ်းသွားရပါတော့သည်။

ရုပ်စ်ပြုတင်၏ရုပ်ကြွင်းကို ဂျက်စမာရုပ်ကွက်ရှိ စစ်မှုထမ်းဆောင်းများရိပ်သာသို့ သယ်ဆောင်သွားခဲ့သည်။

ထိုရိပ်သာသွားရာလမ်းမှာ ဓာက်ကိုစယ်လိုနန်းတော်ကို ဖြတ်၍ ဘစ်ဘက်မြို့စွန်၌ရှိ၏။

မိဖုရားကြီးက အလောင်းပေါ်ပြီဆိုသည်နှင့် သွားစောင့်ရန် သီလရှင် အကူလီနာကို လွှတ်လိုက်သည်။ အကူလီနာကား ရုပ်စ်ပြုတင်၏ဆေးကုသမှုကြောင့် အသက်ချမ်းသာရာ ရခဲ့သူ တပည့်ရင်းတစ်ဦးပင်ဖြစ်၏။

သီလရှင်က အလောင်းကို ဆေးကြောသန့်စင်ပြီး ဝတ်ကောင်းစားလှများ ဆင်ပေးသည်။ အဖိုးတန်ခေါင်းကြီးထဲ ထည့်သည်။

ထို့နောက် ရုပ်စ်ပြုတင်၏လက်ထဲတွင် လက်ဝါးကပ်တိုင်နှင့် နည်းကြောင်းသဝဏ်လွှာတစ်စောင်ကို ညှပ်ပေးလိုက်၏။

မိဖုရားအဲလစ်စ်၏ နောက်ဆုံးနှုတ်ဆက်လွှာပင် ဖြစ်ပါသည်။

"အများအတွက် အသက်စွန့်သွားသော ချစ်မိတ်ဆွေ
လွမ်းဆွေးကြေကွဲဖွယ် လမ်းကလေးမှာ
မျက်ရည်မိုးတွေ ရွာလို့ရှာ–



www.burmeseclassic.com

www.burmeseclassic.com


ကောင်းကင်ဘုံရောက် အို သခင်ဆရာ
ဖြူစင်မေတ္တာဖြင့် ဖြေသိမ့်လှည့်ပါ တစ်သက်တာ။

**အလက်စန်ဒီးယား**

မနက်ဝေလီဝေလင်းလေးမှာတော့ ရုပ်စ်ပြူတင်၏ခေါင်းကြီးကို ကားတစ်စီးပေါ်တင်၍ ဇာကိုစယ်လိုနန်းတော်ရှိရာသို့ ဦးတည်မောင်း ခဲ့ပါလေပြီ။

ဒါပေမယ့် လမ်းမှာ အနှောင့်အယှက်မခံရအောင် အလောင်းကို ရုပ်စ်ပြူတင်ဇာတိရွာ ပိုကရော့စကိုးကိုပို့ပြီး သင်္ဂြိုဟ်မည်ဟု သတင်း လွှင့်ထားပြီးသား။

လက်တွေ့မှာမူ တစ်ဘက်လှည့်နှင့် ထုတ်ခဲ့ရာမှ ဇာကိုစယ်လို နန်းတော်ထဲ လျှို့ဝှက်စွာသွင်းခဲ့ပြီး ဥယျာဉ်ထောင့်တစ်နေရာတွင် မြှုပ် လိုက်ခြင်း ဖြစ်ပါ၏။

ထိုနေ့ကား ဒီဇင်ဘာလ ၂၁ ရက်။ နှင်းတွေ တသဲသဲနှင့် ချမ်းအေးလှသော ဆောင်းရာသီ၏ တမနက်။

အသုဘအခမ်းအနား၌ မိတ်ဆွေကြီး၏ အချစ်ဆုံးမိတ်ဆွေများ ဖြစ်ကြသော ဘုရင်နီကိုလိုင်၊ မိဖုရား အဲလစ်စ်၊ သမီးတော်များ အန်နာရူဘောဗာ မင်းသမီး၊ ပရီတိုပိုပေါ့၊ နန်းတွင်းသား လိုမင်နှင့် မော့လ်ဆေ့ဗ်။

ပြီးတော့ ရုပ်စ်ပြူတင်၏ သမီးနှစ်ယောက်နှင့် သီလရှင် အကူ လီနာ။

ခေါင်းကြီးကို အဖုံးမပိတ်ခင် သမီးကြီး မစ်ထရီယော်နာက မိဖုရားကြီးလက်ဆောင်ပေးခဲ့သော ဘုရားသခင်ရုပ်ထုတော်ကို သူ့ဖခင် ၏ရင်ဘတ်ပေါ် တင်ပေးလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

နန်းတွင်းဘုရားနှင့် ကျောင်းမှ ဘုန်းတော်ကြီး ဖာသာဗက်စီးလီယက်ဖ်က နောက်ဆုံးဝတ်ပြုဆုတောင်းပေးအပြီး၊ ဂရေဂိုရီ အက်ဖီမိုးဗစ်ချ် ရပ်စ်ပြူတင်၏ရုပ်ကလာပ်ကို မြေကျင်းထဲသို့ တဖြည်းဖြည်းချလိုက်ပါချေပြီ။

'အကြွင်းသူသည် မြေကြီးနှင့်ဖြစ်၍၊ မြေကြီးသို့ပင် ပြန်ရပေလိမ့်မည်'ဟု အဆိုရှိ၏။

ရပ်စ်ပြူတင်ကား ထာဝရ ငြိမ်းချမ်းစွာ အိပ်စက်သွားချေပြီလား။

တမလွန်၏ဟိုဘက်မှာ သူလားရာအရပ်က ကောင်းကင်ဘုံနန်းလား၊ ငရဲခန်းလား ဆိုတာကတော့ မည်သူမှ အတပ်မပြောနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ဝင့်ကြွေးကြမ္မာ မလွတ်သာ ■ ၂၅ ■

ဒီဇင်ဘာ ၂၁ ရက် ည။

ယူဆူပေါ့၏ယောက္ခမတော် ရုရှားလေတပ် ဗိုလ်မှူးချုပ် မင်းသားကြီး အလက်ဇန်းဒါး မီခေးလိုဗစ်ချ်သည် 'ဓိမ်'မြို့မှ စိန့်ပီတာစဘတ်သို့ အရေးတကြီးရောက်လာ၏။

မစ်ထရီနှင့် ယူဆူပေါ့မင်းသားတို့ကို သတ်ပစ်တော့မည်ဟူသော သတင်းက တစ်နိုင်ငံလုံးကြိမ်မီးအုံးသကဲ့သို့ တငွေ့ငွေ့လောင်နေပြီကိုး။

အလက်ဇန်းဒါးမင်းသားကြီးသည် သမက်မင်းသားနှင့် ကြ... ပါ မြို့စားကြီးတို့ကို အရင်လာတွေ့၍ အကြောင်းစုံမေးပြီး နန်းတော်သို့ အပြေးဝင်သွားခဲ့ပါပြီ။

ယူဆူပေါ့တို့မှာကား သေမြေကြီး ရှင်ရွှေထီးပဲ မှတ်ကာ၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့လို့ စိတ်ပိုင်းဖြတ်ထားကြရာမှ ခပ်အေးအေးပဲ နေခဲ့ကြ၏။

ဒီရက်တွေအတွင်း သူတို့ဆီသို့ လာတဲ့စာတွေ၊ ဖုန်းတွေ၊ ...တွေကတော့ တဖွဲဖွဲတသဲသဲ။

'လူသားစားတဲ့ ဘီလူးကြီးကို သတ်ပေးတာ ကျေးဇူးတင်ပါ...ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကယ်တင်ရှင် မျိုးချစ်သူရဲကောင်းများကို ဂုဏ်ပြုပါတယ်' စသဖြင့် ပါရှိခဲ့သလို–

'လွတ်အောင်ပြေး၊ ကမ္ဘာမြေကြီးက ကျဉ်းကျဉ်းလေး' ဆိုသည့် ခြိမ်းခြောက်စာမျိုးလည်း တွေ့ရ၏။

ဘာပဲဖြစ်ဖြစ်၊ သူတို့အဖို့ ကျူးလွန်ပြီးတဲ့အမှုအတွက် နောင်တမရချင်တော့သလို အများအကျိုး၊ တိုင်းပြည်တာဝန် ထမ်းခဲ့တာပဲဆိုပြီး အကျေနပ်ကြီး ကျေနပ်နေမိတာတော့အမှန်။

ထိုည ၁၁ နာရီခန့်၌ နန်းရင်းဝန် ဗိုလ်ချုပ်မက်ဆီမိုဗစ် မစ်ထရီ နန်းတော်သို့ အခြွေအရံတွေနှင့် ဝင်လာသည်။

"ဘုရင့်အမိန့်တော် ပါတယ်။ မစ်ထရီမင်းသားကြီးသည် စိန့်ပီတာစဘတ်မြို့တော်မှ ခဏမဆိုင်း ယခု နာရီပိုင်းအတွင်း ပါးရှားပြည်သို့ ထွက်ခွာစေ။ ပါးရှားပြည်၌နေစဉ် ပါရှားစစ်ဗိုလ်ချုပ်ကြီး၏ အစောင့်အရှောက်ခံရမည်"

ဗိုလ်ချုပ်မက်ဆီမိုဗစ်က အမိန့်တော်ကို ဖတ်ပြခဲ့ပြီး တစ်ဆက်တည်း–

"ခု မနက် နှစ်နာရီမှ မစ်ထရီမင်းသားကြီး ရထား ထွက်ပါမယ်။ ဘုရင့်ကိုယ်ရံတော်တပ်က လိုက်ပို့ပါလိမ့်မယ်" ဟု အသိပေး၏။

ယူဆုပေါ့အတွက်တော့ သီးခြားအမိန့်တစ်မျိုး။

"ယူဆူပေါ့မင်းသားသည် စိန့်ပီတာစဘတ်မြို့တော်မှ အမြန်ဆုံး ထွက်ခွာပြီးလျှင် 'ကတ်စ်'နယ် 'ရက်ကစ်နီး'မြို့၌ နေထိုင်ရမည်" တဲ့။

အမိန့်ရာဇသံ စာရွက်ထောင့်မှာတော့ ဘုရင်နီကိုလိုင်၏ ကိုယ်တိုင်လက်ရေးဖြင့်–

"လူသတ်မှုကျူးလွန်ခွင့်ဆိုတာ ဘယ်သူ့မှာမှ မရှိပါ" ဟု ရေးထားတာကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယုဆူမေါ်ကို စောင့်ကြပ်ပို့ဆောင်ရန် စစ်ကျောင်းမှအရာရှိ တစ်ဦးနှင့် စုံထောက်အရာရှိတစ်ဦးကို တာဝန်ချထားခဲ့၏။

ရထားသွားရာလမ်းတွင် မည်သူနှင့်မျှ စကားမပြောရဟုလည်း တားမြစ်မိန့်က နောက်ဆက်တွဲပါသေးသည်။

မင်းသားကြီးမစ်ထရီနှင့် ယုဆူပေါ်တို့မှာ တစ်ယောက်တစ်လမ်း ခွဲသွားရမည့်အတွက် စိတ်မချမ်းမသာ ဖြစ်ကြရပါ၏။

တိုင်းပြည်ကြီးကောင်းစားရေး မျှော်လင့်ချက်ဖြင့် လက်တွဲလုပ် ခဲ့ကြရာက ခုတော့ မျှော်လင့်ချက် 'မသာ'ချရပေတော့မည်။

မသေသေးသရွေ့ တစ်နေ့တော့ ပြန်တွေ့ကြမှာပေါ့လို့သာ စိတ် ဖြေလိုက်ကြရ၏။ စင်စစ်မူ အနာဂတ်နောင်ရေးကား ရင်လေးဖွယ် ပိန်းပိတ်မှောင်လို့သာ။

ည ၁၁ နာရီခွဲ။

ယောက္ခမတော် မြို့စားကြီး အလက်ဇန်းဒါး ရောက်လာပြီး သူ့ကားနှင့် ဘူတာရုံသို့ ပို့ပေး၏။ နောက်က စုံထောက်ကားက ထက် ကြပ် လိုက်လာ၏။

ဘူတာရုံတစ်ခုလုံးကို တပ်ချဝန်းရံထား၍ အပြင်လူ ဘယ်သူမှ ဝင်ခွင့်မပြုဘဲထားတာ တွေ့ရ၏။

ယောက္ခမကြီးက နောက်တစ်နေ့ကျမှ သူကိုယ်တိုင် လိုက်လာ မည်ဟု အားပေးကာ နှုတ်ဆက်ထွက်ခွာသွားသည်။ ရထားတွဲပေါ် ဝမ်းနည်းကြေကွဲခြင်းအပြည့်ဖြင့် ယုဆူပေါ် တက်လိုက်ရသည်။ ရထား ခေါင်းလောင်းထိုးပြီး ခဏအကြာ စက်ခေါင်းမှ ဥသြသံ ထွက်လာ၏။ ဘူတာရုံ စင်္ကြံမြေတလင်းမှာ တဖြည်းဖြည်း တရွေ့ရွေ့ကျန်ခဲ့၏။

မျက်စိအောက်မှာပင် စိန့်ပီတာစဘတ်မြို့တော်ကြီးသည် မှောင်ထဲ တွင် နစ်ဝင်ပျောက်ကွယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယူဆူပေါ့ကိုယ်တိုင်လည်း ရေခဲဖုံးနေသော ညဥ့်နက်အမှောင်ထဲသို့ တိုးဝင်ကျဆင်းခဲ့ရတော့သည်။

* * *

ရပ်စ်ပြူတင်သေဆုံးပြီး သုံးလအကြာတွင် တိုင်းပြည်ကြီးကမောက်ကမဖြစ်၍ ဇာဘုရင်မိသားစုလည်း ချောက်ကျခဲ့ရတော့သည်။

ဒီမတိုင်မီကတည်းက တစ်နိုင်ငံလုံးမှာ ဟိုနေရာက စီခန်၊ ဒီနေရာက ညံခန်နှင့် ထမင်းအိုးပွက်သလို ပွက်နေခဲ့၏။

ထိုအခြေအနေကို မိဖုရားကြီးက ရှေ့တန်းရောက် ဇာဘုရင်ထံ ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက် နေ့စွဲတပ်၍ ရေးခဲ့သောစာက ထင်ဟပ်ပြခဲ့သည်။

"ကျွန်မတို့ လက်ရှိနေနေရတဲ့အချိန်ဟာ သိပ်ကြောက်စရာကောင်းနေပါပြီ။ စိုးရိမ်သောကတွေ ဘယ်လိုခံစားနေရသလဲဆိုတာ စာနှင့်ရေးပြလို့တောင် မကုန်အောင်ပါပဲ။ ကျွန်မအဖို့တော့ ဘုရားဆုတောင်းနေရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ပါ။ ကျွန်မတို့ရဲ့ မိတ်ဆွေစစ်ကြီး ရပ်စ်ပြူတင်ဟာ မြင့်မြတ်တဲ့ဘုံကနေ ကျွန်မတို့အတွက် ဆုတောင်းပေးနေမှာပါ၊ ခုဆို သူဟာ ကျွန်မတို့နှင့် အရင်ထက်ပိုပြီး နီးသထက်နီးလာပြီ ထင်ရပါတယ်။ အို၊ ရပ်စ်ပြူတင်ရဲ့ ချော့မော့ဖြေသိမ့်တဲ့အသံတွေ ကျွန်မ ကြားချင်လိုက်တာ"

ဆူပူသောင်းကျန်းမှုတွေက တစ်နေ့တခြား ဒီရေအလား တိုးလာခါပြီ။ အထူးသဖြင့် ပက်ထရိုဂရက်မြို့။ ရေခဲအမှတ်အောက် အအေးဒဏ် ခံနေရတဲ့ကြားက အငတ်ဘေး ဆိုက်နေရသည်။

လှုံစရာ ထင်းမရှိ။ စားစရာ ထမင်းမရှိ။

ပေါင်မုန့်တိုက်တွေမှာ တစ်ညလုံးတန်းစီနေရာက မစောင့်နိုင်သည့်အဆုံး ဝင်လုကြသည်အထိ။



www.burmeseclassic.com

www.burmeseclassic.com



မိခုရှားကြီးအဖို့ ရုပ်စိပြုတင် မသေခင်လေးကမှ ဇာဘုရင်ကြီး ပြောသွားတဲ့စကားသံ၊ ဆင်းရဲသားတွေနှင့် ဆာလောင်ငတ်မွတ်နေသူ တွေကို ကူညီဖို့ အမိကထား ပြောခဲ့တာတွေ ကြားယောင်လိုက်မိ၏။

"ဒါဆိုရင် လူတွေဟာ သူတို့ရဲ့ဇာဘုရင်အပေါ်ထားရှိတဲ့ မေတ္တာ ဘယ်နည်းနှင့်မှ လျော့သွားတော့မှာ မဟုတ်ဘူး"

ခုတော့ ရုပ်စိပြုတင်လည်း မရှာယ်နိုင်။

ဇာဘုရင်လည်း မကူညီနိုင်။

လူအုပ်ကြီးတွေက "ပေါင်မုန့်ပေး"၊ "ပေါင်မုန့်ပေး"လို့ လမ်း ပေါ် တက်အော်ခဲ့ကြပါပြီ။

ဒါပေမယ့် ဘုရင့်ခါးပိုက်ဆောင်တပ်ဖြစ်သော ပုလိပ်တွေက အကြမ်းဖက်နှိမ်နင်းခဲ့ရာ အုံကြွမှုတွေက ပုန်ကန်မှုအဆင့် ရောက်လာ သည်။

စားစရာတောင်းနေရာမှ 'ရုပ်သေးအစိုးရ အလိုမရှိ'၊ 'ဘုရင့်စနစ် ဖျက်သိမ်းပေး'ဟု ပစ်မှတ်ပြောင်း၍ ကြွေးကြော်ခဲ့ကြသည်။

ဇာဘုရင်က သစ္စာတော်ခံမြင်းတပ်ကို လွှတ်လိုက်၏။

ဒါပေမယ့် မြင်းတပ်စစ်ဗိုလ်များက ပြည်သူများနှင့်ပေါင်း လိုက်၏။

ပြည်သူများကို အကာအကွယ်ပေး၍ လက်မရွံ့ပုလိပ်အဖွဲ့ဘက် သေနတ်ပြောင်း လှည့်လိုက်ကြသည်။ အင်အားထပ်ဖြည့်လွှတ်လိုက်သော စစ်တပ်များက အလုပ်သမားများဘက် ပါခဲ့ပြန်၏။

ဤသို့ဖြင့် ပက်ထရိုဂရက်မြို့က ဗျွဲဆော်ဦး အောင်ပွဲခံခဲ့ကြ ပါပြီ။ ပက်ထရိုဂရက်ကို နမူနာယူ၍ မော်စကိုမှ အလုပ်သမားတို့က လည်း သူပုန်ထကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမား၊ စစ်တပ်နှင့် နိုင်ငံရေးသမားများ၊ သုံးပွင့်ဆိုင် ညီညွတ်စွာ လက်တွဲမိခဲ့ရာမှ ဒူးမားလွှတ်တော်ကြီးမှာလည်း လှုပ်လှုပ်ကလေးမျှသာ ကျန်တော့သည်။

ဆွစ်ဇာလန်မှ လီနင် ပြန်ရောက်လာ၏။ ဘော်ရှီဗစ်တို့ အင်အား ပိုကောင်းလာသလို တိုက်ပွဲပုံစံတွေလည်း ပို၍ စနစ်ကျ ပီပြင်လာ၏။

ဘုရင့်အုပ်ချုပ်ရေးယန္တရားကြီးမှာလည်း ပြိုလဲမတတ် ယိုင်နဲ့ခဲ့ရပေပြီ။

ဇာဘုရင်က ပက်ထရိုဂရက်ကို ထိန်းဖို့သွားသေးသည်။ သူပုန်တွေက ဘုရင့်ရထားကို လမ်းပိတ်၍ ဝိုင်းလိုက်၏။

မိဖုရားကြီးလည်း ရထားပေါ်မှဆင်းပြေးပြီး မြို့စပ်မှာ သွားပုန်းနေရသည်။ သူက ဇာဘုရင်ထံ ကြေးနန်းရိုက် အကြောင်းကြားသေး၏။ ကြေးနန်းစာအိတ်က 'ဇာဘုရင် လိပ်စာမသိ"ဆိုပြီး မိဖုရားထံ ပြန်ရောက်လာသည်။

အကျဉ်းအကြပ်ဆိုက်သွားသော ဇာဘုရင်ခမျာ မတ်လ ၁၅ ရက်နေ့တွင် စစ်တပ်နှင့် အလုပ်သမား၊ နိုင်ငံရေးခေါင်းဆောင်များ ကြီးကိုင်ထားသော ဒူးမားလွှတ်တော်ကို ယာယီအစိုးရသို့ အာဏာလွှဲလိုက်ရသည်။

သူ၏ ဘုရင့်အထူးရထား တွဲဖြူကြီးပေါ်၌ နန်းစွန့်ကြောင်း လက်မှတ်ထိုးလိုက်ရခြင်း ဖြစ်၏။

အနှစ်သုံးရာကျော်မျှ ရုရှားပြည်အလုံးကို သိမ်းပိုက်အုပ်ချုပ်ခဲ့သော ရိုးမန်နော့ မင်းဆက်လည်း အပြီးတိုင် ပျက်သုဉ်းခဲ့ရတော့၏။

အကျဉ်းခံဘုရင်ဟောင်းနှင့် မိဖုရားကို ဇာကိုစယ်လိုနန်းတော်၌ စစ်တပ်က ထိန်းသိမ်းထား၏။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်စိပ်ပြုတင်၏ အထိမ်းအမှတ်ကျောက်တိုင်နှင့် အုတ်ဂူကိုလည်း သူပုန်တပ်သားများက ပြန်တူးဖော်ကာ၊ ရုပ်အလောင်းကို ပါဂိုလိုဗို ခဲတော်ဆီလောင်း မီးရှို့ပစ်လိုက်သည်။

* * *

ဘုရင့်မိသားစုကို ဇာကိုစယ်လိုနန်းတော်၌ ငါးလကြာမျှ ဖမ်းဆီး ထားရာက ဩဂုတ်လ ၁၃ ရက်ညတွင် နေရာပြောင်းဖို့ အမိန့်ကျလာ သည်။

အစောင့်စစ်သားတစ်ဦး၏ ပြောကြားချက်အရ သူတို့ကို တို ဘော့စ် အစိုးရအောက်တွင် ဆက်ချုပ်ထားရန် ဆိုက်ဘေးရီးယားသို့ ပို့မည်ဟု မိဖုရားအလက်ဇန်းဒရား သိလိုက်ရ၏။

ဘယ်လောက်များ ဆန်းကြယ်လိုက်ပါသလဲလို့။

သူတို့ကို ပို့မည့်နေရာက မမေ့နိုင်တဲ့ မိတ်ဆွေကြီး ရုပ်စိပ်ပြုတင် ရဲ့ဇာတိမြေ ဖြစ်နေခြင်းပါပဲ။

မိဖုရားကြီးခမျာ ၂၃ နှစ်ကျော် ပျော်ပျော်ပါးပါးစံစားခဲ့ရသော ရွှေနန်းတော်ကြီးက ခွာရမည့်အတွက် ယူကျုံးမရဖြစ်ရင်းကပင် နန်းတော် သား ရောင်းရင်းမိတ်ဆွေများကို မျက်ရည်စက်လက်နှင့် လိုက်နှုတ်ဆက် မိသေး၏။

ထို့နောက် အချိန်ရခိုက်ဆိုပြီး ပီတာနှင့် ပေါလ်ခံတပ်၌ လပေါင်း များစွာ အကျဉ်းသမဘာဝရောက်နေသော သစ္စာရှိရုံရွှေတော် အန်နာ ရှုဘောဇော မင်းသမီးထံသို့ စာတိုလေးတစ်စောင် ကောက်ရေးခဲ့ရှာသည်။

"တို့နှင့် နင်နှင့် အဝေးကြီး ပိုဝေးရဦးမယ့် ကြမ္မာဆိုးရဲ့ သော ကို ပူပူနွေးနွေးကြီးခံစားရမှ ဘယ်လောက်ပြင်းထန်မယ်ဆိုတာ နာ လည်ပါတယ်။ တို့ကို သူတို့ ဘယ်ပို့ပစ်မယ်ဆိုတာ မသိသေးဘူး။ ထွက် ခါနီးမှ သိရမယ်ထင်တာပဲ။ ဒါပေမယ့် နင် သိပ်မကြာခင်က အလည်



www.burmeseclassic.com

www.burmeseclassic.com


ရောက်ခဲ့တဲ့ခရီးကို ခေါ်သွားမယ်လို့တော့ အောက်မေ့ရတာပဲလေ။ ဒါ ဆိုရင်တော့ တို့ မိတ်ဆွေကြီးရဲ့ဝိညာဉ်က တို့ကို ဘဝခြားရာက လာ ဆွဲ့မှာပေါ့ကွယ်”

အရှက်လင်းစ မနက် ငါးနာရီ။

ဇာဘုရင်၊ မိဖုရားနှင့် သားတော်သမီးတော်များကို ကားတစ်စီး ဖြင့်ပင်ဆောင်ပြီး အစောင့်အကြပ်များခြံရံလျက် အလက်ခန်းဒါး ဘူတာ ရုံသို့ ခေါ်ခဲ့ကြ၏။

ဩဂုတ်လ ၁၇ ရက်နေ့မှာတော့ တီယူမင်ကို ရောက်သည်။

မီးသင်္ဘော ‘ရုပ်စ်’က သူတို့ကို တိုဘော့စ်သို့ ခေါ်သွားရန် အသင့်စောင့်နေ၏။

နောက်တစ်နေ့ မိုးလင်းပြီး သင်္ဘောက ပိုကရော့စ်ကိုးရွာဘေးမှ ဖြတ်သွားရမည်ဟု သိလိုက်ရတော့ ပို ဆွေးသွားကြရ၏။

တစ်ချိန်က နန်းတော်ကြီးကို အခစားရောက်လာတဲ့ တောသား ကြီး ဂရေဂိုရီ အက်ဖီမိုးဗစ်ချ် ဆိုသူရဲ့ရွာလေးဆီ ရွှေနန်းရှင်တစ်စုကို နန်းကျဘုရင်၊ အကျဉ်းသမားဆိုတဲ့ အရက်တကွဲ အကျိုးနည်းဘဝနှင့် တွေ့ရအောင်ဖန်တီးလိုက်တဲ့ ဘုရားသခင်ရဲ့ တန်ခိုးတော်ကတော့ ရင်သပ်ရှုမော ဩချလောက်ပါပေရဲ့။

တအောင့်အကြာမှာပဲ တောင်ကုန်းပေါ်က ဘုရားရှိခိုးကျောင်း လေးနှင့် သပ်ယပ်ဖြူဖွေးနေတဲ့ ရွာလမ်းကျယ်ကြီးတွေနှင့် လှပနေတဲ့ ရွာငယ်လေးဟာ မြစ်ကမ်းနံဘေးမှာ ပေါ်လာတော့တာကလား။

ရွာလယ်က တခြားလယ်သမားတွေရဲ့အိမ်တွေကိုမိုးနေတဲ့ နှစ် ဆပ်အိမ်ကြီးက ရပ်စ်ပြူတင်ရဲ့အိမ်ပေါ့။

သူတို့မိသားတစ်စုလုံး သင်္ဘောလက်ရန်းက လှမ်းမျှော်ငေးကြည့် နေလိုက်မိကြ၏။


www.burmeseclassic.com

www.burmeseclassic.com



မိဖုရားရဲ့အကျိုးကိုဆောင်ဖို့ ရှဘောဇာသည် ရွာလေးကို အခေါက်ပေါင်းများစွာ ရောက်ဖူး၏။

ရှဘောဇာသည် ရပ်စ်ပြုတင်၏အိမ်မှာနေရင်းက သူတို့မိသားစု တွေနှင့် တူရာမြစ်ကမ်းဘေး မြေမွေ့ရာမှာ အတူလှဲအိပ်ခဲ့ဖူးသည် ဆို၏။

ရပ်စ်ပြုတင်နှင့်အတူ တံငါသည်တွေ ငါးဖမ်းရာသို့လည်း လိုက် ကြည့်ဖူးခဲ့၏။

အန်နာပြောခဲ့သမျှ ပိုကရော့စကိုးပုံပြင်များက ခုမှ အသက်ဝင် ပီပြင်လာသလိုလို–

သားတော်လေး အလက်ဇီကလည်း စိတ်ဝင်တစားနှင့် ရင်ခုန် စွာ ရွာရှုခင်းကို ငေးမောလာ၏။

ထူးဆန်းသော မြင်းဇောင်းနှင့် စကားပြောသော မြင်းများ။

တောင်အထပ်ထပ်ပေါ်က လူတွေလို အသက်ရှိသောပန်းပွင့်များ။

အိပ်ရာထဲလဲနေသော သူ့ကို ချစ်မိတ်ဆွေမေတ္တာရှင်ကြီး ဖာသာ ဂရေဂိုရီပြောခဲ့တဲ့ နတ်သမီးပုံပြင်လေးများ ပေါက်ဖွားတည်ရှိရာ နေရာ ပါလား။

“အဲဒီ ပုံပြင်ထဲမှာပါတဲ့နေရာတွေကို သားဖေဖေနှင့် မေမေက ပိုင်တာကွ။ တစ်နေ့ကျရင် သားပိုင်ရမယ့် နေရာတွေပေါ့ကွ”

ဖာသာဂရေဂိုရီပြောခဲ့တဲ့ စကားတွေကို သားတော်လေးနားထဲမှာ ကြားယောင်နေရသည်။

ဒါပေမယ့်–

အခု အလက်ဇီ ၁၂ နှစ်သား အရွယ်မှာတော့ ဖေဖေ ဘုရင်ကြီး မေမေ မိဖုရားကြီးနှင့် သူကိုယ်တိုင် နယ်နှင်ခံအကျဉ်းသမားများ ဖြစ်နေ ခဲ့ပြီ။ ဆိုက်ဘေးရီးယားအမည်ရှိ နတ်သမီးပုံပြင်ထဲက တိုင်းပြည်ကြီးကို မပိုင်တော့တဲ့ဘဝ။



www.burmeseclassic.com

www.burmeseclassic.com



သဘော်ကယ်က ရွာလေးကို လွန်ခဲ့ပါပြီ။

သူတို့ခမျာတော့ ဂရေဂိုရီအကြောင်း ပြောလို့မဆုံးသေး။

သူပုန်တွေ မထမီကလေးက ရပ်စ်ပြူတင်သည် စိန့်ပီတာနှင့် ခိန်ပေါလ်ခံတပ်ကို တပည့်မနှစ်ယောက်နှင့် ဖြတ်သွားရင်း ပြောခဲ့ဖူးသည့်စကားကို ရှုဘောဗာမင်းသမီးက တစ်ဆင့်ဖောက်သည်ချခဲ့တာ အမှတ်ရလိုက်၏။

"ငါ မြင်တယ်။ အနှိပ်စက်ခံနေတဲ့လူတွေ အများကြီးပဲ။ လူ အုပ်ကြီးကလည်း ရောမ။ အလောင်းတွေကလည်း အစုလိုက်အပုံလိုက်။ အဲဒီထဲမှာ မင်းညီမင်းသားတွေ၊ မြို့စားနယ်စားတွေ ရာချီ ပါနေတယ်။ နီဗာမြစ်ဟာ သွေးချင်းချင်းနီနေလေရဲ့"

ရပ်စ်ပြူတင်၏ နိမိတ်ဖတ်ခဲ့သောစကားများက တစ်လုံးမှ မလွဲ တော့ပါတကား။

မြစ်ကွေ့တစ်ခုမှာ ပျောက်ကွယ်ကျန်ခဲ့သော ပိုကရော့စကိုးရွာ လေးသို့ သူတို့အားလုံး သမင်လည်ပြန် လှည့်ကြည့်ခဲ့မိ၏။

ပြီးတော့ ဖာသာဂရေဂိုရီ ရပ်စ်ပြူတင်က သင်ကြားပေးခဲ့သည့် ဘုရားရှိခိုးဆုတောင်းများဖြင့် ပူဇော်လိုက်မိကြ၏။

အရှေ့ခပ်လှမ်းလှမ်းမှ တိုဘော့စ်နန်းတော်၏ ပုံရိပ်က ရွှေ နှောင်းဆည်းဆာအောက်မှာ တစ်စထက်တစ်စ ပီပြင်လာ၏။

ရုရှားပြည်ရှင် ဘုရင်မင်းမြတ်နှင့် သူ့မိသားစုကို အမျိုးအမည် မသိရသော ကံကြမ္မာသောင်ကမ်းရှိရာသို့ သယ်ဆောင်လာသော မီး သဘော်ကယ်ကား မြစ်ရိုးအတိုင်း တရွေ့ရွေ့မျော၍ ညစ်မှောင်ရိပ်ထဲသို့ တိုးဝင်နေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com


ရပ်စ်ပြူတင် ကွယ်လွန်ခဲ့သည့်ကိုင် အန်နာ ရှုဘောဗာကို သူ ထုတ်ခဲ့သောဟောကိန်းတွေက စာတင်၍ ကျန်ခဲ့သည်ဆိုရမည်။

"ငါ့ရန်သူတွေကို စောင့်ကြိုနေတဲ့ကြမ္မာတွေက ငါ့ထက် ဆိုးလိမ့်မယ်"

သူ့ဟောကိန်းအတိုင်းပင်–

ဘုရင့်ဦးရီးတော် စစ်သေနာပတိချုပ် (ဟောင်း) မြို့စားကြီး နီကိုလပ်စ်ခမျာ ဖော်လ်ရှီဗစ်တို့၏ကျည်ဆံဖြင့် ဇီဝိန်ကြွေခဲ့ရသည်။

မင်းသားကြီး ပူရစ်ရှ်ကေးဗစ်ချ်နှင့် မစ်ထရီတို့သည်လည်း ကွန်မြူနစ်များ၏ တော်လှန်ရေးလှိုင်းဂယက်အောက်တွင် မှုန်မှုန်ကျေ သွားရ၏။

ထို့အတူ–

သူ့မိတ်ဆွေရင်းချာ ဇာမိသားစုကို တစ်ခါက ပြောဖူးသည်

"ကျုပ် မရှိတော့ဘူးဆိုတာနှင့် အရှင့်သားတော်လေးရော၊ အရှင် ထီးနန်းရော၊ အရှင်တို့အသက်တွေပါ ပျက်စီးဆုံးရှုံးရပါလိမ့်မယ်"

သူ ဆိုခဲ့သည့်အတိုင်း တစ်ထပ်တည်း ကျခဲ့၏။

သူ ကွယ်လွန်ပြီး တစ်နှစ်အတွင်းမှာပင် ကွန်မြူနစ်များ၏ အကျဉ်းသားဖြစ်ခဲ့ရသော ဇာဘုရင်နီကိုလိုင်၊ မိဖုရားအလက်ဇန်းဒြား၊ သမီးတော်နှစ်ပါးနှင့် သားတော်လေး၊ အချစ်တော် ခွေးလေးပါမကျန် သုတ်သင်ခြင်း ခံခဲ့ရပါတော့၏။

တစ်နည်းအားဖြင့်–

၁၉၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်။

ရပ်စ်ပြူတင်၏မွေးရာဇာတိ ပိုကရော့စကိုးရွာလေးမှ မဝေးလှ သော ကိတ်တာရင်းဘတ်ရှိ နရသိန်စ်အိမ် မြေအောက်ခန်းထဲ၌ ရုရှား ပြည်ကြီး၏နန်းဆက်အမွေ ပြတ်ခဲ့ရလေပြီတကား။


www.burmeseclassic.com

www.burmeseclassic.com 

## နိဂုံး သို့မဟုတ် သုံးသပ်ချက်

ဤဖြစ်စဉ်အားလုံး အစဖြေထုတ်လိုက်သောအခါ သမိုင်းအမြင်အရ ခနစ်ဆိုးတစ်ခု၏ ပြယုဂ်မည်သော ကြီးနိုင်ငယ်ညှဉ်းဝါဒ၊ တစ်နည်း အားကြီးသူက အားနည်းသူကို မတရားအနိုင်ယူသော တောရိုင်းဥပဒေ (Jungle act) က တရားခံအဖြစ် ဘွားခနဲ မားမားကြီးပေါ်လာသည် သင်၏။

ရပ်စ်ပြူတင်၊ ဇာဘုရင်နှင့် မိဖုရား၊ ယူဆူပေါ့နှင့် ကြံရာပါများသည် သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်၏ သားကောင်များနေရာမှ ရပ်လုံးကြွခဲ့သည်ပဲ မဟုတ်ပါလား။

သူတို့သည် စေတစ်လုံးပိုင်ရှင်များပီပီ ရမ်းရမ်းကားကား ထင်ရာ ခိုင်းခဲ့သောအမှားများကို ကျူးလွန်မိကြ၏။ ထိုအမှားများ၏ အပြစ် ဒဏ်၊ တူမျှသောအကျိုးဆက်ကိုလည်း ကိုယ်စီ ခံစားကြရပြီး ကျဆုံးခန်း ဆိုက်ခဲ့ကြရသည်။

နိုင်ငံရေးအမြင်အားဖြင့် ဇာဘုရင်သည် အရည်အချင်းမမီဘဲ ညံ့ဖျင်းသောမင်းတစ်ပါး ဖြစ်ခဲ့၏။ သူ့မိသားစုအရေးကလွဲ၍ တိုင်းရေး ပြည်ရေးကို မသိ။ သိပြန်သော်လည်း အဆင်ပြေအောင် ဖြေရှင်းမပေး နိုင်။ ဖြေရှင်းရာတွင် လွဲမှားသောနည်း၊ အကြမ်းကိုင်နည်းများကို အားကိုး



www.burmeseclassic.com

www.burmeseclassic.com


သည်။ အရေးကြီးသော တိုင်းပြည်ရေးရာများကို မင်းမြှောင်ကပ်ပါးတို့ လက်သို့ ဝ,ကွက်အပ်ခဲ့သည်။ ဤသို့ဖြင့် သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ပလ္လင်ပေါ်က ကျွမ်းပြန်ကျခဲ့ရ၏။

မိဖုရားကြီးခမျာလည်း အသိပညာ ခေါင်းပါးမှု၊ ဆင်ခြင်တုံ တရား ကင်းမဲ့မှု၊ ဖောက်ပြန်ယွင်းမှားသော ယုံကြည်မှုများကို အရင်းခံ၍ နိုင်ငံရေးတွင် ဝင်ညြစာပေးခဲ့မိခြင်းက မိဖုရားကို မလှပသောသောနိဂုံး သို့ အရောက်ပို့ပစ်လိုက်၏။

ရပ်စ်ပြူတင်သည် ဘာသာရေးကို ခုတုံးလုပ်၍ ဘက်စုံ အမြတ် ထုတ်ရုံမက လူမှုရေးဖောက်ပြန်မှုများကို အကြီးအကျယ် လွန်ကျူးခဲ့၏၊ မတန်မရာရထားသော ရာထူးဂုဏ်သိန်များကြောင့် အတ္တမာန်ထောင် လွှားကာ အောက်ခြေလွတ်ခဲ့၏။ အမှားကို အမှန်လုပ် တစ်ယူသန် ငါတကောကောပြီး မဆီမဆိုင် ဝင်ရှုပ်ခြယ်လှယ်ခဲ့၏။ ရလဒ်ကတော့ အရုက်တကွဲအကျိုးနည်းပြီး ဘဝပျက် အသက်ပါ စတေးလိုက်ရသည်၊

ယူဆုပေါ့နှင့် အပေါင်းပါတို့ကလည်း မင်းမျိုးမင်းနွယ်ဟူသော အရှိန်အဝါကို အကာအကွယ်ယူ၍ ကြီးလေးသောရာဇဝတ်မှုကို ကျူး လွန်ခဲ့ကြသူများ ဖြစ်၏။ လူတစ်ယောက်ကို ရက်ရက်စက်စက် ကြံစည် သတ်ဖြတ်ခဲ့သည့်တိုင်အောင် နယ်နှင်ဒဏ်ခံရရုံသာ အပြစ်စီရင်ခြင်းက ထိုခေတ်တရားဥပဒေ၏ မမျှတ ဘက်လိုက်မှု၊ ချွတ်ယွင်းအားနည်းမှု တို့ကို အထင်းသား လှစ်ပြနေသည်။

ဘာသာရေးအရမှု လောဘ၊ ဒေါသ၊ မောဟတရားများကို အရင်းခံ၍ ရက်စက်ခြင်း၊ ကောက်ကျစ်လှည့်ဖြားခြင်း၊ ရယ်ခြင်းငိုခြင်း တို့၏သံသရာမှ လောကခံလူသားတို့၏ သနားစရာကောင်းပုံကို တွေ့ရပါလိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com



လူ့လောက၊ လူ့ဘဝသည် မမြဲ။ ချမ်းသာ အစိုးရခြင်း မဟုတ်၊ မြဲ။ ဆင်းရဲ အစိုးမရခြင်း ဟူသော သခါရလမ်းကြောင်းပေါ်တွင် ကျင်သည်နေရခြင်းသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေ၏။

သမိုင်းက သင်ခန်းစာ ပေး၏။

နိုင်ငံရေးက တိုးတက်ပြောင်းလဲမှုကို ပေး၏။

ဘာသာရေးက အသိအလင်းကို ပေး၏။

ညီညီနိုင်

www.burmeseclassic.com